နံနက်ခင်းနိုးကြားရေးအတွက် သန့်ရှင်းသောနှုတ်ကပတ်တော်

**ပရောဖက်ကျမ်း
ငယ်များကို
ကြည်လင်ပြတ်သား
စွာလေ့လာခြင်း**

**အတွဲ (၂)**

**Crystallization-
Study of
the Mionr
Prophets**

**Volume Two**

# The Holy Word For Morning Revival

**အသင်းတော်အတွင်းကန့်သတ်**

**September, 2012**

**2012 Summer Training**

# ပရောဖက်ကျမ်းငယ်များကို ကြည်လင်ပြတ်သားစွာလေ့လာခြင်း

### *ပါဝင်သောအကြောင်းအရာများ*


| *အပတ်စဉ်* | *ခေါင်းစဉ်* | *စာမျက်နှာ* |
|---|---|---|
| ၇ | *နိုင်ငံတော်ကို ပြန်လည်ထူထောင်ရန် စစ်မှန်သောဒါဝိဒ်အဖြစ် ခရစ်တော်ပြန်လည်ကြွလာခြင်း* | |
| | Outline | ၁၇၁ |
| | Day 1 | ၁၇၇ |
| ၈ | ***ယောနထက် သာ၍ကြီးမြတ်သောသူ*** | |
| | Outline | ၁၉၇ |
| | Day 1 | ၂၀၃ |
| ၉ | ***ထာဝရနေ့ရက်များမှစ၍ ခရစ်တော်၏"ပေါ်ထွန်းတော်မူခြင်း"*** | |
| | Outline | ၂၂၂ |
| | Day 1 | ၂၃၀ |
| ၁၀ | ***ယေဟောဝါ၏အိမ်တော်ကို တည်ဆောက်ခြင်း*** | |
| | Outline | ၂၄၉ |
| | Day 1 | ၂၅၆ |
| ၁၁ | *သခင်ဘုရား၏ဒုတိယအကြိမ်ကြွလာခြင်းနှင့် ခေတ်ကာလ၏ပြီးပြည့်စုံခြင်းအတွက် မာလခိကျမ်းရှိ အနာငြိမ်းစေသောခရစ်တော်ကို တွေ့ကြုံခံစားခြင်း* | |
| | Outline | ၂၇၅ |
| | Day 1 | ၂၈၁ |
| ၁၂ | *ပရောဖက်ကျမ်းငယ်များ၌ ဖော်ပြထားသော နိုးကြားခြင်း* | |
| | Outline | ၃၀၀ |
| | Day 1 | ၃၀၉ |

## ပရောဖက်ကျမ်းငယ်များကို
## ကြည်လင်ပြတ်သားစွာလေ့လာခြင်း

### ဆောင်ပုဒ်

အစ္စရေးတို့ကို ကိုယ်တော်၏ချစ်မေတ္တာ၌ ဆုံးမခြင်း၊ အစ္စရေးတို့ကို ကိုယ်တော်၏အုပ်စိုးခြင်း၌ ဆက်ဆံဖြေရှင်းခြင်းနှင့် လူမျိုးတို့အပေါ် ကိုယ်တော်၏တရားစီရင်ခြင်း၌ ဘုရားသခင်၏စီမံကိန်းသည် ပြန်လည်ထူထောင်ခြင်း၏ခေတ်ကာလဖြစ်သည့် နိုင်ငံတော်ကို အစပြုရန် ဘုရားသခင်၏စီမံကိန်း၌ အလယ်ဗဟိုနှင့် စကြဝဠာဆိုင်ရာဖြစ်သော ခရစ်တော်၏ကြီးမားထင်ရှားခြင်း၌ ပေါ်ထွက်လာခြင်းဖြစ်သည်။

ခရစ်တော်၌ယုံကြည်သူများဖြစ်သော ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရား၏ရှင်သန်ခြင်းဖြစ်သည့် ခရစ်တော်၏ ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များ ဖြစ်ကြ၍၊ အောင်မြင်သူများဖြစ်လာရန် ရောနှောပေါင်းစည်းသော ဝိညာဉ်အတိုင်း လျှောက်လှမ်းခြင်းဖြင့် ခရစ်တော်ကို ကြီးမားကျယ်ပြန့် ထင်ရှားမည့်၊ အာမေဂေဒုန်စစ်ပွဲ၌ အန္တိခရစ်ကိုဆက်ဆံဖြေရှင်းရန် ခရစ်တော်နှင့်အတူပြန်လာမည့်၊ မိလေနီကာလ၌ ကိုယ်တော်၏ဘုရင်ဖေါ် ဘုရင်ဖက်များ ဖြစ်လာမည့် အားကြီးသောသူများဖြစ်လာရန် ပြင်းပြသောဆန္ဒ ရှိကြရမည်ဖြစ်သည်။

ယေဟောဝါ၏အိမ်တော်၊ ခမည်းတော်၏အိမ်တော်ဖြစ်သော အသင်းတော်သည် ဘုရားသခင်၏ကိန်းဝပ်ရာနေရာ ဖြစ်သည်၊- ထိုနေရာသည် ကိုယ်တော် ကျေနပ်အားရ၍ နားခိုနိုင်သည့်နေရာ၊ ကိုယ်တော်၏ အလိုတော် ပြီးမြောက်အောင်မြင်ရန်၊ ကိုယ်တော်၏စိတ်နှလုံးအလိုဆန္ဒ ကျေနပ်စေရန်နှင့် ကိုယ်တော်၏ ထာဝရထင်ရှားခြင်းအတွက် ထာဝရပန်းတိုင်ဖြစ်သော ယေရုရှလင်မြို့သစ် ပြီးမြောက်ပြည့်စုံရန် ကိုယ်တော်၏ထာဝရစီမံကိန်းကို သယ်ဆောင်ရန်အလို့ငှါ၊ ဘုရားသခင်နေထိုင်၍ လှုပ်ရှားလုပ်ဆောင်သောနေရာ ဖြစ်သည်။

ကျွန်ုပ်တို့သည် လူ့သမိုင်းအတွင်းရှိ ဘုရားဆိုင်ရာသမိုင်း၌ အသက်ရှင်ကာ၊ ဤခေတ်ကာလ၏အမှုတော်အားဖြင့် ဘုရားသခင်၏ထာဝရစီမံကိန်း၌ ဘုရားဆိုင်ရာ ဖွင့်ပြခြင်း၏ အမြင့်ဆုံးသို့ရောက်သည်ထိ၊ ဘုရား-လူ၏အသက်တာကို အသက်ရှင်ခြင်းဖြင့် ဘုရားနှင့်လူ အပြန်အလှန်နေထိုင်ရာနေရာ၊ ဘုရားသခင်၏ အိမ်တော်ဖြစ်သော အသင်းတော်တည်ဆောက်ခြင်းအတွက် ဘုရားသခင်၏ အလိုတော်အတိုင်း လူတို့ကို ထိန်းကျောင်း၍ ဤခေတ်ကာလကို အဆုံးသတ်ရန် အသစ်သောနိုးကြားခြင်းအထဲသို့ ဝင်ရောက်ကြရမည်ဖြစ်သည်။

# နိုင်ငံတော်ကို ပြန်လည်ထူထောင်ရန် စစ်မှန်သောဒါဝိဒ်အဖြစ် ခရစ်တော်ပြန်လည်ကြွလာခြင်း

ဖတ်ရန်ကျမ်း။ ။ အာ၊၉း၁၁–၁၂။ ဟောရှေ၊၃း၅။ မိ၊၄း၁–၅။ ဗျာ၊၃း၇

*Day 1* **I. ပရောဖက်တို့သည် ဒါဝိဒ်နှင့် ခရစ်တော်ကို ပုဂ္ဂိုလ်တစ်ဦးတည်းကဲ့သို့ ပြောဆိုခဲ့ကြသည်(ယေ၊၃၀း၉။ ယေဇ၊၃၄း၂၃–၂၄။ ၃၇း၂၄–၂၅။ ဟောရှေ၊၃း၅။ အာ၊၉း၁၁)။**

က။ ၂ရှမွေ၊၇း၁၂တွင် ဒါဝိဒ်ထံသို့ ဘုရားသခင်တံ့ပြန်ဖြေဆိုရာ၌ ခရစ်တော်ကို ဒါဝိဒ်နှင့်လည်းကောင်း၊ ဒါဝိဒ်၏မျိုးစေ့(ရင်သွေး)နှင့်လည်းကောင်း တစ်လုံးတစ်ဝတည်းဖြစ်စေခဲ့သည်။

ခ။ ဒါဝိဒ်၏ အိမ်(မျိုးနွယ်)ဟူသည်မှာ ခရစ်တော်ကို ရည်ညွှန်းပြီး၊ ဒါဝိဒ်၏ နိုင်ငံသည် ခရစ်တော်၏ နိုင်ငံတော်၊ ဒါဝိဒ်၏ ရာဇပလ္လင်သည် ခရစ်တော်၏ ရာဇပလ္လင်ကို ရည်ညွှန်းသည်။ ဒါဝိဒ်၏ နိုင်ငံသည် ခရစ်တော်၏ နိုင်ငံတော်ဖြစ်၍၊ ဒါဝိဒ်နှင့် ခရစ်တော်၌ ရာဇပလ္လင်တစ်ခုတည်းရှိသည် (ဟေရှာ၊၉း၇။ ၁၆း၅။ လု၊၁း၃၂။ တ၊၂း၂၉–၃၁)။

ဂ။ "သူတို့သည် မိမိတို့ဘုရားသခင်ယေဟောဝါ၏ အမှုကိုလည်းကောင်း၊ သူတို့အဖို့ ငါပေါ် ထွန်းစေလတံ့သောရှင်ဘုရင်ဒါဝိဒ်၏ အမှုကိုလည်းကောင်း ဆောင်ရွက်ရကြမည်"(ယေ၊၃၀း၉)။ ဤသည်မှာ မိလေနီကာလ တည်းဟူသောပြန်လည်ထူထောင်ရာကာလ၌ ရှင်ဘုရင်ဖြစ်တော်မူမည့် စစ်မှန်သောဒါဝိဒ်တည်းဟူသောခရစ်တော်ကို ရည်ညွှန်းပါသည် (ဟေရှာ၊၃၂း၁။ ဗျာ၊၂၀း၄၊၆)။

ဃ။ "သိုးထိန်းတစ်ဦးကိုလည်း ငါခန့်ထား၍၊ သူသည် ကျွေးမွေးလိမ့်မည်။ ငါ၏ကျွန်ဒါဝိဒ်သည် သူတို့ကို ကျွေးမွေး၍၊ သိုးထိန်းလုပ်ရလိမ့်မည်။…ငါ၏ ကျွန်ဒါဝိဒ်သည်လည်း သူတို့၏ မင်းဖြစ်ရလိမ့်မည်" (ယေဇ၊၃၄း၂၃–၂၄)။

၁။ သိုးထိန်းတစ်ဦးဟူသည်မှာ စစ်မှန်သောဒါဝိဒ်တည်းဟူသော ခရစ်တော်ဖြစ်ပြီး၊ ကိုယ်တော်သည် ဘုရားသခင်၏ သိုးတော်စုကို ထိန်းကျောင်းသည့် စစ်မှန်သောသိုးထိန်းနှင့် ဘုရားသခင့်လူတို့၏ မင်းဖြစ်တော်မူသည်(ယော၊၁၀း၁၁။ ဟေဗြဲ၊၁၃း၂၀။ ဟေရှာ၊၉း၇။ ဟောရှေ၊၃း၅။ မိ၊၅း၂။ လု၊၁း၃၂–၃၃)။

၂။ သခင်ယေရှုသည် ကျွန်ုပ်တို့ကို ကြည့်ရှုဂရုစိုက်ရန် သိုးထိန်းအဖြစ် ကြွလာသောအခါ၊ ကျွန်ုပ်တို့အပေါ် အစိုးရရန် ရှင်ဘုရင်အဖြစ်လည်း ကြွလာတော်မူသည်။ ကျွန်ုပ်တို့၏ သိုးထိန်းအဖြစ် ကျွန်ုပ်တို့ကို ကြည့်ရှုဂရုစိုက်တော်မူခြင်းမှ ထွက်ပေါ်လာသောရလဒ်မှာ– ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ကျွန်ုပ်တို့၏ ရှင်ဘုရင်အဖြစ် နာခံမှုရှိလာပြီး၊ ကျွန်ုပ်တို့အတွင်းရှိ ကိုယ်တော်၏ ရှင်ဘုရင်အရာနှင့် ပလ္လင်တော်အောက်တွင် ရှိလာကြခြင်းဖြစ်သည် (ယေဇ၊ ၃၄း၂၃–၂၄။ ၃၇း၂၄)။

၃။ အစ္စရေးလူမျိုးနှင့်စပ်လျဉ်း၍၊ ယေဇ၊၃၄း၂၃–၂၄ ရှိ ပရောဖက်ပြုချက်သည် ပြန်လည်ထူထောင်ရာကာလ၌ ပြည့်စုံလိမ့်မည်ဖြစ်သည် (မိ၊၄း၁–၅)။

င။ "ထို့နောက်မှ အစ္စရေးအမျိုးသားတို့သည် ပြန်လာ၍ သူတို့ဘုရားသခင်ယေဟောဝါကိုလည်းကောင်း၊ သူတို့ရှင်ဘုရင်ဒါဝိဒ်ကိုလည်းကောင်းရှာ၍ နောင်ကာလ၌ (ကိုယ်တော်၏ ကောင်းမြတ်ခြင်း) ကျေးဇူးတော်ကို ခံအံ့သောငှါ ယေဟောဝါထံတော်သို့ တုန်လှုပ်လျက် ပြေးကြလိမ့်မည်" (ဟောရှေ၊၃း၅)။

၁။ "သူတို့ရှင်ဘုရင်ဒါဝိဒ်" ဆိုသည်မှာ မိလေနိကာလရှိ ခရစ်တော်ဖြစ်သည်။

၂။ နောင်ကာလ၌ ဆိုသည်မှာ ပြန်လည်ထူထောင်ရာကာလကို ရည်ညွှန်းသည် (မ၊၁၉း၂၈)။

*Day 2* **II. ခရစ်တော်သည် ဒါဝိဒ်၏အမြစ် (ဗျာ၊၅း၅)၊ ဒါဝိဒ်၏မျိုးစေ့ (ရော၊ ၁း၃)နှင့် ဒါဝိဒ်၏သားဖြစ်ရုံသာမက(မ၊၁း၁)၊ စစ်မှန်သောဒါဝိဒ်လည်းဖြစ်သည်(၁၂း၃–၄)။**

က။ မဿဲ၊၁၂၌ မြင်တွေ့ရသည့် မူအလွေ့အလာအတိုင်း၊ ခရစ်တော်သည် (ကိုယ်တော့်ကို ပုံဆောင်သည့်) ဓမ္မဟောင်းကျမ်းရှိ ပုံစံများ၊ အရာများနှင့် လူပုဂ္ဂိုလ်များအားလုံးထက် သာ၍ကြီးမြတ်သောကြောင့်၊ ကိုယ်တော်သည် သာ၍ကြီးမြတ်သောဒါဝိဒ်ဖြစ်သည် (အငယ်၊၆၊ ၃၈–၄၂)။

ခ။ မ၊၁၂း၃–၄ရှိ သခင်ဘုရား၏စကားတော်က သူကိုယ်တိုင်သည် စစ်မှန်သောဒါဝိဒ်ဖြစ်ကြောင်း ဆိုလိုနေသည်။ ဒါဝိဒ်နှင့် သူ၏နောက်

လိုက်အဖော်များသည် ခရစ်တော်နှင့် တပည့်တော်တို့၏ ပုံစံအမျိုးအစား ဖြစ်သည်။

ဂ။ မ၁း၆၌ ဒါဝိဒ်ကို "မင်းကြီး" ဟူ၍ခေါ် ဆိုထားသည်။ အကြောင်းမှာ ခေတ်ကာလတစ်ခုကို အဆုံးသတ်ပြီး၊ အခြားခေတ်ကာလတစ်ခုကို အစပြုသူ ဒါဝိဒ်အားဖြင့် ရှင်ဘုရင်အရာကို ယူဆောင်လာခဲ့သောကြောင့်ဖြစ်သည်။ စစ်မှန်သောဒါဝိဒ်၊ သာ၍ကြီးမြတ်သောဒါဝိဒ်အနေဖြင့် ခရစ်တော်သည် ထိုကဲ့သို့သောသမိုင်းမှတ်တိုင်တစ်ခုဖြစ်သည်။

*Day 3* **III. "လဲလျက်ရှိသောဒါဝိဒ်၏တဲကို ထိုကာလ၌ ငါဆောက်တည်ပြန်မည်။ အက်ကွဲရာများကိုစေ့စပ်မည်။ ပြိုပျက်ရာများကိုလည်း ပြုပြင်ပြီးလျှင် ထိုတဲကို ရှေးကာလ၌ရှိသကဲ့သို့ မတ်စေပြန်မည်" (အာ၉း၁၁)။**

က။ ဒါဝိဒ်၏တဲဆိုသည်မှာ ဒါဝိဒ်၏နိုင်ငံတော်နှင့် တော်ဝင်မိသားစုဖြစ်သည် (အငယ်၁၁။ တ၁၅း၁၆–၁၈)။

၁။ ရှေးကာလအချိန်များ၌ တော်ဝင်မိသားစုနှင့် နိုင်ငံတော်သည် တစ်ခုတည်းဖြစ်သည်။ ဒါဝိဒ်၏နိုင်ငံတော်သည် ဒါဝိဒ်၏တော်ဝင်မိသားစုပင်ဖြစ်သည်။

၂။ နေဗုခဒ်နေဇာသည် ယေရုရှလင်မြို့ကို မီးရှို့၍၊ ဗိမာန်တော်ကို ဖျက်ဆီးခဲ့သည်။ ယင်းမှာ ဒါဝိဒ်၏နိုင်ငံတော်နှင့် ဒါဝိဒ်၏တော်ဝင်မိသားစု ပြိုလဲသွားခြင်းဖြစ်သည် (၂ဘုရင်၊ ၂၅း၁–၂၁)။

၃။ အာ၉း၁၁၌ ဘုရားသခင်က တစ်နေ့တွင် "လဲလျက်ရှိသောဒါဝိဒ်၏တဲကို ငါဆောက်တည်ပြန်မည်" တစ်နည်းဆိုသော် ဒါဝိဒ်၏ပြိုလဲသွားသောနိုင်ငံတော်ကို ပြန်လည်ထူထောင်မည်ဟု ကတိပေးခဲ့သည်။ ထိုကာလ၌ ဒါဝိဒ်၏နိုင်ငံတော်နှင့် ဒါဝိဒ်၏မိသားစုသည် ပြန်လည်ထူထောင်ခြင်းခံရမည်ဖြစ်ပြီး၊ တစ်ပါးအမျိုးသားအပေါင်းတို့သည် ယေဟောဝါ၏နာမအားဖြင့် ခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည် (အငယ်၁၂)။

ခ။ အာ၉း၁၁–၁၂၌ ခရစ်တော်သည် စစ်မှန်သောဒါဝိဒ်အဖြစ် ပြန်လည်ကြွလာပြီး၊ စကြဝဠာတစ်ခုလုံးကို မူလအခြေအနေသို့ ပြန်လည်

**Day 4 & Day 5**

ရောက်ရှိစေရန်အတွက် ကိုယ်တော်၏ ဘိုးဘေး ဒါဝိဒ်၏ နိုင်ငံတော်ကို ပြန်လည်တည်ဆောက်လိမ့်မည်ဖြစ်ကြောင်း ညွှန်ပြထားသည်။ ထိုအချိန်၌ ဒါဝိဒ်၏ နိုင်ငံတော်သည် ထာဝရကာလပတ်လုံး ခရစ်တော်နှင့် ဘုရားသခင်၏ နိုင်ငံတော်ဖြစ်လာလိမ့်မည်ဖြစ်သည် (ဟေရှာ၉း၇။ ၁၆း၅။ ယေ၊၃၀း၉။ မာ၊၁၁း၁၀။ ဗျာ၊၁၁း၁၅)။

၁။ ဤပရောဖက်ပြုချက်သည် မိလေနိနိုင်ငံတော်၌ ပြည့်စုံလိမ့်မည်။ ထိုနိုင်ငံတော်၌ တစ်ပါးအမျိုးသားအပေါင်းတို့သည် ယေဟောဝါ၏ နာမအားဖြင့် ခေါ် ဝေါ် သမုတ်ခြင်းကို ခံရ၍၊ ဘုရားသခင်ပိုင်ဆိုင်သောလူများ၊ ဘုရားသခင်၏ လူများ ဖြစ်ကြလိမ့်မည်ဖြစ်သည် (အာ၊၉း၁၁–၁၂။ မ၊၁၃း၄၁။ မာ၊၁၁း၁၀)။

၂။ မိလေနိနိုင်ငံတော်၌ ကောင်းကင်အပိုင်းနှင့် မြေကြီးအပိုင်းရှိလိမ့်မည်ဖြစ်သည် (မ၊၁၃း၄၁၊ ၄၃။ မာ၊၁၁း၁၀။ လု၊၁း၃၂–၃၃။ တ၊၁း၆။ ၂ရှမွေ၊၇း၁၂–၁၃)။

(က) မိလေနိနိုင်ငံတော်၏ ကောင်းကင်အပိုင်းသည် ခမည်းတော်၏ နိုင်ငံတော်ဖြစ်လိမ့်မည်။ ထိုနိုင်ငံတော်၌ အောင်မြင်သောသူများသည် ခရစ်တော်နှင့်အတူ တွဲဖက်ဘုရင်များအဖြစ် စိုးစံရလိမ့်မည်ဖြစ်သည် (မ၊၁၃း၄၃။ ဗျာ၊၂း၂၆–၂၇။ ၃း၂၁–၂၂။ ၂၀း၄၊၆)။

(ခ) မိလေနိနိုင်ငံတော်၏ မြေကြီးအပိုင်းသည် လူသားတော်၏ နိုင်ငံတော်၊ မေရှိယ၏ နိုင်ငံတော်၊ ဒါဝိဒ်၏ တဲတော်ဖြစ်လိမ့်မည် (မ၊၁၃း၄၁။ ဗျာ၊၁၁း၁၅။ ၂ရှမွေ၊၇း၁၃။ အာ၊၉း၁၁)။

(၁) ဤသည်မှာ ကယ်တင်ခံရသောဂျူးလူမျိုးများအတွက် ဒါဝိဒ်၏ နိုင်ငံတော်၊ ပြန်လည်ထူထောင်ခြင်းခံရသောအစ္စရေးလူမျိုး၏ နိုင်ငံတော်ဖြစ်လိမ့်မည် (တ၊၁း၆။ မာ၊၁၁း၁၀။ လု၊၁း၃၂–၃၃။ ၂ရှမွေ၊၇း၁၂–၁၃)။

(၂) ပြန်လည်ထူထောင်ခြင်းခံရသော ဒါဝိဒ်၏ နိုင်ငံတော်၌၊ ဒါဝိဒ်၏ တော်ဝင်မျိုးနွယ်ဖြစ်သည့် လူသားတော် ခရစ်တော်သည် အစ္စရေးအမျိုးသားတို့အပေါ် ရှင်ဘုရင်ဖြစ်လိမ့်မည်ဖြစ်သည် (အာ၊၉း၁၁။ မ၊၁း၁။ ၁၉း၂၈။ ၂၅း၃၁)။

**IV. ယနေ့ ဘုရားသခင်၏ နိုင်ငံတော်ဖြစ်သည့် အသင်းတော်၌ အသက်ရှင်နေသောသူများအနေဖြင့်၊ ကျွန်ုပ်တို့သည် ဒါဝိဒ်၏ သော့ရှိသော အရှင်ဖြစ်သည့် စစ်မှန်သောဒါဝိဒ် ခရစ်တော်ကို သိကျွမ်းရန်နှင့် တွေ့ကြုံခံစားရန်လို အပ်သည် (ဗျာ၊၁း၄–၆။ ၃း၇။ ဟေရှာ၊၂၂း၂၂)။**

က။ ဒါဝိဒ်သည် ဘုရားသခင်အတွက် တိုက်ခိုက်၍၊ နိုင်ငံတော်ကို ထူထောင်ကာ၊ သန့်ရှင်းသောဗိမာန်တော်တည်ဆောက်ခြင်းအတွက် အရာခပ်သိမ်းကို ပြင်ဆင်ခဲ့သည်။ မြေကြီးပေါ် တွင် ဘုရားသခင်၏ နိုင်ငံတော်ကို တည်ဆောက်ခြင်း၌ ဘုရားသခင်ကို ကိုယ်စားပြုခဲ့သောသူအနေဖြင့် ဒါဝိဒ်၌ ဘုရားသခင်၏ အုပ်စိုးမှုနယ်ပယ်၏ သော့ ရှိခဲ့သည် (၁ရာ၊၂၈း၁–၈။ ၂၉း၁–၉)။

ခ။ ဒါဝိဒ်၏ သော့သည် နိုင်ငံတော်၏ သော့၊ စကြဝဠာကို အုပ်ချုပ်ခြင်းအတွက် ဘုရားသခင်၏ သော့ဖြစ်သည် (ဟေရှာ၊၂၂း၂၂။ ဗျာ၊၃း၇)။

**Day 6**

ဂ။ စစ်မှန်သောဒါဝိဒ်သည် အသင်းတော်ကို တည်ဆောက်၍ ဘုရားသခင်၏ နိုင်ငံတော်ကို ထူထောင်ခဲ့သောအရှင် ခရစ်တော်ဖြစ်သည်။ ထိုနိုင်ငံတော်၌ ခရစ်တော်သည် ဘုရားသခင်ကို ကိုယ်စားပြုရန် အခွင့်အာဏာကို အပြည့်အဝလေ့ကျင့်လုပ်ဆောင်ခဲ့သည် (မ၊၁၆း၁၈–၁၉။ ၂၈း၁၈။ က၊၁း၂၆)။

၁။ တက်ကြွတော်မူခြင်း၌ ရှင်ပြန်ထမြောက်ခဲ့သောခရစ်တော်သည် အရာခပ်သိမ်းအပေါ် အချုပ်အခြာအာဏာဖြင့် အုပ်ချုပ်ရန် အခွင့်အာဏာရှိသည့် စကြဝဠာ၏ ဦးဆောင်သောသူအနေဖြင့် မြင့်သောအရပ်မှာ တန်ခိုးအာနုဘော်တော်၏ လက်ယာဘက်၌ ထိုင်တော်မူသည် (တ၊၂း၃၄–၃၆။ ၅း၃၁။ ၁၀း၃၆။ ဟေဗြဲ၊၁း၃၊၁၃)။

၂။ ခရစ်တော်သည် ဘုရားသခင်ကို ကိုယ်စားပြုသောအရာဖြစ်သည့် ဒါဝိဒ်၏သော့ကို ကိုင်၍၊ ဘုရားသခင်အတွက် စကြဝဠာတစ်ခုလုံးကို ဖွင့်တော်မူသည် (ဗျာ၊၃း၇)။

၃။ ဒါဝိဒ်၏သော့ကို ကိုင်ထားသောအရှင်အနေဖြင့် ခရစ်တော်သည် ဘုရားသခင်၏ အုပ်စိုးမှုနယ်ပယ်တည်းဟူသော နိုင်ငံတော်ကို ထူထောင်ရန်နှင့် ဘုရားသခင်၏ဗိမာန်တော်တည်းဟူသော ဘုရားသခင်ကိန်းဝပ်ရာနေရာကို တည်ဆောက်ရန် ဖွင့်နိုင်ပိတ်နိုင်သောအခွင့်အာဏာရှိသည် (မ၊၁၆း၁၈–၁၉)။

၄။ တက်ကြွသောခရစ်တော်သည် ပြန်လည်ရယူခြင်းခံရသောအသင်းတော်၏ပုံစံဖြစ်သည့် ဖိလဒေလဖိအသင်းတော်အား ဖွင့်ထားသောတံခါးကို ပေးအပ်ခြင်းငှါ ဒါဝိဒ်၏သော့ကို ကိုင်စွဲထားသည်။ သို့မှသာ လူတို့သည် ဘုရားသခင်၏ဗိမာန်တော်၌ တိုင်များအဖြစ် ပုံသဏ္ဌာန်ပြောင်းလဲခြင်းခံရရန်နှင့် ဘုရားသခင်၏မြို့တော် ယေရုရှလင်မြို့သစ်အဖြစ် တည်ဆောက်ခံရရန်အတွက် ပြန်လည်ရယူခြင်းခံရသောအသင်းတော်သို့ ဝင်ရောက်နိုင်မည်ဖြစ်သည် (ဗျာ၊၃း၇–၈၊၁၂)။

## နံနက်ခင်းကျွေးမွေးခြင်း

**ယေ၊ ၃၀း၉** **သူတို့သည် မိမိတို့ဘုရားသခင်ယေဟောဝါ၏ အမှုကိုလည်းကောင်း၊ သူတို့အဖို့ ငါပေါ်ထွန်းစေလတံ့သောရှင်ဘုရင်ဒါဝိဒ်၏ အမှုကိုလည်းကောင်း ဆောင်ရွက်ရကြမည်။**

**ဟောရှေ၊ ၃း၅** **ထို့နောက်မှ အစ္စရေးအမျိုးသားတို့သည် ပြန်လာ၍ သူတို့ဘုရားသခင်ယေဟောဝါကိုလည်းကောင်း၊ သူတို့ရှင်ဘုရင်ဒါဝိဒ်ကိုလည်းကောင်းရှာ၍ နောင်ကာလ၌ (ကိုယ်တော်၏ကောင်းမြတ်ခြင်း) ကျေးဇူးတော်ကို ခံအံ့သောငှါ ယေဟောဝါထံတော်သို့ တုန်လှုပ်လျက် ပြေးကြလိမ့်မည်။**

၂ရှမွေ၊၇း၁၂၌ ဘုရားသခင်က အမှန်စင်စစ် ဒါဝိဒ်သည် ဘုရားသခင်အတွက် တစ်စုံတစ်ရာကို တည်ဆောက်ခြင်းထက်၊ သူ့အထဲသို့ သားတော်ကို တည်ဆောက်ပေးမည့် ဘုရားသခင်ကို လိုအပ်ကြောင်း ပြောဆိုခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးတွင် ဒါဝိဒ်၏ မျိုးစေ့သည် ဘုရားသခင်၏ သားတော်ဟူ၍ ခေါ်ဝေါ်ခံရခြင်းမှာ အံ့ဖွယ်ကောင်းသောအချက်ဖြစ်သည် (ရော၊၁း၃)။ ဤသည်မှာ လူ့ဇာတိခံခြင်း၏ မူအလေ့အလာကို ညွှန်ပြသည်။ ခရစ်တော်သည် ဘုရားလူဖြစ်သည်။ ဘုရားသခင်အနေဖြင့် ကိုယ်တော်သည် ဘုရားသခင်၏ သားတော်ဖြစ်သည်။ လူသားအနေဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့၏ မျိုးစေ့ဖြစ်သည်။ ဘုရားသခင်၏ သားတော်သည် ကျွန်ုပ်တို့အထဲသို့ စေ့စပ်ထုံးဖွဲ့ခြင်းမရှိလျှင်၊ ကျွန်ုပ်တို့သည် အချည်းနှီးဖြစ်သည်။ ဘုရားသခင်၏ သားတော်သည် ကျွန်ုပ်တို့၏ မျိုးစေ့ဖြစ်လာရမည်ဖြစ်သည်။ သို့သော် ကိုယ်တော်သည် ဘုရားသခင်၏ သားတော်အဖြစ်ဆက်လက်တည်ရှိနေသည်။

ထို့ကြောင့် ကျွန်ုပ်တို့အထဲ၌ သူကိုယ်တော်တိုင်ကို အလုပ်လုပ်ရန်အတွက်၊ ဘုရားသခင်သည် ပထမဆုံး လူ့ဇာတိခံခြင်းအားဖြင့် လူတစ်ဦးဖြစ်လာရန်လိုအပ်သည်။ လူသားတစ်ဦးအနေဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် အသေခံခဲ့ပြီး၊ သေသောသူတို့အလယ်မှ ထမြောက်ခဲ့ကာ၊ အသက်ပေးသောဝိညာဉ်တော်ဖြစ်လာခဲ့သည် (၁ကော၊၁၅း၄၅ခ)။ ဤအသက်ပေးသောဝိညာဉ်တော်သည် ကားတိုင်ပေါ်တွင် ကျွန်ုပ်တို့ကို ရွေးနုတ်ခဲ့သော၊ ယခု ကျွန်ုပ်တို့၏ ဝိညာဉ်၌ ကျွန်ုပ်တို့ကို ကယ်တင်ပေးနေသော ကျွန်ုပ်တို့၏ ကယ်တင်ရှင်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ရွေးနုတ်ရှင်၊ ကယ်တင်ရှင်၊ အသက်နှင့် မျိုးစေ့ဖြစ်သည်။ ထိုကဲ့သို့သောအရှင်အနေဖြင့် ကိုယ်တော်သည် သူကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏ အစိတ်အပိုင်းဖြစ်စေသကဲ့သို့၊ ကျွန်ုပ်တို့ကိုလည်း ကိုယ်တော်၏ အစိတ်အပိုင်း

ဖြစ်လာစေရန် ယခု ကျွန်ုပ်တို့အထဲ၌ တည်ဆောက်ခြင်း၊ စေ့စပ်ထုံးဖွဲ့ခြင်းပြုနေသည်။ (*Life-study of 1 & 2 Samuel*, pp. 154-155)

## *ယနေ့ဖတ်စရာ*

ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလင်းပေးခြင်းအောက်၌ ၂ရှမွေ၊၇ကို ဖတ်မည်ဆိုလျှင်၊ ဒါဝိဒ်၏ မျိုးစေ့(ရင်သွေး)သည် ခရစ်တော်ဖြစ်ကြောင်းကို မြင်ရလိမ့်မည်ဖြစ်သည်။ အငယ်၊၇ အရ ဘုရားသခင်သည် ခရစ်တော်၏ နိုင်ငံတော်ကို ရည်ညွှန်းသည့် ဒါဝိဒ်၏ နိုင်ငံတော်ကို တည်ဆောက်လိမ့်မည်ဖြစ်သည်။ ဆိုလိုသည်မှာ ဒါဝိဒ်၏ နိုင်ငံတော်သည် ခရစ်တော်၏ နိုင်ငံတော်ဖြစ်သည်။ ပရောဖက်တို့သည် ဒါဝိဒ်နှင့် ခရစ်တော်ကို ပုဂ္ဂိုလ်တစ်ဦးတည်းကဲ့သို့ ပြောဆိုခဲ့ကြသည်။ ဟောရှေ၊၃း၅နှင့် အာ၊၉း၁၁၌ ရှင်ဘုရင်ဒါဝိဒ်၏ ကြွလာခြင်းသည် ခရစ်တော်၏ ကြွလာခြင်းကို ရည်ညွှန်းသည်။

၂ရှမွေ၊၇း၁၆၌ ဘုရားသခင်က ဒါဝိဒ်အား "သင်၏ အမျိုးအနွယ်(အိမ်)နှင့် သင်၏ နိုင်ငံသည် ငါ့ရှေ့မှာ အစဉ်အမြဲတည်လိမ့်မည်။ သင်၏ ရာဇပလ္လင်သည်လည်း အစဉ်အမြဲတည်လိမ့်မည်"ဟုပြောဆိုခဲ့သည်။ ဤနေရာတွင် "သင်၏ နိုင်ငံ" ဆိုသည်မှာ ခရစ်တော်၏ နိုင်ငံတော်ကို ရည်ညွှန်းပြီး၊ "သင်၏ ရာဇပလ္လင်" ဆိုသည်မှာ ခရစ်တော်၏ ရာဇပလ္လင်ကို ရည်ညွှန်းသည်။ ကျမ်းစာတွင် ဒါဝိဒ်နှင့် ခရစ်တော်၌ ရာဇပလ္လင်တစ်ခုတည်းသာရှိသည်။ ခရစ်တော်သည် စစ်မှန်သောဒါဝိဒ်ဖြစ်သည် (မ၊၁၂း၃–၆)။ အဆုံးတွင် ခရစ်တော်နှင့် ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝတည်းဖြစ်လာကြသည်။ အကြောင်းမှာ အလွန်စစ်မှန်သောသဘောတရား၌ ခရစ်တော်သည် ကျွန်ုပ်တို့ဖြစ်လာခဲ့သောကြောင့်ဖြစ်သည်။ ကိုယ်တော်သည် ဦးခေါင်းတော်ဖြစ်၍ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်ဖြစ်သောကြောင့်၊ ဦးခေါင်းတော်နှင့် ကိုယ်ခန္ဓာတော်သည် တစ်လုံးတစ်ဝတည်းဖြစ်သည်။ (*Life-study of 1&2 Samuel*, pp. 155-156)

(ယေရမိ၊၃၀း၉)၌ သူတို့၏ ရှင်ဘုရင်ဒါဝိဒ်သည် စစ်မှန်သောဒါဝိဒ်(၂ရှမွေ၊၇း၁၆၏ မှတ်စု ၁ကိုကြည့်ပါ) နှင့် မိလေနီကာလဖြစ်သော ပြန်လည်ထူထောင်ရာကာလ၌ ရှင်ဘုရင်ဖြစ်လာမည့် (ဟေရှာ၊၃၂း၁။ ဗျာ၊၂၀း၄၊၆) ခရစ်တော်ကို ရည်ညွှန်းသည်။ ဒါဝိဒ်သည် ရှင်ဘုရင်တည်းဟူသောခရစ်တော်၏ ပုံစံဖြစ်သည်။ (ယေ၊၃၀း၉၊ မှတ်စု ၁)။

သခင်ယေရှုသည် ကျွန်ုပ်တို့ကို ကြည့်ရှုဂရုစိုက်ရန် သိုးထိန်းအဖြစ်ကြွလာသောအခါ၊ ကျွန်ုပ်တို့အပေါ် အုပ်စိုးရန် ရှင်ဘုရင်အဖြစ်လည်း ကြွလာခဲ့သည်။ ကျွန်ုပ်တို့၏ သိုးထိန်းအဖြစ် ကျွန်ုပ်တို့ကို ကြည့်ရှုဂရုစိုက်တော်မူခြင်းမှ ထွက်ပေါ် လာသောရလဒ်မှာ– ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ကျွန်ုပ်တို့၏ ရှင်ဘုရင်အဖြစ် နာခံမှုရှိလာပြီး၊ ကျွန်ုပ်တို့

အတွင်းရှိ ကိုယ်တော်၏ ရှင်ဘုရင်အရာနှင့် ပလ္လင်တော်အောက်တွင် ရှိလာကြခြင်းဖြစ်သည်။ (ယေဇ၊၃၄း၂၄၊ မှတ်စု ၁)။

နောက်ပိုင်းတွင် ဟောရှေ၊၃း၅၌ ဖွင့်ပြထားသည့်အတိုင်း၊ အစ္စရေးအမျိုးသားတို့သည် ပြန်လာ၍ယေဟောဝါနှင့် သူတို့၏ ရှင်ဘုရင်ဒါဝိဒ် (မိလေနိကာလရှိ ခရစ်တော်– ဗျာ၊ ၂ဝး၄၊၆)ကို ရှာဖွေလျက်၊ နောင်ကာလ၌(ပြန်လည်ထူထောင်ရာကာလ၌–မ၊၁၉း၂၈) ကိုယ်တော်၏ ကောင်းမြတ်ခြင်း ကျေးဇူးတော်ကို ခံအံ့သောငှါ ယေဟောဝါထံတော်သို့ ကြောက်ရွံ့တုန်လှုပ်လျက် လာကြလိမ့်မည်ဖြစ်သည်။ ဂေါမာနှင့်စပ်လျဉ်း၍ ဘုရားသခင်၏ အမိန့်တော်ကို နာခံခြင်း၌ ဟောရှေပြုခဲ့သောအရာသည် အစ္စရေးလူမျိုးနှင့်စပ်လျဉ်းပြီး ပြုလုပ်ရန် ဘုရားသခင်ကတိပေးခဲ့သောအရာကို အတည်ပြုခြင်းဖြစ်သည်။ ဘုရားသခင်သည် ဟောရှေအား ဂေါမာကို နောက်တစ်ကြိမ်ချစ်ရန် ပြောဆိုခဲ့ခြင်းမှာ ကိုယ်တော်သည် အစ္စရေးလူမျိုးကို နောက်တစ်ကြိမ်ချစ်ရန် ရည်ရွယ်ချက်ရှိကြောင်းကို ပြသသည့်အမှတ်လက္ခဏာဖြစ်သည်။ ယနေ့ အစ္စရေးလူမျိုးသည် ဂေါမာဖြစ်သော်လည်း၊ သူမကို ဘုရားသခင်ကိုယ်တော်တိုင်ထံသို့ ပြန်လည်ရယူမည့်နေ့ရက်သည် ရောက်ရှိလာမည်ဖြစ်သည်။ ဤပြန်လည်ရယူခြင်းသည် ခရစ်တော်၏ ထင်ရှားပေါ်ထွန်းခြင်းရလဒ်ဖြစ်လိမ့်မည်။ ပရောဖက်စာစောင်များ၌ အရာလေးခုကို ထပ်တလဲလဲဖော်ပြထားကြောင်း နောက်တစ်ကြိမ် ကျွန်ုပ်အလေးအနက်ထား ပြောဆိုလိုပါသည်။ ဂျူးလူမျိုးများအပေါ် ဘုရားသခင်၏ ဆုံးမခြင်း၊ တစ်ပါးအမျိုးသားများအပေါ် ဘုရားသခင်၏ အပြစ်ပေးခြင်း၊ ခရစ်တော်၏ ထင်ရှားပေါ် ထွန်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဖြစ်သည်။ ဘုရားသခင်၏ ဆုံးမခြင်းနှင့် အပြစ်ပေးခြင်းသည် ခရစ်တော်၏ ထင်ရှားပေါ် ထွန်းခြင်းကို ထွက်ပေါ် စေလိမ့်မည်ဖြစ်ပြီး၊ ခရစ်တော်၏ ထင်ရှားပေါ် ထွန်းခြင်းသည် မိလေနိနိုင်ငံတော်တည်းဟူသော ပြန်လည်ထူထောင်ရာကာလကို ယူဆောင်လာလိမ့်မည်ဖြစ်သည်။ ထိုနိုင်ငံတော်သည် အိုမင်းဟောင်းနွမ်းပြီး ယိုယွင်းပျက်စီးနေသောစကြဝဠာကို ကောင်းကင်သစ်၊ မြေကြီးသစ်နှင့်အတူ ယေရုရှလင်မြို့သစ်အထဲသို့ ကြိုဆိုနေရာချပေးလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအရာလေးခုကို မြင်တွေ့ပါက၊ ခရစ်တော်၌ ကျွန်ုပ်တို့သည် မည်ကဲ့သို့သောမျှော်လင့်ချက်မျိုးကို ရရှိထားကြောင်း မြင်တွေ့လိမ့်မည်ဖြစ်သည်။ (*Life-study of Hosea*, p. 23)

*ပို၍ဖတ်ရန်- Life-study of 1&2 Samuel*,msg. 23;*Life-study of Hosea*,msgs. 3-4

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

——————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**မ၊ ကိုယ်တော်က၊ ဒါဝိဒ်သည် မိမိအဖော်တို့နှင့်တကွ မွတ်သိပ်သောအခါ**
**၁၂း၃–၄ ပြုခဲ့သောအမှုကို သင်တို့သည် မဖတ်ဘူးသလော။ သူသည် ဘုရားသခင်၏ အိမ်တော်သို့ ဝင်၍ မိမိမစားအပ်၊ မိမိအဖော်မစားအပ်၊ ယဇ်ပုရောဟိတ်တို့သာ စားအပ်သောရှေ့တော်မုန့်ကို စားသည်မဟုတ်လော။**

**၁း၆ ယေရှဲသား ဒါဝိဒ်မင်းကြီးတည်း။**

ခရစ်တော်သည် ဒါဝိဒ်၏ အမြစ် (ဗျာ၊၅း၅)၊ ဒါဝိဒ်၏ မျိုးစေ့ (ရော၊၁း၃)နှင့် ဒါဝိဒ်၏ သားဖြစ်ရုံသာမက(မ၊၁း၁)၊ စစ်မှန်သောဒါဝိဒ်လည်းဖြစ်သည်(၁၂း၃–၄)။ မဿဲ၊၁၂၌ မြင်တွေ့ရသည့် မူအလေ့အလာအတိုင်း၊ ခရစ်တော်သည် (ကိုယ်တော့်ကို ပုံဆောင်သည့်) ဓမ္မဟောင်းကျမ်းရှိ ပုံစံများ၊ အရာများနှင့် လူပုဂ္ဂိုလ်များအားလုံးထက် သာ၍ကြီးမြတ်သောကြောင့်၊ ကိုယ်တော်သည် သာ၍ကြီးမြတ်သောဒါဝိဒ်ဖြစ်သည်။ (*The Conclusion of the New Testament*, p. 469)

## ယနေ့ဖတ်စရာ

ဖာရိရှဲတို့သည် သခင်ဘုရား၏ တပည့်တော်တို့အား ဥပုသ်နေ့တွင် ဂျုံစပါးအသီးအနှံကို ဆွတ်ယူစားသုံးခြင်းကြောင့် ပြစ်တင်ဝေဖန်ကြသောအခါ၊ ကိုယ်တော်က "ဒါဝိဒ်သည် မိမိအဖော်တို့နှင့်တကွ မွတ်သိပ်သောအခါ ပြုခဲ့သောအမှုကို သင်တို့သည် မဖတ်ဘူးသလော။ သူသည် ဘုရားသခင်၏ အိမ်တော်သို့ ဝင်၍ မိမိမစားအပ်၊ မိမိအဖော်မစားအပ်၊ ယဇ်ပုရောဟိတ်တို့သာ စားအပ်သောရှေ့တော်မုန့်ကို စားသည်မဟုတ်လော"ဟုပြောဆိုခဲ့သည် (မ၊၁၂း၃–၄)။ သခင်ဘုရား၏စကားတော်က သူကိုယ်တိုင်သည် စစ်မှန်သောဒါဝိဒ်ဖြစ်ကြောင်းဆိုလိုနေသည်။ ရှေးခေတ်အချိန်က ဒါဝိဒ်နှင့်သူ၏ နောက်လိုက်အဖော်များ ငြင်းပယ်ခံခဲ့ရသောအချိန်တွင် သူတို့သည် ဘုရား၏ အိမ်တော်သို့ဝင်ရောက်၍၊ ရှေ့တော်မုန့်ကို စားသောက်ခဲ့ခြင်းမှာ(အငယ်၊၄) ဝတ်ပြုရာကျမ်းပညတ်တရားကို ချိုးဖောက်ခဲ့သကဲ့သို့ဖြစ်သည်။ ယခု စစ်မှန်သောဒါဝိဒ်နှင့် ကိုယ်တော်၏ နောက်လိုက်များသည် ငြင်းပယ်ခြင်းခံရပြီး၊ တပည့်တော်များ ဂျုံစပါးသီးနှံကို ခူးဆွတ်စားသုံးခဲ့ခြင်းမှာ ဥပုသ်နေ့နှင့်ဆိုင်သော စည်းမျဉ်းစည်းကမ်းကို ဆန့်ကျင်ချိုးဖေါက်ခဲ့သကဲ့သို့ဖြစ်သည်။ ဤသည်မှာ ရှင်ဘုရင်ဒါဝိဒ်သည် စစ်မှန်သောဒါဝိဒ်တည်းဟူသော ခရစ်တော်၏ ပုံစံဖြစ်ကြောင်း ညွှန်ပြသည်။ ဒါဝိဒ်၌ နောက်လိုက်များရှိသကဲ့သို့၊ စစ်မှန်သောဒါဝိဒ်တည်းဟူသောခရစ်တော်

တွင်လည်း ကိုယ်တော်၏ နောက်လိုက် တပည့်တော်များရှိသည်။ ဘုရား၏ ဘိသိက်ခံဖြစ်သော ရှင်ဘုရင်ဒါဝိဒ် (၁ရှမွေ၊၁၆း၁၃) နှင့် သူ၏ နောက်လိုက်များသည် လူတို့အားဖြင့် ငြင်းပယ်ခံခဲ့ရပြီး၊ ဘုရားသခင်၏ ဘိသိက်ခံ အရှင်ဖြစ်သည့် (ဟေဗြဲ၊၁း၉) စစ်မှန်သော ဒါဝိဒ်နှင့် ကိုယ်တော်၏ နောက်လိုက်များသည်လည်း ငြင်းပယ်ခံခဲ့ရသည်။ ဒါဝိဒ်နှင့် သူ၏ နောက်လိုက်များသည် ဆာလောင်မွတ်သိပ်ခဲ့သကဲ့သို့၊ ခရစ်တော်နှင့် ကိုယ်တော်၏ တပည့်တော်များသည်လည်း ဆာလောင်မွတ်သိပ်ခဲ့ကြသည်။ ထို့အပြင် ဒါဝိဒ်နှင့် သူ၏ နောက်လိုက်များ၌ စားစရာဘာမျှမရှိခဲ့သကဲ့သို့၊ ခရစ်တော်နှင့် ကိုယ်တော်၏ နောက်လိုက်များတွင်လည်း စားစရာဘာမျှမရှိခဲ့ပေ။ သို့သော်လည်း တစ်စုံတစ်ရာကို စားသုံးနိုင်သည့် နေရာရှိခဲ့ပေသည်။ ဒါဝိဒ်အတွက် ထိုနေရာသည် ဘုရားသခင်၏ အိမ်တော်ဖြစ်ခဲ့ပြီး၊ ခရစ်တော်အတွက် ထိုနေရာသည် ဂျုံစပါးလယ်ကွက်ဖြစ်ခဲ့သည်။ ဤအရာအားလုံးမှာ ဒါဝိဒ်နှင့် သူ၏ နောက်လိုက်တို့သည် ခရစ်တော်နှင့် ကိုယ်တော့်တပည့်တော်များ၏ ပုံစံ၊ လက္ခဏာဖြစ်ကြောင်းကို ဆိုလိုနေသည်။ (*The Conclusion of the New Testament*, pp.469-470)

မ၊၁၂း၃နှင့် ၄၌ရှိသော သခင်ဘုရား၏ စကားတော်မှာ ယဇ်ပုရောဟိတ်ခေတ်မှ ရှင်ဘုရင်ခေတ်သို့ ပြောင်းလဲခြင်းကို ဆိုလိုသည်။ ဒါဝိဒ်ရောက်ရှိလာခြင်းမှာ ယဇ်ပုရောဟိတ်ခေတ်မှ ရှင်ဘုရင်များခေတ်သို့ ပြောင်းလဲခြင်းဖြစ်သည်။ ရှင်ဘုရင်ခေတ်၌ ရှင်ဘုရင်များသည် ယဇ်ပုရောဟိတ်များ၏ အထက်တွင် ရှိသည်။ ခရစ်တော်၏ ကြွလာခြင်းမှာ ပညတ်တရားခေတ်မှ ကျေးဇူးတော်ခေတ်သို့ တစ်ဖန်ပြောင်းလဲခြင်းဖြစ်၍၊ ကျေးဇူးတော်ခေတ်၌ ခရစ်တော်သည် အရာအားလုံးအထက်တွင်ရှိသည်။ မ၊၁း၆၌ ဒါဝိဒ်ကို "မင်းကြီး"ဟူ၍ ခေါ် ဆိုထားသည်။ အကြောင်းမှာ သူ့အားဖြင့် ရှင်ဘုရင်အရာနှင့် နိုင်ငံတော်ကို ယူဆောင်လာသောကြောင့်ဖြစ်သည်။ သူသည် ခေတ်ကာလတစ်ခုကို အဆုံးသတ်၍၊ နောက်ခေတ်ကာလတစ်ခုကို အစပြုသူဖြစ်ပြီး၊ ခေတ်ကာလနှစ်ခု၏ မှတ်တိုင်ဖြစ်ခဲ့သည်။ စစ်မှန်သော ဒါဝိဒ်၊ သာ၍ကြီးမြတ်သောဒါဝိဒ်အနေဖြင့် ခရစ်တော်သည် ထိုကဲ့သို့သောအရှင်ဖြစ်သည်။ ဒါဝိဒ်အားဖြင့် သရုပ်ဖော်ပြထားသကဲ့သို့၊ ခရစ်တော်သည် တိုက်ခိုက်သောရှင်ဘုရင်ဖြစ်ပြီး၊ ရန်သူများအားလုံးအပေါ် အောင်ပွဲကို ရယူနိုင်ခဲ့သော၊ မြေကို ရယူသိမ်းပိုက်ပြီး၊ ဘုရားသခင်၏ ဗိမာန်တော်တည်းဟူသော အသင်းတော်တည်ဆောက်ခြင်းအတွက် လိုအပ်သောပစ္စည်းများအားလုံးကို ပြင်ဆင်ခဲ့သောအရှင်ဖြစ်သည်။ (*The Conclusion of the New Testament*,pp. 469-470)

ယဇ်ပုရောဟိတ်များ၏ ခေတ်ကာလ၌၊ လူမျိုးတော်ကို ဦးဆောင်သူခေါင်းဆောင်သည် ယဇ်ပုရောဟိတ်၏ စကားကို နားထောင်ရသည် (တော၊၂၇း၂၁–၂၂)။ သို့သော် ရှင်

ဘုရင်များ၏ခေတ်ကာလ၌ ယဇ်ပုရောဟိတ်သည် ရှင်ဘုရင်ကို နာခံရသည် (၁ရှမွေ၊ ၂း၃၅–၃၆)။ ထို့ကြောင့် ရှင်ဘုရင်ဒါဝိဒ်သည် သူ၏နောက်လိုက်များနှင့်အတူ ပြုမူခဲ့သောအရာသည် ပညတ်ကိုချိုးဖောက်ခြင်းမဟုတ်ခဲ့ပေ. . . (ခရစ်တော်)ပြုလုပ်ခဲ့သောအရာအားလုံးမှာ မှန်ကန်မှုရှိသည်။ ဥပုသ်နေ့ကို စောင့်ထိန်းခြင်းအကြောင်းအရာသည် ခေတ်ကာလအဟောင်းတည်းဟူသောပညတ်တရား၏ခေတ်ကာလ၌ ကျင့်သုံးသောအရာဖြစ်သည်။ သို့သော် ကျေးဇူးတော်ခေတ်ကာလတွင် ခရစ်တော်၌ နောက်ဆုံးအငြိမ်းသတ်စကားတော်ရှိသည်။ ဤသည်မှာ ပညတ်တရားနှင့်ဆိုင်သောအကြောင်းအရာမဟုတ်ဘဲ၊ ခရစ်တော်နှင့်ဆိုင်သောအကြောင်းအရာဖြစ်သည်။ ထို့ကြောင့် သခင်ဘုရားက ဖာရိရှဲတို့အား "သင်တို့သည် ငါ့ကို သို့မဟုတ် ငါ၏တပည့်တော်များကို မစီရင်သင့်ပါ။ ပညတ်တရားက သင်တို့အား နောက်ဆုံးအငြိမ်းသတ်စကားကို မပေးအပ်ဘဲ၊ ငါ ခရစ်တော်က နောက်ဆုံးအငြိမ်းသတ်စကားကို ပေးအပ်ခြင်းဖြစ်သည်။ ငါသည် ကျေးဇူးတော်ခေတ်ကာလကို ယူဆောင်လာသည့် ခရစ်တော်လည်းဖြစ်သည်။ ထို့ကြောင့် ငါပြောဆိုပြုမူသမျှသည် နောက်ဆုံးအငြိမ်းသတ်ဆုံးဖြတ်ချက်ပင်ဖြစ်သည်"ဟု ပြောဆိုခဲ့ခြင်းဖြစ်သည်။ ဖာရိရှဲတို့သည် ကျမ်းစာကို သိကျွမ်းသည်ဟု ထင်မြင်ရသော်လည်း၊ ဤနေရာတွင် သူတို့သည် လုံးလုံးရှုံးနိမ့်ခဲ့ကြသည်။ သခင်ဘုရား၏ချေပချက်မှာ ခိုင်ခံ့လှပါတကား။ (*Life-study of Matthew*,p. 397)

*ပို၍ဖတ်ရန်- The Conclusion of the New Testament*,msg. 44; *Life-study of Matthew*, msg. 32

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**အာ၊ ၉း၁၁–၁၂ လဲလျက်ရှိသောဒါဝိဒ်၏တဲကို ထိုကာလ၌ ငါဆောက်တည်ပြန်မည်။ အက်ကွဲရာများကိုစေ့စပ်မည်။ ပြိုပျက်ရာများကိုလည်း ပြုပြင်ပြီးလျှင် ထိုတဲကို ရှေးကာလ၌ရှိသကဲ့သို့ မတ်စေပြန်မည်။ ထိုသို့အားဖြင့် ကျန်ကြွင်းရစ်သောဧဒုံအမျိုးသားမှစ၍ ငါ၏နာမဖြင့် သမုတ်သောတစ်ပါးအမျိုးသားအပေါင်းတို့ကို သိမ်းယူစေမည်ဟု ဤအမှုအရာကို စီရင်တော်မူသောယေဟောဝါ၏ဗျာဒိတ်တော်ရှိ၏။**

တမန်တော်၊၁၅၌ တမန်တော်များနှင့် အသက်ကြီးသူများ(elders)သည် အရေဖျားလှီးခြင်း၏ပြဿနာကို ဖြေရှင်းရန် အတူတကွ စုဝေးကြသောအချိန်တွင် ယာကုပ်သည် အာ၊၉း၁၁–၁၂၏ ဝေစုကို ကိုးကားဖော်ပြခဲ့သည်။

ဒါဝိဒ်၏တဲ ဆိုသည်မှာ ဒါဝိဒ်၏နိုင်ငံတော်နှင့် တော်ဝင်မိသားစုဖြစ်သည်။ ရှေးကာလအချိန်များ၌ တော်ဝင်မိသားစုကို နိုင်ငံတော်မှ ခွဲခြားပြောဆိုရန်ခက်ခဲသည်။ အမှန်စင်စစ် ဤအရာနှစ်ခုမှာ တစ်ခုတည်းဖြစ်သည်။ ဒါဝိဒ်၏နိုင်ငံတော်သည် ဒါဝိဒ်၏တော်ဝင်မိသားစုဖြစ်သည်။ နေဗုခဒ်နေဇာမင်းကြီးသည် အစ္စရေးလူမျိုးကို ဖမ်းဆီး၍၊ တိုင်းပြည်ကို မွှေနှောက်ဖျက်ဆီးကာ၊ မြို့ကို မီးရှို့၍၊ ဗိမာန်တော်ကို ဖျက်ဆီးပြီး၊ ရှင်ဘုရင်ကို ဖမ်းဆီးခေါ်ဆောင်သွားချိန်တွင် ထိုနိုင်ငံတော်၊ ထိုတော်ဝင်မိသားစုသည် ပြိုလဲသွားခဲ့သည်။ ဤသည်မှာ ဒါဝိဒ်၏နိုင်ငံတော်နှင့် ဒါဝိဒ်၏တော်ဝင်မိသားစု ပြိုလဲခြင်းပင်ဖြစ်သည်။ သို့သော်လည်း အာမုတ်ကျမ်း၌ ဘုရားသခင်က တစ်နေ့တွင် သူသည် ဒါဝိဒ်၏ပြိုလဲသွားသောနိုင်ငံတော်ကို ထူထောင်ရန် ပြန်လည်ကြွလာမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။ ထိုနေ့ရက်၌ ဒါဝိဒ်၏နိုင်ငံတော်နှင့် ဒါဝိဒ်၏မိသားစုသည် ပြန်လည်ထူထောင်ခြင်းခံရပြီး၊ တစ်ပါးအမျိုးသားအပေါင်းတို့သည်လည်း ယေဟောဝါ၏နာမအားဖြင့် ခေါ်ဝေါ်သမုတ်ခြင်းခံရလိမ့်မည်ဖြစ်သည်။ (*Life-study of Amos,* p. 18)

## ယနေ့ဖတ်စရာ

အာ၊၉း၁၁–၁၂၌ ဖော်ပြထားသည့် ပရောဖက်ပြုချက်က တစ်နေ့တွင် ခရစ်တော်သည် စစ်မှန်သောဒါဝိဒ်အဖြစ် ပြန်လည်ကြွလာလိမ့်မည်ဖြစ်ကြောင်း ညွှန်ပြနေသည်။ ခရစ်တော်သည် သူ၏နောက်ဆုံးထင်ရှားပေါ်ထွန်းခြင်း၌ ပြန်လည်ကြွလာတော်မူသောအခါ၊ ကိုယ်တော်၏နိုင်ငံတော်နှင့် တော်ဝင်မိသားစုကို ပြန်လည်ထူထောင်ရန် စစ်

မှန်သောဒါဝိဒ်ဖြစ်လာလိမ့်မည်ဖြစ်သည်။ ၎င်းသည် မိလေနီနိုင်ငံတော်ဖြစ်လိမ့်မည်ဖြစ်ပြီး၊ ထိုနိုင်ငံတော်၌ တစ်ပါးအမျိုးသားအပေါင်းတို့သည် ယေဟောဝါ၏ နာမတော်အားဖြင့် ခေါ် ဝေါ် သမုတ်ခြင်းကို ခံရလိမ့်မည်ဖြစ်သည်၊ တစ်နည်းဆိုသော် တစ်ပါးအမျိုးသားအပေါင်းတို့ကို ဘုရားသခင်ပိုင်ဆိုင်လိမ့်မည်ဖြစ်သည်။ ဤအချက်ကို အခြေတည်၍ တမန်တော်၊၁၅၌ ယာကုပ်သည် ဂျူးအမျိုးသားယုံကြည်သူတို့အား တစ်ပါးအမျိုးသားတို့ထံသို့ ပေတရုနှင့် ပေါလုသွားရောက်ခြင်းကို စိတ်အနှောင့်အယှက်မဖြစ်သင့်ကြောင်း၊ အကြောင်းမှာ ပြန်လည်ထူထောင်ရာကာလ၌ ဂျူးလူမျိုးများကဲ့သို့ပင် တစ်ပါးအမျိုးသားအပေါင်းတို့ကို ဘုရားသခင်ပိုင်ဆိုင်လိမ့်မည်ဖြစ်ကြောင်း ပြောဆိုခဲ့ခြင်းဖြစ်သည်။

ခရစ်တော်သည် ကြွလာ၍ စကြဝဠာတစ်ခုလုံးကို ပြန်လည်ထူထောင်ရယူခြင်းအတွက် ကိုယ်တော်၏ နိုင်ငံတော်ကို တည်ဆောက်ရန် ဒါဝိဒ်၏ ပြိုလဲသွားသောနိုင်ငံကို ပြန်လည်ထူထောင်မည်ဖြစ်သည်။ ထိုအချိန်တွင် တစ်ပါးအမျိုးသားအပေါင်းတို့သည် ဘုရားသခင်၏ လူများဖြစ်လာကြလိမ့်မည်ဖြစ်သည်။ ၎င်းသည် အာမုတ်၏ ပရောဖက်ပြုချက်၌ အရေးကြီးသောအကြောင်းအရာဖြစ်သည်။ (*Life-study of Amos*, p. 18)

ဘုရားသခင်၏ နိုင်ငံတော်သည် ဗတ္တိဇံယောဟန်နှင့် သခင်ယေရှုဟောပြောခဲ့သော အချိန်အတွင်းတွင် တည်လုနီးရုံသာရှိခဲ့သည် (မ၊၃း၂။ ၄း၁၇။ လု၊၁၀း၉)။ ပင်တေကုတ္တေနေ့တွင် သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်လာခြင်းသည် ဘုရားသခင်၏ နိုင်ငံတော်စစ်မှန်ခြင်းကို သယ်ဆောင်လာပြီး၊ အသင်းတော်ကို တည်ဆောက်ခဲ့သော်လည်း (မ၊၁၆း၁၈–၁၉)၊ ဘုရားသခင်၏ နိုင်ငံတော်မှာ ထင်ရှားပေါ် လွင်ခြင်းမရှိသေးပေ။ ထို့ကြောင့် သခင်ဘုရားသည် သေခြင်းမှ ရှင်ပြန်ထမြောက်ပြီးနောက်၊ နိုင်ငံတော်ကို လက်ခံရယူရန် ကောင်းကင်များသို့ တက်ကြွသွားခဲ့သည် (လု၊၁၉း၁၂)။ အသင်းတော်ခေတ်ကာလ၏ အဆုံး၌ သခင်ဘုရားသည် ဘုရားသခင်ထံမှ နိုင်ငံတော်ကို လက်ခံရရှိလိမ့်မည်ဖြစ်ပြီး (ဒံ၊၇း၁၃–၁၄)၊ ဘုရားသခင်၏ နိုင်ငံတော်နှင့်အတူ ပြန်လည်ကြွလာလိမ့်မည်ဖြစ်သည် (လု၊၁၉း၁၅)။ ဤသည်မှာ ဘေးဒဏ်ကြီးနောက်ပိုင်း လောကီနိုင်ငံသည် ကျွန်ုပ်တို့သခင်နှင့် ကိုယ်တော်၏ ခရစ်တော်နိုင်ငံဖြစ်လာသောအချိန်တွင် ဖြစ်ပျက်လိမ့်မည်ဖြစ်သည် (ဗျာ၊၁၁း၁၅။ ၁၂း၁၀)။ ဤသည်မှာ မဿဲ၊ ၂၄ နှင့် ၂၅တို့တွင် သံလွင်တောင်ပေါ် ၌ သခင်ဘုရားကိုယ်တိုင် ဖွင့်ပြခဲ့သကဲ့သို့၊ ဘုရားသခင့်နိုင်ငံတော်၏ ထင်ရှားပေါ် လွင်ခြင်းလည်း ဖြစ်လိမ့်မည်ဖြစ်သည်။ ဤထင်ရှားပေါ် လွင်လာသောဘုရားသခင်၏ နိုင်ငံတော်သည် နောက်လာမည့်ခေတ်ကာလရှိ မိလေနီနိုင်ငံတော်ဖြစ်၍၊ ကောင်းကင်ဆိုင်ရာနှင့် မြေကြီးဆိုင်ရာအပိုင်းများပါဝင်သည်…လာမည့်ခေတ်ကာလတွင် မိလေနီနိုင်ငံတော်၏

ကောင်းကင်အပိုင်းသည် ဘုရားသခင်၏ နိုင်ငံတော်အတွင်းရှိ ကောင်းကင်များ၏ နိုင်ငံတော်၏ ထင်ရှားပေါ် လွင်ခြင်းအပိုင်းဖြစ်လိမ့်မည်ဖြစ်ပြီး၊ မ၊၁၃း၄၃၌ ယင်းကို ခမည်းတော်၏ နိုင်ငံတော်ဟု ခေါ် ဆိုသည်။ ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းနှစ်ခုလုံးရှိ စုံလင်လာသည့် အောင်မြင်သောသန့်ရှင်းသူအားလုံးသည် ဘုရားသခင်နှင့် ခရစ်တော်၏ ယဇ်ပုရောဟိတ်များ ဖြစ်ကြလိမ့်မည်ဖြစ်ပြီး၊ ခရစ်တော်နှင့်အတူ တွဲဖက်ဘုရင်များအဖြစ် မိလေနိနိုင်ငံတော်၏ မြေကြီးအပိုင်း၌ရှိသည့် လူများ၊ တစ်ပါးအမျိုးသားများကို နှစ်ပေါင်းတစ်ထောင်ပတ်လုံး(ဗျာ၊ ၂၀း၄၊၆) စိုးစံကြလိမ့်မည်ဖြစ်သည် (ဗျာ၊ ၂း ၂၆–၂၇)။ ဒံ၊၁၂း၂–၃ တွင် သေသောသူတို့အလယ်မှ ထမြောက်ခြင်းခံရပြီးနောက် ပညာရှိသောသူတို့သည် ကောင်းကင်မျက်နှာကြက်၏ အရောင်အဝါကဲ့သို့လည်းကောင်း၊ လူအများတို့ကို ဖြောင့်မတ်ခြင်းတရားလမ်းထဲသို့ သွင်းသောသူတို့သည်လည်း ကြယ်များကဲ့သို့လည်းကောင်း အစဉ်အမြဲထွန်းလင်းကြလိမ့်မည်ဟု ပြောဆိုထားသည်။ ဤစကားတော်သည် မ၊၁၃း၄၃ရှိ စကားတော်နှင့်ဆင်တူသည်။ ယင်း၌ ဖြောင့်မတ်သောသူတို့သည် သူတို့အဖ၏ နိုင်ငံတော်၌ နေကဲ့သို့ထွန်းလင်းကြလိမ့်မည်ဖြစ်ကြောင်းပြောဆိုထားသည်။ ဒံယေလ၌ ဖော်ပြထားသောအရာမှာ မိလေနိနိုင်ငံတော်၏ ကောင်းကင်အပိုင်းကိုလည်း ရည်ညွှန်းသည်။ (*Truth Lessons—Level One*, vol. 2, pp. 164-165)

*ပို၍ဖတ်ရန်-* *Life-study of Amos*, msg. 3; *Truth Lessons—Level One*, vol. 2, lsn. 23; *Life-study of Jeremiah*, msg. 20

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း***

## နံနက်ခင်းကျွေးမွေးခြင်း

**မ၊၁၃း၄၃ ထိုအခါ ဖြောင့်မတ်သောသူတို့သည် နေထွန်းလင်းသကဲ့သို့ မိမိတို့အဖ၏နိုင်ငံတော်၌ ထွန်းလင်းကြလတ္တံ့။ ကြားစရာနားရှိသောသူ မည်သည်ကား ကြားပါစေ။**

**မ၊၂၅း၃၁ သို့သော်လည်း လူသားသည် မိမိဘုန်းတော်ကိုဆောင်လျက်၊ ကောင်းကင်တမန်အပေါင်းခြံရံလျက် ကြွလာတော်မူသောအခါ၊ ဘုန်းပလ္လင်တော်ပေါ်မှာထိုင်၍၊**

မိလေနီနိုင်ငံတော်၌ လူသုံးမျိုးရှိလိမ့်မည်ဖြစ်သည်။ ပထမလူအုပ်စုမှာ ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းနှစ်ခုလုံးရှိ အောင်မြင်သောသန့်ရှင်းသူများပါဝင်သည့် အောင်မြင်သောသန့်ရှင်းသူများဖြစ်သည်။ ဤအောင်မြင်သောသန့်ရှင်းသူများသည် ခရစ်တော်၏တွဲဖက်ဘုရင်များ ဖြစ်ကြလိမ့်မည်။ ခရစ်တော်သည် အမြင့်ဆုံးသောရှင်ဘုရင်ဖြစ်၍၊ ကျွန်ုပ်တို့သည် လက်အောက်ခံဘုရင်များဖြစ်ကြလိမ့်မည်။ ထို့ကြောင့် မိလေနီနိုင်ငံတော်၏ အထက်ပိုင်းသည် မင်းမျိုးမင်းနွယ်နှင့်ဆိုင်သောဝေစုဖြစ်သည်။ (*Life-study of Revelation*, p. 648)

## ယနေ့ဖတ်စရာ

ဒုတိယလူအုပ်စုကို နိုင်ငံတော်၏အောက်ပိုင်း၌ တွေ့ရှိရပြီး၊ ထိုအုပ်စုမှာ သခင်ဘုရားပြန်လည်ကြွလာသောအချိန်၌ ကယ်တင်ခံရမည့် စောင့်ထိန်းခံထားရသော၊ စစ်မှန်သောဂျူးများဖြစ်သည်။ ဇာ၊၁၂း၁၀–၁၄အရ ဤဂျူးတို့သည် သူတို့ထိုးဖောက်ခဲ့သောကိုယ်တော့်ကို ရှုမြင်ရလိမ့်မည်ဖြစ်ပြီး နောင်တရကြလိမ့်မည်ဖြစ်သည်။ ဤဂျူးတို့မှာ မီးကိုဖြတ်ကျော်ပြီး၊ သန့်စင်ခံရမည့် တတိယအစုဖြစ်လိမ့်မည် (ဇာ၊၁၃း၉)။ ဤကယ်တင်ခံရသောဂျူးများသည် မိလေနီနိုင်ငံတော်အထဲသို့ ယဇ်ပုရောဟိတ်များအဖြစ် ဝင်ရောက်ရလိမ့်မည်ဖြစ်ပြီး၊ တစ်ပါးအမျိုးသားတို့အား ဘုရားသခင်ကို ရှာဖွေရန်နှင့် ကိုယ်တော့်ကိုသိကျွမ်းရန် သွန်သင်ကြလိမ့်မည်ဖြစ်သည်။ ဟေရှာ၊၂း၂–၃ သည် ထိုအချိန်၌ ပြည့်စုံခြင်းရှိလိမ့်မည်ဖြစ်သည်။ အငယ်၊၃၌ "များပြားသောသူတို့ကလည်း လာကြလော့။ ယေဟောဝါ၏တောင်တော်၊ ယာကုပ်အမျိုး၏ဘုရားသခင့်အိမ်တော်သို့ တက်သွားကြကုန်အံ့။ လမ်းခရီးတော်တို့ကို ပြသသွန်သင်တော်မူ၍ ငါတို့သည် ခြေတော်ရာသို့ လိုက်သွားကြမည်ဟု ခရီးသွားလျက် ပြောဆိုကြလိမ့်မည်။ တရားတော်သည် ဇိအုန်တောင်မှလည်းကောင်း၊ ယေဟောဝါ၏နှုတ်ကပတ်တော်သည် ယေရုရှလင်မြို့မှလည်းကောင်း ပေါ်ထွက်လိမ့်

မည်”ဟု ပြောဆိုထားသည်။ တစ်ပါးအမျိုးသားအပေါင်းတို့သည် ယဇ်ပုရောဟိတ်များ ဖြစ်လာမည့် ဂျူးလူမျိုးတို့၏ ပြသသွန်သင်ခြင်းအတိုင်း ဘုရားသခင်ကို သိရကြလိမ့်မည်။ ဟေရှာ၊ ၆၁း၆၌ “သင်တို့မူကား၊ ယေဟောဝါ၏ ယဇ်ပုရောဟိတ်ဟူ၍လည်းကောင်း၊ ငါတို့ဘုရားသခင်၏ အမှုတော်ထမ်းဟူ၍လည်းကောင်း သမုတ်ခြင်းကိုခံရကြလိမ့်မည်”ဟု ရှင်းလင်းစွာပြောဆိုထားသည်။ ဤစကားတော်သည် မိလေနိကာလ၌ ပြည့်စုံလိမ့်မည် ဖြစ်ပြီး၊ ထိုကာလ၌တစ်ပါးအမျိုးသားအပေါင်းတို့သည် ဂျူးလူမျိုးတို့ကို ဘုရားသခင်၏ ယဇ်ပုရောဟိတ်များအဖြစ် အသိအမှတ်ပြုကြလိမ့်မည်ဖြစ်သည်။

ဇာ၊၈း၂၃တွင် “ထိုကာလ၌ ဘာသာအသီးအသီးကို ပြောတတ်သောလူအမျိုးမျိုးတို့တွင် တစ်ကျိပ်သောလူတို့သည် ယုဒလူဖြစ်သောသူ၏ အဝတ်စွန်းကို ကိုင်လျက် ဘုရားသခင်သည် သင်နှင့်အတူရှိတော်မူသည်ဟု အကျွန်ုပ်တို့သည် ကြားသိ၍၊ သင်တို့နှင့်အတူ လိုက်ပါမည်ဟု ဆိုကြလိမ့်မည်....”ဟူ၍ပြောဆိုထားသည်။ ဤကျမ်းပိုဒ်၌ ဂျူးလူမျိုးအားလုံးတို့သည် အဖိုးထိုက်သောသူများဖြစ်ကြလိမ့်မည်ဟု ညွှန်ပြထားသည်။ ထိုအချိန်တွင် ကယ်တင်ခံရသောဂျူးလူမျိုးအရေအတွက်မှာ အလွန်သေးငယ်လိမ့်မည်ဖြစ်ပြီး၊ လူမျိုးစုတစ်စုတွင် လူဆယ်ယောက်တို့သည် ဂျူးလူမျိုးတစ်ယောက်ကို ကိုင်စွဲ၍ “ဘုရားသခင်ကို သိကျွမ်းရန် ကျွန်ုပ်တို့ကို ကူညီပါ။ ဘုရားသခင်သည် သင်တို့ကို ကောင်းကြီးပေးပြီဟု ကျွန်ုပ်တို့ကြားရသောကြောင့် ကျွန်ုပ်တို့သည် သင့်အားဖြင့် သွန်သင်ခံလိုပါသည်။ ကျွန်ုပ်တို့သည် သင်တို့၏ ကောင်းကြီးမင်္ဂလာကို ဝေမျှခံစားလိုပါသည်။ ဘုရားသခင်၏ အကြောင်းကို ကျွန်ုပ်တို့အားပြောပြ၍၊ ကိုယ်တော့်ကို ကျွန်ုပ်တို့မည်သို့ကိုးကွယ်ရမည့်အကြောင်းကို သွန်သင်ပြသပေးပါ”ဟုပြောဆိုကြလိမ့်မည်ဖြစ်သည်။ ထိုနေ့ရက်များ၌ ဂျူးလူမျိုးတို့သည် နွေးထွေးစွာကြိုဆိုခြင်းခံရလိမ့်မည်ဖြစ်သည်။

မိလေနိနိုင်ငံတော်၌ တတိယလူအုပ်စုမှာ မဿ၊၂၅ ရှိ “သိုး”ဖြစ်လိမ့်မည်ဖြစ်သည်။ ဤ “သိုးတို့”မှာ နိုင်ငံတော်သားများဖြစ်လာရန် မိလေနိနိုင်ငံတော်အထဲသို့ ပြောင်းရွှေ့ခြင်းခံရလိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့မြင်တွေ့ခဲ့ပြီးဖြစ်သည်။ လူသားတော်၏ နိုင်ငံတော်ဟု ခေါ် ဆိုသည့် မိလေနိနိုင်ငံတော်၏ အောက်ပိုင်း၌ ဒါဝိဒ်၏ မျိုးစေ့တည်းဟူသောယေရှုသည် ဂျူးလူမျိုးတို့အပေါ် တွင်လည်းကောင်း၊ ဂျူးလူမျိုးများမှတစ်ဆင့် တစ်ပါးအမျိုးသားအားလုံးအပေါ် တွင်လည်းကောင်း ရှင်ဘုရင်ဖြစ်လိမ့်မည်ဖြစ်သည်။ ကိုယ်တော်သည် ဂျူးလူမျိုးများမှတစ်ဆင့် တစ်ပါးအမျိုးသားအပေါင်းတို့ အပေါ် တွင် ရှင်ဘုရင်ဖြစ်ရန် ဒါဝိဒ်၏ ရာဇပလ္လင်ပေါ် ၌ ထိုင်လိမ့်မည်ဖြစ်သည်။ ဤသည်မှာ လူသားတော်၏ နိုင်ငံနှင့် မေရှိယ၏ နိုင်ငံဖြစ်သည်။ ၎င်းသည် တ၊၁၅း၁၆၌ ပြောဆိုထားသည့်

ဒါဝိဒ်၏တဲလည်း ဖြစ်လိမ့်မည်။ ဒါဝိဒ်၏တဲသည် ပြိုလဲခဲ့ပြီးဖြစ်သည်။ သို့သော်လည်း မိလေနိကာလရောက်သောအခါ၊ ခရစ်တော်သည် ဒါဝိဒ်၏တဲကို မတ်စေပြန်မည်ဖြစ်သည်။ ဒါဝိဒ်၏တဲသည် ဒါဝိဒ်၏နိုင်ငံဖြစ်သည်။ ၂ရှမွေ၊၇ ၌ ဘုရားသခင်က ဒါဝိဒ်၏နိုင်ငံသည် အစဉ်အမြဲတည်လိမ့်မည်ဖြစ်ကြောင်း ကတိပေးခဲ့သည် (အငယ်၊၁၆)။ ဤထာဝရတည်မည့်နိုင်ငံတော်သည် လူသားတော်နှင့် မေရှိယ၏နိုင်ငံတော်တည်းဟူသော မိလေနိနိုင်ငံတော်၏အောက်ပိုင်း၌ ရှိလိမ့်မည်ဖြစ်သည်။ ရှင်ဘုရင်ဖြစ်လာသောအောင်မြင်သူများသည် မိလေနိနိုင်ငံတော်၏ အထက်ပိုင်း၌ရှိလိမ့်မည်ဖြစ်ပြီး၊ ယဇ်ပုရောဟိတ်ဖြစ်လာသောဂျူးများနှင့် နိုင်ငံသားများသည် အောက်အပိုင်း၌ရှိကြလိမ့်မည်ဖြစ်သည်။

ဤအကြောင်းအရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းမှုရှိခြင်းသည် ကြီးမားသောအကူအညီကို ဖြစ်စေမည်ဖြစ်သည်။ သင်သည် ထိုအရာတို့ကို နားလည်သဘောပေါက်မည်ဆိုပါက၊ သင်ကျမ်းစာဖတ်သောအခါ မည်သည့်ကျမ်းပိုဒ်များသည် နိုင်ငံတော်၏အထက်ပိုင်းကို ရည်ညွှန်းပြီး၊ မည်သည့်ကျမ်းပိုဒ်များသည် နိုင်ငံတော်၏အောက်ပိုင်းကိုရည်ညွှန်းကြောင်း သိကြလိမ့်မည်ဖြစ်သည်။ မည်သည့်ကျမ်းပိုဒ်များသည် ရှင်ဘုရင်များကို ရည်ညွှန်း၍၊ မည်သည့်ကျမ်းပိုဒ်များသည် ယဇ်ပုရောဟိတ်များကို ရည်ညွှန်းကာ၊ မည်သည့်ကျမ်းပိုဒ်များသည် တစ်ပါးအမျိုးသားတို့ကို ရည်ညွှန်းကြောင်း သိကြလိမ့်မည်ဖြစ်သည်။

မြေကြီးပိုင်းဆိုင်ရာအပိုင်းသည် ဒါဝိဒ်၏ပြန်လည်ထူထောင်ခြင်းခံရသောနိုင်ငံဖြစ်ပြီး၊ ထိုနိုင်ငံတွင် ဒါဝိဒ်၏တော်ဝင်မျိုးနွယ်ဖြစ်သည့် လူသားတော် ခရစ်တော်သည် အစ္စရေးအမျိုးသားအပေါ်တွင် ရှင်ဘုရင်ဖြစ်လိမ့်မည်ဖြစ်သည်။ (*The Basic Revelation in the Holy Scriptures,* p. 96)

*ပို၍ဖတ်ရန်- Life-study of Revelation*,msg. 56;*The Conclusion of the New Testament,* msg. 427

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဟေရှာ၊ ၂၂း၂၂ ဒါဝိဒ်မင်း၏ အိမ်တော်တံခါးသော့ကို သူ၏ပခုံးပေါ်မှာ ငါတင်ထားသဖြင့် သူသည် အဘယ်သူမျှ မပိတ်နိုင်အောင်ဖွင့်လိမ့်မည်။ အဘယ်သူမျှ မဖွင့်နိုင်အောင် ပိတ်လိမ့်မည်။**

**ဗျာ၊ ၃း၇ . . . သန့်ရှင်းသောသူ၊ ဟုတ်မှန်သောသူ၊ ဒါဝိဒ်မင်း၏ တံခါးသော့ကို ကိုင်သောသူ၊ အဘယ်သူမျှ မပိတ်နိုင်အောင်ဖွင့်၍၊ အဘယ်သူမျှ မဖွင့်နိုင်အောင် ပိတ်သောသူ၏ အမိန့်တော်ကား၊**

**၁း၆ မိမိခမည်းတော်ဘုရားသခင်ရှေ့၌ ငါတို့ကို နိုင်ငံတော် နှင့်ယဇ်ပုရောဟိတ်များဖြစ်စေတော်မူသော . . .**

အနှစ်တစ်ထောင်နိုင်ငံတော်သည် ဓမ္မသစ်အသင်းတော်နှင့် ခြားနားသည်။ အသင်းတော်ခေတ်ကာလ၌ ဓမ္မဟောင်းသန့်ရှင်းသူများမရှိသော်လည်း၊ အနှစ်တစ်ထောင်နိုင်ငံတော်၌ အောင်မြင်သောဓမ္မဟောင်းသန့်ရှင်းသူများသည် အောင်မြင်သော ဓမ္မသစ်သန့်ရှင်းသူများနှင့်အတူ ရှိလိမ့်မည်ဖြစ်သည်။ အနှစ်တစ်ထောင်နိုင်ငံတော်တွင် အာဗြဟံ၊ နောဧ၊ မောရှေ၊ ဒါဝိဒ်နှင့် ဧလိယတို့ကဲ့သို့သော ဓမ္မဟောင်းသန့်ရှင်းသူများ ပါဝင်သည်။ ဤသူတို့မှာ ဓမ္မဟောင်းအချိန်ကာလ၌ အောင်မြင်ခဲ့သောသူတို့တွင် အချို့ဖြစ်သည်။ (*The Apostles' Teaching*, p. 127)

## ယနေ့ဖတ်စရာ

သခင်ဘုရားသည် တောင်ပေါ်တွင် အဆင်းသဏ္ဍာန်ပြောင်းလဲခြင်းမရှိမီ တပည့်တော်တို့အား "ငါအမှန်ဆိုသည်ကား၊ လူသားသည် နိုင်ငံတော်တည်လျက် ကြွလာတော်မူသည်ကို ဤအရပ်၌ရှိသောသူအချို့တို့သည် မမြင်မီ သေခြင်းသို့မရောက်ရကြ" ဟု မိန့်တော်မူခဲ့သည် (မ၊၁၆း၂၈)။ ဤစကားတော်မှာ တောင်ပေါ်တွင် သခင်ဘုရား၏ အဆင်းသဏ္ဍာန်ပြောင်းလဲခြင်းအားဖြင့် ပြည့်စုံခဲ့သည် (၁၇း၁–၃)။ ယင်းမှာ ကိုယ်တော်သည် "နိုင်ငံတော်တည်လျက် ကြွလာခြင်း" ပင်ဖြစ်သည်။ ၎င်းကို ကိုယ်တော်၏ တပည့်တော်သုံးယောက်ဖြစ်သော ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့ မြင်တွေ့ခဲ့ကြသည်။ ထို့အပြင် မောရှေနှင့် ဧလိယသည် ထိုနေရာ၌ သခင်ဘုရားနှင့်အတူ စကားပြောဆိုခဲ့ကြသည်။ ထိုနေရာ၌ ကိုယ်တော်၏ အဆင်းသဏ္ဍာန်ပြောင်းလဲခြင်းသည် လာမည့်နိုင်ငံတော်ကို ကြိုတင်ပြသခြင်းဖြစ်သည်။ မောရှေနှင့် ဧလိယသည် နိုင်ငံတော်၏ ထင်ရှားခြင်း၌ ရှိမည့်

ဓမ္မဟောင်းအောင်မြင်သူများကို ကိုယ်စားပြုပြီး၊ ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့သည် ဓမ္မသစ်အောင်မြင်သူများကို ကိုယ်စားပြုသည်။ အနှစ်တစ်ထောင်နိုင်ငံတော်၌ ရှင်ဘုရင်များအဖြစ် စိုးစံရန် ရွေးချယ်ခံရသူများမှာ စုံလင်လာသောသူများ၊ အောင်မြင်သောသူများ ဖြစ်လိမ့်မည်။ အသင်းတော်ခေတ်ကာလ၌ ဘုရားသခင်သည် သူကိုယ်တော်တိုင်ကို လူအထဲသို့ အလုပ်လုပ်တော်မူသည်။ လာမည့်နိုင်ငံတော်ခေတ်ကာလသည် အသင်းတော်ခေတ်ကာလ၌ရှိသော ဘုရားသခင့်အလုပ်၏ ရလဒ်ဖြစ်လိမ့်မည်။ (*The Apostles' Teaching*, pp. 127-128)

(ဟေရှာ၊ ၂၂ရှိ) လျှောကိမ်အားဖြင့် ပုံဆောင်သည့် အရာအားလုံးပါဝင်သော ခရစ်တော်သည် (ဘုရားသခင်၏ နိုင်ငံတော်တည်ဆောက်ခြင်းအတွက် ဒါဝိဒ်၏ အိမ်တော်အားဖြင့် ပုံဆောင်သည့်) ဘုရားသခင့်အိမ်တော်(ဘဏ္ဍာတိုက်)၏ တံခါးသော့ကို ပခုံးပေါ်မှာ တင်ထားခြင်းခံရသောအရှင်ဖြစ်သည် (ဟေရှာ၊ ၂၂း ၂၂။ ဗျာ၊၃း၇)။ ဒါဝိဒ်၏ အိမ်သည် ဒါဝိဒ်၏ နိုင်ငံတည်ဆောက်ခြင်းအတွက်ဖြစ်ပြီး၊ ဘုရားသခင်၏ အိမ်တော်သည် ဘုရားသခင်၏ နိုင်ငံတော်တည်ဆောက်ခြင်းအတွက်ဖြစ်သည်။ ၂ရှမွေ၊၇း၁၆ ၌ ဒါဝိဒ်၏ အိမ်သည် သူ၏ နိုင်ငံအတွက်ဖြစ်ကြောင်း ညွှန်ပြထားသည်။ ယနေ့ ဘုရားသခင်၏ အိမ်တော်သည် ဘုရားသခင်၏ နိုင်ငံတော်အတွက်ဖြစ်သည်။ အသင်းတော်သည် ဘုရားသခင်၏ အိမ်တော်ဖြစ်သကဲ့သို့ (၁တိ၊၃း၁၅)၊ ဘုရားသခင်၏ နိုင်ငံတော်လည်းဖြစ်သည် (မ၊၁၆း၁၈–၁၉။ ရော၊၁၄း၁၇)။ ဘုရားသခင်၏ နိုင်ငံတော်သည် ယနေ့တွင် ထင်ရှားပေါ်လွင်ခြင်းမရှိသေးပါ။ အကြောင်းမှာ ဘုရားသခင်၏ အိမ်တော်သည် ခိုင်ခံ့စွာနှင့် ပြည့်စုံလုံလောက်စွာ တည်ဆောက်ခြင်းမခံရသေးသောကြောင့်ဖြစ်သည်။ ဘုရားသခင်၏ အိမ်တော်တည်းဟူသော အသင်းတော်သည် ပြည့်စုံလုံလောက်စွာတည်ဆောက်ခြင်းခံရသောအခါ၊ အသင်းတော်သည် ဘုရားသခင်၏ နိုင်ငံတော်အဖြစ် ထင်ရှားပေါ်လွင်လာမည်ဖြစ်သည်။

ယနေ့ ခရစ်တော်သည် ဤအိမ်တော်၊ ဤနိုင်ငံတော်၏ သော့ကို ကိုင်စွဲထားသည်။ ဟေရှာ၊ ၂၂း ၂၂၌ ယေဟောဝါသည် ဒါဝိဒ်အိမ်တော်၏ သော့ကို လျှောကိမ်၏ ပခုံးပေါ်တွင် တင်ထားမည့်အကြောင်း ပြောဆိုထားသည်။ ၎င်း၌ လျှောကိမ်သည် သော့ကို ကိုင်ထားသည်ဟု မပြောဆိုဘဲ၊ သော့ကို သူ၏ ပခုံးပေါ်တွင် တင်ထားကြောင်း ပြောဆိုထားသည်။ ဤဖော်ပြချက်က သော့သည် ကြီးမားသော သော့ဖြစ်ကြောင်းကို ညွှန်ပြနေသည်။ သေးငယ်သော သော့တစ်ချောင်းကို မည်သူမျှ ပခုံးပေါ်တွင် တင်ထားမည်မဟုတ်ပါ။ လက်တွင်သာ ကိုင်ထားမည်ဖြစ်သည်။ ခရစ်တော်၏ ပခုံးပေါ်တွင် ဘုရားသခင်တင်ထား

သော သော့မှာ ကြီးမားသော သော့ဖြစ်သည်။ ထိုကဲ့သို့ကြီးမားသော သော့မှာ ၎င်းဖွင့်ရသောတံခါးသည် ကြီးမားထူထပ်ကြောင်းကို ညွှန်ပြနေသည်။ ထိုကဲ့သို့သော တံခါးသည် ဘုရားသခင့်အိမ်တော်၏ ဘဏ္ဍာများကို ကာကွယ်ရန်နှင့် ထိန်းသိမ်းရန် ခံတပ် ဖြစ်ပေမည်။

သော့သည် ဘုရားသခင့်အိမ်တော်၏ ဘဏ္ဍာများကို ကာကွယ်စောင့်ရှောက်ခြင်းအတွက်ဖြစ်သည်။ ယနေ့ ဘုရားသခင်၏ အိမ်တော်ရှိ ဘဏ္ဍာများမှာ ခရစ်တော်၏ကြွယ်ဝခြင်း အလုံးစုံဖြစ်သည်။ (*Life-study of Isaiah*, pp. 292-293)

(ဟေရှာ၊ ၂၂း၂၂)ရှိ ပရောဖက်ပြုချက်၏ပြီးမြောက်ပြည့်စုံချက်ကို ဗျာ၊၃း၇၌ အတည်ပြုထားသည်။ အကြောင်းမှာ သခင်ဘုရားက သူကိုယ်တော်တိုင်ကို “ သန့်ရှင်းသောသူ၊ ဟုတ်မှန်သောသူ၊ ဒါဝိဒ်မင်း၏ တံခါးသော့ကို ကိုင်သောသူ၊ အဘယ်သူမျှ မပိတ်နိုင်အောင်ဖွင့်၍၊ အဘယ်သူမျှမဖွင့်နိုင်အောင် ပိတ်သောသူ”ဟူ၍ပြောဆိုထားသောကြောင့်ဖြစ်သည်။ ဒါဝိဒ်သည် ဘုရားသခင်အတွက် တိုက်ခိုက်ခဲ့ပြီး၊ နိုင်ငံတော်ကိုတည်ဆောက်ခဲ့က၊ သန့်ရှင်းသောဗိမာန်တော်တည်ဆောက်ခြင်းအတွက် အရာအားလုံးကို ပြင်ဆင်ခဲ့သည်။ ရှင်ဘုရင်ကယ်တင်ရှင်ဖြစ်သောခရစ်တော်သည် စစ်မှန်သောဒါဝိဒ်ဖြစ်သည် (မ၊၁၂း၃)။ (*Truth Lessons—Level Four,* vol. 1, p. 110)

*ပို၍ဖတ်ရန်-* *The Apostles’Teaching*,ch.11;*Life-study of Isaiah*, msg. 42; *Crucial Truths in the Holy Scriptures*, vol. 6, ch. 60

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ______________________

## နံနက်ခင်းကျွေးမွေးခြင်း

**မ၊၂၈း၁၈ ယေရှုသည် အနီးအပါးသို့ ချဉ်းတော်မူပြီးလျှင်၊ ကောင်းကင်ဘုံ၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း၊ စီရင်ပိုင်သောအခွင့်အာဏာရှိသမျှတို့ကို ငါခံရပြီ။**

**ဗျာ၊၃း၁၂ အကြင်သူသည် အောင်မြင်၏။ ထိုသူကို ငါ၏ဘုရားသခင့်ဗိမာန်တော်၌ တိုင်ဖြစ်စေမည်။ နောက်တစ်ဖန် သူသည် ပြင်သို့မရွေ့ရ။ ငါ၏ဘုရားသခင့်နာမတော်ကိုလည်းကောင်း၊ ငါ၏ဘုရားသခင့်အထံတော်ကောင်းကင်ဘုံမှ ဆင်းသက်သောယေရှုရှလင်မြို့သစ်တည်းဟူသော ငါ၏ဘုရားသခင့်မြို့တော်၏နာမကိုလည်းကောင်း၊ ငါ၏နာမသစ်ကိုလည်းကောင်း ထိုသူအပေါ်၌ ငါသည် အက္ခရာတင်မည်။**

ကမ္ဘာဦး၊၁အရ ဘုရားသခင်သည် လူကို ဖန်ဆင်းခဲ့သောအခါ၊ သူ့အား ဖန်ဆင်းခံအပေါင်းတို့အပေါ် အုပ်စိုးရသောအခွင့်ကို ပေးအပ်ခဲ့သည်။ ဤသည်မှာ ဘုရားသခင်သည် လူအား မြေကြီးပေါ်တွင် ဘုရားသခင်ကို ကိုယ်စားပြုသည့် အာဏာစက်ဖြစ်လာရန် ရည်ရွယ်ကြောင်းကို ညွှန်ပြသည်။ သို့သော်လည်း ကျဆင်းခြင်းကြောင့် လူသည် ဤအာဏာစက်ကို ဆုံးရှုံးခဲ့ရပြီး၊ ဘယ်သောအခါမျှ ၎င်းကို အပြည့်အဝပြန်လည်ရယူနိုင်ခြင်း မရှိတော့ပေ။ ဒါဝိဒ်ကိုင်ခဲ့သော သော့မှာ ဘုရားသခင်အုပ်စိုးသောနယ်ပယ်၏သော့ဖြစ်သည်။ (*The Conclusion of the New Testament,* p. 413)

## ယနေ့ဖတ်စရာ

ဘုရားသခင်၏ အုပ်စိုးမှုနယ်ပယ်မှာ စကြဝဠာတစ်ခုလုံးဖြစ်ပြီး၊ အထူးသဖြင့် လူသားမျိုးနွယ်ဖြစ်သည်။ ဤအုပ်စိုးမှုနယ်ပယ်၌ နိုင်ငံတော်အတွက် တိုက်ပွဲဝင်ခဲ့ပြီး၊ ဗိမာန်တော်တည်ဆောက်ခြင်းအတွက် ပြင်ဆင်ခြင်းများစွာကို ပြုလုပ်ခဲ့သောပုဂ္ဂိုလ် (ဒါဝိဒ်)အားဖြင့် ပိုင်ဆိုင်သည့်သော့ရှိသည်။ ဒါဝိဒ်သည် မြေကြီးပေါ်တွင် ဘုရားသခင်၏နိုင်ငံတော်တည်ဆောက်ခြင်း၌ ဘုရားသခင်ကို ကိုယ်စားပြုသည်။ ထို့ကြောင့် ဤစကြဝဠာရှိ ဘုရားသခင်၏ အုပ်စိုးမှုနယ်ပယ်၏သော့ သူ၌ရှိခဲ့သည်။ သို့သော်လည်း ဒါဝိဒ်သည် ပုံစံတစ်ခုသာဖြစ်ပြီး၊ စစ်မှန်ခြင်းမဟုတ်ပေ။ စစ်မှန်သောဒါဝိဒ်သည် သာ၍ကြီးမြတ်သော ဒါဝိဒ်တည်းဟူသောခရစ်တော်ဖြစ်သည်။ ကိုယ်တော်သည် ဘုရားသခင်၏ဗိမာန်တော်၊ အသင်းတော်ကိုတည်ဆောက်ခဲ့ပြီး၊ ဘုရားသခင်၏နိုင်ငံတော်ကို ထူထောင်ခဲ့သော

အရှင် ဖြစ်သည်။ ထို့ကြောင့် ယနေ့တွင် အိမ်တော်နှင့် နိုင်ငံတော် နှစ်ခုလုံးဖြစ်သည့် အသင်းတော်၌၊ ဘုရားသခင်ကို ထင်ရှားခြင်းနှင့် ကိုယ်စားပြုခြင်းနှစ်ခုလုံးရှိသည်။ သာ၍ကြီးမြတ်သောဒါဝိဒ်အနေဖြင့် ခရစ်တော်သည် စစ်မှန်သောဗိမာန်တော်ဖြစ်သည့် ဘုရားသခင်၏ အိမ်တော်ကို တည်ဆောက်ခဲ့ရုံမက၊ ဘုရားသခင်၏ နိုင်ငံတော်ကိုလည်း ထူထောင်ခဲ့ပြီး၊ ထိုအုပ်စိုးမှုနယ်ပယ်၌ ကိုယ်တော်သည် ဘုရားသခင်ကို ကိုယ်စားပြုရန် အခွင့်အာဏာကို အပြည့်အဝလေ့ကျင့်လုပ်ဆောင်ခဲ့သည်။ ထို့ကြောင့် ကိုယ်တော်သည် ဘုရားသခင်အတွက် စကြဝဠာတစ်ခုလုံးကိုဖွင့်ရန် ဘုရားသခင်ကို ကိုယ်စားပြုသော တစ်စုံတစ်ရာဖြစ်သည့် ဒါဝိဒ်၏ သော့ကို ကိုင်တော်မူသည်။ ဤသည်မှာ ခရစ်တော်ကိုင်ထားသော ဒါဝိဒ်၏ သော့ဖြစ်သည်။ ခရစ်တော်၌ဒါဝိဒ်၏ သော့ရှိခြင်းမှာ ခရစ်တော်သည် ဘုရားသခင့်စီမံကိန်း၏ အလယ်ဗဟိုဖြစ်ကြောင်းကို ပုံဆောင်သည်။ ကိုယ်တော်သည် ဘုရားသခင်ကို ထင်ရှားစေသောအရှင်၊ ဘုရားသခင်ကို ကိုယ်စားပြုသောအရှင်၊ ဘုရားသခင်၏ အုပ်စိုးမှုနယ်ပယ်၌ရှိသောအရာခပ်သိမ်းကို ဖွင့်ရန် သော့ကို ကိုင်ထားသော အရှင်ဖြစ်သည်။ ဤစကြဝဠာဆိုင်ရာသော့၊ ဘုရားသခင့်စီမံကိန်း၏ သော့သည် ကိုယ်တော့်လက်တော်၌ရှိတော်မူသောကြောင့်၊ ကိုယ်တော်သည် ဖွင့်နိုင်၊ ပိတ်နိုင်တော်မူသည်။ (*The Conclusion of the New Testament*, p. 413)

ဒါဝိဒ်၏ သော့ရှိ၍၊ အဘယ်သူမျှ မပိတ်နိုင်အောင် ဖွင့်သောသခင်ဘုရားသည် ပြန်လည်ရယူထားသောအသင်းတော်အား အဘယ်သူမျှ မပိတ်နိုင်သည့် ဖွင့်ထားသောတံခါးကို ပေးအပ်ခဲ့သည်။ စစ်မှန်သောအသင်းတော်အသက်တာကို ပြန်လည်ရယူခြင်း စတင်ခဲ့သည့် ၁၉ရာစုအစောပိုင်းမှစ၍ ယခုတိုင်အောင် သခင်ဘုရား၏ ပြန်လည်ရယူခြင်းအဖို့ တံခါးကို အမြဲကျယ်ကျယ်ဖွင့်ထားတော်မူသည်… များစွာသောဆန့်ကျင်ခြင်းများရှိသော်ငြားလည်း ယနေ့တွင် တံခါးသည် ကမ္ဘာတစ်ဝှမ်းဖွင့်ထားလျက်ရှိသည်။ သော့သည် ဆန့်ကျင်သူများ၏ လက်ထဲ၌ မရှိဘဲ၊ အသင်းတော်၏ ဦးခေါင်းတော်လက်ထဲ၌ ရှိသည် (ဗျာ၊ ၃း၇၊ မှတ်စု ၁)။

တံခါးများသည် ပြန်လည်ရယူခြင်းအဖို့ ပို၍ပို၍ဖွင့်ထားလျက်ရှိပြီး၊ သော့သည် ကိုယ်တော်၏ လက်ထဲ၌ရှိသည်။ များစွာသောဆန့်ကျင်သူတို့သည် ကိုယ်တော်၏ ပြန်လည်ရယူခြင်းကို ဆန့်ကျင်တိုက်ခိုက်ပြီး၊ တံခါးကို ပိတ်ရန် အစွမ်းကုန်ကြိုးစားကြသော်လည်း၊ ခရစ်တော်သည် ဒါဝိဒ်၏ သော့ရှိသောအရှင် ဖြစ်သည်။ ကိုယ်တော်ဖွင့်သောတံခါးကို မည်သူမျှ မပိတ်နိုင်ဘဲ၊ ကိုယ်တော်ပိတ်သောတံခါးကို မည်သူမျှ ဖွင့်နိုင်မည်မဟုတ်ပါ။ ယနေ့ တံခါးသည် ကမ္ဘာတစ်ဝှမ်းလုံး ဖွင့်ထားလျက်ရှိသောကြောင့် သခင်ဘုရားကို ကျွန်ုပ်တို့ ချီးမွမ်းကြရမည်ဖြစ်သည်။ (*The Conclusion of the New Testament*, p. 4203)

တက်ကြွတော်မူခြင်း၌ ရှင်ပြန်ထမြောက်သောခရစ်တော်သည် အရာခပ်သိမ်း အပေါ် အချုပ်အခြာအာဏာဖြင့် အုပ်ချုပ်ရန် အခွင့်အာဏာရှိသည့် စကြဝဠာ၏ဦး ဆောင်သောသူအနေဖြင့် (တ၊ ၂း၃၆။ ၅း၃၁။ ၁၀း၃၆) မြင့်သောအရပ်မှာ တန်ခိုးအာနု ဘော်တော်၏ လက်ယာဘက်၌ ထိုင်တော်မူသည် (မ၊ ၂၂း ၂၄။ မာ၊၁ ၂း၃၆။ လု၊ ၂၀း၄၂– ၄၃။ တ၊ ၂း၃၄–၃၅။ ဟေဗြဲ၊၁း၁၃)။ ထို့ကြောင့် ဒါဝိဒ်၏သော့သည် စကြဝဠာကို အုပ် ချုပ်ခြင်းအတွက် ဘုရားသခင်၏ သော့၊ နိုင်ငံတော်၏ သော့ဖြစ်သည်။ ခရစ်တော်သည် ဒါဝိဒ်၏ သော့ကို ကိုင်ထားသည်။ ထို့ကြောင့် ကိုယ်တော်သည် ဘုရားသခင်၏ အုပ်စိုးမှု နယ်ပယ်တည်းဟူသော နိုင်ငံတော်ကို ထူထောင်ရန်နှင့် ဘုရားသခင်၏ ဗိမာန်တော်တည်း ဟူသော ဘုရားသခင်ကိန်းဝပ်ရာနေရာကို တည်ဆောက်ရန် ဖွင့်နိုင်ပိတ်နိုင်သောအခွင့် အာဏာရှိသည်။

ဗျာဒိတ်၊၃ အရ တက်ကြွသောခရစ်တော်သည် ပြန်လည်ရယူခြင်းခံရသော အသင်းတော်၏ ပုံစံဖြစ်သည့် ဖိလဒေလဖိအသင်းတော်အား ဖွင့်ထားသောတံခါးကို ပေးအပ်ခြင်းငှါ ဒါဝိဒ်၏ သော့ကို ကိုင်စွဲထားသည်။ သို့မှသာ လူတို့သည် ဘုရားသခင်၏ ဗိမာန်တော်၌ တိုင်များအဖြစ် ပုံသဏ္ဍာန်ပြောင်းလဲခြင်းခံရရန်နှင့် ဘုရားသခင်၏ မြို့ တော် ယေရုရှလင်မြို့သစ်အဖြစ် တည်ဆောက်ခံရရန်အတွက် ပြန်လည်ရယူခြင်းခံရ သောသင်းတော်သို့ ဝင်ရောက်နိုင်မည်ဖြစ်သည် (ဗျာ၊၃း၇–၈၊၁၂)။ (*Truth Lessons—Level Four,* vol. 1, p. 110)

*ပို၍ဖတ်ရန်-* *The Conclusion of the New Testament,* msgs. 39, 412; *Truth Lessons—Level Four,* vol. 1, lsn. 10

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

## *Hymns*, # E-1275, # M-254

**Revelation 3:7-13**

8.7.8.7.D.(Tune: # 977)

၁။ ဘုန်းတော်ပြည့်စုံ စကားဆိုမည်
ဖိလဒေဖိအသင်းတော်
သန့်ရှင်းသောသူဖြစ်ကြောင်းပြောဆို
ဟုတ်မှန်စကား သူပြောကြား
ဒါဝိဒ်၏တံခါးသော့သူ့မှာ
ရှိ၍ နိုင်ငံတော်ဝင်ရန်
မည်သူမျှ မပိတ်ဖွင့်နိုင်ရန်
ကိုယ်တော်ရှင် မိန့်ဆိုခဲ့သည်။

၂။ ဟာလေလုယာ၊ ဖိလဒေဖိ
ကိုယ်တော်နှစ်သက်မှု ဆောင်ရာ
အနည်းငယ်သော ခွန်အားဖြင့်သာ
ကိုယ်တော့်စကားစောင့်ထိန်းရာ
မြတ်နာမကို မစွန့်မပယ်
နှိမ့်ချခြင်းဖြင့် စဉ်ဝန်ခံ
မည်သူမျှ မဝင်ထွက်နိုင်သော
တံခါး ကိုယ်တော်ဖွင့်၍ထား။

၃။ မေတ္တာပြည့်သော ဖိလဒေဖိ
အလွန်သည်းခံခြင်းပြု၍
စုံစမ်းရာကာလ စောင်မမည်
ပျက်စီးခြင်းအားလုံးထဲမှ
ဒုက္ခများကြောင့် ကိုယ်တော့်မေတ္တာ
သိ၍ ဒူးထောက်ကြကုန်ရာ
စွဲကိုင်ထားပါ သင့်သရဖူ
ငါသည် လျင်မြန်ကြွလာမည်။

၄။ ဟာလေလုယာ၊ အောင်မြင်သူများ
ကိုယ်တော်၏ဗိမာန်တော်၌
တိုင်ဖြစ်စေရန် တည်ဆောက်ပေးမည်
မည်သည့်နေရာမရွှေ့ရန်

မြတ်နာမတော်ရေးထိုးသူ့ပေါ်
ကိုယ်တော်၏ သစ်သောနာမ
သုံးပါးတစ်ပါးနှင့် ပေါင်းစည်းကာ
ကိုယ်တော်၏မြို့တော်ဖြစ်ရာ။

၅။ ဟာလေလုယာ၊ ကောင်းကင်ဘုံမှ
မြို့ယေရုရှလင်ဆင်းလာ
ပုလဲတံခါး၊ မဟူနံရံ
ပေါင်းစည်းထားပေး၊ ကျောက်မြတ်တွေ
ဖိလဒေဖိ၊ ဖိလဒေဖိ
ကိုယ်တော်ချစ်သတို့သမီး
သင်းတော်များ–ဝိညာဉ်တော်ပြောကြား
နားရှိသောသူ ကြားပါစေ။

***ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ***––––––––––
––––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––––

# ယောနထက် သာ၍ကြီးမြတ်သောသူ

ဖတ်ရန်ကျမ်း။ ။ယောန၊၁း၁–၂၊ ၁၇။ ၂း၁၀။ ၃း၂။ ၄း၁၁။ မ၊၁၂း၃၈–၄၁

*Day 1*

**I. ပရောဖက်တစ်ဦးဖြစ်သော ယောနသည် အသေခံခြင်း၊ မြှုပ်နှံခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းတို့၌ရှိသော ခရစ်တော်၏ပုံဆောင်ချက်ဖြစ်ပြီး၊ ယောနထက် သာ၍ကြီးမြတ်သောသူလည်းဖြစ်သည်(ယောန၊၁း၁၇။ ၂း၁၀။ မ၊၁၂း၃၈–၄၁)။**

က။ ကားတိုင်ပေါ်တွင် အသေခံခြင်းအားဖြင့် ခရစ်တော်သည် သေခြင်းကိုပယ်ဖျက်ပြီး၊ သေခြင်းကို အစိုးရသောမာရ်နတ်ကို ဖျက်ဆီးခဲ့သည် (၂တိ၊၁း၁၀။ ဟေဗြဲ၊၂း၁၄)။

၁။ ခရစ်တော်သည် သေခြင်းကို ပယ်ရှားပြီး၊ ၎င်းကို အချည်းနှီးဖြစ်စေကာ၊ ဖျက်သိမ်းခဲ့သည် (၂တိ၊၁း၁၀)။

၂။ ကမ္ဘာဦး၊၃း၁၅၌ ဘုရားသခင်က မိန်းမ၏အမျိုးအနွယ်သည် မြွေ၏ဦးခေါင်းကို ကြိတ်လိမ့်မည်ဟု ကတိပေးခဲ့သည်။ အချိန်ကာလပြည့်စုံသောအခါ ဘုရားသခင်၏သားတော်သည် အပျိုကညာ၌ မွေးဖွားခံခြင်းအားဖြင့် အသွေးအသားဖြစ်လာရန် ကြွလာခဲ့သည်။ သို့မှသာ ကိုယ်တော်သည် ကားတိုင်ပေါ်တွင် မာရ်နတ်ကိုချိုးဖဲ့ဖျက်ဆီးပြီး၊ သူ့ကို ဘာမျှမဟုတ်သောသူဖြစ်စေမည်ဖြစ်သည် (ရော၊၈း၃။ ဂလ၊၄း၄။ ယော၊၃း၁၄။ ၁၂း၃၁)။

*Day 2*

၃။ ကားတိုင်ပေါ်ရှိအလုပ်တွင် ခရစ်တော်သည် အထွတ်အမြတ်အုပ်စိုးခြင်းများ၊ အာဏာစက်များကိုလုယူကာ၊ ထင်ရှားစွာ ထုတ်ပြ၍၊ ဘုရားသခင်အားဖြင့် ကားတိုင်၌ အောင်ပွဲကို ခံတော်မူခဲ့သည် (ကော၊၂း၁၅)။

၄။ မ၊၂၇း၅၁–၅၃သည် မာရ်နတ်ကို ချိုးဖဲ့ဖျက်ဆီးခဲ့သည့် သခင်ဘုရား၏ အသေခံခြင်းအကျိုးသက်ရောက်မှုကို ဖော်ပြသည်။

(က) "ဗိမာန်တော်၏ကန့်လန့်ကာသည် အထက်စွန်းမှ အောက်စွန်းတိုင်အောင် နှစ်ခြမ်းစုတ်ကွဲလေ၏" (အငယ်၊၅၁a)။ ယင်းမှာ အသွေးအသားသဏ္ဍာန်၌ရှိသည့် ခရစ်တော် (ရော၊

ဂး၃) ဆောင်ယူသွားခဲ့သော အသွေးအသားအပြစ်များ (ကန့်လန့်ကာအားဖြင့် ပုံဆောင်ခြင်းခံရသော အသွေးအသား)ကို ကားတိုင်၌ အသေခံပြီးသောကြောင့် (ဟေဗြဲ၊ ၁၀း ၂၀)၊ ဘုရားသခင်နှင့် လူအကြားရှိ ကွဲပြားခြားနားခြင်းအားလုံးသည် ပျောက်ကွယ်ပျက်စီးသွားပြီဖြစ်ကြောင်း ပုံဆောင်သည်။

(ခ) "မြေကြီးလှုပ်လေ၏"(မ၊ ၂၇း၅၁b)။ ယင်းမှာ စာတန်၏ ပုန်ကန်ခြင်းအရင်းခံရာသည် တုန်လှုပ်ခံရကြောင်းကို ပုံဆောင်သည်။

(ဂ) "ကျောက်ဆောင်များသည် ပြိုကွဲကြ၏" (အငယ်၊ ၅၁c)။ ယင်းမှာ စာတန်၏ မြေကြီးပိုင်းဆိုင်ရာနိုင်ငံ၏ ခံတပ်သည် ပြိုကွဲပျက်စီးသွားကြောင်းကို ပုံဆောင်သည်။

(ဃ)"သင်္ချိုင်းတွင်းတို့သည် ပွင့်သဖြင့်"(အငယ်၊ ၅၂a)။ ယင်းမှာ သေခြင်း၏ တန်ခိုးနှင့် မရဏာနိုင်ငံကို အောင်နိုင်ကာ၊ ထိန်းချုပ်ခဲ့ပြီဖြစ်ကြောင်း ပုံဆောင်သည်။

(င) "အိပ်ပျော်လျက်ရှိသော သန့်ရှင်းသူတို့၏ ခန္ဓာများစွာတို့သည် ထကြ၍"(အငယ်၊ ၅၂b)။ ယင်းမှာ ခရစ်တော်အသေခံခြင်း၏ လွတ်မြောက်စေသောတန်ခိုးတော်ကို ပုံဆောင်သည်။

ခ။ ခရစ်တော်သည် မြှုပ်နှံခံရပြီးနောက်၊ ဘုရားဇာတိဖြစ်သော ဝိညာဉ်တော်၌ ထောင်ထဲတွင် လှောင်ထားသည့်ဝိညာဉ်တို့ထံ (ပုန်ကန်သောကောင်းကင်တမန်များ) သွားရောက်ခဲ့သည်။ ယင်းမှာ သူ၏ လူ့ဇာတိခံယူခြင်း၊ အသွေးအသား၌ အသေခံခြင်းအားဖြင့် ဘုရားဆိုင်ရာစီမံကိန်းကို ယိုယွင်းပျက်စီးစေမည့် စာတန်၏ အကြံအစည်ကိုအောင်မြင်ခဲ့သော ဘုရားသခင်၏ အောင်မြင်ခြင်းကို ကြွေးကြော်ရန်ဖြစ်သည် (၁ပေ၊ ၃း၁၈–၁၉။ မ၊ ၁၂း၄၀။ ဧ၊ ၄း၉)။

၁။ သခင်ယေရှုသည် အသွေးအသား၌ အသေခံသောအခါ၊ ကိုယ်တော်၏ ဘုရားဇာတိဖြစ်သော ဝိညာဉ်တော်သည် အသက်၏

အသစ်သောတန်ခိုးနှင့်အတူ ရှင်သန်၊ နိုးကြွားလာခဲ့သည်။ သို့ဖြစ်၍ အသေခံပြီးနောက် ရှင်ပြန်ထမြောက်ခြင်းမရှိမီ၊ ခွန်အားတန်ခိုးနှင့်ပြည့်သော ထိုဝိညာဉ်တော်၌ ကိုယ်တော်သည် ကျဆင်းသွားသော ကောင်းကင်တမန်များထံသို့ သွား၍၊ ကြွေးကြော်ခြင်းအမှုကို ပြုခဲ့သည် (၁ပေ၊၃း၁၈–၁၉)။

၂။ ခရစ်တော်သည် ဘုရားသခင်အားဖြင့် ရရှိခဲ့သော အောင်မြင်ခြင်းကို ကြွေးကြော်ခဲ့သည်။ ယင်းမှာ ကားတိုင်ပေါ်တွင် ခရစ်တော်၏ အသေခံခြင်းအားဖြင့် ဘုရားသခင်သည် စာတန်နှင့် သူ၏ မှောင်မိုက်တန်ခိုးကို ချိုးဖဲ့ဖျက်ဆီးခဲ့ခြင်းဖြစ်သည် (ယော၊ ၁၂း၃၁။ ကော၊၂း၁၅။ ဟေဗြဲ၊၂း၁၄)။

**Day 3**

ဂ။ ရှင်ပြန်ထမြောက်ခဲ့သောခရစ်တော်သည် အသက်ရှင်သောသူဖြစ်သည်။ ကိုယ်တော်သည် "ကာလအစဉ်အဆက်အသက်ရှင်သောသူ"ဖြစ်ပြီး၊ "သေခြင်းနှင့် မရဏာနိုင်ငံ၏သော့တို့ကိုလည်း" ကိုယ်တော်ပိုင်သည် (ဗျာ၊၁း၁၈)။

၁။ သခင်ယေရှုသည် သေခြင်းအထဲသို့ ဝင်ရောက်ခဲ့သော်လည်း၊ သေခြင်းသည် ကိုယ်တော့်ကို ချည်နှောင်ထား၍မရနိုင်ခဲ့ပေ။ အကြောင်းမှာ ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်းဖြစ်သည်။ ခရစ်တော်သည် အသေခံခဲ့သော်လည်း၊ ရှင်ပြန်ထမြောက်ခြင်း၌ သူသည် အသက်ရှင်သောသူဖြစ်ပြီး၊ ကာလအစဉ်အဆက်တည်ရှိနေလိမ့်မည်ဖြစ်သည် (တ၊၂း၂၄။ ယော၊၁၁း၂၅)။

၂။ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် သေခြင်း၊ စာတန်၊ မရဏာနိုင်ငံနှင့် သင်္ချိုင်းတို့အပေါ် အောင်မြင်ခြင်းဖြစ်ပြီး၊ သေခြင်းနှင့် မရဏာနိုင်ငံ၏သော့တို့သည် ယခု ကိုယ်တော်၏ လက်တော်၌ ရှိကြသည်။ သေခြင်းသည် ကိုယ်တော်၏ လက်အောက်တွင်ရှိပြီး၊ မရဏာနိုင်ငံသည် ကိုယ်တော်၏ ထိန်းချုပ်မှုအောက်၌ရှိနေခြင်းဖြစ်သည် (ဗျာ၊၁း၁၈)။

၃။ အသင်းတော်အသက်တာ၌ ယနေ့ ကျွန်ုပ်တို့သည် သေခြင်းနှင့် မရဏာနိုင်ငံတို့၏ လက်အောက်တွင် မရှိနိုင်တော့ပေ။ အကြောင်း

မှာ ခရစ်တော်သည် ကားတိုင်ပေါ်တွင် သေခြင်းကို ပယ်ဖျက်ခဲ့ပြီး၊ ရှင်ပြန်ထမြောက်ခြင်း၌ မရဏာနိုင်ငံကို အောင်မြင်ခဲ့သည် (၂တိ၊၁း၁၀။ တ၊၂း၂၄)။

*Day 4 & Day 5*

ဃ။ ဘုရားသခင်ပေးခဲ့သော တုန္နိုင်းရာမဲ့အမှတ်လက္ခဏာမှာ "ပရောဖက်ယောန၏ အမှတ်လက္ခဏာ"– အသေခံပြီး၊ ရှင်ပြန်ထမြောက်ခဲ့သော ခရစ်တော်၏ အမှတ်လက္ခဏာဖြစ်သည် (မ၊၁၂း၃၈–၄၁)။

၁။ ပရောဖက်ယောနသည် ငါးကြီး၏ဝမ်းထဲ၌ သုံးရက်နေခဲ့ပြီးနောက်၊ ပြန်ထွက်လာခြင်းသည် လူမျိုးတို့ နောင်တရရန်အတွက် အမှတ်လက္ခဏာဖြစ်ခဲ့သည် (ယောန၊၁း၂၊ ၁၇။ ၃း၂–၁၀)။

၂။ ယောနသည် ခရစ်တော်၏ ပုံဆောင်ချက်ဖြစ်ပြီး၊ ကိုယ်တော်သည် အစ္စရေးလူမျိုးများထံမှ တစ်ပါးအမျိုးသားများထံသို့ လှည့်ပြောင်းသွားခဲ့သူ၊ မြေကြီး၏ အလယ်ဗဟိုတွင် သုံးရက်နှင့် သုံးညမြှုပ်နှံခြင်းခံရသူ၊ ရှင်ပြန်ထမြောက်၍ လူမျိုးတို့ကယ်တင်ခြင်းရရန်အတွက် အမှတ်လက္ခဏာဖြစ်လာခဲ့သူဖြစ်သည် (မ၊၁၂း၄၀–၄၁)။

၃။ ယောနထက် သာ၍ကြီးမြတ်သောသူဖြစ်သည့် ရှင်ပြန်ထမြောက်ခြင်း၌ရှိသော ခရစ်တော်သည် ယနေ့တွင် တုန္နိုင်းရာမဲ့သော အမှတ်လက္ခဏာဖြစ်သည် (အငယ်၊၃၈–၄၁)။

## II. ယောနသည် ငြိမ်သက်ခြင်း၏ဧဝံဂေလိတရားကို ကြေညာသည့် ခရစ်တော်၏ ပုံဆောင်ချက်ဖြစ်သည် (ယောန၊၁း၁–၂။ ၃း၂)။

က။ ဟေဗြဲစကား၌ ယောနဆိုသောနာမည်မှာ "ချိုးငှက်"ဟု အဓိပ္ပာယ်ရပြီး၊ ဘုရားသခင်က ယောနသည် ငြိမ်သက်ခြင်း၏ ဧဝံဂေလိတရားကိုဟောပြောရန် ချိုးငှက်ကဲ့သို့ သွားစေဖို့ အလိုရှိခဲ့ကြောင်း ညွှန်ပြသည်။ ထို့ကြောင့် ယောနသည် တစ်ပါးအမျိုးသားများအား ငြိမ်သက်ခြင်း၏ ဧဝံဂေလိတရားဟောပြောသည့် ခရစ်တော်ကို ပုံဆောင်သည် (မ၊၁၂း၄၁)။

ခ။ ခရစ်တော်ကိုယ်တိုင်သည် ငြိမ်သက်ခြင်းဖြစ်ပြီး၊ ကားတိုင်ပေါ်တွင် ခရစ်တော်သည် ငြိမ်သက်ခြင်းကို ဖြစ်ပွားစေကာ၊ ရှင်ပြန်ထမြောက်

ခြင်း၌ ခရစ်တော်သည် ဧဝံဂေလိတရားတည်းဟူသော ငြိမ်သက်ခြင်းကိုကြေညာရန် ကြွလာခဲ့သည် (ဧ၊ ၂း၁၃–၁၇)။

*Day 6*

ဂ။ ခရစ်တော်သည် မရဏာနိုင်ငံမှ ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ရောက်ရှိခဲ့ပြီး၊ ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်သည် အသက်ပေးသော ဝိညာဉ်တော်ဖြစ်လာခြင်းမှာ တမန်တော်ဝတ္တုတွင် မြင်တွေ့ရသည့်အတိုင်း တစ်ပါးအမျိုးသား အားလုံးကို ဧဝံဂေလိတရားဟောပြောခြင်း၊ ပျံ့နှံ့ခြင်းအတွက်ဖြစ်သည်(တ၊ ၂း ၂၇a။ ဧ၄း၉။ ၁ကော၊၁၅း၄၅b)။

ဃ။ ရှင်ပြန်ထမြောက်ခြင်း၌ ယောနထက် သာ၍ကြီးမြတ်သောသူဖြစ်သည့်ခရစ်တော်သည် သူ၏ တိုးပွားပျံ့နှံ့ခြင်းအတွက် ဧဝံဂေလိတရားကိုဟောပြောရန်၊ လူမျိုးတကာတို့ကို သူ၏ တပည့်ဖြစ်စေရန် တပည့်တော်များအား ပြင်ဆင်ခဲ့သည်၊ မိန့်မှာခဲ့သည်။ သို့မှသာ အသင်းတော်သည် ထွက်ပေါ် လာနိုင်ပေမည် (မ၊ ၂၈း၁၀–၁၉။ မာ၊၁၆း၁၅။ လု၊ ၂၄း၄၆–၄၇)။

**III. ယောနစာစောင်က အထူးသဖြင့် ဘုရားသခင်သည် လူအနည်းငယ်၏ ဘုရားမဟုတ်ဘဲ၊ လူအားလုံး၏ ဘုရားသခင်ဖြစ်ကြောင်း ညွှန်ပြသည် (၁း ၂။ ၄း၁၁။ ရော၊၃း ၂၉)။**

က။ ဂျူးအမျိုးသားများက သူတို့သည် ဘုရားသခင်၏ တုနှိုင်းရာမဲ့သော လူမျိုးတော်ဟု ထင်မြင်ကြသည်။ သူတို့သည် မိမိတို့ကိုယ်ကို ဘုရားသခင်၏ အရာများ အားလုံး အား မွေ့လျော်ဝမ်းမြောက်ရန် သားဦးအရာကို ပထမဆုံးရပိုင်ခွင့်ရှိသောသူများဟု မှတ်ယူကြသည် (ထွက်၊ ၄း ၂၂။ လု၊၁၅း၁၁–၃၂)။

ခ။ ဂျူးအမျိုးသားများသည် ဘုရားသခင်ကို မှားယွင်းစွာ တုံ့ပြန်ကြသောကြောင့်၊ ဂျူးမဟုတ်သည့် တစ်ပါးအမျိုးသားများသည် ကိုယ်တော်၏ ကယ်တင်ခြင်း၌ ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ရန် ပထမနေရာတွင် ရှိလာခဲ့သည် (မ၊ ၂၁း၁၀–၃၂။ တ၊၁၃း၄၅–၄၇။ ရော၊၁၁း၁၁၊ ၁၇၊ ၂၅)။

ဂ။ ယောနစာစောင်က ဘုရားသခင်သည် အာရှုရိပြည်ကို အမျက်ဒေါသ ထွက်သော်လည်း၊ ကိုယ်တော်သည် နိနဝေမြို့ကဲ့သို့ အပြစ်နှင့်ပြည့်ဝ

နေသောမြို့အပေါ် သနားကရုဏာ၊ မေတ္တာကြီးမားလျက်ရှိကြောင်း ညွှန်ပြသည် (၁း၁–၂။ ၄း၁၁)။

ဃ။ ဘုရားသခင်၏စီမံကိန်းမှာ မြေကြီးပေါ်ရှိ လူအားလုံးကို သူ၏ကယ်တင်ခြင်းရရှိစေရန် အစ္စရေးအမျိုးသား၊ ဒုက္ခဆင်းရဲခံစားရသော လူမျိုးတော်နှင့် တစ်ပါးအမျိုးသား၊ ဖျက်ဆီးမည့် "ကျိုင်းကောင်များ" (တိုင်းနိုင်ငံများ) (ယောလ၊၁း၄)အားဖြင့် လုပ်ဆောင်ရန်ဖြစ်သည် (မ၊၂၈း၁၉။ တ၊၁း၈။ ယော၊၃း၁၆။ ဗျာ၊၂၂း၁၇)။

## နံနက်ခင်းကျွေးမွေးခြင်း

**ဟေဗြဲ၊ ၂း၁၄ ထိုသူငယ်တို့သည် အသွေးအသားနှင့်ဆက်ဆံကြသောကြောင့်၊ ကိုယ်တော်ကိုယ်တိုင်သည်လည်း အသေခံတော်မူသောအားဖြင့်၊ သေခြင်းတရားကို အစိုးရသောသူတည်းဟူသော မာရ်နတ်၏တန်ခိုးကို ချိုးဖဲ့ဖျက်ဆီးခြင်းငှါ ထိုသူငယ်တို့၏နည်းတူ အသွေးအသားကို ဆောင်ယူတော်မူ၏။**

**၂တိ၊ ၁း၁၀ ထိုကျေးဇူးတော်ကား၊ ငါတို့၏ကယ်တင်ရှင်ခရစ်တော်ယေရှုပေါ်ထွန်းသည်အရာမှာ ယခုထင်ရှားလျက်ရှိ၏။ ထိုသခင်သည် သေခြင်းအကြောင်းကို ပယ်ရှား၍၊ အသက်ရှင်ခြင်းနှင့် မဖောက်ပြန်ခြင်းအကြောင်းကို ဧဝံဂေလိတရားအားဖြင့် ထင်ရှားစေတော်မူပြီ။**

မဿဲ၊၁၂း၃၈–၄၁၌ ခရစ်တော်ကို ယောနထက် သာ၍ကြီးမြတ်သောသူအဖြစ် ဖွင့်ပြထားသည်။ ကျမ်းပြုဆရာနှင့် ဖာရိရှဲတို့သည် အမှတ်လက္ခဏာကို မေးမြန်းကြသောအခါ၊ သခင်ယေရှုသည် "ပရောဖက်ယောန၏ အမှတ်လက္ခဏာမှတစ်ပါး" အဘယ်လက္ခဏာကိုမျှ ပေးလိမ့်မည်မဟုတ်ကြောင်း ပြောဆိုခဲ့သည် (အငယ်၊၃၉)။ ပရောဖက်တစ်ဦးဖြစ်သည့် ယောနသည် အသေခံခြင်း၊ မြှုပ်နှံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့၌ရှိသော ခရစ်တော်၏ ပုံဆောင်ချက်ဖြစ်သည်။ *(The Conclusion of the New Testament,* p. 2799)

## ယနေ့ဖတ်စရာ

သခင်ဘုရားသည် သေခြင်းကိုအစိုးရသော မာရ်နတ်ကို ချိုးဖဲ့ဖျက်ဆီးခဲ့သောကြောင့်၊ သေခြင်းကိုကြောက်ရွံ့၍၊ တစ်သက်လုံးကျွန်ခံရသော ကျွန်ုပ်တို့သည် ကိုယ်တော့်အားဖြင့် ကယ်လွှတ်ခံရကြပြီဖြစ်သည်။ သေခြင်းသည် ကျွန်ုပ်တို့အပေါ် အုပ်စိုးနေ၍ (ရော၊၅း၁၄)၊ ကျွန်ုပ်တို့သည် ၎င်းအောက်တွင် ကျွန်ခံနေရကာ၊ သေခြင်းကို အဆက်မပြတ်ကြောက်ရွံ့လျက်ရှိကြသည်။ သခင်ဘုရားသည် မာရ်နတ်ကို ချိုးဖဲ့ဖျက်ဆီးပြီး၊ သေခြင်းကို ပယ်ဖျက်ခဲ့သောကြောင့် (၂တိ၊၁း၁၀)၊ ယခုတွင် ကျွန်ုပ်တို့သည် သေခြင်းကို နောက်ထပ်ကြောက်စရာမလိုတော့ဘဲ၊ ၎င်း၏ကျွန်ခံရခြင်းမှ လွတ်မြောက်ကြပြီဖြစ်သည်။ (ဟေဗြဲ၊၂း၁၅ မှတ်စု ၁)

ဖန်ဆင်းခြင်းအဟောင်း၏ဦးခေါင်းဖြစ်သော အာဒံ၏ အပြစ်ကြောင့် အရာခပ်သိမ်းသည် သေခြင်းအောက်၌ ရှိနေသည်။ ကားတိုင်ပေါ် ရှိအလုပ်တွင် ခရစ်တော်သည် အရာခပ်သိမ်း၏ ကိုယ်စား ထိုသေခြင်းကို တွေ့ကြုံခံစားခဲ့သည်။ ဤသည်မှာ ခရစ်တော်၏ သေခြင်းသည် အရာအားလုံးပါဝင်သောသေခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ပြောဆိုရသောအကြောင်းရင်းဖြစ်သည်။ ၂တိ၊၁း၁၀၌ ပေါလုက ခရစ်တော်သည် အသေခံခြင်းတွင်ရှိသောအလုပ်အားဖြင့် သေခြင်းကို ပယ်ဖျက်ခဲ့ကြောင်း ပြောဆိုထားသည်။ "ပယ်ဖျက်သည်"ဆိုသော ဂရိစကားမှာ အကျိုးမရှိခြင်း၊ အချည်းနှီးဖြစ်ခြင်း၊ ရုပ်သိမ်းခြင်း၊ ဖျက်သိမ်းခြင်း၊ စွန့်ပစ်ခြင်းတို့ကို ဆိုလိုသည်။ မာရ်နတ်ကိုချိုးဖဲ့ဖျက်ဆီးခဲ့သော အသေခံခြင်းအားဖြင့် ခရစ်တော်သည် သေခြင်းကို ပယ်ဖျက်ခဲ့ပြီး၊ ၎င်းကို အကျိုးမရှိစေရန်ပြုလုပ်ခဲ့သည်။ သေခြင်းကို ပယ်ဖျက်ခြင်းဆိုသည်မှာ သေခြင်းကို ဖယ်ရှားသည်ဟု မဆိုလိုဘဲ၊ ၎င်းကို အကျိုးမရှိစေရန် ပြုလုပ်သည်ဟု အဓိပ္ပာယ်ရသည်။ မိလေနိကာလပြီးနောက်၊ သေခြင်းသည် ငရဲမီးအိုင်အထဲသို့ မကျမီအထိ ဖယ်ရှားခံရမည်မဟုတ်ပေ (ဗျာ၊၂၀း၁၄)။ သေခြင်းသည် သခင်ဘုရားအားဖြင့် ဖျက်ဆီးခံရမည့် နောက်ဆုံးသောရန်သူဖြစ်သည် (၁ကော၊၁၅း၂၆)။ သေခြင်းသည် ဖယ်ရှားခြင်းမခံရသေးသော်လည်း၊ မည်သို့ဆိုစေ ၎င်းသည် ကားတိုင်ပေါ် တွင် ခရစ်တော်၏ အသေခံခြင်းအားဖြင့် ပယ်ဖျက်ခံခဲ့ရပြီဖြစ်သည်။ *(The Conclusion of the New Testament,* pp. 773-774)

မိန်းမ၏ အမျိုးအနွယ်မှာ လူ့ဇာတိခံယူခဲ့သော ယေရှုခရစ်ဖြစ်သည်။ ဟေရှာယ၊၇း၁၄၌ ပရောဖက်ပြုထားပြီး၊ မဿဲ၊၁း၂၃၌ ပြည့်စုံကာ၊ ဂလ၊၄း၄၌ အတည်ပြုထားသည့်အတိုင်း ဘုရားဖြစ်သော ယေရှုခရစ်သည် လူဖြစ်လာရန် အပျိုကညာမာရိ၌ မွေးဖွားခံခဲ့သည်။ ထို့ကြောင့် ဤနေရာရှိ ကတိတော်မှာ ဘုရားသခင်ကိုယ်တော်တိုင်သည် ဖျက်ဆီးခဲ့သောမြွေ၏ဦးခေါင်းကို နင်းခြေရန် လူအမျိုးအနွယ်ဖြစ်လာမည်အကြောင်း ညွှန်ပြခြင်းဖြစ်သည်။ နောက်ဆုံးတွင် မိန်းမ၏ အမျိုးအနွယ်သည် ဗျာ၊၁၂း၅၌ သား–ယောက်ျားအားဖြင့် ပုံဆောင်ခံရသည့် ဘုရားသခင့်လူများ၏ အားကြီးသောအပိုင်းတည်းဟူသော အောင်မြင်သောယုံကြည်သူများပါဝင်ရန် ကြီးမားလာခဲ့သည်။ သား–ယောက်ျား၊ မိန်းမ၏ စုပေါင်းထားသောအမျိုးအနွယ်၌ မိန်းမ၏ တစ်ခုတည်းသောအမျိုးအနွယ်ဖြစ်သည့် သခင်ယေရှုပါဝင်သည်။ ဆာ၊၂း၈–၉။ ဗျာ၊၂း၂၆–၂၇နှင့် ဗျာ၊၁၂း၅၌ ဘုရားသခင်၏ ဘိသိက်ပေးခြင်းခံရသူ သခင်ယေရှု၊ အသင်းတော်များ၌ အောင်

မြင်သူများနှင့် သား–ယောက်ျားသည် လူမျိုးတကာတို့ကို သံလှုံတံဖြင့် အုပ်စိုးလိမ့်မည်ဖြစ်ကြောင်း ညွှန်ပြသောကြောင့်၊ သခင်ယေရှု၊ အောင်မြင်သူများနှင့် သား–ယောက်ျားသည် တစ်လုံးတစ်ဝတည်းဖြစ်သည်ကို သက်သေပြနေသည်။ ဦးဆောင်သောအောင်မြင်သူ(ဗျာ၊ ၃း ၂၁)ဖြစ်သည့် သခင်ဘုရားသည် သား–ယောက်ျား၏ဦးခေါင်း၊ အလယ်ဗဟို၊ စစ်မှန်ခြင်း၊ အသက်နှင့် သဘောသဘာဝဖြစ်ပြီး၊ နောက်တော်သို့လိုက်ကြသည့် အောင်မြင်သူများဖြစ်သော သား–ယောက်ျားသည် သခင်ဘုရား၏ ကိုယ်ခန္ဓာတော်ဖြစ်သည်။ (Gen. 3:15, footnote 3)

မိန်းမ၏ အမျိုးအနွယ်အားဖြင့် မြွေ၏ဦးခေါင်းကိုနင်းခြေခြင်းမှာ ကားတိုင်ပေါ်တွင် သခင်ယေရှု၏ အသေခံခြင်းအားဖြင့် သေခြင်းကို အစိုးရသောသူတည်းဟူသော စာတန်ကို ချိုးဖဲ့ဖျက်ဆီးခြင်းဖြစ်သည် (ဟေဗြဲ၊ ၂း၁၄နှင့် မှတ်စု။ ၁ယော၃း၈)။ သခင်ဘုရားသည် ကားတိုင်ပေါ်တွင် မြွေကို ဖျက်ဆီးသောအခါ၊ မြွေသည် ကိုယ်တော်၏ ဖနောင့်ကို ပွန်းပဲ့စေသည်။ တစ်နည်းဆိုသော် ကားတိုင်ပေါ်တွင် ကိုယ်တော်၏ ခြေထောက်ကို သံနှင့်ရိုက်ခြင်းအားဖြင့် ကိုယ်တော့်ကို နာကျင်စေခြင်းဖြစ်သည် (ဆာ၊ ၂၂း၁၆)။

ကားတိုင်ပေါ်တွင် သခင်ဘုရား၏ အသေခံခြင်းအားဖြင့် စာတန်၊ ရှေးမြွေဟောင်းသည် စီရင်ခံရသည်၊ ပြင်သို့ နှင်ထုတ်ခံခဲ့ရသည် (ယော၊ ၁၂း၃၁။ ၁၆း၁၁)။ ထိုစီရင်ခြင်းကို နောက်ဆုံးတွင် သား–ယောက်ျား၊ မိန်းမ၏ စုပေါင်းထားသည့် အမျိုးအနွယ်တည်းဟူသော အောင်မြင်သူများအားဖြင့် လုပ်ဆောင်လိမ့်မည်ဖြစ်သည် (ဗျာ၊ ၁၂း၉ မှတ်စု ၁)။ (Gen. 3:15, footnote 4)

*ပို၍ဖတ်ရန်* – *The Conclusion of the New Testament*, msg.270; *Life-study of Genesis*, msgs. 19-20

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း***

## နံနက်ခင်းကျွေးမွေးခြင်း

**ကော၊ ၂း၁၅ ၁ပေ၊ ၃း၁၈–၁၉**

**အထွတ်အမြတ်အုပ်စိုးခြင်းများ၊ အာဏာစက်များကိုလုယူလျှင်၊ ထင်ရှားစွာထုတ်ပြ၍၊ ကိုယ်တော်သည် ၎င်း၌ အောင်ပွဲကို ခံတော်မူပြီ။ ခရစ်တော်သည် တစ်ဘက်တွင် အသွေးအသား၌ အသေသတ်ခြင်းကိုခံ၍၊ အခြားတစ်ဘက်တွင် ဝိညာဉ်တော်၌ အသက်ရှင်ခြင်းသို့ ရောက်တော်မူသည်ဖြစ်၍. . . . အပြစ်များကြောင့် တစ်ခါခံတော်မူ၏။ ထိုဝိညာဉ်တော်အားဖြင့်လည်း ကြွသွားတော်မူ၍၊ ထောင်ထဲ၌ လှောင်ထားသောဝိညာဉ်တို့အား ကြွေးကြော်တော်မူ၏။**

ကော၊ ၂း၁၅၌ ကားတိုင်ပေါ် ရှိအလုပ်တွင် ခရစ်တော်သည် အထွတ်အမြတ်အုပ်စိုးခြင်းများ၊ အာဏာစက်များကို လုယူကာ၊ ထင်ရှားစွာထုတ်ပြ၍၊ ဘုရားသခင်အားဖြင့် ကားတိုင်၌ အောင်ပွဲကို ခံတော်မူခဲ့ကြောင်း ကျွန်ုပ်တို့တွေ့ရှိရသည်။ ဤကျမ်းပိုဒ်၌ ပြောဆိုထားသော အထွတ်အမြတ်အုပ်စိုးခြင်းများ၊ အာဏာစက်များသည် ကောင်းကင်တမန်ဆိုင်ရာအထွတ်အမြတ်အုပ်စိုးခြင်းများ၊ အာဏာစက်များဖြစ်ကြသည်။ ဂရိစကား၌ “လုယူခြင်း”ဝေါဟာရကို “ချွတ်ပယ်ခြင်း”ဟုလည်း ပြန်ဆိုနိုင်သည်။ ဂရိစကား၌ “ထုတ်ပြခြင်း”ဝေါဟာရသည် “အရှက်ရစေသောဖွင့်လှစ်ပြသခြင်း”ဟု ဆိုလိုသည်။ ဘုရားသခင်သည် ဆိုးညစ်သောကောင်းကင်တမန်ဆိုင်ရာအုပ်စိုးခြင်းများနှင့် အခွင့်အာဏာစက်များကို ကားတိုင်ပေါ် တွင် အရှက်ရစေကာ၊ လက်ဝါးကပ်တိုင်တော်အားဖြင့် သူတို့အပေါ် ၌ အောင်ပွဲခံခဲ့သည်။ *(The Conclusion of the New Testament,* pp.774)

## ယနေ့ဖတ်စရာ

မဿဲ၊ ၂၇း၅၁–၅၆သည် ခရစ်တော်၏ အသေခံခြင်းအကျိုးသက်ရောက်မှုကို ဖွင့်ပြသည်။ အငယ်၊၅၁၌ “ထိုအခါ ဗိမာန်တော်၏ ကန့်လန့်ကာသည် အထက်စွန်းမှ အောက်စွန်းတိုင်အောင် နှစ်ခြမ်းစုတ်ကွဲလေ၏ ”ဟု ပြောဆိုထားသည်။ ၎င်းမှာ ခရစ်တော် (ရော၊ ၈း၃) ဆောင်ယူသွားခဲ့သော အသွေးအသားအပြစ်များ (ကန့်လန့်ကာအားဖြင့် ပုံဆောင်ခြင်း)ကို ကားတိုင်၌ အသေခံပြီးသောကြောင့် (ဟေဗြဲ၊၁၀း ၂၀)၊ ဘုရားသခင်နှင့် လူအကြားရှိ ကွဲပြားခြားနားခြင်းအားလုံးသည် ပျောက်ကွယ်ပျက်စီးသွားပြီဖြစ်ကြောင်း ပုံဆောင်သည်။ “အထက်စွန်းမှ အောက်စွန်းအထိ”ဆိုသောစကားမှာ ကန့်လန့်ကာ၏ ကွဲခြင်းသည် အထက်အရပ်မှ ဘုရားသခင်၏ လုပ်ဆောင်ခြင်းဖြစ်ကြောင်း ညွှန်ပြသည်။

အပြစ်သည် စီရင်ခံရပြီး၊ အပြစ်၏ အသွေးအသားသည် ကားတိုင်၌အသေခံရသော ကြောင့်၊ ဘုရားသခင်နှင့် လူအကြားရှိ ကွဲပြားခြားနားခြင်းအားလုံးသည် ပျောက်ကွယ်သွားပြီဖြစ်သည်။ ဘုရားသခင်၏ မျက်မှောက်တော်အထဲသို့ဝင်ရောက်ရန် လမ်းကို ယခု ကျွန်ုပ်တို့အတွက် ဖွင့်ထားပေးသည်။ သခင်ဘုရား၏ အသေခံခြင်းအကျိုးသက်ရောက်မှု သည် မည်မျှအံ့ဖွယ်နည်း။ ကိုယ်တော်၏ အသေခံခြင်းသည် မာတုရအဖြစ်မဟုတ်ဘဲ၊ ရွေးနုတ်ခြင်းအတွက်ဖြစ်သည်။ မဿဲ၊ ၂၇း၅၁သည် "မြေကြီးလှုပ်လေ၏ ။ ကျောက်ဆောင်များသည် ပြိုကွဲကြ၏ "ဟု ပြောဆိုထားပြန်သည်။ မြေကြီးလှုပ်ခြင်းမှာ စာတန်၏ ပုန်ကန်ခြင်းအရင်းခံရာသည် တုန်လှုပ်ခံရကြောင်းနှင့် ကျောက်ဆောင်များ ပြိုကွဲခြင်းမှာ စာတန်၏ မြေကြီးပိုင်းဆိုင်ရာနိုင်ငံ၏ ခံတပ်သည် ပြိုကွဲပျက်စီးသွားကြောင်းကို ပုံဆောင်ခြင်းဖြစ်သည်။ ဟာလေလုယာ၊ သခင်ဘုရား၏ အသေခံခြင်းသည် ကန့်လန့်ကာကို ဆုတ်ဖြဲကာ၊ စာတန်၏ ပုန်ကန်ခြင်းအရင်းခံရာကို တုန်လှုပ်စေပြီး၊ စာတန်၏ နိုင်ငံခံတပ်ကို ပျက်စီးစေခဲ့သည်။ အံ့ဖွယ်အသေခံခြင်းပါတကား။ ကိုယ်တော်၏ အသေခံခြင်းအတွက် သခင်ဘုရားကိုချီးမွမ်းပါသည်။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းသည် အပြည့်အဝ ကျေနပ်နှစ်သက်ဖွယ်ဖြစ်သောကြောင့်၊ ခရစ်တော်၏ အသေခံခြင်းသည် အကျိုးသက်ရောက်မှုရှိခြင်းဖြစ်သည်။ အငယ်၊၅၂နှင့် ၅၃၌ "သင်္ချိုင်းတွင်းတို့သည် ပွင့်သဖြင့် အိပ်ပျော်လျက်ရှိသော သန့်ရှင်းသူတို့၏ ခန္ဓာများစွာတို့သည် ထကြ၍၊ ကိုယ်တော်ထမြောက်တော်မူသည်နောက်၊ ထိုသူတို့သည် သင်္ချိုင်းတွင်းမှ ထွက်လာ၍ သန့်ရှင်းသောမြို့ထဲသို့ဝင်ပြီးလျှင်၊ လူများစွာတို့အား ထင်ရှားကြ၏ "ဟု ပြောဆိုထားသည်။ သင်္ချိုင်းတွင်းတို့သည် ပွင့်ခြင်းမှာ မရဏာနိုင်ငံနှင့် သေခြင်း၏ တန်ခိုးကို အောင်နိုင်ပြီး၊ လက်အောက်ရောက်စေပြီဖြစ်ကြောင်းနှင့် သန့်ရှင်းသူတို့၏ ခန္ဓာများစွာတို့သည် ထခြင်းမှာ ခရစ်တော်အသေခံခြင်း၏ လွတ်မြောက်စေသောတန်ခိုးတော်ကို ပုံဆောင်ခြင်းဖြစ်သည်။ *(Life-study of Matthew*,pp. 812-813)

၁ပေ၊၃း၁၈၌ရှိသော ဝိညာဉ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်ကိုမဟုတ်ဘဲ၊ ခရစ်တော်၏ ဘုရားဇာတိအနှစ်သာရဖြစ်သော ဝိညာဉ်တော်ကို ရည်ညွှန်းခြင်းဖြစ်သည် (ရော၊၁း၄။ cf. ယော၊၄း ၂၄a)။ ကားတိုင်ပေါ် တွင် ခရစ်တော်၏ အသေခံခြင်းသည် လူ့ဇာတိခံယူခြင်းဖြင့် ရရှိခဲ့သော(ယော၊၁း၁၄) သူ၏ အသွေးအသား၌သာ အသေခံခြင်းဖြစ်၍၊ ကိုယ်တော်၏ ဘုရားဇာတိဖြစ်သောဝိညာဉ်တော်၌ အသေခံခြင်းမဟုတ်ပေ။ ကားတိုင်ပေါ် တွင် ကိုယ်တော်၏ အသွေးအသားသေသောအခါ၊ ကိုယ်တော်၏ ဝိညာဉ်တော်သည် သေသွားခြင်းမရှိဘဲ၊ အသက်၏ အသစ်သောတန်ခိုးနှင့်အတူ ရှင်သန်၊ နိုးကြားလာခဲ့သည်။ ထို့ကြောင့် အသွေးအသား၌ အသေခံပြီးနောက် ရှင်ပြန်ထမြောက်ခြင်းမရှိမီ၊

ခွန်အားတန်ခိုးနှင့်ပြည့်သော ထိုဝိညာဉ်တော်၌ ကိုယ်တော်သည် ကျဆင်းသွားသော ကောင်းကင်တမန်များထံသို့သွား၍ ကြွေးကြော်ခြင်းအမှုကို ပြုခဲ့သည်။

အသွေးအသား၌ အသေခံတော်မူပြီးနောက်၊ အသက်ရှင်သောဝိညာဉ်တော်၌ရှိသည့် ခရစ်တော်သည် ဘုရားသခင်၏ အောင်မြင်ခြင်းကို ကြွေးကြော်ရန် ပုန်ကန်သော ကောင်းကင်တမန်များထံ (အနက်ဆုံးသောတွင်းဖြစ်နိုင်သည်– ရော၊၁၀း၇) သွားရောက်ခဲ့သည်။ ဘုရားသခင်သည် ခရစ်တော်၌ လူ့ဇာတိခံယူကာ၊ အသွေးအသား၌ အသေခံခြင်းအားဖြင့် ဘုရားဆိုင်ရာစီမံကိန်းကို ယိုယွင်းပျက်စီးစေမည့် စာတန်၏ အကြံအစည်ကို အောင်မြင်ခဲ့သည်။

ခရစ်တော်သည် ထောင်ထဲ၌ ဝိညာဉ်များကို ဧဝံဂေလိတရား မဟောပြောခဲ့ပါ။ ကိုယ်တော်သည် သူတို့ကို ကြွေးကြော်ခဲ့ခြင်းဖြစ်သည်။ ကိုယ်တော်သည် ထိုပုန်ကန်သော ကောင်းကင်တမန်များအား သူ၏ လူ့ဇာတိခံခြင်းနှင့် အသေခံခြင်းအားဖြင့် စာတန်အပေါ် အောင်မြင်ခဲ့သော ဘုရားသခင်၏ အောင်မြင်ခြင်းကို ကြွေးကြော်ခဲ့သည်။ ထိုအချိန်က ခရစ်တော်သည် ရှင်ပြန်ထမြောက်ခြင်းမရှိသေးပေ။ ယင်းမှာ အသေခံပြီးနောက်၊ ခွန်အားတန်ခိုးနှင့်ပြည့်သောဝိညာဉ်တော်၌ ကိုယ်တော်သည် အောင်မြင်ခြင်းကို ကြွေးကြော်ရန် အထူးဖြစ်သောနေရာသို့ သွားခဲ့ခြင်းဖြစ်သည်။ ကိုယ်တော်က "ကောင်းကင်တမန်များဖြစ်သော သင်တို့သည် ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ရန် စာတန်နောက်သို့ လိုက်ခဲ့ကြသည်။ သို့သော်လည်း ငါ၏ လူ့ဇာတိခံခြင်းနှင့် အသေခံခြင်းအားဖြင့် သင်တို့ကို ဦးဆောင်သူစာတန်အား အောင်မြင်ခဲ့ပြီ" ဟု ပြောဆိုကောင်းပြောဆိုခဲ့ပေမည်။ ထိုကြွေးကြော်ခြင်းသည် စာတန်နှင့် သူ၏ နောက်လိုက်များကို ရှက်ကြောက်စေသော်လည်း၊ ၎င်းသည် ဘုရားသခင်အတွက် ဘုန်းအသရေဖြစ်သည်။ (*Life-study of1Peter*, pp. 217-219)

*ပို၍ဖတ်ရန်* – *The Conclusion of the New Testament*,msg. 72; *Life-study of 1 Peter,* msg. 24

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**တ၊ ထိုသူကို သေခြင်းဝေဒနာသည် အစဉ်ချုပ်နှောင်ချုပ်ကိုင်၍ မဖြစ်နိုင်**
**၂း၂၄ သည်နှင့် ထိုဝေဒနာကို ဘုရားသခင်သည် ချွတ်ပယ်၍ ထမြောက်စေ**
**တော်မူပြီ။**

**ဗျာ၊ အသက်ရှင်သောသူလည်းဖြစ်၏။ ငါသည် အရင်သေသည်ဖြစ်၍၊ ကာလ**
**၁း၁၈ အစဉ်အဆက်အသက်ရှင်သောသူဖြစ်၏။ သေခြင်းနှင့် မရဏာနိုင်ငံ**
**၏သော့တို့ကိုလည်း ငါပိုင်၏။**

ဗျာ၊၁း၁၈၌ သခင်ဘုရားသည် "အသက်ရှင်သောသူ"၊ "အရင်သေသောသူ"၊ "ကာလအစဉ်အဆက်အသက်ရှင်သောသူ" ဖြစ်ကြောင်း တွေ့ရသည်။ သခင်ဘုရားသည် သေခြင်းကို နာကျင်ခံစားခဲ့ရပြီး၊ နောက်တစ်ဖန် အသက်ရှင်ခဲ့သည်။ ကိုယ်တော်သည် သေခြင်းအထဲသို့ ဝင်ရောက်ခဲ့သော်လည်း၊ သေခြင်းသည် ကိုယ်တော့်ကို ချည်နှောင်ထား၍မရနိုင်ခဲ့ပေ (တ၊ ၂း ၂၄)။ အကြောင်းမှာ ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်းဖြစ်သည် (ယော၊၁၁း ၂၅)။ ခရစ်တော်သည် အသေခံခဲ့သော်လည်း၊ ရှင်ပြန်ထမြောက်ခြင်း၌ အစဉ်အမြဲ အသက်ရှင်လိမ့်မည်ဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်းသည် သခင်ဘုရား၏ နေ့ရက်များကို ရှည်လာစေခြင်းဖြစ်သည်။ ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၌ ကာလအစဉ်အဆက် တည်ရှိနေလိမ့်မည်ဖြစ်သည်။ ယနေ့ ယေရှုခရစ်သည် အသက်ရှင်သောသူ၊ ရှင်ပြန်ထမြောက်ခြင်း၌ရှိသောသူဖြစ်သည်။ သေသောသူသည် သူတစ်ပါးအား အသက်ကို ဘယ်သောအခါမျှ မဝေငှနိုင်သည့်အတွက်၊ အသက်ကိုဝေငှဖြန့်ဖြူးရန် ခရစ်တော်သည် အသက်ရှင်သောသူဖြစ်ရပေမည်။

အသက်ရှင်သောသူဖြစ်သည့် ကိုယ်တော့်ဖြစ်ခြင်း၏ အရေးပါခြင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့၌ အသက်ရှင်နေခြင်းဖြစ်သည်။ ကိုယ်တော်သည် ကာလအစဉ်အသက်ရှင်နေပြီး၊ ကျွန်ုပ်တို့၌ အသက်ရှင်နေသည်။ (*The Conclusion of the New Testament*,p. 4153)

## ယနေ့ဖတ်စရာ

အသက်ရှင်သောအသင်းတော်ဖြစ်လာစေရန် ကျွန်ုပ်တို့သည် သေခြင်းအမျိုးမျိုးကို စွန့်ခွာပြီး၊ ထမြောက်လာဖို့ သခင်ဘုရားအလိုရှိသည်။ ကျွန်ုပ်တို့အတွင်း၌ရှိသည့် အသက်ရှင်သောသူသည် ဘယ်သောအခါမျှ မသေဆုံးနိုင်ပေ။ ကိုယ်တော်၏ အသင်း

တော်သည် သေခြင်းသော်လည်းကောင်း၊ သေလုနီးပါးဖြစ်ခြင်းသော်လည်းကောင်း မရှိသင့်ပါ။ ၎င်းအစား အသင်းတော်သည် အချိန်တိုင်း ရှင်သန်ခြင်းဖြစ်ရပေမည်။ ကျွန်ုပ်တို့သည် အသက်ရှင်သောသူတည်းဟူသော ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန် သင်ယူရမည်ဖြစ်သည်။ ကာလအစဉ်အမြဲ ကိုယ်တော်၏ အသက်ရှင်ခြင်းသည် ကိုယ်တော်၏ သက်သေခံချက်ဖြစ်သည်။ အကြောင်းမှာ ယေရှု၏သက်သေခံချက်သည် အသက်ရှင်သည့်အကြောင်းအရာနှင့် အမြဲတမ်း ဆက်နွယ်နေခြင်းဖြစ်သည်။ အကယ်၍ ဒေသန္တရအသင်းတော်သည် ရှင်သန်ခြင်းမရှိပါက၊ ၎င်း၌ ယေရှု၏သက်သေခံချက်ရှိမည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ပို၍ရှင်သန်လေလေ၊ အသက်ရှင်သောယေရှု၏သက်သေခံချက် ပို၍ဖြစ်လေလေဖြစ်သည်။

ကျွန်ုပ်တို့၌ သေခြင်းကို အောင်မြင်သည့် အသက်ရှင်သောခရစ်တော်ရှိနေသည်။ ကျွန်ုပ်တို့၏ ခရစ်တော်၊ ရှင်ပြန်ထမြောက်ခဲ့သောအရှင်သည် ကျွန်ုပ်တို့အထဲ၌၊ ကျွန်ုပ်တို့အလယ်၌ အသက်ရှင်နေသည်။ ကိုယ်တော်သည် ကာလအစဉ်အဆက် အသက်ရှင်နေသည်။ ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့တွင် အသက်ရှင်နေသောခရစ်တော် ရှိနေပါတကား။ ပြန်လည်ရယူခြင်း၌ အသင်းတော်များအားလုံးသည် အသက်၏ပြည့်ဝခြင်းနှင့် သေခြင်းကိုအောင်မြင်ခြင်းတည်းဟူသော ခရစ်တော်အတိုင်း အသက်ရှင်ခြင်းရှိရပေမည်။

ဗျာ၊၁း၁၈၌ သခင်ဘုရားသည် "သေခြင်းနှင့် မရဏာနိုင်ငံ၏သော့တို့ကိုလည်း ငါပိုင်၏"ဟု ပြောဆိုထားသည်။ လူ၏အပြစ်နှင့် ကျဆင်းခြင်းကြောင့် သေခြင်းသည် ဝင်ရောက်လာခဲ့ပြီး၊ ယခု မြေကြီးပေါ်တွင် အပြစ်နှင့်ပြည့်ဝနေသောလူအားလုံးကို မရဏာနိုင်ငံအထဲသို့ စုဆောင်းရန် လုပ်ဆောင်နေသည်။ သေခြင်းသည် ကြမ်းပြင်မှ ဖုန်မှုန့်များကို စုစည်းရန်အသုံးပြုသည့် အမှိုက်သိမ်းဂေါ်ပြားနှင့် တူပြီး၊ မရဏာနိုင်ငံသည် အမှိုက်ပုံးနှင့်တူသည်။ အမှိုက်သိမ်းဂေါ်ပြားမှ စုစည်းသောအရာတိုင်းကို အမှိုက်ပုံးအထဲသို့ ထည့်လိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် သေခြင်းသည် စုဆောင်းသူဖြစ်ပြီး၊ မရဏာနိုင်ငံသည် ထိန်းသိမ်းသူဖြစ်သည်။ အသင်းတော်အသက်တာ၌ ယနေ့ ကျွန်ုပ်တို့သည် သေခြင်းနှင့် မရဏာနိုင်ငံတို့၏လက်အောက်တွင် မရှိနိုင်တော့ပေ။ အကြောင်းမှာ ခရစ်တော်သည် ကားတိုင်ပေါ်တွင် သေခြင်းကို ပယ်ဖျက်ခဲ့ပြီး၊ ရှင်ပြန်ထမြောက်ခြင်း၌ မရဏာနိုင်ငံကို အောင်မြင်ခဲ့သည်။ မရဏာနိုင်ငံသည် ကိုယ်တော့်ကို ချည်နှောင်ထားရန် အကောင်းဆုံးကြိုးစားခဲ့သော်လည်း၊ ထိုသို့လုပ်ဆောင်ရန် အစွမ်းမရှိဖြစ်ခဲ့သည် (တ၊ ၂း၂၄)။ ကိုယ်တော်ထံတွင် သေခြင်းသည် အဆိပ်မရှိခြင်း၊ မရဏာနိုင်ငံသည် တန်ခိုးမရှိခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကဲ့သို့ဖြစ်ရပေမည်။ အသင်းတော်အသက်

တာ၌ သေခြင်းနှင့် မရဏာနိုင်ငံ၏ သော့တို့သည် ကိုယ်တော်၏ လက်တော်၌ ရှိနေသည်။ ကျွန်ုပ်တို့အဖို့ သေခြင်းကို ဆက်ဆံဖြေရှင်းရန် မလွယ်ကူပေ။ ကျွန်ုပ်တို့၌ ၎င်းကို နိုင်နင်းရန် အစွမ်းမရှိကြပါ။ သေခြင်းဝင်ရောက်လာသောအခါတိုင်း၊ ၎င်းသည် များစွာသော အရာတို့ကို သေစေလိမ့်မည်ဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်တို့သည် သခင်ယေရှုကို ကျွန်ုပ်တို့အလယ်၌ လှုပ်ရှားလုပ်ဆောင်ရန် ကျွန်ုပ်တို့၏ အခြေပြုနေရာ၊ အခွင့်အလမ်းနှင့် လွတ်လပ်သောလမ်းအဖြစ် ပေးအပ်သောအခါ၊ သေခြင်းနှင့် မရဏာနိုင်ငံနှစ်ခုလုံးသည် ကိုယ်တော်၏ ထိန်းချုပ်မှုအောက်၌ ရှိပေလိမ့်မည်။ သို့သော်လည်း အသင်းတော်၌ သခင်ယေရှုအတွက် အခြေပြုနေရာမရှိသောအခါတိုင်း၊ ချက်ချင်းပင် သေခြင်းသည် လွှမ်းမိုးကာ၊ မရဏာနိုင်ငံသည် သေသောသူတို့ကို ချည်နှောင်ရန် တန်ခိုးရှိလာပေမည်။ ခရစ်တော်၌ သေခြင်းနှင့် မရဏာနိုင်ငံ၏ သော့တို့ရှိသောကြောင့် သခင်ဘုရားကို ချီးမွမ်းပါသည်။ သေခြင်းသည် ကိုယ်တော့်လက်အောက်တွင်ရှိပြီး၊ မရဏာနိုင်ငံသည် ကိုယ်တော်၏ ထိန်းချုပ်မှုအောက်၌ ရှိနေသည်။

ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းသည် သေခြင်း၊ စာတန်၊ မရဏာနိုင်ငံနှင့် သင်္ချိုင်းတို့အပေါ် ကိုယ်တော်၏ အောင်မြင်ခြင်းလည်းဖြစ်သည် (၂း၂၄)။ ခရစ်တော်၊ လူသားတော်သည် ဘုရားသခင်အားဖြင့် သက်သေထူခံရသည်သာမက၊ ကိုယ်တော်ရရှိ အောင်မြင်ခဲ့သောအရာအားလုံး၌ အောင်မြင်ခြင်းဖြစ်လာရန် သက်သေပြခံရသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် ကြီးမားသောပူပန်သောကနှင့် ပြဿနာအားလုံးတို့ဖြစ်သော သေခြင်း၊ စာတန်၊ မရဏာနိုင်ငံနှင့် သင်္ချိုင်းတို့အပေါ် အောင်မြင်ခဲ့သည်။ လူသားတော်သည် သေခြင်းကို အောင်မြင်ခဲ့ပြီး၊ စာတန်ကို ဖျက်ဆီးခဲ့သည် (ဟေဗြဲ၊ ၂း၁၄)။ သေခြင်းနှင့် မရဏာနိုင်ငံ၏ သော့တို့သည် ယခု ကိုယ်တော်၏ လက်တော်၌ ရှိနေပြီး (ဗျာ၊ ၁း၁၈)၊ ကိုယ်တော်သည် သင်္ချိုင်းတို့အပေါ် အောင်မြင်ခဲ့သည်။ ထိုသို့သောခရစ်တော်သည် သူ၏ ပြန်လည်ရယူခြင်း၌ ဒေသန္တရအသင်းတော်အားလုံးတို့၏ အလယ်တွင် သွားလာနေကာ၊ ရွှေမီးခုံတိုင်များတည်းဟူသော သူတို့ကို ဂရုစိုက်ပြုစုနေသည်။ (*The Conclusion of the New Testament*,pp. 4153-4156)

*ပို၍ဖတ်ရန်* – *The Conclusion of the New Testament*,msgs. 364, 407

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**မ၊ သို့သော် ကိုယ်တော်က၊ ဆိုးညစ်၍ မျောက်မထားသောအမျိုးသည်**
**၁၂း၃၉ အမှတ်လက္ခဏာကို တောင်းသည်မှာ ပရောဖက်ယောန၏အမှတ်လက္ခဏာ**
**မှတစ်ပါးအဘယ်လက္ခဏာကိုမျှ သင်တို့အား မပြရာ။**
**၄၁ တရားစီရင်တော်မူသောအခါ၊ နိနေဝေမြို့သားတို့သည် ဤလူမျိုး**
**တစ်ဘက်၌ ထ၍အပြစ်တင်ကြလတံ့။ အကြောင်းမူကား၊ ထိုမြို့သား**
**တို့သည် ယောနဟောပြောသောစကားကြောင့် နောင်တရကြ၏။ ဤ**
**အရပ်၌ကား၊ ယောနထက် သာ၍ကြီးမြတ်သောအရာရှိ၏။**

ဖာရိရှဲတို့သည် သခင်ယေရှုနှင့် မငြင်းခုံနိုင်သောကြောင့်၊ သူတို့သည် အကြောင်းအရာကို ဆန့်ကျင်ဘက်အမြင်မှ အပြုသဘောဆောင်သောအမြင်ဘက်သို့ ပြောင်းခဲ့ဟန်ရှိသည်။ မ၊၁၂း၃၈သည် “ထိုအခါ အချို့သောကျမ်းပြုဆရာနှင့် ဖာရိရှဲတို့က၊ ဆရာ၊ အကျွန်ုပ်တို့သည် ကိုယ်တော့်ထံမှ အမှတ်လက္ခဏာတစ်စုံတစ်ခုကို မြင်ချင်ပါသည်”ဟု ပြောဆိုထားသည်။ သူတို့သည် ငြင်းခုံခြင်းဖြင့် သခင်ယေရှုကို အနိုင်မရနိုင်သောကြောင့်၊ သူတို့အရှက်ပြေစေရန် အကြောင်းအရာတစ်ခုမှ အခြားတစ်ခုသို့ ပြောင်းကာ၊ ကိုယ်တော့်အား အမှတ်လက္ခဏာကို မေးခဲ့ခြင်းဖြစ်သည်။ ဤအရာသည် လိမ္မာပါးနပ်စွာ ကြံစည်ခြင်းဖြစ်သည်။ အမှတ်လက္ခဏာသည် အချို့သောဝိညာဉ်ရေးဆိုင်ရာ ပုံဆောင်ချက်ရှိသည့်နိမိတ်လက္ခဏာဖြစ်သည်။ ဂျူးလူမျိုးတို့သည် အမှတ်လက္ခဏာများကို အမြဲတမ်းရှာဖွေကြသည် (၁ကော၊၁း၂၂)။ ဤအရာသည် သခင်ဘုရားအား သူကိုယ်တော်တိုင်နှင့် စပ်လျဉ်းသော စကြဝဠာတစ်ခုလုံး၏တစ်စုံတစ်ခုကို ဖွင့်ပြရန် နောက်တစ်ကြိမ် အခွင့်အလမ်း ရရှိစေခြင်းဖြစ်သည်။ *(Life-study of Matthew*,p. 417)

## ယနေ့ဖတ်စရာ

အကယ်၍ သင်သည် ထိုဖာရိရှဲတို့အထဲမှ တစ်ယောက်ဖြစ်ခဲ့ပါက၊ မ၊၁၂း၃၉၌ သခင်ဘုရား၏တုံ့ပြန်ခြင်းကို စိတ်အနှောင့်အယှက်ဖြစ်မည်လား။ ဖာရိရှဲတို့သည် “ကျွန်ုပ်တို့သည် သင့်အား အမှတ်လက္ခဏာပြစေရန် အလိုရှိသည်။ သင်သည် ကျွန်ုပ်တို့ကို ဆိုးညစ်၍ မျောက်မထားသောအမျိုးဟု ခေါ်ခဲ့သည်။ ယခုမတိုင်မီကလည်း ကျွန်ုပ်တို့ကို မြွေဆိုးအမျိုးများဟု ခေါ်ခဲ့သည်။ သင်သည် အစွမ်းထက်သောဆရာဖြစ်ကြောင်း

ကျွန်ုပ်တို့အသိအမှတ်ပြုပါသည်။ ဆရာ၊ ကျွန်ုပ်တို့ကို အမှတ်လက္ခဏာပြပါ။ အချို့သော ပုံဆောင်ချက်ရှိသည့် နိမိတ်လက္ခဏာကို ပြပါ''ဟု ပြောဆိုပုံပေါက်သည်။ သခင်ယေရှု သည် ''ကောင်းပြီ။ သင်တို့သည် အမှတ်လက္ခဏာကို မြင်ရလိမ့်မည်။ သင်တို့သည် ရိုး သားသော၊ ဖြူစင်သောအမျိုးမဟုတ်ဘဲ၊ ဆိုးညစ်၍ မျောက်မထားသောအမျိုးဖြစ်ကြ သည်။ ယောန၏အမှတ်လက္ခဏာသည် သင်တို့အတွက် အမှတ်လက္ခဏာဖြစ်သည်''ဟု ပြောဆိုဟန်ရှိခဲ့သည်။

သခင်ယေရှုသည် ယောန၏ အမှတ်လက္ခဏာပုံဆောင်ချက်ကို သူတို့အား ဆက်၍ ပြောဆိုခဲ့သည်။ အငယ်၊၄ဝ၌ ကိုယ်တော်က ''ယောနသည် ငါးကြီးဝမ်းထဲမှာ သုံးရက်နှင့် သုံးညနေရသကဲ့သို့၊ လူသားသည် မြေကြီး၏အလယ်ဗဟို၌ သုံးရက်နှင့် သုံးညနေရ လတ္တံ့''ဟု ပြောဆိုခဲ့သည်။ ဤအရာသည် သူတို့အတွက် အလွန်အဓိပ္ပာယ်ရှိသော အမှတ် လက္ခဏာဖြစ်သည်။ ''မြေကြီး၏ အလယ်ဗဟို''ကို မြေကြီး၏အောက်အရပ်များဟု ခေါ် ဆိုပြီး (ဧ၊၄း၉)၊ သခင်ဘုရားအသေခံပြီးနောက် ဆင်းကြွတော်မူခဲ့သောနေရာ၊ မရဏာ နိုင်ငံလည်း(တ၊၂း၂၇)ဖြစ်သည်။ မရဏာနိုင်ငံသည် ဓမ္မဟောင်း၌ ဖော်ပြထားသော ရှီယို (sheol)အရပ်ဖြစ်ပြီး၊ ၎င်းတွင် ဒုက္ခဝေဒနာခံစားရာအပိုင်းနှင့် နှစ်သိမ့်ခြင်းပေးသော အပိုင်းဟူ၍အပိုင်းနှစ်ပိုင်းရှိသည် (လု၊၁၆း၂၃–၂၆)။ နှစ်သိမ့်ခြင်းပေးသောအပိုင်းသည် ပရိဒိသုဘုံဖြစ်ပြီး၊ သခင်ဘုရားသည် ကားတိုင်ပေါ်တွင် အသေခံပြီးနောက်၊ ကယ်တင်ခံရ သောသူခိုးနှင့်အတူ ထိုနေရာသို့ ဆင်းကြွခဲ့သည် (လု၊၂၃း၄၃)။ ထို့ကြောင့် မြေကြီး၏ အလယ်ဗဟို၊ မြေကြီး၏အောက်အရပ်များ၊ မရဏာနိုင်ငံနှင့် ပရိဒိသုဘုံစသည်တို့သည် တူညီသောအသုံးအနှုန်းများဖြစ်ကြပြီး၊ သခင်ဘုရားအသေခံပြီးနောက်၊ ရှင်ပြန်ထ မြောက်ခြင်းမတိုင်မီ သုံးရက်နှင့် သုံးညနေခဲ့သည့် တစ်ခုတည်းသောနေရာကို ရည်ညွှန်း သည်။

မဿဲ၊၁၂း၄၁၌ သခင်ဘုရားသည် ''တရားစီရင်တော်မူသောအခါ၊ နိနေဝေမြို့ သားတို့သည် ဤလူမျိုးတစ်ဘက်၌ ထ၍အပြစ်တင်ကြလတ္တံ့။ အကြောင်းမူကား၊ ထိုမြို့ သားတို့သည် ယောနဟောပြောသောစကားကြောင့် နောင်တရကြ၏။ ဤအရပ်၌ကား၊ ယောနထက် သာ၍ကြီးမြတ်သောအရာရှိ၏''ဟု ဆက်ပြောဆိုထားသည်။ အငယ်၊၄၁နှင့် ၄၂တွင်တွေ့ရသော ဂရိစကားလုံး *pleion* ကို ဘာသာပြန်ထားသည့် *သာ၍ကြီးမြတ်သော (more)* ၏ အဓိပ္ပာယ်မှာ အရည်အသွေးပိုကောင်းသော၊ အရေအတွက်ပိုများသောဟု

ဆိုလိုခြင်းဖြစ်သည်။ အငယ်၊၆၌ ဖော်ပြထားသော ဂရိစကားလုံး *meizon* ကို ဘာသာပြန်ထားသည့် *သာ၍ကြီးမြတ်သော(greater)*၏ အဓိပ္ပာယ်မှာ အပြင်ပိုင်း အရွယ်အစား သို့မဟုတ် အတိုင်းအတာပိုကြီးခြင်းကို ဆိုလိုသည်။ ထို့ကြောင့် *သာ၍ကြီးမြတ်သော(more)* နှင့် *သာ၍ကြီးမြတ်သော(greater)*တို့သည် အဓိပ္ပာယ်ကွာခြားသည်။ ခရစ်တော်သည် မြေကြီး၏ အလယ်ဗဟိုတွင် သုံးရက်မြှုပ်နှံခံခဲ့ရပြီးနောက်၊ ထိုလူမျိုးတို့ကယ်တင်ခြင်းရရန်အတွက် အမှတ်လက္ခဏာဖြစ်လာဖို့ ရှင်ပြန်ထမြောက်ခဲ့သည်။

အငယ်၊၄၁၌ သခင်ဘုရားသည် “ယောန၏ အမှတ်လက္ခဏာကြောင့် နိနေဝေမြို့သားတို့သည် နောင်တရခဲ့ကြသည်။ လူသားသည် မြေကြီး၏ အလယ်ဗဟို၌ သုံးရက်နှင့် သုံးညမြှုပ်နှံခံရသည့် အမှတ်လက္ခဏာကို ဆိုးညစ်၍၊ မျောက်မထားသောအမျိုးဖြစ်သည့် သင်တို့သည် မြင်ရမည်ဖြစ်သော်လည်း၊ နောင်တရမည်မဟုတ်”ဟုပြောဆိုဟန်ရှိခဲ့သည်။ အငယ်၊၄၀နှင့် ၄၁၌ သခင်ဘုရား၏ စကားမှာ သာမန်စကားမဟုတ်ဘဲ၊ ကြိုတင်ပြောဆိုသောစကားဖြစ်သည်။ သခင်ဘုရားသည် မြေကြီး၏ အလယ်ဗဟို၌ မြှုပ်နှံခြင်းမခံမီ၊ သူသည် မြေကြီး၏ အလယ်ဗဟို၌ သုံးရက်နှင့် သုံးညမြှုပ်နှံခံရမည့်အကြောင်း ဖာရိရှဲတို့ကို ဤနည်းလမ်းဖြင့် ပရောဖက်ပြုခဲ့သည်။ သခင်ယေရှုသည် သူ၏ ကရုဏာတော်၌ ထိုသူတို့အား ဤအရာကို ပြောဆိုခဲ့ကြောင်း ကျွန်ုပ်ယုံကြည်သည်။ ကိုယ်တော်သည် “ငါ၏ အသေခံခြင်းနှင့် မြှုပ်နှံခံခြင်းကို သင်တို့အား ငါကြိုတင်၍ပြောခဲ့သည်။ နိနေဝေမြို့သားအားလုံးတို့နောင်တရရန် ယောနသည် အမှတ်လက္ခဏာဖြစ်သကဲ့သို့၊ ဤအရာသည် သင်တို့အတွက် အမှတ်လက္ခဏာဖြစ်လိမ့်မည်။ ဤအရာကို ယခု ငါကြိုတင်ဟောပြောသောကြောင့်၊ သင်တို့သည် ၎င်းကို မြင်ရသောအခါ၊ နောင်တရကြမည်”ဟု ပြောဆိုဟန်ရှိခဲ့သည်။ (*Life-study of Matthew*,pp. 417-419)

*ပို၍ဖတ်ရန်* – *Life-study of Matthew*,msg. 34; *Christ versus Religion,* ch. 3

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဧ၊ ဝိနည်းအထုံးအဖွဲ့၌ရှိသောပညတ်တရားတို့ကို ကိုယ်တော်၏အသွေး**
**၂း၁၅ အသားဒ်၌ပယ်ရှင်းတော်မူသဖြင့်၊ ကိုယ်တော်ကိုယ်တိုင်၌ ထိုလူနှစ်စုတို့ကို လူသစ်တစ်ဦးတည်းအထဲသို့ ဖန်ဆင်းတော်မူ၍၊ ရန်ငြိမ်းစေပြီးလျှင်၊**
**၁၇ ကိုယ်တော်သည် ကြွလာ၍၊ ဝေးလျက်ရှိသောသင်တို့အားလည်းကောင်း၊ နီးလျက်ရှိသောသူတို့အားလည်းကောင်း၊ ရန်ငြိမ်းခြင်းကို ဧဝံဂေလိတရားအဖြစ် ဟောတော်မူ၏။**

မဿဲ၊၁၂၌ ဘာသာရေးသမားတို့သည် သခင်ယေရှုထံသို့ လာပြီး၊ အမှတ်လက္ခဏာ၊ နိမိတ်လက္ခဏာကို မေးမြန်းခဲ့ကြသည်။ သူတို့က ကိုယ်တော်သည် ဘုရားသခင်ဖြစ်ကြောင်း သက်သေပြရန် နိမိတ်လက္ခဏာကို လုပ်ဆောင်စေဖို့ အလိုရှိခဲ့ကြသည်။ ကိုယ်တော်က "ဆိုးညစ်၍ မျောက်မထားသောအမျိုးသည် အမှတ်လက္ခဏာကိုတောင်းသည်မှာ ပရောဖက်ယောန၏ အမှတ်လက္ခဏာမှတစ်ပါး အဘယ်လက္ခဏာကိုမျှ သင်တို့အား မပြရာ" ဟု သူတို့အား ဖြေဆိုခဲ့သည်(၁၂း၃၉)။ ယောနသည် သေခြင်း၏ရေထဲတွင် ငါးကြီးအတွင်း၌ သုံးရက်နှင့် သုံးညနေခဲ့ရသည့် ပရောဖက်ဖြစ်သည်။ သုံးရက်လွန်ပြီးနောက်၊ သူသည် ပြန်ထွက်လာခဲ့သည်။ ဤအရာသည် သခင်ယေရှု၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့၏ ပုံဆောင်ချက်ဖြစ်သည်။ သခင်ယေရှုက ဤလူမျိုးသည် အသေခံပြီး၊ ရှင်ပြန်ထမြောက်ခဲ့သော ခရစ်တော်၏ တုန္နိုင်းရာမဲ့အမှတ်လက္ခဏာမှလွဲ၍ မည်သည့်အမှတ်လက္ခဏာကိုမျှ မြင်တွေ့မည်မဟုတ်ကြောင်း ဘာသာရေးသမားများကို ရည်ညွှန်းပြောဆိုခဲ့သည်။ ယနေ့ လိုအပ်နေသောအမှတ်လက္ခဏာမှာ အံ့သြဖွယ်ရာ သို့မဟုတ် နိမိတ်လက္ခဏာမဟုတ်ဘဲ၊ ယင်းမှာ အသေခံပြီး၊ ရှင်ပြန်ထမြောက်ခဲ့သောပုဂ္ဂိုလ်တော်၏ အမှတ်လက္ခဏာဖြစ်သည်။ (*The Kingdom*, p.227)

## ယနေ့ဖတ်စရာ

ယောနထက် သာ၍ကြီးမြတ်သောသူဖြစ်သည့် ခရစ်တော်သည် လူမျိုးတို့အား ဝမ်းမြောက်ဖွယ် သတင်းစကားကို ဟောပြောခဲ့သည်။ မ၊၁၂း၄၁၌ ဘုရားသခင်အားဖြင့် လူမျိုးတော်ထံသို့(တရား၊၁၈း၁၅၊ ၁၈) ပရောဖက်အဖြစ် စေလွှတ်ခြင်းခံရသော ခရစ်တော်သည် ပရောဖက်ယောနထက် သာ၍ကြီးမြတ်ကြောင်း မြင်တွေ့ရသည်။ ယောန

သည် အစ္စရေးလူမျိုးများထံမှ တစ်ပါးအမျိုးသားတို့ထံသို့ လှည့်ပြောင်းခဲ့ပြီး၊ ငါးကြီး၏ ဝမ်းဗိုက်ထဲတွင် နေခဲ့ရသည်။ သူသည် ထိုနေရာ၌ သုံးရက်နှင့် သုံးညနေခဲ့ရပြီးနောက်၊ ပြန်ထွက်လာကာ၊ လူမျိုးတို့နောင်တရရန်အတွက် အမှတ်လက္ခဏာတစ်ခုဖြစ်ခဲ့သည် (ယောန၊ ၁း ၂၊ ၁၇။ ၃း ၂–၁၀)။ ဤသည်မှာ အစ္စရေးလူမျိုးများထံမှ တစ်ပါးအမျိုးသားများထံသို့ လှည့်ပြောင်းသွားခဲ့သူဖြစ်သော ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည်။ ယောန ထက်သာ၍ကြီးမြတ်သောသူဖြစ်သည့် ရှင်ပြန်ထမြောက်ခြင်း၌ရှိသော ခရစ်တော်သည် ယနေ့ တုန်ိုင်းရာမှဲ့အမှတ်လက္ခဏာဖြစ်သည်။ *(The Conclusion of the New Testament,* p. 2800)

ပရောဖက်ကျမ်းငယ်များထဲမှ ယောနစာစောင်သည် သီးခြားရပ်တည်နေခြင်း ဖြစ်သည်။ ယောန၊ ၁း၁– ၂သည် ဤစာစောင်၏ နိဒါန်းစကားဖြစ်သည်။ ဟေဗြဲစကား၌ ယောနသည် "ချိုးငှက်"ဟု အဓိပ္ပာယ်ရသည် (အငယ်၊၁)။ ယင်းမှာ ဘုရားသခင်က ယောနသည် ငြိမ်သက်ခြင်း၏ ဧဝံဂေလိတရားကို ဟောပြောရန် ချိုးငှက်ကဲ့သို့ သွားစေဖို့ အလိုရှိခဲ့ကြောင်း ပုံဆောင်သည်။

ယောနစာစောင်၏ အလယ်ဗဟိုဖြစ်သောစဉ်းစားခြင်းမှာ ဘုရားသခင်သည် လူများနှင့် ကျွဲနွားတိရစ္ဆာန်တို့အပေါ် တွင်ရှိသော သူ၏ သနားခြင်း၌ အဆိုးညစ်ဆုံးဖြစ်သောတစ်ပါးအမျိုးသားတို့ကိုပင် အလေးထားဂရုစိုက်ပြီး၊ ကယ်တင်ခြင်းဖြစ်သည်။ ယောနစာစောင်တွင် ခရစ်တော်နှင့်စပ်လျဉ်းသောဖွင့်ပြခြင်းသည် ခရစ်တော်၏ ပုံဆောင်ချက်ဖြစ်သော ယောန၏ ဖြစ်ခြင်း၌ ဖြစ်သည်။ တစ်ပါးအမျိုးသားတို့အား ငြိမ်သက်ခြင်း၏ ဧဝံဂေလိတရားကို ဟောပြောသည့် ခရစ်တော်ကိုပုံဆောင်သော ယောန၌ ခရစ်တော်ကို ဖွင့်ပြခဲ့ခြင်းဖြစ်သည် (၃း ၂။ မ၊၁ ၂း၄၁)။ ယောနသည် အစ္စရေးလူမျိုးများထံမှ တစ်ပါးအမျိုးသားတို့ထံသို့ လှည့်ပြောင်းခဲ့သည့် ပရောဖက်ဖြစ်သည်။ ဤအရာ၌ သူသည် အစ္စရေးလူမျိုးများထံမှ တစ်ပါးအမျိုးသားတို့ထံသို့ လှည့်ပြောင်းခဲ့သော ခရစ်တော်၏ ပုံဆောင်ချက်ဖြစ်ခဲ့သည် (လု၊၄း ၂၅– ၂၇။ မ၊ ၂၁း၄၃)။ *(Life-study of Jonah,*pp. 1-2)

ခရစ်တော်နှင့်စပ်လျဉ်း၍ ပြောရမည်ဆိုလျှင်၊ ဧ၊ ၂း၁၄၌ "ကိုယ်တော်ကိုယ်တိုင်သည် ငါတို့၏ ရန်ငြိမ်းခြင်းဖြစ်တော်မူ၏ "ဟု ပြောဆိုထားသည်။ *ငါတို့၏* ဟူသည် ဂျူးလူမျိုးနှင့် တစ်ပါးအမျိုးသားယုံကြည်သူများနှစ်ခုလုံးကို ရည်ညွှန်းသည်။ ခရစ်တော်၏ အသွေးတော်အားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ဘုရား၏ လူမျိုးတော်ထံသို့ နီးကပ်စွာ ခေါ် ဆောင်ခံရပြီဖြစ်သည်။ ဂျူးလူမျိုးနှင့် တစ်ပါးအမျိုးသားယုံကြည်သူများအတွက် ပြည့်စုံသောရွေးနုတ်ခြင်းကို ပြီးမြောက်စေခဲ့သော ခရစ်တော်ကိုယ်တိုင်သည်

ကျွန်ုပ်တို့၏ ရန်ငြိမ်းခြင်း၊ တညီတညွတ်ဖြစ်ခြင်းဖြစ်ကာ၊ လူမျိုးနှစ်စုကို တစ်စုတည်းဖြစ်စေခဲ့သည်။ လူသားမျိုးနွယ်၏ ကျဆင်းခြင်းနှင့် ရွေးချယ်တော်မူသော လူမျိုးကိုခေါ်တော်မူခြင်းကြောင့်၊ အစ္စရေးလူမျိုးနှင့် တစ်ပါးအမျိုးသားတို့အကြား၌ ခြားနားမှုရှိခဲ့သည်။ ခရစ်တော်၏ ရွေးနုတ်ခြင်း အားဖြင့် ထိုခြားနားမှုကို ဖယ်ရှားခဲ့ပြီဖြစ်သည်။ ယခု တစ်လုံးတစ်ဝဖြစ်ခြင်း၏ ပေါင်းစည်းချည်နှောင်ခြင်းတည်းဟူသော ရွေးနုတ်ရှင်ခရစ်တော်၌ ထိုလူနှစ်စုသည် တစ်စုတည်းဖြစ်လာသည်။

မျက်မှောက်အချိန်တွင် အစ္စရေးလူမျိုးနှင့် ကျန်ရှိနေသောလူသားမျိုးနွယ်တို့အကြား၌ ခြားနားမှု ရှိနေသေးသည်။ သို့သော် ဘုရားသခင်၏ စီမံကိန်းအရ ထိုခြားနားမှုကို ဖယ်ရှားခဲ့ပြီဖြစ်သည်။ ဘုရားသခင်၏ အမြင်၌ ၎င်းကို ကားတိုင်ပေါ် တွင် ခရစ်တော်၏ ရွေးနုတ်ခြင်း အားဖြင့် ယူဆောင်သွားခဲ့ပြီဖြစ်သည်။ ယခု ထိုခြားနားမှုကို ဖယ်ရှားခဲ့သော ခရစ်တော်သည် အစ္စရေးလူမျိုးနှင့် တစ်ပါးအမျိုးသားတို့အကြား၌ ငြိမ်သက်ခြင်း၏ ပေါင်းစည်းချည်နှောင်ခြင်းဖြစ်သည်။ *(Life-study of Ephesians,*p. 197)

ဘုရားသခင်သည် လူကို စုပေါင်းထားသောသူတစ်ယောက်အဖြစ် ဖန်ဆင်းခဲ့သည် (က၊၁း ၂၆)။ ဘုရားသခင်အားဖြင့် ဖန်ဆင်းခံရသည့် ထိုစုပေါင်းထားသောလူသည် သူ၏ ကျဆင်းခြင်း အားဖြင့် ပျက်စီးခဲ့ရသည်။ သို့ဖြစ်၍ ဘုရားသခင်အဖို့ လူသစ်တစ်ဦး ထွက်ပေါ်ရန် လိုအပ်ရခြင်းဖြစ်သည်။ ခရစ်တော်သည် ဝိနည်းအထုံးအဖွဲ့များကို သူ၏ အသွေးအသား၌ ပယ်ရှင်းခြင်း အားဖြင့်လည်းကောင်း၊ သူကိုယ်တော်တိုင်၌ လူသစ်ကို ဖန်ဆင်းခြင်း အားဖြင့်လည်းကောင်း ဤအရာကို ပြီးမြောက်ပြည့်စုံစေခဲ့သည်။ ခရစ်တော်သည် ခြားနားနေသောဝိနည်းအထုံးအဖွဲ့များကို အသွေးအသား၌ ပယ်ရှင်းခြင်း (ရန်လိုမှုများကို ပယ်ဖျက်ခြင်း)အားဖြင့်လည်းကောင်း၊ ဂျူးလူမျိုးများနှင့် တစ်ပါးအမျိုးသားယုံကြည်သူများကို လူသစ်တစ်ဦးဖြစ်စေရန် သူ၏ ဖန်ဆင်းခြင်း အားဖြင့်လည်းကောင်း၊ ငြိမ်သက်ခြင်းကို ယုံကြည်သူများအားလုံး အကြား၌ ဖြစ်စေခဲ့သည်။ (ဧ၊၂း၁၅ မှတ်စု ၇နှင့် ၉)

*ပို၍ဖတ်ရန်* – *The Kingdom,* ch.23: *Life-study of Ephesians,*msgs. 22-24

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယောန၊ ငါသည် များစွာသော တိရစ္ဆာန်တို့ကိုမဆို၊ ကိုယ်လက်ျာလက်နှင့် လက်**
**၄း၁၁ ဝဲလက်ကိုမျှ ပိုင်းခြား၍ မသိသောသူ တစ်သိန်းနှစ်သောင်းမက၊ လူ**
**များသောနိနဝေမြို့ကြီးကို ငါနှမြောသင့်သည် မဟုတ်လောဟု မိန့်**
**တော်မူ၏။**

**တ၊ ..... ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်**
**၁း၈ အောင် ငါ၏သက်သေများဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏။**

ငါးကြီးထဲ၌ သုံးရက်နှင့် သုံးညနေခဲ့သည့် ယောန၏ပုံဆောင်ချက်တွင် ခရစ်တော်ကို ဖွင့်ပြထားသည် (ယောန၊၁း၁၇)။ ယင်းမှာ ခရစ်တော်သည် မြေကြီး၏ အလယ်ဗဟိုတွင် သုံးရက်နှင့် သုံးညနေမည်ကို ပုံဆောင်သည် (မ၊၁၂း၄၀)။ ခရစ်တော်သည် အသေခံပြီး၊ မြေကြီး၏ အလယ်ဗဟိုအထဲသို့ ဝင်ရောက်ခဲ့သည်။ ကိုယ်တော်သည် ထိုနေရာမှနေ၍ ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ရောက်ရှိခဲ့ပြီး၊ ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာခဲ့သည် (၁ကော၊၁၅း၄၅)။ ယင်းမှာ တမန်တော်ဝတ္တုတွင် မြင်တွေ့ရသည့်အတိုင်း တစ်ပါးအမျိုးသား အားလုံးကို ဧဝံဂေလိတရားဟောပြောခြင်း၊ ပျံ့နှံ့ခြင်းအတွက် ဖြစ်သည်။

ကျွန်ုပ်တို့ညွှန်ပြခဲ့သည့်အတိုင်း ဤနေရာ၌ ယောနသည် တစ်ပါးအမျိုးသားများကို ဧဝံဂေလိဟောပြောရန် ဘုရားသခင်အားဖြင့် စေလွှတ်ခံရသူ ခရစ်တော်၏ ပုံဆောင်ချက်ဖြစ်သည်။ ငါးကြီးထဲ၌ သုံးရက်နှင့် သုံးညနေခဲ့သည့် ယောနသည် မြေကြီး၏ အလယ်ဗဟိုတွင် သုံးရက်နှင့် သုံးညနေခဲ့သော ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည်။ *(Life-study of Jonah*,pp. 2-3)

## ယနေ့ဖတ်စရာ

ရှင်ပြန်ထမြောက်ခြင်း၌ရှိသောအလုပ်တွင် ခရစ်တော်သည် သူ၏တိုးပွားပျံ့နှံ့ခြင်းအတွက် ဧဝံဂေလိတရားကို ဟောပြောရန်၊ လူမျိုးတကာတို့ကို သူ၏တပည့်ဖြစ်စေရန် တပည့်တော်များအား ပြင်ဆင်ခဲ့သည်၊မိန့်မှာခဲ့သည်။ သို့မှသာ အသင်းတော်သည် ထွက်ပေါ် လာနိုင်ပေမည်။ လု၊၂၄း၄၄နှင့် ၄၅သည် "မောရှေ၏ပညတ္တိကျမ်းစာ၌လည်းကောင်း၊ ပရောဖက်တို့၏ကျမ်းစာ၌လည်းကောင်း၊ ဆာလံကျမ်းစာ၌လည်းကောင်း၊ ငါ့ကို ရည်မှတ်၍ရေးထားသမျှသောအချက်တို့သည် ပြည့်စုံရမည်"ဟု ပြောဆို

ထားသည်။ မောရှေ၏ပညတ်တို့ကျမ်း၊ ပရောဖက်ကျမ်းများနှင့် ဆာလံကျမ်းတို့သည် "ကျမ်းစာရှိသမျှ"(အငယ်၊၂၇)ဟူသော ဓမ္မဟောင်းကျမ်းတစ်ခုလုံး၏ အပိုင်းသုံးပိုင်းဖြစ်သည်။ ဤနေရာရှိ သခင်ဘုရား၏စကားတော်မှာ ဓမ္မဟောင်းကျမ်းတစ်ခုလုံးသည် သူ့ကို ဖွင့်ပြပြီး၊ သူသည် ထိုအရာ၏ အလယ်ဗဟိုနှင့် ပါဝင်သောအရာဖြစ်ကြောင်း ဖွင့်ပြခြင်းဖြစ်သည်။ *(The Conclusion of the New Testament,*p.804)

ယောန၊၄း၁၁၌ ကျွန်ုပ်တို့သည် တစ်ပါးအမျိုးသားတို့၏ အဆိုးညစ်ဆုံးမြို့အပေါ် ဘုရားသခင်၏ သနားခြင်းကို မြင်တွေ့ရသည်။ ကိုယ်တော်သည် ထိုသူတို့၏ တိရစ္ဆာန်များကိုပင် အလေးထားခဲ့သည်။ ဆိုးညစ်သောသူ နိမ်ရောဒသည် နိနဝေမြို့ကို အာရှုရိပြည်၌ တည်ဆောက်ခဲ့သည် (က၊၁၀း၈–၁၁)။ ယောန၏ အချိန်ပြီးနောက်၊ အာရှုရိပြည်သည် ဘီစီ၊၇၁၃၌ အစ္စရေးတို့ကို ကျူးကျော်ဝင်ရောက်ပြီး၊ စော်ကားခဲ့ကြသည် (ဟေရှာ၊၃၆)။ ဘုရားသခင်သည် ထိုသို့ဆိုးညစ်သောမြို့အပေါ် သနားခြင်းရှိခဲ့သည်။

မဿဲ၊၁၂း၄၀၌ သခင်ယေရှုသည် ဖာရိရှဲများအား "ယောနများ"၏ အကြောင်းကို ပြောပြခဲ့သည်။ ယင်းမှာ ယောနသည် ငါးကြီးဝမ်းဗိုက်ထဲ၌ ရှိနေခဲ့သကဲ့သို့၊ သူသည် မြေကြီး၏ အလယ်ဗဟိုတွင် သုံးရက်နှင့် သုံးညနေရမည်အကြောင်းဖြစ်သည်။ အကြောင်းမှာ ဘုရားသခင်၏ ကယ်တင်ခြင်းကို ဂျူးလူမျိုးတို့ထံမှ တစ်ပါးအမျိုးသားတို့အထိ ကျယ်ပြန့်စေရန်ဖြစ်သည်။ ယင်းမှာ ဘုရားသခင်သည် ဂျူးလူမျိုးတို့၏ ဘုရားသခင်ဖြစ်သည်သာမက၊ လူမျိုးအားလုံး၏ ဘုရားသခင်ဖြစ်ကြောင်းလည်း ညွှန်ပြသည်။ ဂျူးအမျိုးသားများက သူတို့သည် ဘုရားသခင်၏ တုနိုင်းရာမဲ့သောလူမျိုးတော်ဟု ထင်မြင်ကြသည်။ သူတို့သည် မိမိတို့ကိုယ်ကို ဘုရားသခင်၏ အရာများအားလုံးအား မွေ့လျော်ဝမ်းမြောက်ရန် သားဦးအရာကို ပထမဆုံးရပိုင်ခွင့်ရှိသောသူများဟု မှတ်ယူကြသည် (လု၊၁၅း၂၅–၃၂)။ ဂျူးအမျိုးသားများသည် ဘုရားသခင်ကို မှားယွင်းစွာ တုံ့ပြန်ကြသောကြောင့်၊ ဂျူးမဟုတ်သည့် တစ်ပါးအမျိုးသားများသည် ကိုယ်တော်၏ကယ်တင်ခြင်း၌ ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ရန် ပထမနေရာတွင် ရှိလာခဲ့သည်။

ယောနစာစောင်က အထူးသဖြင့် ဘုရားသခင်သည် လူအားလုံး၏ ဘုရားသခင်ဖြစ်ကြောင်း ညွှန်ပြသည်။ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ သွန်းလောင်းခြင်းတို့ပြီးနောက်၊ တမန်တော်၊၁၃တွင် ဘုရားသခင်သည် ပေါလုနှင့် ဗာနဗကို တစ်ပါးအမျိုးသားတို့ထံ သွားရန် ပြောကြားခဲ့သည် (အငယ်၊၄၆–၄၇)။ သူတို့သည် ယောနကဲ့သို့မဟုတ်ဘဲ၊ ဘုရားသခင်၏ လွှဲအပ်စေခိုင်းခြင်းကို ယူဆောင်ခဲ့ပြီး၊ အာရှမိုင်းနားတစ်လျှောက်သို့ သွားခဲ့ကာ၊ ဧဝံဂေလိတရားကို ဟောပြောခဲ့

သည်။ ထို့နောက် ဝိညာဉ်တော်သည် သူတို့ကို အာရှမှ ဥရောပသို့၊ မက်စီဒိုးနီးယားသို့ သွားရန် ဦးဆောင်ခဲ့သည် (၁၆း၆–၁၀)။ ယောနစာစောင်က ဘုရားသခင်သည် အာရှုရိပြည်ကို အမျက်ဒေါသထွက်သော်လည်း၊ ကိုယ်တော်သည် နိနဝေမြို့ကဲ့သို့ အပြစ်နှင့်ပြည့်ဝနေသောမြို့အပေါ် သနားကရုဏာ၊ မေတ္တာကြီးမားလျက်ရှိကြောင်း ပြသသည်။ ယင်းမှာ ဘုရားသခင်၏စီမံကိန်းသည် အကြောင်းရင်းခံနှစ်ခုအားဖြင့် လုပ်ဆောင်ရန်ဖြစ်သည်– မြေကြီးပေါ်ရှိ လူအားလုံးကို သူ၏ကယ်တင်ခြင်းရရှိစေရန်– ဖျက်ဆီးစေသောအကြောင်းရင်းခံနှင့် ဒုက္ခဆင်းရဲခံစားရသောအကြောင်းရင်းခံတို့ ဖြစ်သည်။

ခရစ်တော်ကို ထင်ရှားစေရန် ဘုရားသခင်၏စီမံကိန်းသည် အလွန်အလှမ်းဝေးကွာသော တစ်ပါးအမျိုးသားတို့၏ ဆိုးညစ်သောမြို့များကိုပင် ခရစ်တော်၏ကယ်တင်ခြင်းကို ရောက်ရှိစေရန် ရည်ညွှန်းသည်။ ရုရှားကို ယနေ့၏နိနဝေအဖြစ် ကျွန်ုပ်ထင်မှတ်မိသည်။ ရုရှား၌ ကျွန်ုပ်တို့လုပ်ဆောင်နေသောအရာသည် ဘုရားသခင့်စီမံကိန်း၏အချိန်ကာလအောက်တွင် လုံးလုံးလျားလျား ရှိနေခြင်းဖြစ်သည်။ ဤအရာသည် ဘုရားသခင်၏စီမံကိန်းအတိုင်းဖြစ်သောကြောင့်၊ ကျွန်ုပ်တို့သည် များစွာသောကောင်းကြီးမင်္ဂလာကို ရရှိလိမ့်မည်ဟု ယုံကြည်သည်။ ထို့ကြောင့် ဖျက်ဆီးနေသောကျိုင်းကောင်များသည် ဖျက်ဆီးမြဲ ဖျက်ဆီးနေပြီး၊ ဒုက္ခဆင်းရဲခံစားရသောအစုရေးတို့သည် ဒုက္ခဆင်းရဲခံစားနေရမြဲ ခံစားနေရကာ၊ သခင်ဘုရားသည်လည်း သူ၏ပြန်လည်ရယူခြင်း၌ ဆက်လက်လုပ်ဆောင်မြဲ လုပ်ဆောင်နေသည်။ *(Life-study of Jonah*,pp. 6-7)

*ပို၍ဖတ်ရန်* – *Life-study of Jonah*,msg. 1; *The Conclusion of the New Testament*, msg. 74

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

## *Hymns,* # E-62

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ

## ***ထာဝရနေ့ရက်များမှစ၍ ခရစ်တော်၏“ပေါ်ထွန်းတော်မူခြင်း”***

ဖတ်ရန်ကျမ်း။ ။မိ၊၅း၂–၅က။ ယော၊၁း၁၊ ၃၊ ၁၄၊ ၂၉၊ ၃၂–၄၂၊ ၅၁

*Day 1* **I. “အို ဗက်လင် ဧဖရက်မြို့၊ အစိုးရသော ယုဒမြို့တို့တွင် သင်သည် မြို့ငယ်မြို့ယုတ်ဖြစ်သော်လည်း၊ ဣသရေလအမျိုးကို အုပ်စိုးရသော သခင်သည် ငါ့အဖို့ သင်၏အထဲမှာ ပေါ်ထွန်းလတ္တံ့။ ထိုသခင်သည် ထာဝရနေ့ရက်များမှစ၍ ပေါ်ထွန်းသောသခင်ဖြစ်၏” (မိ၊၅း၂)။**

က။ ဤကျမ်းပိုဒ်သည် ဗက်လင်မြို့၌ ခရစ်တော်၏ လူ့ဇာတိခံခြင်းနှင့်စပ်လျဉ်း၍ ပရောဖက်ပြုထားခြင်းဖြစ်သည် (မ၊၂း၄–၆။ လု၊၂း၄–၇)။

ခ။ ခရစ်တော်သည် ဗက်လင်မြို့၌ မွေးဖွားခြင်းဖြစ်သော်လည်း၊ ကိုယ်တော်၏ ပေါ်ထွန်းတော်မူခြင်းသည် ထာဝရနေ့ရက်များမှစ၍၊ ရှေးအချိန်ကာလကတည်းကပင် ဖြစ်သည်။ ဤအရာက ခရစ်တော်၏ ထာဝရမူလအစကို ရည်ညွှန်းခြင်းဖြစ်ပြီး၊ မြေကြီးကို မဖန်ဆင်းမီ ထာဝရကာလ၌ ခရစ်တော်သည် ကြွလာရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်သည်။

ဂ။ ခရစ်တော်၏ ပေါ်ထွန်းတော်မူခြင်း၊ ကိုယ်တော်၏ ထင်ရှားခြင်းသည် ထာဝရကာလ၌ အစပြုထားပြီးဖြစ်သည်။ ထာဝရနေ့ရက်များမှ၊ ရှေးအချိန်ကာလကတည်းမှ၊ သုံးပါးတစ်ပါးဘုရားသည် ထာဝရကာလမှ အချိန်တန်၍ ကြွလာရန်၊ လူအဖြစ် ဗက်လင်မြို့၌ မွေးဖွားခံခြင်းဖြင့် ဘုရားဖြစ်ခြင်းနှင့်အတူ လူသားဖြစ်ခြင်းအထဲသို့ ကြွလာရန် ပြင်ဆင်ထားပြီးဖြစ်သည်။

ဃ။ အရာအားလုံးကို ကိုယ်တော်ဖန်ဆင်းခြင်းမှာ ထာဝရကာလမှ အချိန်ရောက်၍ ကြွလာရန် ကိုယ်တော့်အတွက် ပြင်ဆင်ခြင်းဖြစ်သည်။ ဤသည်မှာ ဖန်ဆင်းခြင်း၏ ရည်ရွယ်ချက်ဖြစ်သည်။

င။ ထိုနောက်၊ “ကျိုင်းကောင်များ” အစ္စရေးတို့ကို ဝါးမျိုရန် လုပ်ဆောင်နေချိန်တွင်(ယောလ၊၁း၄။ ၂း၂၅)၊ ခရစ်တော်သည် ကြွလာခြင်းဖြစ်သည်။

စ။ ခရစ်တော်၏ ပေါ်ထွန်းခြင်း၊ ထင်ရှားပေါ်လွင်လာခြင်းသည် စဉ်ဆက်မပြတ်အကြောင်းအရာ ဖြစ်သည်။

၁။ ကိုယ်တော်၏ လူ့ဇာတိခံချိန်၌ ကိုယ်တော်သည် ကြွလာရန် အစပြုခြင်းဖြစ်သည်။

၂။ ကိုယ်တော်သည် သူ၏ လူသားအသက်ရှင်ခြင်း၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ တက်ကြွခြင်း၊ ပြီးမြောက်ပြည့်စုံသောဝိညာဉ်တော်(ခရစ်တော်ကိုယ်တော်တိုင်၏ စစ်မှန်ခြင်းဖြစ်သော)ကို သွန်းလောင်းခြင်းနှင့် လူနေထိုင်ရာမြေကြီးတစ်ပြင်လုံးသို့ ဧဝံဂေလိဟောပြောခြင်းဖြင့် ကိုယ်တော်၏ ပျံ့နှံ့ခြင်းဖြင့် ပေါ်ထွန်းတော်မူရန် ဆက်လက်လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။ ဤအရာအားလုံးသည် ခရစ်တော်၏ ပေါ်ထွန်းခြင်း၌ ကြီးမားသောအဆင့်များ ဖြစ်သည်။

၃။ ခရစ်တော်၏ ကြွလာခြင်း၊ ကိုယ်တော်၏ ထင်ရှားခြင်းသည် အန္တိခရစ်ကို ချေမှုန်းပြီး ငရဲမီးအိုင်အထဲသို့ သူ့အားပစ်ချရန် ကိုယ်တော် ပြန်ကြွလာသောအချိန်(ဗျာ၊၁၉း၁၉–၂၀)၊ အနက်ဆုံးသောတွင်းထဲသို့ စာတန်ကို ပစ်ချသောအချိန်(၂၀း၂–၃)၊ ဘုရင်အဖြစ် စိုးစံရန် ခရစ်တော်သည် သူ၏ ပလ္လင်တော်ကို စိုက်ထူမည့်အချိန်(မ၊၂၅း၃၁၊ ၃၄၊ ၄၀)တွင် ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည်။ ထိုအချိန်တွင် ကိုယ်တော်၏ ထင်ရှားပေါ်ထွန်းခြင်းသည် ပြီးပြည့်စုံလိမ့်မည်ဖြစ်သည်။

ဆ။ ခရစ်တော်သည် ထိုလမ်းကြောင်းအပေါ် ရောက်လာချိန်တွင်၊ ကိုယ်တော်သည် လူစုကွဲနေသော ဂျူးများကို ကြည့်ရှုစောင့်ရှောက်လိမ့်မည်ဖြစ်သည်။ တစ်နည်းဆိုပါက၊ အစ္စရေးတို့သည် ဘုရားသခင်၏ ဆုံးမခြင်းအောက်တွင် ရှိနေမည်ဖြစ်သည်။ အခြားတစ်နည်းဆိုပါက၊ အစ္စရေးတို့သည် ဘုရားသခင်၏ ထိန်းကျောင်းခြင်းအောက်တွင် ရှိနေမည်ဖြစ်သည်။ ဤထိန်းကျောင်းခြင်းသည် အစ္စရေးတို့ကို ဘုရားသခင် ထိန်းသိမ်းစောင့်ရှောက်ထားခြင်း ဖြစ်သည်။

ဇ။ ဤပြန်လည်ထူထောင်ခြင်း၌ ခရစ်တော်သည် ကိုယ်တော်၏ ရွေးချယ်

ခံမျှားဖြစ်သည့် အစ္စရေးတို့ကို အုပ်ချုပ်သူ၊ ထိန်းကျောင်းသူ၊ နှင့် ငြိမ်သက်ခြင်း ဖြစ်ပေလိမ့်မည် (မိ၊ ၅း ၂–၅က)။ ကျွန်ုပ်တို့၏ သိုးထိန်းကြီးဖြစ်သော ကိုယ်တော်သည် ကျွန်ုပ်တို့ကို ကျွေးမွေး၍ ယုယမှုပေးမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ငြိမ်သက်ခြင်းဖြစ်သော ကိုယ်တော်သည် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော့်ကို မွေ့လျော်ဝမ်းမြောက်နိုင်လိမ့်မည်ဖြစ်သည်။

*Day 2 & Day 3*

**II. ထာဝရနေ့ရက်များမှစ၍ ခရစ်တော်၏ပေါ်ထွန်းခြင်းကို ယောဟန်ခရစ်ဝင်ကျမ်း၏ ပထမအခန်း၌လည်း မြင်တွေ့ရပြီးဖြစ်သည်၊ ဤအခန်းတွင် ဘုရားသခင်၏နှုတ်ကပတ်တော်တည်းဟူသော ခရစ်တော်ကို ထာဝရဖြစ်ခြင်း၏အပိုင်းနှစ်ပိုင်း၌ အချိန်၏ပေါင်းကူးတံတားအဖြစ် ဖေါ်ပြထားသည် (cf. ဆာ၊ ၉၀း၁)။**

*Day 4*

က။ ယော၊၁း၁၌ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ထာဝရအတိတ်ကာလ၌ ဘုရားသခင်၏ အနက်အဓိပ္ပါယ်ဖြစ်ခြင်း၊ ရှင်းလင်းဖေါ်ပြခြင်းနှင့် ထင်ရှားခြင်းအဖြစ် မွေးဖွားခံရသော ဘုရားသခင်၏ တစ်ပါးတည်းသောသားတော်(အငယ်၊၁၈)၊ ခရစ်တော်ကို ရည်ညွှန်းခြင်းဖြစ်သည်။

၁။ ကိုယ်တော်သည် ကိုယ်တိုင်တည်ရှိသော၊ ထာဝရတည်ရှိသော၊ ကြီးမြတ်သော "ငါဖြစ်သည်"ဟူသောအရှင် ဖြစ်သည် (ထွက်၊ ၃း၁၄–၁၅။ ယော၊၈း ၂၄၊ ၂၈၊ ၅၈)။

၂။ ကိုယ်တော်သည် အစသော်လည်းကောင်း၊ အဆုံးသော်လည်းကောင်း၊ မရှိသည့် ထာဝရ ဖြစ်သည် (ဟေဗြဲ၊၇း၃)။

ခ။ ယော၊၁သည် ယောဟန်ခရစ်ဝင်ကျမ်းတစ်ခုလုံး၏ ပဏ္ဏာမနိဒါန်းဖြစ်ပြီး၊ ဤနိဒါန်း၏ အဓိကအလေးထားချက်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည့် ခရစ်တော်သည် နက်နဲ၍ မျက်မြင်မရနိုင်သော ဘုရားသခင်၏ အနက်အဓိပ္ပါယ်ဖြစ်ခြင်း၊ ရှင်းလင်းဖေါ်ပြခြင်းနှင့် ထင်ရှားခြင်းအကြောင်း ဖြစ်သည်။ ဤအခန်းကြီး၊၁ သည် ခရစ်တော်နှင့် စကြဝဠာသမိုင်း၌ အကြီးမားဆုံးဖြစ်ရပ်ကြီးငါးရပ်၌

ထာဝရကာလနေ့ရက်များမှစ၍ ကိုယ်တော်၏ပေါ် ထွန်းတော်မူခြင်း ကို ရည်ညွှန်းဖော်ပြခြင်းဖြစ်သည်။

၁။ ယောဟန်၊၁ သည် အချိန်၏ အစပြုခြင်းတွင် အရာအားလုံးကိုဖန် ဆင်းခြင်း၌ ခရစ်တော်ကို ဖွင့်ပြခြင်းဖြစ်သည် (အငယ်၊၃)။

၂။ ခရစ်တော်အား ဓမ္မသစ်ခေတ်ကာလကို အစပြုရန် ပျောက်ဆုံး သွားသောစကြဝဠာကို ရွေးနုတ်ခြင်းအတွက် လူ၏ အသွေး အသားကို ပါဝင်ဆက်ဆံခြင်းဖြင့်(ဟေဗြဲ၊၂း၁၄)၊ မျက်မြင်ရ သောလူဖြစ်လာရန် မျက်မြင်မရနိုင်သောဘုရားသခင်၏ လူ့ဇာတိခံယူခြင်း၌(အငယ်၊၁၄)လည်း မြင်တွေ့ရခြင်းဖြစ် သည်။

၃။ ခရစ်တော်အား ဓမ္မသစ်အတွက် ကမ္ဘာလောက(လူသား)၏ အ ပြစ်ကို တရားစီရင်ခြင်းဖြင့် ဆောင်နှင်းသွားရန် ကိုယ်တော်၏ သိုးသူငယ်ဖြစ်လာခြင်း၌ ဖွင့်ပြထားခြင်းဖြစ်သည်(ယော၊ ၁း၂၉၊ ၃၆)။

(က)ခရစ်တော်သည် "ဘုရားသခင်ပြဋ္ဌာန်း တော်မူသော အလို တော်အားဖြင့်လည်းကောင်း၊ အနာဂတံသဉာဏ်တော် အားဖြင့်လည်းကောင်း၊ အပ်နှံခြင်းကိုခံသောအရှင်" ဖြစ် သည် (တ၊၂း၂၃က)။

(ခ) ဤအလိုတော်ကို ကမ္ဘာမတည်မရှိမီကပင်၊ သုံးပါးတစ်ပါး ဘုရား၏ စည်းဝေးခြင်း၌ ဆုံးဖြတ်ပြီးဖြစ်သည်၊ ဤသည် မှာ သခင်ဘုရား၏ အသေခံခြင်းသည် လူ့သမိုင်း၌ မရည် ရွယ်ဘဲမတော်တဆ ဖြစ်လာခြင်းမဟုတ်ဘဲ၊ သုံးပါးတစ်ပါး ဘုရား၏ ဘုရားဆိုင်ရာစည်းဝေးဆုံးဖြတ်ခြင်း၏ ရည်ရွယ် ချက် ပြီးပြည့်စုံခြင်းအတွက် ဖြစ်သည် (၁ပေ၊၁း၂၀။ ဗျာ၊ ၁၃း၈)။

(ဂ) ရွေးနုတ်တော်မူသောခရစ်တော်ကား "ဤကမ္ဘာမတည် မရှိမီ ကြိုတင်မှတ်သားထားတော်မူခြင်းကို ခံတော်မူသော အရှင်ဖြစ်သည်"(၁ပေ၊၁း၂၀)။

(ဃ) ခရစ်တော်သည် ဘုရားသခင်၏ ထာဝရရည်ရွယ်ချက်နှင့် အစီအစဉ်အတိုင်း ကျွန်ုပ်တို့အား တရားစီရင်ခြင်းဆိုင်ရာ ရွေးနုတ်ခြင်းအတွက် ကားတိုင်ပေါ် တွင် အသေခံတော်မူသည်။ ဤအရာသည် မရည်ရွယ်ဘဲမတော်တဆ ဖြစ်လာခြင်းမဟုတ်ပါ။

(င) ထို့ကြောင့် ဘုရားသခင်၏ ထာဝရအမြင်၌ ကမ္ဘာကို တည်ပြီးစကပင်၊ ကမ္ဘာလောက၏ အစိတ်အပိုင်းဖြစ်သော လူ၏ကျဆင်းခြင်းမှစ၍၊ ခရစ်တော်ကို ကွပ်မျက်စေပြီးဖြစ်သည် (ဗျာ၊၁၃း၈)။

*Day 5*

၄။ ဓမ္မသစ်ခေတ်ကာလအတွက် ဘုရားသခင်၏ အိမ်တော်ကို ရှင်သန်စွာတည်ဆောက်ခြင်းအလို့ငှါ(ယော၊၁း ၅၁–ဗေသလ)၊ ဘုရားသခင်၏ ရွေးနုတ်ခံလူတို့ကို ကျောက်များအဖြစ်သို့ ပုံသဏ္ဌာန်ပြောင်းလဲခြင်းအတွက် ခရစ်တော်အား ဝိညာဉ်တော်ဖြစ်လာခြင်း၌ ဖွင့်ပြထားသည် (ယော၊၁း၃၂–၄၂)။

၅။ နောက်ဆုံးတွင် ခရစ်တော်အား ကောင်းကင်ကို မြေကြီးသို့ယူဆောင်ရန်နှင့် ကိုယ်တော်ပြန်ကြွလာခြင်းမှ ထာဝရအနာဂတ်ကာလတိုင်အောင် ဘုရားသခင်၏ အိမ်တော်၊ ဗေသလ၌ ကောင်းကင်ကို မြေကြီးနှင့် ဆက်သွယ်ရန် ကောင်းကင်ဆိုင်ရာ လှေကားဖြစ်ခြင်း၌ ရည်ညွှန်းထားခြင်းဖြစ်သည် (အငယ်၊၅၁။က၊၂၈း၁၁–၂၂)။

၆။ ထာဝရနေ့ရက်များမှစ၍ ခရစ်တော်၏ ပေါ် ထွန်းတော်မူခြင်းတွင် ပါဝင်သောသမိုင်းဆိုင်ရာဖြစ်ရပ်ကြီးငါးရပ်ကို စကားငါးလုံးဖြင့် စုပေါင်းဖော်ပြနိုင်သည်၊– ၎င်းတို့မှာ *ဖန်ဆင်းခြင်း၊ လူ့ဇာတိခံယူခြင်း၊ သိုးသူငယ်၊ ဝိညာဉ်တော်နှင့် လှေခါး*တို့ဖြစ်သည်။

ဂ။ စကြဝဠာဆိုင်ရာ သမိုင်းဆိုင်ရာ ဤဖြစ်ရပ်ကြီးငါးရပ်၌ ဘုရားသခင်၏ နှုတ်ကပတ်တော်တည်းဟူသော ခရစ်တော်(၁။ဖန်ဆင်းခြင်း၌ ဖန်ဆင်းရှင်၊ ၂။လူ့ဇာတိခံယူခြင်း၌ လူ၊ ၃။ရွေးနုတ်ခြင်း၌ သိုးသူ

ငယ်၊ ၄။ပုံသဏ္ဍာန်ပြောင်းလဲခြင်း၌ ဝိညာဉ်တော်၊ ၅။မြေကြီးကို ကောင်းကင်သို့ ဆက်သွယ်ခြင်း၌ လှေခါး)သည် မျက်မြင်မရသော ဘုရားသခင်၏ အနက်အဓိပ္ပါယ်ဖြစ်ခြင်း၊ ရှင်းလင်းပြသခြင်းနှင့် ထင်ရှားခြင်း ဖြစ်သည်။

၁။ ကိုယ်တော်၏ဖန်ဆင်းခြင်း၌ "မိုးကောင်းကင်သည် ဘုရားသခင်၏ဘုန်းအသရေတော်ကို ကြားပြော၍ မိုးမျက်နှာကျက်သည် လက်တော်နှင့်လုပ်သောအရာများကို ပြသ၏။ တနေ့ကို တစ်နေ့ မြွက်ဆို၍ တစ်ညကို တစ်ည သွန်သင်၏။ နှုတ်မြွတ်ခြင်း၊ စကားပြောခြင်းမရှိ။ သူတို့နှုတ်ထွက်သံကို မကြားရသော်လည်း"(ဆာ၊၁၉း၁–၃)၊ "ဖန်ဆင်းတော်မူသောအရာများကို ထောက်ရှုသဖြင့်၊ ထာဝရတန်ခိုးတော်နှင့် ဘုရားဆိုင်ရာသွင်ပြင်လက္ခဏာတော်တည်းဟူသော မျက်မြင်မရသောဘုရားသခင်၏ အရာတို့သည် ဤလောကကို ဖန်ဆင်းချိန်မှစ၍ ရှင်းလင်းစွာ ထင်ရှားလျက်ရှိကြ၏"(ရော၊၁း၂၀)။ တ၊၁၄း၁၅–၁၇နှင့် ၁၇း ၂၄–၂၉၌ ရည်ညွှန်းပြောဆိုထားသောအရာသည် ခရစ်တော်၏ ဖန်ဆင်းခြင်းကိုဖော်ပြရာ၌ အကြောင်းအရာတစ်ခုတည်းကို ဆိုလိုခြင်းဖြစ်သည်။

၂။ ကိုယ်တော်၏လူ့ဇာတိခံယူခြင်း၌ ဖန်ဆင်းရှင်သည် ကိုယ်တော်၏ဖန်ဆင်းခြင်းအပေါင်းတို့တွင် သားဦးဖြစ်လာခြင်း(ကော၊၁း၁၅)၊ လူအထဲသို့ ဘုရားကို ယူဆောင်လာခြင်း၊ တစ်လုံးတစ်ဝတည်းအဖြစ် လူသားဖြစ်ခြင်းနှင့်အတူ ဘုရားဖြစ်ခြင်းကို ရောနှောပေါင်းစည်းခြင်းနှင့် ကိုယ်တော်၏လူသားအသက်ရှင်ခြင်း၌ သူ၏လူသားကောင်းမြတ်ခြင်းများဖြင့် ဘုရားဂုဏ်အင်္ဂါများ၌ ဘုရားသခင်အား ထင်ရှားခြင်းတို့ကို ကိုယ်တော်သည် ဖွင့်ပြတော်မူသည်။

**Day 6**

၃။ ပျောက်ဆုံးသွားသော လောကကမ္ဘာကို ရွေးနုတ်ခြင်းအတွက် သိုးသူငယ်ဖြစ်လာခြင်း၌ ခရစ်တော်သည် ကျွန်ုပ်တို့အား ကိုယ်တော်၏ဖြောင့်မတ်ခြင်းနှင့်အညီဖြစ်သော လုပ်ငန်းအစီအစဉ်၌

ကိုယ်တော်၏ အသေခံခြင်းဖြင့် တရားစီရင်ခြင်းဆိုင်ရာ ရွေးနုတ်ခြင်းကို ဘုရားသခင်သည် မည်သို့ပြီးမြောက်အောင်မြင်ကြောင်းကို ပြောဆိုပြသထားသည်။

၄။ အသက်ပေးခြင်းနှင့် ပုံသဏ္ဍာန်ပြောင်းလဲခြင်းအတွက် ကိုယ်တော်၏ ဝိညာဉ်တော်ဖြစ်လာခြင်း၌ (၁ကော၊၁၅း၄၅) ခရစ်တော်သည် ကျွန်ုပ်တို့အား ကိုယ်တော်၏ စိတ်နှလုံးအလိုဆန္ဒအတိုင်း ဘုရားရည်ရွယ်ချက်အတွက် ဘုရားအသက်အားဖြင့် ကိုယ်တော်၏ ကိုယ်အင်္ဂါဆိုင်ရာရှင်သန်သော စီမံကိန်းကို ဘုရားသခင်သည် မည်သို့လုပ်ဆောင်တော်မူကြောင်းကို ထပ်မံ၍ ပြောဆိုပြသသည်။

၅။ ဗေသလတွင် ကောင်းကင်ဆိုင်ရာလှေကားဖြစ်ခြင်း၌လည်း ခရစ်တော်သည် ကျွန်ုပ်တို့အား ကောင်းကင်ကို မြေကြီးသို့ ယူဆောင်လာနိုင်ရန် နှင့် မြေကြီးကို ကောင်းကင်နှင့် ဆက်သွယ်နိုင်ရန်၊ ဤနှစ်ခုကို ထာဝရကာလအတွက် တစ်ခုတည်းဖြစ်လာစေရန်အလို့ငှါ၊ ကိုယ်တော်ရွေးနုတ်၍ ပုံသဏ္ဍာန်ပြောင်းလဲခြင်းဖြင့် ရွေးချယ်ခံများနှင့်အတူ စေ့စပ်ထုံးဖွဲ့ထားသော ဘုရားသခင်အလိုတော်ရှိသည့် အိမ်တော်ကို မြေကြီးပေါ်တွင် မည်သို့ရယူကြောင်းကို ပြောဆိုပြသသည်။

၆။ အထက်ဖော်ပြပါအကြောင်းအရာများအားလုံးအပြင်၊ ယောဟန်သည် သူနောက်ဆုံးရေးသားသော ဗျာဒိတ်ကျမ်းစာစောင်၌ ကျွန်ုပ်တို့အား ဘုရားသခင်၏ နိုင်ငံတော်အတွက် စစ်ပွဲတွင် ခရစ်တော်သည် ဘုရားသခင်၏ ရည်ရွယ်ချက်အတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပြောဆိုခြင်းဖြစ်ကြောင်း ဆိုထားသည်။

ဃ။ ထာဝရနေ့ရက်များမှစ၍ ခရစ်တော်၏ ပေါ်ထွန်းတော်မူခြင်းသည် ဘုရားသခင်နှင့်လူ အပြန်အလှန်နေထိုင်ရာဖြစ်သော ဘုရားသခင်၏ ထာဝရစီမံကိန်း အဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်းဖြစ်လာမည့်၊ ယေရှုရှလင်မြို့သစ်ဖြစ်သည့် ဘုရားသခင်၏ ထာဝရအဆောက်အဦကို အစပြုခြင်းဖြစ်သည်(၂၁း၃၊ ၂၂။ cf. ဆာ၊၉၀း၁)။

၁။ ထာဝရနေ့ရက်များမှ ခရစ်တော်၏ ပေါ်ထွန်းတော်မူခြင်းအားဖြင့် ထာဝရအတိတ်ကာလ၌ ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်တော်မူသော ခရစ်တော်သည် ထာဝရအနာဂတ်ကာလ၌ ယေရုရှလင်မြို့သစ် (ကိုယ်တော်၏ ရွေးချယ်ခံများနှင့်အတူ ပေါင်းစည်းခြင်း၊ ရောနှောခြင်းနှင့် အပြန်အလှန်ပေါင်းစည်းခြင်း) ဖြစ်လာမည်ဖြစ်သည်။

၂။ ယေရုရှလင်မြို့တည်းဟူသော ဤထာဝရအဆောက်အဦသည် အချိန်၏ ပေါင်းကူးတံတားကို အဆုံးသတ်စေမည်ဖြစ်ပြီး၊ အနာဂတ်၌ ထာဝရကောင်းကြီးခံစားခြင်းကို အစပြုမည်ဖြစ်သည် (cf. ဒေ၊၃း၁၁)။

၃။ ကျွန်ုပ်တို့သည် ထိုအဆောက်အဦအတွက် ဖြစ်ရမည်၊ ကျွန်ုပ်တို့သည် ထိုအဆောက်အဦ ဖြစ်လာရမည် (ယော၊၁း၅၁။ က၊၂၈း၁၁–၂၂။ ၁ကော၊၃း၉၊ ၁၂က၊ ၁၆–၁၇)။

## နံနက်ခင်းကျွေးမွေးခြင်း

**မ၊ ယဇ်ပုရောဟိတ်အကြီးတို့နှင့် လူတို့တွင် ကျမ်းပြုဆရာရှိသမျှတို့ကို စု**
**၂း၄-၅ ဝေးစေ၍၊ ထိုခရစ်တော်ကို အဘယ်အရပ်မှာ ဖွားမြင်လိမ့်မည်နည်းဟု မေးမြန်းတော်မူ၏။ ထိုသူတို့ကလည်း၊ ယုဒပြည်ဗက်လင်မြို့ဟု ပရောဖက်တစ်ဦးရေးထားသောအချက်၌၊**

**မိ၊ အို ဗက်လင် ဖေရတ်မြို့ အစိုးရသော ယုဒမြို့တို့တွင် သင်သည်**
**၅း၂ မြို့ငယ်မြို့ယုတ်ဖြစ်သော်လည်း အစ္စရေးအမျိုးကို အုပ်စိုးရသော သခင်သည် ငါ့အဖို့ သင်၏အထဲမှာ ပေါ်ထွန်းလတံ့။ ထိုသခင်သည် ထာဝရနေ့ရက်များမှစ၍ ပေါ်ထွန်းသောသခင်ဖြစ်၏။**

မာ၊၅း၂၌ ကိုယ်တော်၏“ပေါ်ထွန်းခြင်း(ထွက်ခွါလာခြင်း)”သည် ကိုယ်တော်ရောက်ရှိလာခြင်း ဖြစ်သည်။ ဤအရာသည် ကောင်းကင်တမန်များနှင့်စပ်လျဉ်း၍ ကိုယ်တော်၏ထွက်ခွါခြင်းဖြစ်ပြီး၊ သို့သော် ကျွန်ုပ်တို့နှင့်စပ်လျဉ်း၍ ကိုယ်တော်ရောက်ရှိလာခြင်း ဖြစ်သည်။ “ကိုယ်တော်၏ထွက်ခွါခြင်းသည် ထာဝရကာလနေ့ရက်များမှပင်ဖြစ်သည်” ဆိုသည့်အဓိပ္ပါယ်မှာ မြေကြီးကိုမဖန်ဆင်းမီ ထာဝရကာလ၌ ခရစ်တော်သည် ကြွလာရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ ထာဝရနေ့ရက်များ၊ ရှေးကနဦးကာလ အချိန်များမှပင်၊ သုံးပါးတစ်ပါးဘုရားသည် လူသားဖြစ်ခြင်းအထဲသို့ ကိုယ်တော်၏ ဘုရားဖြစ်ခြင်းနှင့်အတူ ကြွလာရန် ထာဝရကာလမှ အချိန်ကာလအထဲသို့ ရောက်ရှိလာရန် ပြင်ဆင်ပြီးဖြစ်သည်။ အရာအားလုံးကို ကိုယ်တော်ဖန်ဆင်းခြင်းမှာ ထာဝရကာလမှ အချိန်အတိုင်းအတာထဲသို့ ဝင်ရောက်ရန် ကိုယ်တော်ပြင်ဆင်ခြင်း ဖြစ်သည်။ ဤသည်မှာ ဖန်ဆင်းခြင်းအတွက် ရည်ရွယ်ခြင်းဖြစ်သည်။ ထာဝရကာလ၌ ခရစ်တော်ကို ကိုယ်တော်၏ဘုရားဖြစ်ခြင်း၌ ဖုံးကွယ်ထားသော်လည်း၊ လူ့ဇာတိခံယူခြင်းဖြင့် ကိုယ်တော်သည် လူသားဖြစ်ခြင်းအထဲသို့ ဘုရားဖြစ်ခြင်းနှင့်အတူ ကြွရောက်လာခြင်းဖြစ်သည်။ (*Life -study of Micah*, p. 9)

## ယနေ့ဖတ်စရာ

ခရစ်တော်၏ထွက်ခွါလာခြင်း၊ ကိုယ်တော်၏ပေါ်ထွန်းလာခြင်းသည် စဉ်ဆက်မဖြတ်အကြောင်းအရာဖြစ်သည်။ ကိုယ်တော်၏လူ့ဇာတိခံယူခြင်းအချိန်မှစ၍ ကိုယ်တော်ကြွလာရန် အစပြုခြင်းဖြစ်ပြီး၊ ကိုယ်တော်ကြွလာခြင်းသည် ယနေ့ထိ ဖြစ်လျက်ရှိနေ

သည်။ ခရစ်တော်၏ကြွလာခြင်းသည် အန္တိခရစ်နှင့် မိစ္ဆာပရောဖက်တို့ကို ငရဲမီးအိုင်အထဲသို့ ချပစ်သောအချိန်(ဗျာ၊၁၉း၁၉–၂၀)၊ စာတန်ကို အနက်ဆုံးတွင်းထဲသို့ ချပစ်သောအချိန်(ဗျာ၊၂၀း၂–၃)နှင့် ဘုရင်အဖြစ် စိုးစံရန် ကိုယ်တော်၏ပလ္လင်တော်ကို ခရစ်တော်ထူထောင်သည့်အချိန်(မ၊၂၅း၃၁၊ ၃၄၊ ၄၀)၌ ပြီးမြောက်ပြည့်စုံလာလိမ့်မည်ဖြစ်သည်။ ထိုအချိန်တွင် ကိုယ်တော်၏ပေါ်ထွန်းခြင်းသည် ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည်။ သို့သော် ယနေ့ ကိုယ်တော်သည် လမ်းကြောင်းပေါ်၌သာ ရှိနေသေးသည်။

ပြန်လည်ထူထောင်ခြင်း၌ ခရစ်တော်သည် အုပ်စိုးသူ၊ သိုးထိန်းကြီးနှင့် ကိုယ်တော်ရွေးချယ်သော အစ္စရေးတို့၏ငြိမ်သက်ခြင်း ဖြစ်လာလိမ့်မည်ဖြစ်သည် (မိ၊၅း၂–၅က)။ ယနေ့ ကိုယ်တော် ထွက်ခွါလာခြင်း၌ ကိုယ်တော်သည် ကျွန်ုပ်တို့၏ အုပ်စိုးသူ၊ သိုးထိန်းနှင့်ငြိမ်သက်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့၏ အုပ်စိုးသူအနေဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့ကိုစောင့်ရှောက်နေသည်။ ကျွန်ုပ်တို့၏ သိုးထိန်းအနေဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့ကိုချစ်ခင်ယုယစွာ ကျွေးမွေးနေသည်။ ကျွန်ုပ်တို့၏ငြိမ်သက်ခြင်းအနေဖြင့် ကိုယ်တော်သည်ကျွန်ုပ်တို့ မွေ့လျော်ဝမ်းမြောက်နိုင်ရန်အတွက် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ကို ထိန်းချုပ်ပေးနေသည်။

အရာအားလုံးပါဝင်သောခရစ်တော်၏ ပေါ်ထွန်းလာခြင်းနှင့်စပ်လျဉ်း၍ ပရောဖက်မိက္ခာ၏ပရောဖက်ပြုချက်သည် ကြီးမားသောအကြောင်းအရာဖြစ်သည်။ ဤပရောဖက်ပြုချက်၌ ခရစ်တော်သည် အုပ်စိုးသူ၊ သိုးထိန်းနှင့် အစ္စရေးတို့၏ငြိမ်သက်ခြင်းဖြစ်သောကြောင့် အရာအားလုံးဖြစ်သည်၊ ကိုယ်တော်သည် သိုးထိန်းခုနစ်ပါးနှင့် မင်းသားရှစ်ပါးတို့ကိုလည်း ယူဆောင်လာမည်ဖြစ်သည် (၅း၂–၅)။

ခရစ်တော်သည် "ဒါဝိဒ်၏မြို့"ဟုခေါ်သော ဗက်လင်မြို့တွင် ပေါ်ထွန်းတော်မူခဲ့သည် (လု၊၂း၄)။ သို့သော်ငြားလည်း၊ ကိုယ်တော်ပေါ်ထွန်းခြင်းသည် အချိန်၌မဟုတ်ဘဲ၊ ထာဝရကာလမှပင်ဖြစ်သည်။ ထာဝရအတိတ်ကာလမှပင်၊ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ရွေးချယ်၍ ခွဲခန့်မှတ်သားပြီးဖြစ်သည် (ဧ၊၁း၄–၅)။ ဤအရာများကို ကိုယ်တော်လုပ်ဆောင်နေချိန်ကပင်၊ ကိုယ်တော်မည်သို့ကြွလာရမည်ကို စဉ်းစားတော်မူပြီးဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ရွေးချယ်၍ ကြိုတင်ခွဲခန့်မှတ်သားခြင်းသာပြုပြီး ထာဝရကာလတွင် ကြွလာရန် ပြင်ဆင်ထားခြင်းမရှိပါက၊ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူမည်သည့်အရာကိုမျှ လုပ်ဆောင်နိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့အတွက် ကိုယ်တော်လုပ်နိုင်မည့်အရာတိုင်းသည် ကိုယ်တော်ကြွလာခြင်းအပေါ် မူတည်သည်။ ကိုယ်တော်သည် လူ့ဇာတိခံယူခြင်း၌ ကြွလာတော်မူပြီး၊ လူသားအသက်ရှင်ခြင်း၊ အသေခံခြင်း၊ ရှင်ပြန်ထ

မြောက်ခြင်း၊ တက်ကြွခြင်းနှင့် ခရစ်တော်ကိုယ်တော်တိုင်၏ စစ်မှန်ခြင်းဖြစ်သော ပြီးမြောက်ပြည့်စုံတော်မူသော ဝိညာဉ်တော်သွန်းလောင်းခြင်းကို ဆက်လက်ပြုတော်မူပြီးဖြစ်သည်။ ဤအရာအားလုံးသည် ခရစ်တော်၏ ထွက်ပေါ်လာခြင်း၌ ကြီးမားသောအဆင့်များဖြစ်သည်။ ကိုယ်တော်၏ ထွက်ပေါ်ခြင်းသည် ရပ်မသွားဘဲ၊ ယနေ့ ဆက်လက်ဖြစ်ပေါ်နေသည်။ (*Life -study of Micah*, pp. 9, 16)

ကိုယ်တော်၏ လူ့ဇာတိခံယူခြင်း၏ အချိန်၌ ခရစ်တော်သည် ကြွလာရန် အစပြုပြီးဖြစ်သည်။ ကိုယ်တော်၏ လူ့ဇာတိခံယူခြင်းပြီးနောက်၊ ကိုယ်တော်သည် လူသားအသက်ရှင်ခြင်း၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ တက်ကြွခြင်း၊ ပြီးမြောက်ပြည့်စုံသောဝိညာဉ်တော် (ခရစ်တော်ကိုယ်တော်တိုင်၏ စစ်မှန်ခြင်း)ကို သွန်းလောင်းခြင်းနှင့် လူနေထိုင်ရာမြေကြီးတစ်ပြင်လုံးသို့ ဧဝံဂေလိဟောပြောခြင်းဖြင့် ကိုယ်တော်၏ ပျံ့နှံ့ခြင်းကိုဖြစ်ပေါ်လာရန် ဆက်လက်လုပ်ဆောင်သည်။ ဤအရာအားလုံးသည် ခရစ်တော်၏ ပေါ်ထွန်းခြင်း၌ ကြီးမားသောအဆင့်များဖြစ်သည်။ ကိုယ်တော်၏ ထွက်ပေါ်လာခြင်းသည် ရပ်မသွားဘဲ၊ ယနေ့ဆက်လက်ဖြစ်ပွားနေသည်။ ခရစ်တော်၏ ပေါ်ထွက်လာခြင်း၊ ကိုယ်တော်၏ ထင်ရှားခြင်းသည် အန္တိခရစ်ကိုနှိမ်နင်းပြီး သူ့အားငရဲမီးအိုင်အထဲသို့ ပြစ်ချရန် (ဗျာ၊၁၉း၁၉–၂၀)စစ်သူရဲများဖြစ်သော အောင်မြင်သူများနှင့်အတူ ကိုယ်တော်ပြန်ကြွလာမည့်အချိန်(ယောလ၊၃း၁၁)၊ စာတန်ကို အနက်ဆုံးသောတွင်းအထဲသို့ ချပစ်မည့်အချိန်(ဗျာ၊ ၂၀း ၂–၃)နှင့် ဘုရင်အဖြစ်စိုးစံရန် ကိုယ်တော်၏ ပလ္လင်တော်ကို ခရစ်တော်တည်ဆောက်မည့်အချိန်(မ၊ ၂၅း၃၁၊ ၃၄၊ ၄၀)တွင် ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည်။

ခရစ်တော်သည် ခရီးလမ်းကြောင်းပေါ်တွင် ရှိနေစဉ်တွင်ပင်၊ ပြန့်လွင့်နေသောဂျူးများကို စောင့်ရှောက်နေသည်။ တစ်နည်းဆိုပါက၊ အစ္စရေးတို့သည် ကိုယ်တော်၏ ဆုံးမခြင်းအောက်တွင် ရှိနေသည်။ အခြားတစ်နည်းဆိုပါက၊ အစ္စရေးသည် ဘုရားသခင်၏ ထိန်းကျောင်းစောင့်ရှောက်ခြင်းအောက်တွင်လည်း ရှိနေခြင်းဖြစ်သည်။ ဤထိန်းကျောင်းခြင်းသည် အစ္စရေးတို့ကို ဘုရားသခင်၏ ထိန်းသိမ်းထားခြင်းဖြစ်သည်။ (Micah 5:2, footnote 1)

*ပို၍ဖတ်ရန်-* *Life -study of Micah*, msgs. 2-3

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်**
**၁း၁ နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။**
**၅၁ သင်တို့အား ငါအမှန်အကန်ဆိုသည်ကား၊ နောင်ကာလ၌ ကောင်းကင်**
**ဖွင့်လှစ်သည်ကိုလည်းကောင်း၊ ဘုရားသခင်၏ကောင်းကင်တမန်တို့**
**သည် လူသားအပေါ်၌ တက်လျက်ဆင်းလျက်ရှိနေသည်ကိုလည်း**
**ကောင်း၊ သင်တို့သည် မြင်ရကြလတံ့ဟု မိန့်တော်မူ၏။**

ယောဟန်၊၁၌ ထာဝရကာလကို အပိုင်းနှစ်ပိုင်းဖြင့် ဖော်ပြထားသည်။ ယော၊၁း၁ တွင် “အစအဦး”အတွက် ရည်ညွှန်းထားသော အတိတ်ကာလ၌ ထာဝရဖြစ်ခြင်းသည် ထာဝရအတိတ်ကာလဟု မှတ်ယူရမည်ဖြစ်သည်။ သခင်ဘုရားက နာသနေလအား သင်သည် ကောင်းကင်ဖွင့်လှစ်သည်ကိုလည်းကောင်း၊ ဘုရားသခင်၏ကောင်းကင်တမန်တို့သည် လူသားအပေါ်၌ တက်လျက်ဆင်းလျက်ရှိနေသည်ကိုလည်းကောင်း၊ မြင်ရလတံ့ဟု မိန့်တော်မူသည့်အတွက်၊ ကိုယ်တော်သည် လက်ရှိအကြောင်းကို ပြောနေခြင်းမဟုတ်ဘဲ၊ အနာဂတ်ရှိ ထာဝရဖြစ်ခြင်းကို ပြောနေခြင်းဖြစ်၍၊ အငယ်၊၅၁သည် အနာဂတ်ရှိ ထာဝရဖြစ်ခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ထာဝရဖြစ်ခြင်းအပိုင်းနှစ်ပိုင်းကို အတူတကွထား၍ကြည့်ပါက၊ ထာဝရဖြစ်ခြင်းတစ်ခုလုံးကို ကျွန်ုပ်တို့မြင်ရမည်ဖြစ်သည်။ (*Life -study of John*, p. 55)

## ယနေ့ဖတ်စရာ

ထာဝရအတိတ်ကာလ၌ နှုတ်ကပတ်တော်တည်းဟူသော ခရစ်တော်သည် ဘုရားသခင်နှင့်အတူ ရှိတော်မူပြီး၊ ဘုရားသခင်ဖြစ်တော်မူသည်။ ထာဝရအတိတ်ကာလ၌ ကိုယ်တော်သည် ဘုရားသခင်သာဖြစ်တော်မူ၍ ဘုရားဇာတိတော်သာရှိတော်မူသည်။ နှုတ်ကပတ်တော်သည် လူ့ဇာတိမခံယူရသေးသည့်အတွက်၊ ကိုယ်တော်သည် လူသားမဟုတ်၍၊ ကိုယ်တော်၌ လူသားဇာတိမရှိပါ။

ထာဝရအနာဂတ်ကာလ၌ ခရစ်တော်သည် ဘုရားဖြစ်ခြင်းမျှသာမဟုတ်ဘဲ၊ လူလည်းဖြစ်လာလိမ့်မည်ဖြစ်သည်။ ကိုယ်တော်သည် ဘုရားသခင်၏ သားတော်ဖြစ်ရုံမျှသာမကဘဲ၊ လူသားတော်လည်းဖြစ်သည်။ နှုတ်ကပတ်တော်သည် အသွေးအသား၌ လူ့ဇာတိကိုခံယူသည့်အတွက် (ယော၊၁း၁၄)၊ ကိုယ်တော်သည် အစဉ်အမြဲ လူသားဖြစ်ခြင်းနှင့်အတူရှိသည့် လူသားတော်၊ လူလည်းဖြစ်သည်။ လူ့ဇာတိခံယူပြီးနောက်၊ ကိုယ်တော်သည် ဘုရားဖြစ်နေသေးသော၊ ဘုရားနှင့်လူလည်းဖြစ်သည်။ ကိုယ်တော်သည် ဘုရားသား

တော်ဖြစ်နေသေးသော၊ ဘုရားသားတော်နှင့် လူသားတော်လည်းဖြစ်သည်။ ဘုရားသခင်၏ သားတော်ဖြစ်ခြင်း အပြင်၊ အနာဂတ်ထာဝရကာလအတွက်၊ ကိုယ်တော်သည် လူသားတော် ဖြစ်လာလိမ့်မည်။ ထာဝရအတိတ်ကာလ၌ ကိုယ်တော်သည် ဘုရားဆိုင်ရာသာ၊ ဘုရားမျှသာဖြစ်ပြီး၊ လူသားဖြစ်ခြင်းလုံးလုံးမရှိပါ။ သို့သော်ငြားလည်း၊ ထာဝရအနာဂတ်ကာလ၌ ကိုယ်တော်သည် ဘုရားဆိုင်ရာနှင့် လူသားဆိုင်ရာ၊ လူသားဖြစ်ခြင်းနှင့်အတူ ဘုရားဖြစ်ခြင်း နှစ်ခုလုံးရှိသည့်၊ ဘုရား၏ သားတော်နှင့် လူသားတော်၊ ဘုရားနှင့်လူ ဖြစ်လာလိမ့်မည်။ ကိုယ်တော်၌ သဘောသဘာဝနှစ်ခု၊ အနှစ်သာရနှစ်ခုနှင့် ဒြပ်ကိုယ်ထည်နှစ်မျိုး၊– ဘုရားဖြစ်ခြင်းနှင့် လူသားဖြစ်ခြင်း ရှိလိမ့်မည်ဖြစ်သည်။

ဘုရားသခင်သည် သူကိုယ်တော်တိုင်တစ်ဦးတည်းနေထိုင်ရန် ရည်ရွယ်ချက်မရှိပါ။ ဘုရားဖြစ်ခြင်းသည် ဘုရားသခင်၏ ကိန်းဝပ်ခြင်းမဖြစ်နိုင်ပါ။ ကိုယ်တော်၏ စီမံကိန်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ လူသားဖြစ်ခြင်း၌ ကိန်းဝပ်ရန်ဖြစ်သည်။ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ လူအားဖြင့် ကိုယ်တော်၏ ရန်သူ၊ စာတန်ကို ရှုံးနိမ့်စေရန်နှင့် လူသားဖြစ်ခြင်းသည် ကိုယ်တော်၏ ကိန်းဝပ်ရာနေရာ ဖြစ်လာစေရန် ဖြစ်သည်။ ထို့ကြောင့် စာတန်၏ ရှုံးနိမ့်ခြင်းအတွက်၊ ဘုရားသခင်၏ ကိန်းဝပ်ရာနေရာအတွက်၊ လူသားဖြစ်ခြင်းလိုအပ်သည်။ သခင်ယေရှုသည် ဘုရားသခင်၏ သားတော်သာဖြစ်မည်ဆိုပါက၊ ကိုယ်တော်သည် လူအထဲသို့ အသက်ပေးရန်သာ အရည်အချင်းရှိမည်ဖြစ်သည်။ ကိုယ်တော်သည် ရန်သူကို ရှုံးနိမ့်စေရန်သော်လည်းကောင်း၊ ဘုရားသခင်၏ ကိန်းဝပ်ရာနေရာ ဖြစ်လာရန်သော်လည်းကောင်း၊ ကိုယ်ခန္ဓာကို ရရှိနိုင်မည်မဟုတ်ပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့အသက်ရရှိရန်အတွက် ဘုရားသခင်၏ သားတော်ဖြစ်ပြီး၊ ဘုရားသခင်ကိန်းဝပ်ရာနေရာရရှိရန်အတွက် လူသားတော်ဖြစ်လာ၍ သခင်ဘုရားကို ချီးမွမ်းပါသည်။

ကောင်းကင်ကို ဘုရားသခင်၏ နေထိုင်ရာနေရာအဖြစ် စဉ်းစားကြသည် (တရား၊ ၂၆း၁၅။ ၁ဘုရင်၊၈း၄၉။ ဆာ၊၃၃း၁၃–၁၄။ ဟေရှာ၊၆၃း၁၅)။ သို့သော်လည်း၊ ဟေရှာ၊ ၆၆း၁၌ ဘုရားသခင်က "အဘယ်အရပ်သည် ငါကိန်းဝပ်ရာ(နားခိုရာ)အရပ် ဖြစ်မည်နည်း"ဟု မိန့်တော်မူသည်။ ဘုရားသခင်၏ နားခိုရာနေရာသည် ကိုယ်တော်ရယူထားသော လူဖြစ်သည် (ဟေရှာ၊၅၇း၁၅။ ၆၆း ၂)။ ယနေ့ ဘုရားသခင်သည် ကောင်းကင်များ၌ ကိန်းဝပ်တော်မူသည်၊ သို့သော်လည်း ကောင်းကင်များသည် ထာဝရကိုယ်တော်နေထိုင်ရာနေရာ ဖြစ်လိမ့်မည် မဟုတ်ပါ။ ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ ထာဝရကာလအတွက် ဘုရားသခင်၏ ကိန်းဝပ်ရာနေရာသည် ကိုယ်တော်၏ ရွေးနုတ်ခြင်းခံရသော သန့်ရှင်းသူများအားဖြင့် ဖွဲ့စည်းထားပြီး ကောင်းကင်မှ ဆင်းသက်လာမည့် ယေရုရှလင်မြို့သစ် ဖြစ်ပေလိမ့်မည် (ဗျာ၊၂၁း၁–၃)။

ထာဝရအတိတ်ကာလ၌ လူသားဖြစ်ခြင်းမပါရှိသော ဘုရားသခင်သည် ကိုယ်တော်ကိန်းဝပ်ရာနေရာအဖြစ် ထာဝရအနာဂတ်ကာလ၌ လူသားဖြစ်ခြင်းကို မည်သို့ရရှိနိုင်မည်နည်း။ ဤအရာသည် နေ့ချင်းညချင်း ဖြစ်မလာနိုင်ပါ။ ထာဝရဖြစ်ခြင်း၏ အပိုင်းနှစ်ခုအကြားတွင် အချိန်၏ပေါင်းကူးတံတားရှိသည်။ ထာဝရအတိတ်ကာလ၌ ဘုရားသခင်သည် အစီအစဉ်နှင့် ရည်ရွယ်ချက်ရှိထားပြီးဖြစ်သည်၊ သို့သော် ကိုယ်တော်သည် မည်သည့်အရာကိုမျှ မလုပ်ဆောင်ပါ။ ထာဝရအနာဂတ်ကာလ၌ ဘုရားသခင်သည် မည်သည့်အရာကိုမျှ လုပ်ဆောင်လိမ့်မည်မဟုတ်ပါ၊ အကြောင်းမှာ ထိုအချိန်တွင် အရာခပ်သိမ်းသည် ပြီးမြောက်အောင်မြင်ပြီး ဖြစ်ပေလိမ့်မည်။ ထာဝရအနာဂတ်ကာလ၌ ကိုယ်တော်သည် သူပြီးမြောက်သောအလုပ်ကို မွေ့လျော်ဝမ်းမြောက်ခြင်းသာရှိပေလိမ့်မည်။ ထာဝရအတိတ်ကာလ၌ ကိုယ်တော်သည် အစီအစဉ်ချမှတ်သည်၊ ထာဝရအနာဂတ်ကာလ၌ ကိုယ်တော်သည် မွေ့လျော်ဝမ်းမြောက်လိမ့်မည်ဖြစ်သည်။ ဘုရားသခင်ပြီးမြောက်အောင်မြင်ရန် လိုအပ်သောအရာတိုင်းအား ကိုယ်တော်သည် အချိန်၏ပေါင်းကူးတံတားပေါ်တွင် ပြီးမြောက်အောင်မြင်စေမည်ဖြစ်သည်။ ဘုရားသခင်သည် သူ၏စီမံကိန်းကားကို ထာဝရဖြစ်ခြင်း၏ပထမအပိုင်းမှ အချိန်၏ပေါင်းကူးတံတားကို ဖြတ်ကျော်၍ ထာဝရကာလ၏နောက်ဆုံးအပိုင်းအထဲသို့ မောင်းနေခြင်းဖြစ်သည်။ ကိုယ်တော်၏ကားကို မောင်းနှင်ခြင်းဖြင့် လိုအပ်သောအလုပ်အားလုံးကို ပြီးစီးစေမည့် အချိန်၏ပေါင်းကူးတံတားကို ဖြတ်ကျော်ခြင်းဖြစ်သည်။ ဘုရားသခင်သည် ထာဝရအတိတ်ကာလမှ အချိန်၏တံတားကို ဖြတ်ကျော်၍ ထာဝရအနာဂတ်ကာလအထဲသို့ သွားသည်နှင့်တစ်ပြိုင်နက်တည်း၊ "အလုပ်ပြီးပြီ"ဟု ကြွေးကြော်လိမ့်မည်ဖြစ်သည်။ ထာဝရအတိတ်ကာလ၌ ဘုရားသခင်သည် ပြီးမြောက်သောအလုပ်ကို မွေ့လျော်ဝမ်းမြောက်လိမ့်မည်ဖြစ်သည်။

ဤအချိန်၏တံတားသည် မည်မျှရှည်လျားသနည်း။ နှစ်ပေါင်းခြောက်ထောင်မတိုင်မီ သို့မဟုတ် ၎င်းအကျော်အထိရှည်လျား နိုင်သည်။ ဤအချိန်၏တံတားတွင် ဘုရားသခင်သည် အရာငါးခုကို ပြီးမြောက်မည်ဖြစ်၍၊ အလှည့်အပြောင်း၌ ၎င်းတို့တစ်ခုချင်းကို ကျွန်ုပ်တို့ စဉ်းစားဖို့လိုသည်။ ကျွန်ုပ်တို့သည် ဖန်ဆင်းခြင်းနှင့်အတူ အစပြုရမည်ဖြစ်သည်။ (*Life -study of John,* pp. 55-59)

*ပို၍ဖတ်ရန်-* *Life -study of John,* msg. 5

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

——————————————————————————

——————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ယော၊ ခပ်သိမ်းသောအရာတို့သည် ကိုယ်တော့်အားဖြင့်ဖြစ်၍၊ ကိုယ်တော်နှင့်**
**၁း၃ ကင်းလွတ်လျက်ဖြစ်သောအရာ တစ်စုံတစ်ခုမျှမရှိ။**
**၁၄ နှုတ်ကပတ်တော်သည်လည်း အသွေးအသားဖြစ်လာ၍၊ ကျေးဇူးတော်**
**နှင့်လည်းကောင်း၊ စစ်မှန်ခြင်းနှင့်လည်းကောင်း ပြည့်စုံလျက် ငါတို့အလယ်တွင် တဲတော်အဖြစ် တည်နေတော်မူ၏ (ခမည်းတော်မှ တစ်ပါးတည်းသောသားတော်၏ ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ)။**

ဖန်ဆင်းခြင်း၏ အဓိပ္ပါယ်မှာ မဖြစ်သေးသောအရာတို့ကို ဖြစ်သောအရာကဲ့သို့ ခေါ်ဆိုခြင်းဖြစ်သည် (ရော၊၁၇)။ ဖန်ဆင်းခြင်း၏ ရည်ရွယ်ချက်မှာ အသက်ဖြစ်သော ဘုရားသခင်ကို လက်ခံယူရန် ထည့်ဝင်ရာခွက်ကို ထုတ်လုပ်ရန်ဖြစ်သည်။ ဖန်ဆင်းခြင်းရှိ အကြောင်းအရာများကို စဉ်းစားရာတွင်၊– ကောင်းကင်များ၊ မြေကြီး၊ ဘီလျံများစွာသော ရုပ်ပိုင်းဆိုင်ရာအရာများနှင့် လူ တို့ဖြစ်သည်။ ဖန်ဆင်းခြင်း၌ အရေးအကြီးဆုံးမှာ မည်သည့်အရာနည်း။ လူထက် မည်သည့်အရာမျှ အရေးမကြီးပါ။ လူသည် V. I. P အရေးအကြီးဆုံးပုဂ္ဂိုလ်ဖြစ်သည်။ ကျမ်းစာအရ၊ ကောင်းကင်များသည် မြေကြီးအတွက် ဖြစ်သည်၊ မြေကြီးသည် လူအတွက်ဖြစ်သည် (ဇာ၊၁၂း၁)။ တွင်းထွက်ပစ္စည်းများ၊ အပင်အသက်နှင့် တိရစ္ဆာန်အသက်တို့သည် လူအတွက်လုံးလုံးဖြစ်သည်။ လေ၊ နေရောင်ခြည်နှင့် မိုးရေတို့သည် အပင်အသက်ကို မစထောက်ပံ့သည်။ အပင်အသက်သည် တိရစ္ဆာန်အသက်အတွက် ဖြစ်သည်၊ အပင်အသက်နှင့် တိရစ္ဆာန်အသက်နှစ်မျိုးလုံးသည် လူအတွက်ဖြစ်သည်။ မြေကြီးပေါ်ရှိအသက်ရှင်သောအရာအားလုံးသည် လူအတွက်ဖြစ်သည်။ ဤအရာများအားလုံးအတွက်ဖြစ်သော လူသည် ဘုရားသခင်ကို လက်ခံရန်နှင့် ကိုယ်တော်၏ရည်ရွယ်ချက်ကို ပြည့်စုံစေရန် ဘုရားသခင်အတွက် ဖြစ်သည်။ ဘုရားသခင်ကို လက်ခံယူသူဖြစ်သော လူ၏ အတွင်းထဲတွင် ဝိညာဉ်ရှိသည်။ ကိုယ်တော်၏ ဖန်ဆင်းခြင်း၌ ဘုရားသခင်သည် မြေကြီးအတွက် ကောင်းကင်များ၊ လူအတွက် မြေကြီးနှင့် သူ၏ အသက်ဖြစ်သော ဘုရားသခင်ကို လက်ခံရန် လက်ခံသူဖြစ်သောလူကို ဝိညာဉ်နှင့်အတူ ထုတ်လုပ်တော်မူသည်။ (*Life -study of John*, p. 59)

## *ယနေ့ဖတ်စရာ*

ဒုတိယအရာ(အချိန်၏ တံတားပေါ် တွင် ဘုရားသခင်ပြီးမြောက်အောင်မြင်ခဲ့

သောအရာ)မှာ လူ့ဇာတိခံယူခြင်းဖြစ်သည်။ ဖန်ဆင်းခြင်းမရှိပါက၊ ဘုရားသခင်အတွက် လူ့ဇာတိခံယူရန် နည်းလမ်းရှိလိမ့်မည်မဟုတ်ပါ။ ဖန်ဆင်းခြင်းသည် အရာများစွာကို ဖြစ်ပေါ် စေပြီး၊ လူ့ဇာတိခံခြင်းသည် ဘုရားသခင်ကို ကိုယ်တော်၏ ဖန်ဆင်းခြင်းအထဲသို့ ယူဆောင်ခြင်းဖြစ်သည်။ အာဒံကို ဖန်ဆင်းပြီးနောက်၊ လူ့ဇာတိမခံယူမီ၊ ဘုရားသခင်သည် နှစ်ပေါင်းလေးထောင်ခန့် စောင့်လျက်ရှိသည်။ တစ်နေ့တွင် ကိုယ်တော်သည် သူ၌ ဘုရားသခင်နှင့်အတူ မြေကြီးပေါ် တွင် သေးငယ်သောလူ ယေရှုအဖြစ် လူ့ဇာတိကို ခံယူတော်မူသည်။ ထိုလူအထဲတွင် ဘုရားသခင်ကို ဖြစ်ပွားစေသည်။ ဤသည်မှာ အရာအားလုံးတွင် အကြီးမားဆုံးသောအံ့ဩဖွယ်ဖြစ်ပေသည်။ လူ့ဇာတိခံယူခြင်းဖြင့် ဘုရားသခင်အား လူအထဲသို့ ယူဆောင်လာ၍ လူနှင့်အတူ တစ်လုံးတစ်ဝဖြစ်စေသည်။ ဘုရားဖြစ်ခြင်းနှင့် လူသားဖြစ်ခြင်းသည် တစ်ခုတည်းပေါင်းစည်းခြင်း ဖြစ်လာသည်။

အချိန်၏ တံတားပေါ် ရှိ တတိယအကြောင်းအရာမှာ ရွေးနုတ်ခြင်းဖြစ်သည်။ မြေကြီးပေါ် တွင် သုံးဆယ့်သုံးနှစ်ခွဲ အသက်ရှင်ပြီးနောက်၊ သခင်ဘုရားသည် ဘုရားသခင်၏ သိုးသူငယ်အဖြစ် ကားတိုင်သို့ တက်ရောက်တော်မူခဲ့သည်။ ဘုရားသခင်၏ သိုးသူငယ်သည် ရွေးနုတ်ခြင်းအတွက် ဖြစ်သည်။ ရွေးနုတ်ခြင်းဖြင့်၊ သခင်ဘုရားသည် ကျဆင်းသောလူကို ပြန်လည်ရယူကာ၊ သူ့အား အပြစ်မှ သီးခြားဖြစ်စေသည်။ ရွေးနုတ်ခြင်းနည်းလမ်းအားဖြင့်၊ ဘုရားသခင်သည် အပြစ်ကို ဖယ်ရှားပေးရုံသာမက၊ ဖန်ဆင်းခြင်းဟောင်းတစ်ခုလုံးကိုလည်း အဆုံးသတ်စေသည်။ ကားတိုင်အပေါ် အသေခံတော်မူသော ယေရှုသည် အုတ်ဂူသင်္ချိုင်းအထဲသို့ ကိုယ်တော်နှင့်အတူ ဖန်ဆင်းခြင်းအဟောင်းကို ယူဆောင်သွားခဲ့သည်။ ကိုယ်တော်အား သေခြင်းမှ ရှင်ပြန်ထမြောက်စေတော်မူသောအခါ၊ ကိုယ်တော်သည် အုတ်ဂူသင်္ချိုင်း၌ ဖန်ဆင်းခြင်းအဟောင်းကို ထားခဲ့ပြီး၊ ဖန်ဆင်းခြင်းအသစ်၏ ဦးခေါင်းအဖြစ် ရှင်ပြန်ထမြောက်ခြင်း၌ ထွက်ပေါ် လာသည်။

ဘိသိတ်ပေးခြင်းသည် ရွေးနုတ်ခြင်းနောက်တွင် လိုက်ပါလာသည်။ ဘိသိတ်ပေးခြင်းသည် သိုးသူငယ်၏ ဆက်လက်ဖြစ်ခြင်းအကြောင်းဖြစ်သည့် ဝိညာဉ်တော်ဖြစ်သော ချိုးငှက်၏ နည်းလမ်းအားဖြင့် ရောက်ရှိလာသည်။ သိုးသူငယ်သည် အပြစ်ကို ဖယ်ရှားပေးပြီး၊ ဖန်ဆင်းခြင်းအဟောင်းကို အဆုံးသတ်စေသည်။ ဝိညာဉ်တော်၊ ချိုးငှက်သည် ဖန်ဆင်းခံလူကို အသစ်မွေးဖွားခြင်း၊ ဇာတိလူကို ပုံသဏ္ဌာန်ပြောင်းလဲခြင်းနှင့် ပုံသဏ္ဌာန်ပြောင်းလဲသွားသောလူကို တစ်ပေါင်းတစ်စည်းဖြစ်စေသည်။ ကျွန်ုပ်တို့သည် အသစ်တစ်ဖန်မွေးဖွားခြင်းခံရန် လိုအပ်သော ဖန်ဆင်းခံလူ ဖြစ်ကောင်းဖြစ်နိုင်သည်။ ကျွန်ုပ်တို့သည် ဇာတိ၌သာရှိသော၊ ပုံသဏ္ဌာန်ပြောင်းလဲခြင်းခံရန် လိုအပ်သော၊ အသစ်တစ်ဖန်

မွေးဖွားခြင်းခံရသောလူ ဖြစ်ကောင်းဖြစ်နိုင်သည်။ ကျွန်ုပ်တို့သည် သီးခြားနှင့် တစ်ဦးချင်းသာဖြစ်နေသေးသော၊ အခြားသူများနှင့်ပေါင်းစည်းရန် လိုအပ်နေသေးသည့် ပုံသဏ္ဍာန်ပြောင်းလဲခြင်းခံရသူများ ဖြစ်ကောင်းဖြစ်နေနိုင်သည်။ ကျွန်ုပ်တို့သည် မှန်ကန်စွာ ပုံသဏ္ဍာန်ပြောင်းလဲခြင်းခံမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် အခြားသူများနှင့် ပေါင်းစည်းရန် အလိုဆန္ဒရှိလာလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ပထမဆုံး ကျွန်ုပ်တို့သည် အသစ်မွေးဖွားခြင်းခံရန် လိုအပ်သည်။ ဒုတိယ၊ ကျွန်ုပ်တို့သည် ပုံသဏ္ဍာန်ပြောင်းလဲခြင်းခံဖို့ လိုအပ်သည် ။ တတိယ၊ ကျွန်ုပ်တို့သည် တည်ဆောက်ခြင်းအတွက် ပေါင်းစည်းခြင်းရှိဖို့ လိုအပ်သည်။ ချိုးငှက်ဖြစ်သည့် ဝိညာဉ်တော်သည် အသစ်တစ်ဖန်မွေးဖွားခြင်း၊ ပုံသဏ္ဍာန်ပြောင်းလဲခြင်းနှင့် ပေါင်းစည်းခြင်းတို့ကို ပြုတော်မူသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်ချိုးငှက်၏ ဘိသိက်ပေးခြင်းအောက်တွင် လုံးလုံးရှိနေကြသည်။ ဤအရာကို ကျွန်ုပ်တို့မသိသော်ငြားလည်း၊ သခင်ဘုရားသည် ကျွန်ုပ်တို့ကို ပုံသဏ္ဍာန်ပြောင်းလဲခြင်းကို လုပ်ဆောင်ပေးနေသည်။

ဖန်ဆင်းခြင်း၊ လူ့ဇာတိခံယူခြင်း၊ ရွေးနုတ်ခြင်းနှင့် ဘိသိက်ပေးခြင်းပြီးနောက်၊ ကျွန်ုပ်တို့တွင် တည်ဆောက်ခြင်းရှိလာမည်ဖြစ်သည်။ ဤတည်ဆောက်ခြင်းသည် ဘုရားသခင်၏ အိမ်တော်အတွက် ဖြစ်သည်။ ဘုရားသခင်သည် သူ့အတွက် ကိန်းဝပ်ရာနေရာကို တည်ဆောက်နေခြင်းဖြင့်၊ ကျောက်တုံးများအဖြစ် ပုံသဏ္ဍာန်ပြောင်းလဲလာသော လူတို့ကို အသုံးပြုနေသည် (ယော၊၁း၄၂)။ ကျွန်ုပ်တို့သည် ပုံသဏ္ဍာန်ပြောင်းလဲခြင်းအလုပ်ကို ခံစားရသည်သာမက၊ တည်ဆောက်ခြင်း၏ဖြစ်စဉ်၌လည်း ရှိနေရသောကြောင့် သခင်ဘုရားကို ချီးမွမ်းပါသည်။ ဘုရားသခင်လိုအပ်သည့်အရာမှာ ကြီးမားသောကျောက်တုံးများစွာမဟုတ်ဘဲ၊ အိမ်တော်ဖြစ်သည်။ ထာဝရကာလအတွက် ဘုရားသခင်လိုအပ်သည်မှာ ကိုယ်တော်နေထိုင်ရာနေရာ၊ ဗေသလ၊ တည်ဆောက်ထားသောအိမ်တော်ဖြစ်သည်။ (*Life -study of John*, pp. 60-64)

*ပို၍ဖတ်ရန်-* *Life -study of John*, msg. 5

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ ၁း၂၉** **. . . ဤလောက၏အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏သိုးသူငယ်ကို ကြည့်လော့။**

**တ၊ ၂း၂၃** **ဘုရားသခင်ပြဋ္ဌာန်းတော်မူသော အလိုတော်အားဖြင့်လည်းကောင်း၊ အနာဂတံသဉာဏ်တော်အားဖြင့်လည်းကောင်း၊ အပ်နှံခြင်းကိုခံသော ထိုယေရှုကို သင်တို့သည် ဖမ်းဆီး၍ မတရားသောသူတို့လက်ဖြင့် လက်ဝါးကပ်တိုင်၌ရိုက်၍ ကွပ်မျက်ကြပြီ။**

ယောဟန်ခရစ်ဝင်ကျမ်း၌ ပထမဆုံးပုံဆောင်ချက်ဖြစ်သည့် ဘုရားသခင်၏နှုတ်ကပတ်တော်မှာ ဘုရားသခင်၏ အနက်ဖွင့်ဖော်ပြခြင်း၊ ရှင်းလင်းခြင်းနှင့် ထင်ရှားခြင်းဖြစ်တော်မူသော၊ ဘုရားသခင်ဖြစ်ပွားစေတော်မူသော တစ်ပါးတည်းသောသားတော်၊ ခရစ်တော်ကို ရည်ညွှန်းဖော်ပြခြင်းဖြစ်သည် (ယော၊၁း၁၊ ၁၈)။ ဟောဟန်သည် ခရစ်တော်အား ကိုယ်တိုင်တည်နေသော၊ အမြဲတည်နေသော၊ ကြီးမြတ်သော “ငါဖြစ်သည်” ဟူ၍ ဖွင့်ပြထားသည် (ထွက်၊၃း၁၄–၁၅။ ယော၊၈း၂၄၊ ၂၈၊ ၅၈)။ ခရစ်တော်မှအပ အခြားအရာများသည် အနတ္တသက်သက်ဖြစ်သည်။ ကိုယ်တော်သည်သာလျှင် ငါဖြစ်သည့်အရှင်၊ ငါဖြစ်သည်၊ စစ်မှန်ခြင်းဖြစ်သည်။ ခရစ်တော်သည် အစသော်လည်းကောင်း၊ အဆုံးသော်လည်းကောင်း မရှိသည့်၊ ထာဝရတည်သောအရှင် ဖြစ်တော်မူသည်။ (*Crystallization-study of the Gospel of John*, pp. 11-12)

## ယနေ့ဖတ်စရာ

ယောဟန်၊၁၏ အဓိက အလေးထားခြင်းမှာ ခရစ်တော်သည် ဘုရားသခင်၏နှုတ်ကပတ်တော်၊– နက်နဲအံ့ဩဖွယ်နှင့် မျက်မြင်မရသော ဘုရားသခင်၏ အနက်ဖွင့်ဖော်ပြခြင်း၊ ရှင်းလင်းခြင်းနှင့် ထင်ရှားခြင်း ဖြစ်တော်မူသည်။ ဤအရာက ခရစ်တော်အား စကြဝဠာ၏သမိုင်း၌ ဖြစ်ရပ်ကြီးငါးခု၏ အရှင်ဖြစ်ကြောင်း ရည်ညွှန်းခြင်းဖြစ်သည်။ ယော၊၁သည် အချိန်၏ အစပြုခြင်း၌ အရာအားလုံး၏ ဖန်ဆင်းခြင်း၌ ခရစ်တော်ကို ဖွင့်ပြထားသည် (အငယ်၊၃)။ ခရစ်တော်အား ဓမ္မသစ်ခေတ်ကာလကို အစပြုရန် ပျောက်ဆုံးသွားသော စကြဝဠာကို ရွေးနုတ်ခြင်းအတွက် လူ၏အသွေးအသားကို ပါဝင်ဆက်ဆံခြင်း(ဟေဗြဲ၊ ၂း၁၄)ဖြင့်၊ မြင်နိုင်သောလူဖြစ်လာရန်၊ မျက်မြင်မရသော ဘုရား၏လူ့ဇာတိခံယူခြင်း(၁း၁၄)၌လည်း မြင်တွေ့ရမည်ဖြစ်သည်။ လူ့ဇာတိခံတော်မူသောဘုရား၌ အသွေးရှိသည်။ တ၊၂၀း၂၈၌ ဘုရားသခင်သည် ကိုယ်တော်၏အသွေးတော်ဖြင့်

အသင်းတော်ကို ရွေးဝယ်တော်မူကြောင်း ဆိုထားသည်။ ဘုရားသခင်သည် ပျောက်ဆုံးသွားသောစကြဝဠာကို ရွေးနုတ်ခြင်းအတွက် လူ၏ အသွေးအသားကို ပါဝင်ဆက်ဆံတော်မူသည်။ ကောင်းကင်များအပါအဝင် စကြဝဠာတစ်ခုလုံးသည် ဘုရားသခင်ဖန်ဆင်းထားသော ကောင်းကင်တမန်မင်း စာတန်က ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ခြင်းကြောင့် ညစ်ညမ်းသွားခဲ့ရသည်။ ဤပထမဆုံး ပုန်ကန်ခြင်းသည် စကြဝဠာတစ်ခုလုံးကို ပျောက်ဆုံးမှုဖြစ်စေ၍၊ မြေကြီးပေါ် နှင့် ကောင်းကင်များ၌ ရှိသောအရာအားလုံးသည် ဘုရားသခင်အားဖြင့် ရွေးနုတ်ခြင်းခံရန် လိုအပ်လာသည် (ကော၊၁း ၂၀)။ ခရစ်တော်သည် လူဖြစ်လာခြင်းဖြင့် စကြဝဠာကို ရွေးနုတ်တော်မူသည်။ ဓမ္မသစ်ခေတ်ကာလသည် ခရစ်တော်၏ လူ့ဇာတိခံယူခြင်း၌ အစပြုထားပြီးဖြစ်သည်။ ယနေ့ ကမ္ဘာလောကတစ်ခုလုံးသည် ခရစ်တော်၏ လူ့ဇာတိခံယူချိန်မှအစပြု၍ နှစ်များကိုရေတွက်သည့် ပြက္ခဒိန်ကိုသာ အသုံးပြုနေခြင်းမှာ သိသာထင်ရှားမှုတစ်ရပ်ဖြစ်သည်။ ဖန်ဆင်းခြင်းသည် စကြဝဠာကို အစပြုခြင်းဖြစ်သော်လည်း၊ ဤစကြဝဠာသည် ပျောက်ဆုံးခဲ့ရသည်။ ထိုနောက် ဘုရားသခင်သည် ခရစ်တော်ကို ဖွားမြင်သည့်နေ့မှအစပြု၍၊ ဓမ္မသစ်ခေတ်ကာလ၊ အသစ်သောခေတ်ကာလသို့ ပျောက်ဆုံးသွားသောစကြဝဠာကို ပြန်လည်ရွေးနုတ်ရန် လူသားဇာတိ၌ ယေရှုအမည်ဖြင့် လူဖြစ်လာရန် ကြွလာခဲ့သည်။ ခရစ်တော်အား ဓမ္မသစ်အတွက် တရားစီရင်ခြင်းဖြင့် လောက(လူသား)၏ အပြစ်ကို ယူဆောင်သွားရန် ကိုယ်တော်၏ သိုးသူငယ်ဖြစ်လာခြင်း၌လည်း ဖွင့်ပြထားသည်(ယော၊၁း ၂၉၊ ၃၆)။ ဤသည်မှာ စကြဝဠာ၏ သမိုင်း၌ တတိယဖြစ်ရပ်ကြီးဖြစ်သည်။ ကားတိုင်ပေါ် တွင် ကိုယ်တော်အသေခံခြင်းအား ဘုရားသခင်သည် ကိုယ်တော့်အား လောက၏ အပြစ်ကို ယူဆောင်သွားသော ဘုရားသခင်၏ သိုးသူငယ်အဖြစ် စဉ်းစားခြင်းဖြစ်သည်။ ကိုယ်တော်သည် ပျောက်ဆုံးသွားသောစကြဝဠာကို ရွေးနုတ်ခြင်း၏ ရည်ရွယ်ချက်အတွက် လူဖြစ်လာရသော်လည်း၊ ကိုယ်တော်သည် သိုးသူငယ်အဖြစ် ကားတိုင်ပေါ် တွင် လူသားမျိုးနွယ်၏ အပြစ်များကို ယူဆောင်၍ အသေခံရန် ကားတိုင်သို့သွားရန် နောက်ထပ်အဆင့်ကို ယူဆောင်ဖို့ လိုအပ်နေသေးသည်။ (*Crystallization-study of the Gospel of John,* pp. 12-13)

တ၊ ၂း ၂၃၌ ပြောဆိုထားသော ပြဋ္ဌာန်းချက်အား ကမ္ဘာမတည်မရှိမီက သုံးပါးတစ်ပါးဘုရား၏ တိုင်ပင်ဆွေးနွေးခြင်းမှ ဆုံးဖြတ်ထားပြီးဖြစ်သည်(၁ပေ၊၁း ၂၀။ ဗျာ၊၁၃း၈)၊ ဤအရာက သခင်ဘုရား၏ အသေခံခြင်းသည် လူ့သမိုင်း၌ မတော်တဆဖြစ်လာခြင်းမဟုတ်ဘဲ၊ သုံးပါးတစ်ပါးဘုရား၏ ဆုံးဖြတ်ချက်ဖြင့် ဘုရားဆိုင်ရာပြဋ္ဌာန်းချက် ပြည့်စုံ

ခြင်း၏ ရည်ရွယ်ချက်ပြီးမြောက်ခြင်းဖြစ်သည်။ (တ၊ ၂း ၂၃၊ မှတ်စု၊၁)။

ခရစ်တော်အား ကမ္ဘာမတည်မရှိမီကပင်၊ ကိုယ်တော်၏ကြိုတင်သိမြင်တတ်သော ပညာတော်အရ ကိုယ်တော်၏ ရွေးချယ်ခံများအတွက် ရွေးနုတ်သောသိုးသူငယ်ဖြစ်လာရန် ဘုရားသခင်အားဖြင့် ပြင်ဆင်၍ ကြိုတင်ခွဲခန့်မှတ်သားပြီးဖြစ်သည် (ယော၊၁း ၂၉)။ ဤအရာအား ဘုရားသခင်၏ထာဝရရည်ရွယ်ချက်နှင့် စီမံကိန်းအတိုင်း လုပ်ဆောင်ခြင်းဖြစ်သည်။ မတော်တဆဖြစ်လာခြင်း မဟုတ်ပါ။ ထို့ကြောင့် ဘုရားသခင်၏ထာဝရအမြင်၌ ကမ္ဘာတည်စကပင်၊ တစ်နည်းဆိုသော်၊ ကမ္ဘာလောက၏တစ်စိတ်တစ်ပိုင်းဖြစ်သော လူ၏ကျဆင်းခြင်းမှအစပြု၍ ခရစ်တော်သည် အသေခံရပြီးဖြစ်သည် (ဗျာ၊၁၃း၈)။ (၁ပေ၊၁း ၂၀၊ မှတ်စု၊ ၁)။

စကြဝဠာသမိုင်း၌ စတုတ္ထဖြစ်ရပ်ကြီးမှာ ခရစ်တော်၏ ဝိညာဉ်တော်ဖြစ်လာခြင်းဖြစ်သည်။ ယော၊၁း၃၂၌ "ထိုမှတစ်ပါး ဝိညာဉ်တော်သည် ကောင်းကင်မှ ချိုးငှက်ကဲ့သို့ ဆင်းသက်၍၊ ထိုသူ၏အပေါ်၌ နားတော်မူသည်ကို ငါမြင်ရပြီ"ဟူ၍ ယောဟန်က သက်သေခံပြောဆိုထားသည်။ ဤသည်မှာ ဝိညာဉ်တော်သည် သိုးသူငယ်အပေါ် ချိုးငှက်အဖြစ် ဆင်းသက်တော်မူခြင်းဖြစ်သည်။ ခရစ်တော်သည် သိုးသူငယ်ဖြစ်တော်မူသည်။ ထို့နောက် ကိုယ်တော်သည် ချိုးငှက်၊ ဝိညာဉ်တော်ဖြစ်လာသည်။ ခရစ်တော်အား ယောဟန်၊၁၌ ဘုရားသခင်၏ရှင်သန်သော အိမ်တော်တည်ဆောက်ခြင်းအတွက် (ဗေသလ– အငယ်၊ ၅၁)၊ ကျောက်များအဖြစ်သို့ ဘုရားသခင်၏ရွေးနုတ်ခံလူတို့ကို ပုံသဏ္ဌာန်ပြောင်းလဲခြင်းအတွက် ကိုယ်တော်၏ဝိညာဉ်တော်ဖြစ်လာခြင်း၌ ဖွင့်ပြထားသည် (အငယ်၊၃၂–၄၂)။ (*Crystallization-study of the Gospel of John,* p. 13)

*ပို၍ဖတ်ရန်-* *Crystallization-study of the Gospel of John,* msg. 1

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ယော၊ ...ယေရှုသည် ထိုသူကိုကြည့်ရှု၍၊ သင်သည် ယောဟန်၏သားရှိမုန်ဖြစ်**
**၁း၄၂ ၏။ ကေဖအမည်သစ်ကိုရလတံ့ဟု မိန့်တော်မူ၏(ကေဖအနက်ကား ပေတရုဟု ဆိုလိုသတည်း)။**

**၅၁ ...နောင်ကာလ၌ ကောင်းကင်ဖွင့် လှစ်သည်ကိုလည်းကောင်း၊ ဘုရားသခင်၏ကောင်းကင်တမန်တို့သည် လူသားအပေါ်၌ တက်လျက်ဆင်းလျက်ရှိနေသည်ကိုလည်းကောင်း၊ သင်တို့သည် မြင်ရကြလတံ့ဟု မိန့်တော်မူ၏။**

ကျွန်ုပ်တို့သည် ရွေးနုတ်ခြင်းသာမက၊ ပုံသဏ္ဍာန်ပြောင်းလဲခြင်းလည်းခံယူဖို့ လိုသည်။ ကျွန်ုပ်တို့သည် ရွေးနုတ်ခြင်းမျှသာခံမည်ဆိုလျှင်၊ လူများအဖြစ်သာ ရှိနေသေးမည်ဖြစ်သည်။ ဘုရားသခင်ကဲ့သို့ ဖြစ်လာရန်အလို့ငှါ၊ ကျွန်ုပ်တို့သည် ပုံသဏ္ဍာန်ပြောင်းလဲခြင်းရှိဖို့ လိုသည်။ ပုံသဏ္ဍာန်ပြောင်းလဲခြင်း၏ ပထမအဆင့်မှာ ကျွန်ုပ်တို့အား အသစ်တစ်ဖန်မွေးဖွားရန်၊ ပြန်လည်ဖြစ်ပွားစေရန် ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏သဏ္ဍာန်၌ ဘုရားသခင်နှင့်တစ်ညီသဏ္ဍာန်တည်း မွေးဖွားခြင်းခံရသော်ငြားလည်း၊ အသစ်တစ်ဖန်မွေးဖွားခြင်းခံရသည့်တိုင်၊ ကျွန်ုပ်တို့၌ ဘုရားသခင်၏စစ်မှန်ခြင်းတစ်စုံတစ်ရာဖြစ်လာခြင်း မရှိသေးပါ။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အိမ်တော်၊ ဘုရားသခင်၏ ဝိညာဉ်ဆိုင်ရာတည်ဆောက်ခြင်းအတွက် ကျောက်များအဖြစ်သို့ ကျွန်ုပ်တို့ပုံသဏ္ဍာန်ပြောင်းလဲခြင်းအစပြုရန် အသစ်တစ်ဖန်မွေးဖွားခြင်းခံဖို့ လိုသည်။ ပထမဆုံး ဗေသလဖြစ်သည့် ဘုရားသခင်၏ အိမ်တော်သည် အသင်းတော်ဖြစ်သည်၊ ထိုနောက် ခရစ်တော်၏ ကိုယ်ခန္ဓာတော်နှင့် ပြီးမြောက်ပြည့်စုံစွာ ယေရုရှလင်မြို့သစ် ဖြစ်လာသည်။ (*Crystallization-study of the Gospel of John,* pp. 13-14)

မ၊၁၆း၁၈၌ သခင်ဘုရားသည် အသင်းတော်တည်ဆောက်ခြင်းအကြောင်း ကိုယ်တော်မိန့်တော်မူရာတွင် "ကျောက်တုံးတစ်တုံး"ဟုအဓိပ္ပါယ်ရသော *ပေတရု* ဆိုသည့်စကားဖြင့် ဖေါ်ပြထားသည်။ ဤအရာသည် အသင်းတော်တည်းဟူသော ဝိညာဉ်ဆိုင်ရာအိမ်တော်တည်ဆောက်ခြင်းအတွက် (၁ပေ၊၂း၅) ပေတရုသည် အသက်ရှင်သောကျောက်များ၏ အခြေတည်ရာ ဖြစ်ခြင်းမှ ဖြစ်ပေါ်လာရသည်။ ဤနေရာ၌ ကျောက်သည် ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် တန်ဆာပလာဖြစ်လာရန် ပုံသဏ္ဍာန်ပြောင်းလဲခြင်းအလုပ်ကို ဆိုလိုသည် (၁ကော၊၃း၁၂)။ (John 1;42, footnote 1)

# ယနေ့ဖတ်စရာ

ယောဝ၁း၅၁သည် ယာကုပ်၏ အိမ်မက်အတွက် ပြီးပြည့်စုံခြင်းဖြစ်သည် (က၊ ၂၈း ၁၁–၂၂)။ ကိုယ်တော်၏ လူသားဇာတိနှင့်အတူ လူသားတော်ဖြစ်သော ခရစ်တော်သည် ဗေသလဖြစ်သည့် ဘုရားသခင်၏ အိမ်တော်အတွက် မြေကြီးအဖို့ ကောင်းကင်ဖွင့်လှစ်လာရန်နှင့် ကောင်းကင်ကို မြေကြီးနှင့် ဆက်သွယ်ရန်၊ မြေကြီးပေါ်မှ ကောင်းကင်သို့ စိုက်ထူသော လှေခါးဖြစ်သည်။ ယာကုပ်သည် ဘုရားသခင်၏ အိမ်တော်ဖြစ်လာမည့် ကျောက်(ပုံသဏ္ဌာန်ပြောင်းလဲလာသောလူကို ပုံဆောင်ခြင်း)အပေါ်တွင် ဆီ(လူထံသို့ ရောက်လာသည့် သုံးပါးတစ်ပါးဘုရား၏ အဆုံးစွန်ထင်ရှားခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်ကို ပုံဆောင်ခြင်း)ကို သွန်းလောင်ခဲ့သည်။ ယောဝ၁၌ ဤနေရာသည် ကိုယ်တော်၏ လူသားဇာတိ၌ ခရစ်တော်နှင့်အတူ ဘုရားသခင်၏ အိမ်တော်အတွက် ဝိညာဉ်တော် (အငယ်၊၃၂)နှင့် ကျောက်(အငယ်၊၄၂) ဖြစ်သည်။ ဤနေရာသည် ကောင်းကင်ဖွင့်လှစ်သည့်နေရာ ဖြစ်သည်။ (ယောဝ၁း၅၁။ မှတ်စု၊၂)

ယောဝ၁း၅၁၌ ခရစ်တော်အား ကိုယ်တော်၏ပြန်ကြွလာခြင်းမှ ထာဝရကာလတိုင်အောင်၊ ဘုရားသခင်၏ အိမ်တော်ဖြစ်သော ဗေသလ၌ မြေကြီးကို ကောင်းကင်သို့ ယူဆောင်ရန်နှင့် ကောင်းကင်ကို မြေကြီးနှင့်ဆက်သွယ်ရန် ကောင်းကင်ဆိုင်ရာလှေခါးဖြစ်ခြင်း၌ ရည်ညွှန်းထားခြင်းဖြစ်သည် (ယောဝ၁း၅၁။ က၊ ၂၈း၁၁–၂၂)။ ကျွန်ုပ်တို့သည် *ဖန်ဆင်းခြင်း၊ လူ့ဇာတိခံယူခြင်း၊ သိုးသူငယ်၊ ဝိညာဉ်တော်နှင့် လှေခါး* ဆိုသည့် စကားငါးလုံးနှင့်အတူ သမိုင်းဆိုင်ရာဖြစ်ရပ်ကြီးငါးရပ်ကို သတိရနေရမည်ဖြစ်သည်။ ယောဝ၁သည် နှုတ်ကပတ်တော်ဖြစ်သော ခရစ်တော်နှင့် အစပြုထားပြီး၊ လှေခါးဖြစ်သော ကိုယ်တော်ဖြင့် အဆုံးသတ်ထားသည်။ လှေခါးရှိရန်အလို့ငှါ၊ အခြေလိုအပ်ပြီး၊ ကောင်းကင်ဆိုင်ရာလှေကားဖြစ်လာရန် ခရစ်တော်အတွက်အခြေသည် ဗေသလဖြစ်သည့် ဘုရားသခင်၏ အိမ်တော်ဖြစ်သည်။ ဗေသလ၏ စစ်မှန်ခြင်းသည် အသင်းတော်ဖြစ်ပြီး၊ ထိုနောက် ခရစ်တော်၏ ကိုယ်ခန္ဓာတော်နှင့် ယေရုရှလင်မြို့သစ် ဖြစ်သည်။ စကြဝဠာဆိုင်ရာ၊ သမိုင်းဆိုင်ရာဖြစ်ရပ်ကြီး ငါးခုလုံး၌ ဘုရားသခင်၏ နှုတ်ကပတ်တော်တည်းဟူသော ခရစ်တော်သည် (၁။ဖန်ဆင်းခြင်း၌ ဖန်ဆင်းရှင်အဖြစ်။ ၂။လူ့ဇာတိခံခြင်း၌ လူသားအဖြစ်။ ၃။ရွေးနှုတ်ခြင်း၌ သိုးသူငယ်အဖြစ်။ ၄။ပုံသဏ္ဌာန်ပြောင်းလဲခြင်း၌ ဝိညာဉ်တော်အဖြစ်။ ၅။ကောင်းကင်ကို မြေကြီးသို့ ဆက်သွယ်ခြင်း၌ လှေခါးအဖြစ်) မျက်မြင်မရသော ဘုရားသခင်၏ အနက်အဓိပ္ပါယ်ဖော်ပြခြင်း၊ ရှင်းလင်းပြသခြင်းနှင့် ထင်ရှားခြင်းဖြစ်တော်မူသည်။

ကိုယ်တော်၏ဖန်ဆင်းခြင်း၌ "မိုးကောင်းကင်သည် ဘုရားသခင်၏ဘုန်းအသရေတော်ကို ကြားပြော၍ မိုးမျက်နှာကျက်သည် လက်တော်နှင့် လုပ်သောအရာများကို ပြသ၏။ တစ်နေ့ကိုတစ်နေ့ မြွက်ဆို၍ တစ်ညကိုတစ်ည သွန်သင်၏။ နှုတ်မြွက်ခြင်း စကားပြောခြင်းမရှိ။ သူတို့ နှုတ်ထွက်သံကို မကြားရ"(ဆာ၊၁၉း၁–၃။ NASB)၊ ဘုရားသခင်၏မျက်မြင်မရသောအရာများ "ထာဝရတန်ခိုးတော်နှင့် ဘုရားဆိုင်ရာသွင်ပြင်လက္ခဏာတော်တည်းဟူသော မျက်မြင်မရသောဘုရားသခင်၏ အရာတို့သည် ဤလောကကို ဖန်ဆင်းချိန်မှစ၍ ရှင်းလင်းစွာထင်ရှားလျက်ရှိကြ၏"(ရော၊၁း၂၀)။ တ၊၁၄း၁၅–၁၇နှင့် ၁၇း၂၄–၂၉၌ ဖော်ပြထားသောအရာသည် ဘုရားသခင်အတွက် ပြောထွက်သည့် ခရစ်တော်၏ဖန်ဆင်းခြင်းကို ဖော်ပြရာတွင် အကြောင်းအရာတစ်ခုတည်းကို ဆိုလိုခြင်းဖြစ်သည်။

ကိုယ်တော်၏ဖန်ဆင်းခြင်း၌ ခရစ်တော်က ဖန်ဆင်းရှင်သည် ကိုယ်တော်၏ဖန်ဆင်းခြင်းအပေါင်းတို့တွင် သားဦးဖြစ်လာပြီး(ကော၊၁း၁၅)၊ လူအထဲသို့ ဘုရားကို ယူဆောင်ကာ တစ်လုံးတစ်ဝအဖြစ် လူသားဇာတိနှင့် ဘုရားဇာတိကို ရောနှောပေါင်းစည်းစေ၍၊ ကိုယ်တော်၏လူသားအသက်ရှင်ခြင်း၌ ကိုယ်တော်သည် သူ၏လူသားကောင်းမြတ်ခြင်းအားဖြင့် ဘုရားဂုဏ်အင်္ဂါများ၌ ဘုရားသခင်ကို ထင်ရှားစေကြောင်း ဖွင့်ပြသည်။ ဤအရာသည် သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ အသစ်သောယဉ်ကျေးမှုနှင့် အသစ်သောဘာသာစကားဖြစ်သည်။

ယေရှုကို ဖွားမြင်သောအခါ၊ ဘုရားသခင်အား လူအထဲသို့ ယူဆောင်လာ၍၊ လူနှင့်အတူ ကိုယ်တော်တိုင်ကို ရောနှောပေါင်းစည်စေခြင်းဖြစ်သည်။ နှစ်ပေါင်းနှစ်ထောင်ကျော်ခန့်တွင်၊ ဘုရားဇာတိနှင့် လူသားဇာတိကို ရောနှောပေါင်းစည်းစေသော လူတစ်ဦးရှိခဲ့သည်။ ခရစ်ယာန်တစ်ဦးဖြစ်လာခြင်းသည် ခရစ်တော်၏လူတစ်ဦးဖြစ်လာခြင်းဖြစ်သည်။ ခရစ်တော်သည် လူ့ဇာတိနှင့်အတူ ဘုရားဇာတိကို ရောနှောပေါင်းစည်းပေး၍၊ ခရစ်တော်၏လူများဖြစ်သည့် ကျွန်ုပ်တို့သည် အတူတူပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် လူသားဇာတိနှင့်အတူ ဘုရားဇာတိ၏ရောနှောပေါင်းစည်းခြင်း ဖြစ်ကြသည်။
(*Crystallization-study of the Gospel of John,* pp. 14-15)

*ပို၍ဖတ်ရန်-* *Crystallization-study of the Gospel of John,* msg. 1

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————————

——————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ ထိုမှတစ်ပါး ဝိညာဉ်တော်သည် ကောင်းကင်မှ ချိုးငှက်ကဲ့သို့ ဆင်းသက်**
**၁း၃၂ ၍၊ ထိုသူ၏အပေါ်၌ နားတော်မူသည်ကို ငါမြင်ရပြီ။**
**၁ကော၊ ကျမ်းစာလာသည်ကား၊ "ရှေးဦးစွာသောလူအာဒံသည် အသက်ရှင်**
**၁၅း၄၅ သော စိတ်ဖြစ်၏"ဟုလာသတည်း။ ယခုတွင် နောက်ဆုံးဖြစ်သောအာဒံ**
**မူကား၊ အသက်ပေးသောဝိညာဉ်တော်*ဖြစ်၏*။**

ကျမ်းစာအပေါ် အခြေပြုသော၊ ဘာသာရေးသမားများသည် မေရှိယ၊ ဧလိယ သို့မဟုတ် ပရောဖက် ကဲ့သို့သော(ဒံ၊၉း ၂၆။ မာလ၊၄း၅။ တရား၊၁၈း၁၅၊၁၈) ကြီးမြတ်သောခေါင်းဆောင်ကို ရှာဖွေခဲ့ကြသည် (ယော၊၁း၁၉–၂၅)။ သို့သော် ယေရှုအား သေးငယ်သောချိုးငှက်နှင့် သိုးသူငယ်အဖြစ် စတင်ထားသည် (ယော၊၁း ၂၉–၃၃)။ သိုးသူငယ်သည် လူထံမှ အပြစ်ကို ဖယ်ရှားပေးပြီး၊ ချိုးငှက်သည် လူထံသို့ အသက်ဖြစ်သော ဘုရားသခင်ကို ပို့ဆောင်ပေးသည်။ သိုးသူငယ်သည် ကျဆင်းသောလူကို ဘုရားသခင်ထံသို့ ရွေးနုတ်ပေးရန်၊ ရွေးနုတ်ခြင်းအတွက် ဖြစ်ပြီး၊ ချိုးငှက်သည် အသက်ပေးခြင်းအတွက်၊ လူအထဲသို့ ဘုရား၊ ဘုရားအထဲသို့ လူကို ယူဆောင်ရန် ဘုရားဖြစ်သည့်အရာနှင့်အတူ လူကို ဘိသိက်ပေးရန်၊ ဘိသိက်ပေးခြင်းအတွက်နှင့် ဘုရား၌ ယုံကြည်သူများကို ပေါင်းစည်းခြင်းအတွက် ဖြစ်သည်။ သိုးသူငယ်နှင့် ချိုးငှက် နှစ်မျိုးလုံးသည် ဘုရားသခင်၌ ပါဝင်ရန် လူအတွက် လိုအပ်မှုဖြစ်သည်။ (ယော၊၁း ၂၉။ မှတ်စု၊၁)

ပျောက်ဆုံးသွားသော လောကကမ္ဘာကို ရွေးနုတ်ခြင်းအတွက် ကိုယ်တော်၏ သိုးသူငယ်ဖြစ်လာခြင်း၌ ခရစ်တော်သည် ကိုယ်တော်၏ဖြောင့်မတ်ခြင်းနှင့်အညီ လုပ်ငန်းစဉ်ဖြစ်သော ကိုယ်တော်၏အသေခံခြင်းဖြင့် တရားစီရင်ခြင်းဆိုင်ရာရွေးနုတ်ခြင်းကို ဘုရားသခင်သည် မည်သို့ ပြီးမြောက်အောင်မြင်စေကြောင်း ကျွန်ုပ်တို့ကို မိန့်တော်မူသည်။ အသက်ပေးခြင်းနှင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်းအတွက် ကိုယ်တော်၏ဝိညာဉ်တော်ဖြစ်လာခြင်း၌ (၁ကော၊၁၅း၄၅)၊ ခရစ်တော်သည် ကိုယ်တော်၏စိတ်နှလုံးတော် အလိုဆန္ဒအတိုင်း သူ၏ ဘုရားဆိုင်ရာရည်ရွယ်ချက်အတွက် သူ၏ဘုရားဆိုင်ရာအသက်အားဖြင့် ရှင်သန်သောကိုယ်တော်၏စီမံကိန်းကို ဘုရားသခင်မည်သို့ လုပ်ဆောင်ကြောင်းကို ထပ်မံ၍ ကျွန်ုပ်တို့အား မိန့်မြွက်ပြောဆိုသည်။ (*Crystallization-study of the Gospel of John*, p. 15)

## ယနေ့ဖတ်စရာ

ဗေသလ၌ ကိုယ်တော်၏ ကောင်းကင်ဆိုင်ရာ လှေကားဖြစ်ခြင်း၌ ခရစ်တော်သည် မြေကြီးကို ကောင်းကင်သို့ ယူဆောင်၍ ကောင်းကင်ကို မြေကြီးသို့ ဆက်သွယ်ကာ ဤနှစ်ခုတစ်ခုတည်းဖြစ်လာစေရန်၊ ကိုယ်တော်၏ ရွေးနုတ်ခြင်းနှင့် ပုံသဏ္ဍာန်ပြောင်းလဲခြင်းကို ခံကြသည့် ရွေးချယ်ခံတို့နှင့် စေ့စပ်ထုံးဖွဲ့ထားသည့် မြေကြီးပေါ် ရှိအိမ်တော်ကို ရရှိရန် ဘုရားသခင်မည်မျှ အလိုဆန္ဒရှိကြောင်းကိုလည်း ကျွန်ုပ်တို့အား မိန့်မြွက်တော်မူသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကိုယ်တော်၏ ဖန်ဆင်းခြင်း၌၊ လူ့ဇာတိခံယူခြင်း၌၊ သိုးသူငယ်ဖြစ်လာခြင်း၌၊ အသက်ပေးဝိညာဉ်တော် ဖြစ်လာခြင်း၌နှင့် လှေကားဖြစ်လာခြင်း၌ ခရစ်တော်ဖြစ်သည်။ ဤသမိုင်းဆိုင်ရာဖြစ်ရပ်ကြီးငါးခု၌ ခရစ်တော်သည် ဘုရားသခင်အတွက် မြွက်ဆိုပေးသည်။ တစ်နည်းဆိုပါက၊ ဖန်ဆင်းခြင်းသည် နှုတ်ကပတ်တော်ဖြစ်ကြောင်း၊ လူ့ဇာတိခံခြင်းသည် နှုတ်ကပတ်တော်ဖြစ်ကြောင်း၊ သိုးသူငယ်သည် နှုတ်ကပတ်တော်ဖြစ်ကြောင်း၊ ဝိညာဉ်တော်သည် နှုတ်ကပတ်တော်ဖြစ်ကြောင်းနှင့် လှေခါးသည် နှုတ်ကပတ်တော်ဖြစ်ကြောင်း ကျွန်ုပ်တို့ ပြောဆိုနိုင်သည်။ အထက်ဖော်ပြပါအကြောင်းအရာအားလုံးအပြင်၊ ယောဟန်နောက်ဆုံးရေးသားသော ဗျာဒိတ်ကျမ်းစာစောင်၌ ဘုရားသခင်၏ နိုင်ငံတော်အတွက် စစ်ပွဲ၌ပင်လျှင် ခရစ်တော်သည် ဘုရားသခင်၏ ရည်ရွယ်ချက်အတွက် ပြောဆိုသော ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်ကြောင်း ကျွန်ုပ်တို့အား ပြောဆိုပြသထားသည်(ဗျာ၊၁၉း၁၃)။ နိုင်ငံတော်အတွက် ဘုရားသခင်၏ ရန်သူကို တိုက်ခိုက်ရန် ကိုယ်တော်ကြွလာသောအခါ၊ ကိုယ်တော်၏ နာမတော်အား ဘုရားသခင်၏ နှုတ်ကပတ်တော်ဟု ခေါ် ဆိုမည်ဖြစ်သည်။ ကိုယ်တော်၏ တိုက်ခိုက်ခြင်း၌ ကိုယ်တော်သည် ဘုရားသခင်၏ စကားပြောခြင်းဖြစ်သည်။ ခရစ်တော်သည် ဘုရားသခင်၏ ရည်ရွယ်ချက်အတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပြောဆိုခြင်းဖြစ်သည်။ (*Crystallization-study of the Gospel of John*, pp. 15-16)

သခင်ဘုရားပြန်ကြွလာခြင်းတွင် ကိုယ်တော်အားရှာဖွေသူများအတွက် အခိုင်အမာအဆောက်အဦ လိုအပ်သည်။ ဤအဆောက်အဦသည် မြေကြီးကို ကိုယ်တော်ရယူရန်အတွက် ခြေကုပ်ယူရမည့်စစ်တပ်၊ တက်လှမ်းရန်လှေကားထစ်နှင့် ဘုရားနှင့်လူအတွက် အပြန်အလှန်ကိန်းဝပ်ရာနေရာ ဖြစ်ပေလိမ့်မည်။ ၎င်းသည် လူသားဖြစ်ခြင်းနှင့်အတူ ဘုရားဖြစ်ခြင်း ရောနှောပေါင်းစည်းခြင်းနှင့် ဘုရားဇာတိနှင့်အတူ လူသားဇာတိ ထာဝရရောနှောပေါင်းစည်းခြင်း ဖြစ်လာပေလိမ့်မည်။ ခရစ်တော်သည် တစ်ချိန်က ဘုရားဆိုင်ရာသာဖြစ်သည်။ ကိုယ်တော်သည် လူသားတော်ဖြစ်လာရန် အလို့ငှါ၊ သူ၌

လူ့အသက်နှင့် လူ့သဘောသဘာဝ ရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လူသားများဖြစ်ကြသည့်အတွက်၊ ဘုရားသခင်၏ သားများဖြစ်လာရန် ဘုရားသခင်၏ မွေးဖွားခြင်းကို ခံရမည်ဖြစ်သည် (ယော၊၁း၁၂–၁၃)။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားများဖြစ်လာရန်အလို့ငှါ၊ ကျွန်ုပ်တို့၌ ဘုရားအသက်နှင့် ဘုရားသဘောသဘာဝ ရှိရမည်ဖြစ်သည်။ နောက်ဆုံးတွင် ဘုရားဖြစ်တော်မူသော ကိုယ်တော်သည် လူသားအသက်နှင့် လူသားသဘောသဘာဝရှိလာ၍၊ လူသားများဖြစ်သော ကျွန်ုပ်တို့သည် ဘုရားအသက်နှင့် ဘုရားသဘောသဘာဝ ရှိလာလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်နှင့် ကျွန်ုပ်တို့၊ ကျွန်ုပ်တို့နှင့် ကိုယ်တော်သည် တစ်ထပ်တည်းအတူတူ ဖြစ်လာလိမ့်မည်ဖြစ်သည်။ ဤအရာသည် လူသားဇာတိနှင့်အတူ ဘုရားဇာတိရောနှောပေါင်းစည်းခြင်းဖြစ်ပြီး၊ ဤအရာသည် အပြန်အလှန်ကိန်းဝပ်နိုင်မည့် ဘုရားသခင်၏ အဆောက်အဦ ဖြစ်သည်။ ဤအဆောက်အဦသည် ယာကုပ်၏ အိမ်မက်သာမကဘဲ၊ ဘုရားသခင်၏ ထာဝရစီမံကိန်းကို အဆုံးစွန်ပြီးပြည့်စုံခြင်းဖြစ်လာပေမည်။ ၎င်းသည် အချိန်၏ ပေါင်းကူတံတားကို အဆုံးသတ်ကာ၊ အနာဂတ်အတွက် ထာဝရကောင်းကြီးခံရခြင်းကို အစပြုလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအဆောက်အဦအတွက် ဖြစ်ရမည်၊ ကျွန်ုပ်တို့သည် ဤအဆောက်အဦ ဖြစ်လာရမည်မဟုတ်ပါလား။

ဤအကြောင်းအရာငါးခုလုံး ဖြစ်ပေါ်လာပြီးနောက်၊ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်အတူ ထာဝရအနာဂတ်ကာလအထဲသို့ ရောက်ကြမည်ဖြစ်သည်။ ထိုအချိန်၌ ကိုယ်တော်သည် ဘုရားသခင်၏ သားတော်နှင့် လူသားတော် နှစ်မျိုးလုံးဖြစ်ပေမည်။ ဘုရားသခင်၏ သားတော်အဖြစ် ကိုယ်တော်သည် ကျွန်ုပ်တို့၏ အသက် ဖြစ်လိမ့်မည်၊ လူသားတော်အဖြစ် ကိုယ်တော်သည် ဘုရားသခင်အတွက် ကိန်းဝပ်ရာနေရာ ဖြစ်လိမ့်မည်။ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ ပေါင်းစည်းဆက်နွှယ်၍ ရောနှောပေါင်းစည်းခြင်းခံရမည့်အပြင်၊ ကိုယ်တော်နှင့်အမြဲအတူ ထာဝရမွေ့လျော်ဝမ်းမြောက်ရမည်ဖြစ်သည်။ နာသနေလနှင့်အတူ ကျွန်ုပ်တို့အားလုံးသည် ကောင်းကင်ဖွင့်လှစ်ခြင်းနှင့် လူသားတော်ပေါ်တွင် ဘုရားသခင်၏ ကောင်းကင်တမန်တို့သည် တက်လျက် ဆင်းလျက် ရှိသည်ကို မြင်ရလိမ့်မည်ဖြစ်သည်။ ဤအရာသည် ယောဟန်အခန်းကြီးတစ်၌ တွေ့မြင်ရသည့် ဖွင့်ပြခြင်းဖြစ်သည်။(*Life -study of John,* p. 65)

*ပို၍ဖတ်ရန်-* *Crystallization-study of the Gospel of John,* msg. 1

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————————————————————————————————

***Hymns,* # E- 187**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ-----------

# ယေဟောဝါ၏အိမ်တော်ကို တည်ဆောက်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဟဂ္ဂဲ၊ ၁း ၂–၅၊ ၇–၈၊ ၉ခ၊ ၁၄။ ၂း၆–၇၊ ၉က

*Day 1* **I. ဟဂ္ဂဲပရောဖက်ပြုချက်၏ အလည်ဗဟိုစဉ်းစားခြင်းမှာ ယေဟောဝါ၏ အိမ်တော်တည်ဆောက်ခြင်းသည် ယနေ့ ဘုရားသခင်လူတို့၏ ကောင်းကျိုးနှင့်သက်ဆိုင်ပြီး၊ ပြန်လည်ပြုပြင်ခြင်းခေတ်ကာလ၌ မေရှိယနှင့်အတူ မိလေနီနိုင်ငံတော်ရောက်ရှိလာခြင်းနှင့် ဆက်နွှယ်နေခြင်းဖြစ်သည် (၁း ၂၊၈။ ၂း၆–၉၊ ၂၀–၂၃။ မ၊၁၉း ၂၈။ တ၊၃း ၂၀–၂၁)။**

က။ ဓမ္မဟောင်းကျမ်း၌ ယေဟောဝါ၏ အိမ်တော် သို့မဟုတ် ဗိမာန်တော်သည် ပထမဦးဆုံးဘုရားသခင်တစ်ပါးတည်းနှင့်ဆိုင်သည့် အိမ်တော်တည်းဟူသော ခရစ်တော်ကိုပုံဆောင်ပြီး၊ ထို့နောက် စုပေါင်းထားသော ဘုရားသခင်၏ အိမ်တော်ဖြစ်သည့် ကြီးမားကျယ်ပြန့်သော ခရစ်တော်၊ ကိုယ်ခန္ဓာတော်နှင့် အသင်းတော်ကို ပုံဆောင်ခြင်းဖြစ်သည် (ယော၊ ၂း၁၉–၂၁။ ၁တိ၊၃း၁၅)။

ခ။ ယေဟောဝါ၏ အိမ်တော်သည် အသင်းတော်ကိုပုံဆောင်သောကြောင့် ကျွန်ုပ်တို့သည် ထိုပုံဆောင်ချက်၏ စစ်မှန်ခြင်းဖြစ်၍ ဟဂ္ဂဲ၏ ပရောဖက်ပြုချက်သည် ဓမ္မသစ်ယုံကြည်သူများဖြစ်ကြသော ကျွန်ုပ်တို့အား ရည်ညွှန်းခြင်းဖြစ်သည်။

**II. ကျွန်ုပ်တို့သည် ယေဟောဝါ၏ အိမ်တော်၊ ခမည်းတော်၏ အိမ်တော်တည်းဟူသော အသင်းတော်၏ပုံဆောင်ချက်ကို မြင်တွေ့ရန်လိုအပ်သည်(ဟဂ္ဂဲ၊၁း ၂။ ယော၊၁၄း ၂)။**

က။ ကိုယ်တော်၏ အိမ်ထောင်မိသားစု၊ ယေဟောဝါ၏ အိမ်တော်၊ ခမည်းတော်၏ အိမ်တော်ဖြစ်သော အသင်းတော်သည် ဘုရားသခင်၏ အသက်တိုးပွားပျံ့နှံ့ရန် တတ်စွမ်းစေသည်။ ထို့ကြောင့် ဘုရားသခင်၏ အိမ်တော်သည် ကိုယ်တော်၏ အသက် ဆက်လက်၊ တိုးပွားပျံ့နှံ့ခြင်းအတွက် နေရာဖြစ်သည် (အဋ္ဌ၊ ၂–၃။ ၁း၁၂–၁၃။ ၂၀း၁၇)။

ခ။ ယေဟောဝါ၏ အိမ်တော်၊ ခမည်းတော်၏ အိမ်တော်တည်းဟူသော အသင်းတော်၌ မျက်မြင်မရသော၊ နက်နဲသောသုံးပါးတစ်ပါးဘုရား

အတွက် မြေကြီးပေါ်ရှိ လူတို့အလယ်၌ အခိုင်အမာမြင်နိုင်သော ထင်ရှားခြင်းရှိသည် (၁တိ၊၃း၁၅–၁၆)။

ဂ။ ယေဟောဝါ၏ အိမ်တော်၊ ခမည်းတော်၏ အိမ်တော်တည်းဟူသော အသင်းတော်သည် ဘုရားသခင်၏ ကိန်းဝပ်ရာနေရာ–ဘုရားသခင် ကျေနပ်နှစ်သိမ့်၍ နားခိုနိုင်သောနေရာ– ဖြစ်သည်။ ဤကိန်းဝပ်ရာ နေရာ၌ ဘုရားသခင်သည် ကိုယ်တော်၏ အလိုဆန္ဒအား ပြီးမြောက် ပြည့်စုံစေရန်နှင့် ကိုယ်တော်၏ စိတ်နှလုံး အလိုဆန္ဒကို ကျေနပ်နှစ်သိမ့် စေရန် အသက်ရှင်နေထိုင်ပြီး၊ လှုပ်ရှားလုပ်ဆောင်နေသည် (ဧ၊၂း၂၂။ ၁း၅၊၉၊၁၁။ ဖိ၊၂း၁၃)။

ဃ။ ဘုရားဘုန်းတော်နှင့်အတူ ခမည်းတော်အားဖြင့် ခရစ်တော်၏ ဘုန်းထင်ရှားခြင်းမှထွက်ပေါ်လာသော ယေဟောဝါ၏ အိမ်တော်နှင့် ခမည်းတော်၏ အိမ်တော်ဖြစ်သော အသင်းတော်သည် ကိုယ်တော် ၏ ရွေးနုတ်ခံ၊ အသစ်မွေးဖွားခံနှင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်းခံရ သော ရွေးချယ်ခံများနှင့်အတူ စေ့စပ်ထုံးဖွဲ့ထားသော အဆင့်ဆင့် ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံတော်မူသော သုံးပါးတစ်ပါးဘုရား၏ ဘုးရားနှင့်လူ အပြန်အလှန်ပေါင်းစည်းခြင်းဖြစ်သည် (ယော၊၁၂း ၂၃။ ၁၃း၃၁ –၃၂။ ၁၄း၂)။

င။ ယေဟောဝါ၏ အိမ်တော်၊ ခမည်းတော်၏ အိမ်တော်တည်းဟူသော အသင်းတော်သည် ကိုယ်တော်၏ ထာဝရထင်ရှားခြင်း အတွက် ထာဝရပန်းတိုင်ဖြစ်သော ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့် စုံရန်၊ ကိုယ်တော်၏ ထာဝရစီမံကိန်းကို သယ်ဆောင်ရန် ထာဝရ အကြံအစည်ရှိသော သုံးပါးတစ်ပါးဘုရားအတွက် ဖြစ်သည် (ဧ၊၃း၉–၁၁။ ဗျာ၊၂၁း၂၊၁၀–၁၁)။

စ။ ယေဟောဝါ၏ အိမ်တော်၊ ခမည်းတော်၏ အိမ်တော်တည်းဟူသော အသင်းတော်သည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအသက်၌ တည်ရှိနေသည်။ ထို့ကြောင့်၊ အသင်းတော်သည် “ရှင်ပြန်ထမြောက် ခြင်းဆိုင်ရာ” ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းသည် ရှင်ပြန်ထမြောက် ခြင်း၌ ရှင်သန်သောဖြစ်တည်ခြင်း လုံးလုံးဖြစ်သည်။

*Day 2*

ဆ။ ယေဟောဝါ၏ အိမ်တော်၊ ခမည်းတော်၏ အိမ်တော်တည်းဟူသော

အသင်းတော်၌ ကျွန်ုပ်တို့သည် ဘုရားသခင်ကို စုပေါင်းတွေ့ကြုံခံစား ခြင်းနှင့် ကိုယ်တော်၏ အိမ်တော်၌ ဖွင့်ပြခြင်းခံရသော အရာအားလုံး ပြည့်စုံသောဘုရားသခင်ကို တွေ့ကြုံခံစားခြင်းအထဲသို့ ဝင်ရောက်ရ မည် ဖြစ်သည် (က၊၃၅း၁၊၃၊၇၊၁၁)။

**III. ခမ္မသစ်ကျမ်း၌ ယေဟောဝါ၏ အိမ်တော်နှင့် ခမည်းတော်၏ အိမ် တော်တည်းဟူသော အသင်းတော်တည်ဆောက်ခြင်းနည်းလမ်း ကို ဖွင့်ပြထားသည် (ဟဂ္ဂဲ၊၁း၈၊၁၄)။**

က။ ယေဟောဝါ၏ အိမ်တော်၊ ခမည်းတော်၏ အိမ်တော်အား လူသား ဇာတိနှင့် ဘုရားဇာတိ၏ ရောနှောပေါင်းစည်းခြင်းအားဖြင့် တည် ဆောက်ထားခြင်းဖြစ်သည် (ယော၊၁၄း၂၀။ ၁၅း၄က။ ၁ယော၊၄း ၁၅)။

၁။ ဘုရားသခင်၏ တည်ဆောက်ခြင်းအလေ့အလာမှာ ခရစ်တော်၌ ကျွန်ုပ်တို့အထဲသို့ ကိုယ်တော်တိုင် တည်ဆောက်ခြင်းနှင့် ခရစ် တော်၌ ကိုယ်တော်ကိုယ်တိုင်အထဲသို့ ကျွန်ုပ်တို့ကို တည် ဆောက်ပေးနေခြင်းဖြစ်သည် (ဧ၊၃း၁၇က။ ယော၊ ၁၄း၂၀)။

၂။ အသင်းတော်ဆိုသည်မှာ လူသားဆိုင်ရာဒြပ်ဝတ္ထုဖြစ်သော လူနှင့်အတူ ရောနှောပေါင်းစည်းသော ဘုရားဆိုင်ရာဒြပ်ဝတ္ထု ဖြစ်သော ဘုရားသခင်ကိုယ်တော်တိုင်အားဖြင့် ပေါင်းစပ်ဖွဲ့ စည်းထားခြင်းဖြစ်သည် (၁ဘုရင်၊၆း၇၊၁၅၊ ၂၀–၂၁။ ၁ကော၊၃း ၉၊ ၁၁–၁၂က)။

(က) ဘုရားဇာတိနှင့် လူသားဇာတိဖြစ်သည့် ခရစ်တော်၏ သဘောသဘာဝနှစ်ခုသည် တစ်လုံးတစ်ဝတည်းအဖြစ် အတူတကွ ပေါင်းစည်းဆက်နွှယ်ပြီး၊ အတူတကွ ရောနှော ပေါင်းစည်းခြင်းဖြစ်သည် (လု၊၁း၃၅)။

(ခ) အလေ့အလာ၌ အသင်းတော်သည် ခရစ်တော်ဖြစ်သည့် နည်းတူ ဖြစ်သည်–တစ်ခုတည်းသော ဖြစ်တည်ခြင်းဖြစ် လာရန် ဘုရားသဘောသဘာဝသည် လူသားသဘော သဘာဝနှင့်အတူ ရောနှောပေါင်းစည်းခြင်းဖြစ်သည် (ယော၊၁၄း၂၀)။

**Day 3**

ခ။ ယေဟောဝါ၏ အိမ်တော်နှင့် ခမည်းတော်၏ အိမ်တော်တည်းဟူသော အသင်းတော်ကို တည်ဆောက်ခြင်းသည် ယုံကြည်သူများ၏ အသက်၌ ကြီးထွားခြင်းအားဖြင့် ဖြစ်သည်။ အသက်၌ ကြီးထွားခြင်းသည် တည်ဆောက်ခြင်းဖြစ်သည် (၁ကော၊၃း၆–၉၊၁၆–၁၇။ ဧ၊၂း၂၁။ ၄း၁၅–၁၆)။

၁။ ဘုရားသခင်၏ အိမ်တော်သည် အသက်ရှင်ခြင်းဖြစ်သောကြောင့် ၎င်းသည် ကြီးထွားလျက်ရှိသည်။ ဘုရားသခင်၏ အိမ်တော်ကို စစ်မှန်စွာ တည်ဆောက်ခြင်းသည် ကျွန်ုပ်တို့၏ အသက်၌ ကြီးထွားခြင်းအားဖြင့်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် အသက်၌ ပို၍ကြီးထွားခြင်းရှိလေလေ၊ တည်ဆောက်ခြင်း၌ ပို၍ ရှိလေလေဖြစ်သည် (၁ပေ၊ ၂း၅။ ဧ၊၂း၂၁)

၂။ အသက်၌ကြီးထွားခြင်းသည် ဦးခေါင်းတော်၊ ခရစ်တော်အထဲသို့ ကြီးထွားခြင်းနှင့် ကြီးရင့်သောလူအဖြစ်သို့ ရောက်ရှိသည့်တိုင် အရာရာတိုင်း၌ ကျွန်ုပ်တို့တွင် ခရစ်တော်တိုးပွားလာခြင်းဖြစ်သည် (၄း၁၅၊ ၁၃)။

၃။ ကိုယ်ခန္ဓာတော်သည် ကြီးထွားခြင်းအားဖြင့် ကိုယ်တိုင်တည်ဆောက်နေခြင်းဖြစ်သည်။ ကြီးထွားခြင်းသည် တည်ဆောက်ခြင်းဖြစ်သည် (အငယ်၊၁၆)။

ဂ။ ယေဟောဝါ၏ အိမ်တော်၊ ခမည်းတော်၏ အိမ်တော်တည်းဟူသော အသင်းတော်ကို တည်ဆောက်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌ ခရစ်တော်သည် သူ၏ အိမ်တော်ဆောက်လုပ်ခြင်း၏ ရလဒ်ဖြစ်သည် (၃း၁၇က)။

၁။ မ၊၁၆း၁၈၌ အသင်းတော်ကို ပြည့်စုံစွာတည်ဆောက်ခြင်းနှင့် စပ်လျဉ်းပြီး သခင်ဘုရား၏ စကားတော်၌ပါရှိသည့်အတိုင်း ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌၊ ကျွန်ုပ်တို့၏ အတွင်းဖြစ်ခြင်း၌ ခရစ်တော်ပိုင်ဆိုင်၍ နေရာယူရန်နှင့် ပျှော်ဝင်ပြည့်ဝလာသည်အထိ ကိုယ်တော်၏ အိမ်တော်တည်ဆောက်ခြင်းကို အခွင့်ပေးရမည် ဖြစ်သည်။ ဤသည်မှာ ယေဟောဝါ၏ အိမ်တော်၊ ခမည်းတော်၏ အိမ်တော်တည်းဟူသော အသင်းတော်ကိုတည်ဆောက်

ရန်နည်းလမ်း ဖြစ်သည်။

၂။ ခရစ်တော်သည် ကျွန်ုပ်တို့၏ အတွင်းပိုင်းဖြစ်ခြင်း၌ ပို၍နေရာယူခြင်းရှိသောအခါ၊ ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရား၏ စုပေါင်းထင်ရှားခြင်းဖြစ်လာရန် အခြားသူများနှင့်အတူ ပို၍ တည်ဆောက်ခြင်း ရှိလာနိုင်မည်ဖြစ်သည် (ဧ၃း၁၇–၂၁)။

**Day 4**

ဃ။ ယေဟောဝါ၏ အိမ်တော်၊ ခမည်းတော်၏ အိမ်တော်တည်းဟူသော အသင်းတော်တည်ဆောက်ခြင်းမှာ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားနှင့် သူ၏ရွေးနုတ်ခံများ အပြန်အလှန်ကိန်းဝပ်ရာနေရာဖြစ်လာရန် ရွေးနုတ်ခံများ၌ ကိန်းဝပ်တော်မူသော ဝိညာဉ်တော်နှင့်အတူ ခမည်းတော်နှင့် သားတော်၏ရွေးနုတ်ခံများထံသို့ မှန်မှန်သွားရောက်လည်ပတ်ခြင်းဖြင့် ဖြစ်သည် (ယော၁၄း၂၃။ ၁၅း၄က)။

၁။ ခမည်းတော်နှင့် သားတော်သည် သုံးပါးတစ်ပါးဘုရားနှင့် ကျွန်ုပ်တို့အတွက် အပြန်အလှန်ကိန်းဝပ်ရာနေရာဖြစ်လာမည့် အိမ်တော်တည်ဆောက်ခြင်းအား ကျွန်ုပ်တို့၌ တည်ဆောက်ခြင်းအလုပ်ကိုလုပ်ဆောင်ရန်၊ ကျွန်ုပ်တို့ထံ ရောက်လာမည်ဖြစ်သည် (၁၄း၂၊ ၂၃)။

၂။ ဤသည်မှာ သုံးပါးတစ်ပါးဘုရား၏ စဉ်ဆက်မပြတ် ရောက်ရှိလာခြင်းအားဖြင့် ခမည်းတော်၏ အိမ်တော်ကို တည်ဆောက်ခြင်းဖြစ်သည်။

င။ ယေဟောဝါ၏ အိမ်တော်၊ ခမည်းတော်၏ အိမ်တော်တည်းဟူသော အသင်းတော်သည် အဆုံးတိုင်အစေခံရန် ကျမ်းစာ၏နည်းလမ်းကို လေ့ကျင့်ခြင်းအားဖြင့် တည်ဆောက်နေခြင်းဖြစ်သည် (ဧ၄း၁၁–၁၆။ ၁ကော၁၄း၂၄–၂၆၊၃၁။ ဟဂ္ဂဲ၁း၈၊ ၁၄)။

၁။ အဆုံးတိုင်အစေခံရန် ကျမ်းစာ၏နည်းလမ်းသည် ဆရာ–တပည့်စနစ်ကို ပယ်ဖျက်၍၊ ရှင်သန်သော ခရစ်တော်ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအားလုံး၏ ဆုကျေးဇူးများ၊ လုပ်ဆောင်မှုများနှင့် အစွမ်းအစကို တိုးတက်လာစေရန်အတွက် ဖြစ်သည် (မ၊၂၀း ၂၅–၂၈။ ရော၁၂း၄–၆)။

၂။ အဆုံးတိုင်အစေခံရန် ကျမ်းစာ၏နည်းလမ်းကို လေ့ကျင့်ခြင်းအားဖြင့် သခင်ဘုရားသည် ဧဝံဂေလိယဇ်ပုရောဟိတ် အရိုက်အရာ (၁၅း၁၆)၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို အသက်ရှင်၊ လှုပ်ရှားလုပ်ဆောင်သော ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များဖြစ်လာရန် စုံလင်စေခြင်း (ဧ၄း၁၂၊၁၆။ ဟေဗြဲ၁၀း၂၄–၂၅)နှင့် ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် အပြန်အလှန် ပရောဖက်ပြုခြင်း၌ရှိသော အသင်းတော်အစည်းအဝေးများကို ပြန်လည်ရယူနေခြင်းဖြစ်သည် (၁ကော၊ ၁၄း၄ခ၊ ၂၄က၊ ၂၆၊ ၃၁)။

**Day 5** **IV. "လူမျိုးအပေါင်းတို့ကိုလည်း ငါလှုပ်ဦးမည်။ လူမျိုးအပေါင်းတို့နှစ်သက်ဖွယ်သောအရာသည် ရောက်၍"(ဟဂ္ဂဲ၊၂း၇က)။**

က။ ဤသည်မှာ လူမျိုးအပေါင်းတို့၏နှစ်သက်ဖွယ်သောသူတည်းဟူသော ခရစ်တော်ကိုရည်ညွှန်းသည် (မာလ၊၃း၁ခ)။

ခ။ လူမျိုးအပေါင်းတို့၏နှစ်သက်ဖွယ်သောသူတည်းဟူသော ခရစ်တော်၏ ကြွလာခြင်းသည် ဗာဗုလုန်မြို့၌ ဘုရားသခင်၏လူတို့ ဖမ်းဆီးခံရခြင်းမှ ပြန်လာခြင်းနှင့် ဘုရားသခင်၏ အိမ်တော်တည်ဆောက်ခြင်းအား ပြန်လည်ရယူခြင်းအပေါ် တွင် မူတည်သည် (၁တိ၊၃း၁၅။ ၁ပေ၊၂း၅)။

ဂ။ အသင်းတော်သည် သခင်ဘုရား၏ အလိုဆန္ဒနှင့်အညီ ဘုရားသခင်၏ အိမ်တော်နှင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် တည်ဆောက်ခြင်းသာလျှင် နိုင်ငံတော်ခေတ်ကာလအထဲသို့ ဝင်ရောက်ခြင်းအတွက် လှေကားထစ်ဖြစ်နိုင်သည်။ ထို့ကြောင့် ကိုယ်တော်ပြန်လည်ကြွလာခြင်းအတွက် သခင်ဘုရားသည် တည်ဆောက်ခြင်းခံရန် အသင်းတော်ကို လိုအပ်သည် (မ၊၁၆း၁၈–၁၉၊ ၂၇–၂၈)။

**Day 6** **V. "ဤအိမ်ကို ဘုန်းနှင့် ငါပြည့်စုံစေမည်ဟု၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့်တော်မူ၏။ နောက်တည်သော ဤအိမ်တော်သည် အရင်အိမ်တော်ထက် ဘုန်းသာ၍ကြီးလိမ့်မည်ဟု၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့်တော်မူ၏" (ဟဂ္ဂဲ၊၂း၇ခ၊ ၉က)။**

က။ ဘုရားသခင်၏ဘုန်းတော်သည် ဘုရားသခင်၏ အဆောက်အဦ၊ ယေဟောဝါ၏ အိမ်တော်၌ ရှိသည် (ထွ၊၄၀း၃၄–၃၅။ ၁ဘုရင်၊၈း၁၀–၁၁။ ၂ရာ၊၇း၁။ ၅း၁–၂၊ ၁၃–၁၄။ ဧ၊၃း ၂၁။ ဗျာ၊ ၂၁း၁၀–၁၁)။

ခ။ ဘုရားသခင်၏ရူပါရုံ၌ ယေဇကျေလသည် ယေဟောဝါ၏ အိမ်တော်သို့ ယေဟောဝါ၏ ဘုန်းတော်ဝင်၍၊ အိမ်တော်ကို ပြည့်စေကြောင်း မြင်တွေ့ခဲ့သည် (ယေဇ၊၄၃း၁–၅)။

၁။ အိမ်တော်တည်ဆောက်ခြင်း ပြီးစီးသွားသောကြောင့် ယေဟောဝါ၏ ဘုန်းတော်သည် အိမ်တော်သို့ ဝင်ရောက်သွားခြင်းဖြစ်သည် (အငယ်၊ ၂၊၅)။

၂။ ဤသည်မှာ ဘုရားသခင်၏ဘုန်းတော်သည် အသင်းတော်၌ ကိန်းဝပ်ခြင်းရှိရန်အလို့ငှါ အသင်းတော်သည် ဘုရားသခင်၏ ကိန်းဝပ်ရာနေရာဖြစ်လာရန် တည်ဆောက်ခြင်းခံရမည်ဖြစ်သည် (ဧ၊ ၂း ၂၁–၂၂။ ၃း၁၄–၂၁)။

ဂ။ အသင်းတော်၌ ပထမဦးဆုံး ကျွန်ုပ်တို့၌ရှိရမည့် စဉ်းစားခြင်းမှာ သခင်ဘုရား၏ ဘုန်းတော်ဖြစ်သည်။ အသင်းတော် အသက်တာ၌ ဆုံးဖြတ်ချက်များကို အဓိကအားဖြင့် သခင်ဘုရား၏ ဘုန်းတော်နှင့် အညီ ရှိစေရမည်ဖြစ်သည် (၁ကော၊၁၀း၃၁။ ဧ၊၃း ၂၁။ ဖိ၊၄း ၂၀။ ၁ပေ၊၄း၁၁)။

ဃ။ အသင်းတော်အသက်တာကို ကျွန်ုပ်တို့၏ တွေ့ကြုံခံစားခြင်း၌ ကျွန်ုပ်တို့သည် တိုးတက်မှုရှိဖို့လိုသည်။ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကိန်းဝပ်ရာနေရာ၌ရှိသော ဘုန်းတော်ကို တွေ့ကြုံခံစားခြင်း ရှိလိမ့်မည်ဖြစ်သည် (ယော၊၁၇း ၂၂။ ဧ၊၃း ၂၁)။

## နံနက်ခင်းကျွေးမွေးခြင်း

**ဟဂ္ဂဲ၊ ...အချိန်မရောက်သေး၊ ထာဝရဘုရား၏အိမ်တော်ကို တည်ဆောက်**
**၁း၂ ရသောအချိန် မရောက်သေးဟု၊ ဤလူများပြောဆိုကြသည်မှာ၊**
**၈ တောင်ပေါ်သို့တက်သွား၍ သစ်သားကိုဆောင်ခဲ့ပြီးလျှင် အိမ်တော်ကို ဆောက်ကြလော့။ ငါသည်လည်း အားရ၍ ငါ၏ဘုန်းသည် ထင်ရှားလိမ့်မည်ဟု၊ ယေဟောဝါဘုရားမိန့်တော်မူ၏။**

ဟဂ္ဂဲပရောဖက်ပြုချက်၏ အကြောင်းအရာသည် ကိုယ်တော်၏ အိမ်တော်တည်ဆောက်ခြင်းအတွက် ဖမ်းဆီးခံရခြင်းမှ ပြန်လာသောသူများအား ယေဟောဝါ၏ ဆက်ဆံဖြေရှင်းခြင်းဖြစ်သည်။ ဟဂ္ဂဲအနာဂတ္တိကျမ်း၏ အလယ်ဗဟိုစဉ်းစားခြင်းမှာ ယေဟောဝါ၏ အိမ်တော်တည်ဆောက်ခြင်းသည် ယနေ့ ဘုရားသခင့်လူတို့၏ကောင်းကျိုးနှင့် ပြန်လည်ပြုပြင်ခြင်းခေတ်ကာလ၌ မေရှိယနှင့်အတူ မိလေနိနိုင်ငံတော်ရောက်ရှိလာခြင်းနှင့် ဆက်နွှယ်ခြင်းအကြောင်း ဖြစ်သည်။ ဓမ္မဟောင်းကျမ်း၌ ယေဟောဝါ၏ အိမ်တော် သို့မဟုတ် ဗိမာန်တော်သည် ရှေးဦးစွာ ဘုရားသခင်တစ်ပါးတည်းနှင့်ဆိုင်သည့် အိမ်တော်တည်းဟူသော ခရစ်တော်ကိုပုံဆောင်ပြီး၊ ထို့နောက် စုပေါင်းထားသော ဘုရားသခင်၏ အိမ်တော်ဖြစ်သည့် ကြီးမားကျယ်ပြန့်သော ခရစ်တော်၊ ကိုယ်ခန္ဓာတော်နှင့် အသင်းတော်ကို ပုံဆောင်ခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ထိုပုံဆောင်ချက်၏ စစ်မှန်ခြင်းဖြစ်သောကြောင့် ဟဂ္ဂဲက ကျွန်ုပ်တို့အား ရည်ညွှန်းခြင်းဖြစ်ကြောင်းကို စဉ်းစားဆင်ခြင်ရမည် ဖြစ်သည်။ ဖမ်းဆီးခံရခြင်းမှ ပြန်လာသောသူများကို ယေဟောဝါ၏ ဆက်ဆံဖြေရှင်းခြင်းသည် ပြန်လည်ရယူခြင်း၌ရှိသော ကျွန်ုပ်တို့ကို ကိုယ်တော်၏ ဆက်ဆံဖြေရှင်းခြင်းအား ပုံဆောင်ခြင်းဖြစ်သည်။ (*Life-study of Haggai*, p. 2)

## ယနေ့ဖတ်စရာ

ဘုရားသခင်သည် ကိုယ်တော်၏ အသက် ဆက်လက်ဖြစ်ပွားခြင်းကို ပျော်ရွှင်ဝမ်းမြောက်မှုရှိသည်။ ဘုရားသခင်သည် မိသားစုရှိရခြင်း၏ အကြောင်းရင်းမှာ ကိုယ်တော်သည် သားများကိုရရှိရန် အလိုဆန္ဒရှိသောကြောင့် ဖြစ်သည်။ တစ်ချို့သော မိသားစုများသည် ဇီဝဗေဒဆိုင်ရာအကြောင်းများကြောင့် သားသမီးများမရရှိနိုင်ကြသော်လည်း အလေ့အလာအရ မိသားစုတစ်စုသည် သားသမီးများကို မွေးဖွားပေးသောနေရာဖြစ်သောကြောင့် မိသားစုဟုခေါ် ဆိုခြင်းဖြစ်သည်။ သားသမီးများသည် အသက်

၏ တိုးပွားခြင်းနှင့် ဆက်လက်ဖြစ်ပွားခြင်းဖြစ်သည်။ ထို့ကြောင့် ရှေးဦးစွာ ဘုရားသခင် အဖို့ မိသားစု၏ အရေးပါမှုမှာ ဘုရားအသက်အား ဆက်လက်တိုးပွားစေရန် ဖြစ်သည်။ ဤသည်မှာ မိသားစုတစ်စု၏ အမှတ်သင်္ကေတဖြစ်သော အဓိပ္ပါယ်ဖြစ်ပြီး၊ ဘုရားသခင်၏ အိမ်တော်သည် အသက်၏ ဆက်လက်ဖြစ်ပွားခြင်းနှင့် တိုးပွားခြင်းအတွက် နေရာဖြစ်ကြောင်းကို ပြသနေသည်။ ဤသည်မှာ စကြဝဠာ၌ အသက်ဆက်လက်တိုးပွားနိုင်ရန် တစ်ခုတည်းသောနေရာ ဖြစ်သည်။ ဤသည်မှာ အိမ်တော်နှင့်စပ်လျဉ်းပြီး ပထမဦးဆုံးသော ပုံဆောင်ချက်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အိမ်တော်ကို ထိတွေ့ခြင်းရှိသောအခါ၊ ဘုရားသခင်၏ အသက်ကို ထိတွေ့ခြင်းရှိကြမည်ဖြစ်သည်။ အကြောင်းမှာ အသက်ရှင်ခြင်း ဆက်လက်ရှိသောနေရာသည် မိသားစုရှိသောနေရာဖြစ်သောကြောင့်တည်း။(*How to Administrate the Church,* pp. 10-11)

ခမည်းတော်၏ အိမ်တော်နှင့်စပ်လျဉ်းပြီး ၎င်း၏ ရည်ရွယ်ချက်မှာ ပထမဆုံး မျက်မြင်မရသော၊ နက်နဲသော သုံးပါးတစ်ပါးဘုရားအတွက် မြင်နိုင်၍ ဒြပ်ကိုယ်ထည်ထင်ရှားခြင်း—အသင်းတော်၊ ထိုအသင်းတော်မှာ မြေကြီးပေါ် ရှိလူတို့အလယ်၌ သူတို့၏ အသက်၌ကြီးထွားခြင်းနှင့် ကိုယ်တော်၏ နားခိုခြင်း၊ ကျေနပ်နှစ်သိမ့်ခြင်းနှင့် ထင်ရှားခြင်း(ဧ၊ ၂း၁၉)အတွက် ဘုရားသခင်၏ သားများ၊ ကိုယ်တော်၏ ဘုရားအသက်နှင့်အတူ ဘုရားသခင်၏ မျိုးစိတ်အားဖြင့် စေ့စပ်ထုံးဖွဲ့ထားသော မြင်နိုင်၍ ခိုင်မာတောင့်တင်းသောအိမ်ထောင်စု ဖြစ်သည် (၁တိ၊၃း၁၅–၁၆)။ (The Issue of Christ Being Glorified by the Father with the Divine Glory, pp.35,49)

ဘုရားသခင်၏ အိမ်တော်တည်းဟူသော အသင်းတော်သည် ဘုရားသခင်၏ ကိန်းဝပ်ရာနေရာဖြစ်သည်။ ဧ၊၂း၂၂၌ "ထိုဗိမာန်တော်၌ သင်တို့သည်လည်း ဝိညာဉ်၌ ဘုရားသခင်၏ ကိန်းဝပ်ရာနေရာအထဲသို့ အတူတကွတည်ဆောက်ခြင်းခံလျက်ရှိကြ၏" ဟုပြောဆိုထားသည်။ မြေကြီးပေါ် တွင်ရှိသော ဘုရားသခင်၏ ကိန်းဝပ်ရာနေရာ၊ အသင်းတော်သည် ဘုရားသခင်၏ နားခိုရာနေရာနှင့် ကိုယ်တော်ယုံကြည်၊ ကိုးစားရသောနေရာဖြစ်သည်။ ဤကိန်းဝပ်ရာနေရာ၌ ဘုရားသခင်သည် ကိုယ်တော်၏ အလိုဆန္ဒကို ပြီးမြောက်ပြည့်စုံစေရန်နှင့် ကိုယ်တော်၏ စိတ်နှလုံးအလိုဆန္ဒကို ကျေနပ်နှစ်သိမ့်စေရန် အသက်ရှင်ပြီး၊ လုပ်ဆောင်နေသည်။(*The Conclusion of the New Testament, p.2229)*

ဘုရားသခင်၏ အိမ်တော်နှင့်စပ်လျဉ်းပြီး ၎င်း၏ အကြံအစည်တော်သည် ကိုယ်တော်

၏ ထာဝရကာလတိုင် ကျယ်ပြန့်ခြင်းနှင့် ထင်ရှားခြင်းအတွက် ထာဝရပန်းတိုင်တည်းဟူသော ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံရန်အတွက် ကိုယ်တော်၏ ထာဝရ စီမံကိန်းကို သယ်ဆောင်ရန် ထာဝရအကြံအစည်ရှိသော သုံးပါးတစ်ပါးဘုရားအတွက်လည်းဖြစ်သည်။ နောက်ဆုံး၌ ဘုရားသခင်၏ ကိန်းဝပ်ရာနေရာတည်းဟူသော ဘုရားသခင်၏ အိမ်တော်သည် ကိုယ်တော်၏ ထာဝရကာလတိုင် ကျယ်ပြန့်ခြင်းနှင့် ထင်ရှားခြင်းအတွက် ယေရုရှလင်မြို့သစ်၊ ကိုယ်တော်၏ ထာဝရပန်းတိုင်လာဖြစ်လိမ့်မည် ဖြစ်သည်။ (*The Issue of Christ Being Glorified by the Father with the Divine Glory, p.35)*

အသင်းတော်သည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌၊ ရှင်ပြန်ထမြောက်တော်မူသောခရစ်တော်အားဖြင့် ဖန်ဆင်းခံရသော ဖန်ဆင်းခြင်းအသစ် ဖြစ်သည်။ အသင်းတော်သည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ ထုတ်လုပ်ခဲ့ကြောင်း(ရူပါရုံ)ကို မြင်တွေ့ခြင်းအပြင်၊ အသင်းတော်သည် မည်သည့်နေရာ၌တည်ရှိနေကြောင်းကိုလည်း ကျွန်ုပ်တို့မြင်တွေ့ရမည်ဖြစ်သည်။ ယနေ့ အသင်းတော်သည် တက်ကြွခြင်း၌ရှိသော ခရစ်တော်၌ ရှိသည်။ ဧ၊ ၂း၆ ၌ အသင်းတော်သည် ခရစ်တော်နှင့်အတူ ရှင်ပြန်ထမြောက်ခဲ့ပြီး၊ ယခု အသင်းတော်သည် ခရစ်တော်နှင့်အတူ ကောင်းကင်များ၌ နေရာချထားကြောင်းကို ပြောဆိုထားသည်။ ထို့ကြောင့် အသင်းတော်သည် ရှင်ပြန်ထမြောက်ခြင်း၌ ခရစ်တော်၏ စင်ကြယ်သော ဒြပ်သဘောသဘာဝလုံးလုံးဖြစ်ပြီး၊ ကောင်းကင်များ၌ ခရစ်တော်နှင့်အတူ လုံးလုံးရှိနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုသို့သော အသင်းတော်နှင့်စပ်လျဉ်းသောရူပါရုံကိုသိစေရန် အသစ်သော ဝေါဟာရစကားလုံးများကို တီထွင်ရမည်။ ယနေ့ အသင်းတော်သည် "ခရစ်တော်ဆိုင်ရာ"၊ "ရှင်ပြန်ထမြောက်ခြင်းဆိုင်ရာ"နှင့် ကောင်းကင်ဆိုင်ရာဖြစ်ကြောင်း ကျွန်ုပ်တို့ပြောဆိုနိုင်သည်။ (*Elders'Training, Book2:The Vision of the Lord's Recovery*,p.38)

*ပို၍ဖတ်ရန်- Life-study of Hosea,* msg. 1; *Life-study of Colossians,* msg. 1

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————

———————————————————————————————

———————————————————————————————

———————————————————————————————

———————————————————————————————

———————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ ၁၄း၂၀** **ငါသည် ခမည်းတော်၌ရှိသည်ကိုလည်းကောင်း၊ သင်တို့သည် ငါ၌ရှိသည်ကိုလည်းကောင်း၊ ငါသည် သင်တို့၌ရှိသည်ကိုလည်းကောင်း၊ ထိုနေ့၌ သင်တို့သည် သိရကြလိမ့်မည်။**

**၁ယော၊ ၄း၁၅** **ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို ဝန်ခံသောသူမည်သည်ကား၊ ဘုရားသခင်၌တည်၏။ ဘုရားသခင်သည်လည်း ထိုသူ၌တည်တော်မူ၏။**

အရာအားလုံးပြည့်စုံသော ဘုရားသခင်သည် ဗေသလကို တည်ဆောက်ခြင်းအတွက် ဖြစ်သည်။ ဘုရားသခင်သည် အသင်းတော်အသက်တာအတွက်၊ မြေကြီးပေါ်၌ရှိသော ကိုယ်တော်၏အိမ်တော်တည်ဆောက်ခြင်းအတွက် အရာအားလုံးပြည့်စုံသော အရှင် ဖြစ်သည်။ သင်သည် တစ်ဦးချင်းနည်းလမ်း၌ အရာအားလုံးပြည့်စုံသော ဘုရားသခင်ကို တွေ့ကြုံခံစားနိုင်မည်မဟုတ်ပါ။ အရာအားလုံးပြည့်စုံသောဘုရားသခင်ကို တွေ့ကြုံခံစားနိုင်ရန်အလို့ငှါ သင်သည် ဗေသလ၌၊ ဘုရားသခင်၏ အိမ်တော်၌၊ အသင်းတော်အသက်တာ၌ ရှိရမည်ဖြစ်သည်။

တစ်ဦးချင်းဆိုင်သော ယုံကြည်သူအနည်းငယ်မျှသာ တွေ့ကြုံခံစားရန်အတွက် ဘုရားသခင်သည် အလွန်ပင် အရာအားလုံးပြည့်စုံသည်ထက် ပိုနေမည်ဖြစ်သည်။ တစ်ဦးချင်းဆိုင်ရာအနေဖြင့် ကျွန်ုပ်တို့၌ အလွန်ပင် အကန့်အသတ်ရှိနေသည်။ ဘုရားသခင်၏ အရာအားလုံးပြည့်စုံခြင်းအတွက် စုပေါင်းထားသောကိုယ်ခန္ဓာတော်ကို လိုအပ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ဤအသွင်သဏ္ဍာန်၌ တွေ့ကြုံခံစားခြင်းရှိရန်အလို့ငှါ အိမ်တော်ကို လိုအပ်သည်။ (*Life-study of Genesis*, p. 1040)

## ယနေ့ဖတ်စရာ

အသင်းတော်သည် ဘုရားနှင့်လူ၊ လူနှင့်ဘုရား ရောနှောပေါင်းစည်းခြင်းအပေါ်တွင် တည်ဆောက်ထားသည်။ ကျွန်ုပ်တို့သည် စစ်မှန်ခြင်း၌ အသင်းတော်ဖြစ်ခြင်းအတိုင်းအတာမှာ ကျွန်ုပ်တို့၌ ဤရောနှောပေါင်းစည်းခြင်း မည်မျှရှိခြင်းအပေါ်တွင်မူတည်သည်။ အသင်းတော်သည် တစ်ဦးချင်းဖြစ်တည်နေသောအရာမဟုတ်ဘဲ၊ စုပေါင်းထားသောဖြစ်တည်ခြင်းဖြစ်ကြောင်း၊ သခင်ဘုရားကို အစေခံခြင်းသည် တစ်ဦးချင်းဆိုင်သောအကြောင်းအရာမဟုတ်ဘဲ၊ ကိုယ်ခန္ဓာတော်ဆိုင်ရာ အကြောင်းအရာဖြစ်ကြောင်း ကျွန်ုပ်တို့သည် ဩဝါဒဆိုင်ရာ နားလည်ကောင်းနားလည်နိုင်မည်ဖြစ်သည်။

သို့သော်လည်း အမှန်တကယ်၌ ကျွန်ုပ်တို့သည် အသင်းတော်၏ အလင်း၌ သို့မဟုတ် ဘုရားနှင့်လူ ရောနှောပေါင်းစည်းခြင်း၌ အသက်မရှင်သေးဘဲ ဖြစ်ကောင်းဖြစ်နိုင်သည်။

သခင်ဘုရား၏ ကရုဏာတော်အားဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၌ လုပ်ဆောင်ရန်နှင့်တည်ဆောက်ရန် ဘုရားနှင့်လူ၊ လူနှင့်ဘုရား ရောနှောပေါင်းစည်းခြင်းအား ခွင့်ပြုမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် အသင်းတော်၏ စစ်မှန်ခြင်းရှိလာလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ပြတ်ပြတ်သားသား လူနှင့်ဘုရား ရောနှောပေါင်းစည်းခြင်းအား ရယူ၍၊ စဉ်းစားရန်၊ အလေးထားရန်နှင့် အလိုဆန္ဒရှိရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံးသည် ကျွန်ုပ်တို့အတွင်းပိုင်း၌ လူနှင့်ဘုရား ရောနှောပေါင်းစည်းခြင်းသို့ လှည့်ပြန်ရမည်ဖြစ်သည်။ ထို့နောက် ကျွန်ုပ်တို့သည် ဩဝါဒသက်သက် နားလည်သဘောပေါက်ခြင်းသို့မဟုတ် မြင်တွေ့ခြင်းထက်ပိုသောအရာကို ရရှိလိမ့်မည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ အတွင်းပိုင်း၌ စစ်မှန်သော တည်ဆောက်ခြင်းအလုပ် ရှိလာလိမ့်မည်ဖြစ်သည်။

ဘုရားသခင်သည် လူအထဲသို့ဝင်ရောက်ရန်အလို့ငှါ လူ့ဇာတိခံရန် လိုအပ်သည်။ လူသည် ဘုရားသခင်အထဲသို့ဝင်ရောက်ရန် အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းဖြစ်စဉ်ကို လိုအပ်သည်။ ဤသည်မှာ ဘုရားသခင်၏ တည်ဆောက်ခြင်း အလေ့အလာပင် ဖြစ်သည်။

ကျွန်ုပ်တို့၌ရှိသော ဘုရားသခင်၏ တည်ဆောက်ခြင်းအလုပ်သည် အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း၏ အလုပ် ဖြစ်သည်။ ဘုရားသခင်၏ တည်ဆောက်ခြင်း အလေ့အလာသည် အသေခံခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းဖြစ်သည်။ ကိုယ်တော်သည် ရှေးဦးစွာဖြိုချပြီးနောက် တည်ဆောက်မည်ဖြစ်သည်။ ကိုယ်တော်၏ ဖြိုချခြင်းသည် အသေခံခြင်းဖြစ်ပြီး၊ ကိုယ်တော်၏ တည်ဆောက်ခြင်းသည် ရှင်ပြန်ထမြောက်ခြင်းဖြစ်သည်။ ကိုယ်တော်၏ ဖြိုချခြင်းနှင့် တည်ဆောက်ခြင်းအား ဖြတ်ကျော်ခဲ့သောအရာတိုင်းသည် အသေခံကာ ရှင်ပြန်ထမြောက်ခြင်းဖြစ်သည်။ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းသည် လူအားဘုရားသခင်ထံသို့ ခေါ်ဆောင်ပေးသည်။ ဘုရားသခင်သည် လူ့ဇာတိခံခြင်းအားဖြင့် လူ၌ရှိသည်။ လူသည် အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ဘုရားသခင်၌ရှိသည်။

ကိုယ်တော်၏ ရွေးနုတ်ခြင်း၌ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဖြစ်ခြင်းအား ပယ်ဖျက်ခြင်း မဟုတ်ဘဲ၊ သူကိုယ်တော်တိုင်အထဲသို့ပို့ဆောင်ကာ သူကိုယ်တော်တိုင်အထဲသို့ ကျွန်ုပ်တို့အား တည်ဆောက်ပေးနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ အတွင်းပိုင်း၌ ဘုရားသခင်သည် ချိုးဖျက်ခြင်းအလုပ်နှင့် ဖြိုချခြင်းအလုပ်ကို လုပ်ဆောင်နေခြင်းမှာ ကျွန်ုပ်တို့၏ အရေးဆိုခြင်းနှင့် ပြောဆိုခြင်းကို ကိုယ်တော်၏ အရေးဆိုခြင်းနှင့် ပြောဆို

ခြင်းဖြစ်လာသည့် အတိုင်းအတာအထိ ကျွန်ုပ်တို့အထဲသို့ သူကိုယ်တော်တိုင် တည်ဆောက်ခြင်းနှင့် သူကိုယ်တော်တိုင်အထဲသို့ ကျွန်ုပ်တို့ကို တည်ဆောက်ခြင်း၏ ရည်ရွယ်ချက်အတွက်ဖြစ်သည်။ (*The Church as the Body of Christ*, pp. 41,94,126-127)

လု၊၁း၃၅၌ သန့်ရှင်းသောဝိညာဉ်တော်သည် သန့်ရှင်းသောသားကို ပဋိသန္ဓေယူရန် တန်ခိုးတော်အဖြစ် မာရိအပေါ် မှာ သက်ရောက်လိမ့်မည်ဖြစ်ကြောင်းကို ဖော်ပြထားကြောင်း ထင်မြင်ရသည်။ သို့သော်လည်း မ၊၁း၁၈ နှင့် ၂၀၌ မာရိသည် "သန့်ရှင်းသောဝိညာဉ်တော်၏ သန္ဓေသားရှိနေ၏" နှင့် "သူမ၌ သန့်ရှင်းသောဝိညာဉ်တော်၏ မွေးဖွားခြင်းဖြစ်၏" ဟု ကျွန်ုပ်တို့အား ပြောဆိုထားသည်။ ဤသည်မှာ သန့်ရှင်းသောဝိညာဉ်တော်မှ ထွက်ပေါ် လာသော ဘုရားဆိုင်ရာအနှစ်သာရသည် သားတော်ယေရှုကို ဖွားမြင်ခြင်းမရှိမီ မာရိ၏ ဝမ်းဗိုက်၌ မွေးဖွားခဲ့ပြီးဖြစ်ကြောင်းကို ရည်ညွှန်းသည်။ လူသားအပျိုကညာ၌ ထိုကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်၏ သန္ဓေတည်ခြင်းသည် တတိယသဘောသဘာဝဖြစ်ပေါ် ခြင်းမရှိဘဲ၊ ဘုရားဇာတိနှင့် လူသားဇာတိကို ထင်ရှားစွာ ပိုင်ဆိုင်၍ ပြည့်ဝသောဘုရားနှင့် ပြည့်စုံသောလူသားဖြစ်သောအရှင်၊ ဘုရား–လူကို ထုတ်လုပ်ပေးသော လူသားသဘောသဘာဝနှင့်အတူ ဘုရားသဘောသဘာဝ၏ ရောနှောပေါင်းစည်းခြင်းကို စေ့စပ်ထုံးဖွဲ့ခြင်းရှိသော ဘုရားဆိုင်ရာနှင့်လူသားဆိုင်ရာ အနှစ်သာရနှင့်အတူ ပြီးမြောက်ပြည့်စုံစေခဲ့သည်။ (*The Conclusion of the New Testament*, pp. 2841-2842)

သခင်ဘုရား၏ တည်ဆောက်ခြင်းအလေ့အလာမှာ ဘုရားသခင်ကိုယ်တော်တိုင် လူသားဇာတိနှင့်အတူ ရောနှောပေါင်းစည်းခြင်းဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ တည်ဆောက်ခြင်းအလေ့အလာ လုံးလုံးဖြစ်သည်။ ထို့ကြောင့် အသင်းတော်သည်လည်း လူသားဇာတိနှင့်အတူ ဘုရားသခင်ကိုယ်တော်တိုင်၏ ဘုရားဆိုင်ရာရောနှောပေါင်းစည်းခြင်း ဖြစ်သည်။ အသင်းတော်သည် ဖန်ဆင်းခြင်းအဟောင်း၏ တစ်စုံတစ်ရာမဟုတ်ပါ။ ၎င်းမှာ လူသားဒြပ်သဘာဝတည်းဟူသော လူနှင့်အတူ ဘုရားဆိုင်ရာဒြပ်သဘာဝ၏ ရောနှောပေါင်းစည်းခြင်းတည်းဟူသော ဘုရားသခင်ကိုယ်တော်တိုင်အားဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော ဘုရားသခင်၏ တည်ဆောက်ခြင်းဖြစ်သည်။ တစ်နည်းဆိုပါက အသင်းတော်သည် ပေါင်းစပ်ခြင်းနှစ်မျိုးဖြစ်သည်။ ပေါင်းစပ်ခြင်းနှစ်မျိုးဆိုသည်မှာ တစ်ခုတည်းသောဖြစ်တည်ခြင်းအထဲသို့ အသက်နှစ်မျိုးနှင့် သဘောသဘာဝနှစ်မျိုး၏ ရောနှောပေါင်းစည်းခြင်းဖြစ်သည်။ (*The Building of God*, pp. 10-11)

*ပို၍ဖတ်ရန်- The Church as the Body of Christ, chs.* 3,8,10

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————————

————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဧ၊ ၄း၁၅–၁၆** **မေတ္တာ၌ သမ္မာတရားကိုကိုင်စွဲသဖြင့်၊ ဦးခေါင်းတော်တည်းဟူသော ခရစ်တော်အထဲသို့ အရာအားလုံး၌ ကြီးထွားမည့်အကြောင်းတည်း။ ထိုဦးခေါင်းတော်မှ၊ အဆစ်အပိုင်းတိုင်း၏ ကြွယ်ဝသော အားဖြည့်ခြင်းနှင့် အင်္ဂါအသီးသီး ကိုယ်ငန်းကိုယ်တာအတိုင်း လုပ်ဆောင်ခြင်းအားဖြင့် ကိုယ်ခန္ဓာတော်တစ်ခုလုံးသည် အတူတကွဆက်စပ်ထုံးဖွဲ့လျက်၊ မိမိကိုယ်ကို မေတ္တာ၌ တည်ဆောက်ခြင်းငှါ၊ ကိုယ်ခန္ဓာတော်ကို ကြီးထွားစေတတ်၏။**

ခရစ်တော်၌ ယုံကြည်သူများဖြစ်ကြသော ကျွန်ုပ်တို့သည် ဘုရားသခင်၏ဝိညာဉ်ဆိုင်ရာအိမ်တော်တည်ဆောက်ခြင်းအတွက် ကြီးထွားရန်နှင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်းခံရန် လိုအပ်သည်။ ယုံကြည်သူများ၌ ဘုရားသခင်၏ပန်းတိုင်မှာ အတူတကွ တည်ဆောက်ထားရုံမျှဖြစ်သော ကျောက်တုံးအပုံများမဟုတ်ဘဲ၊ တစ်ခုနှင့်တစ်ခု တည်ဆောက်ထားသော ကျောက်တုံးများ၊ သီးခြားဖြစ်၍ ဖြန့်ကြဲနေသော ကျောက်တုံးများမဟုတ်ဘဲ ဝိညာဉ်ဆိုင်ရာကျောက်တုံးများနှင့်အတူ တည်ဆောက်ထားသည့် အိမ်တော်ကိုရရှိရန် ဖြစ်သည်။ ကြီးထွားခြင်းသည် တည်ဆောက်ခြင်းအတွက်ဖြစ်သည်။ နှုတ်ကပတ်တော်နို့၏ ကျွေးမွေးခြင်းသည် အသိဉာဏ်အားဖြင့် စိတ်အတွက်ဖြစ်သော်လည်း၊ ၎င်းမှာ နောက်ဆုံး တွင် ကျွန်ုပ်တို့၏ဝိညာဉ်ကို ကျွေးမွေးနေပြီး၊ ကျွန်ုပ်တို့ကို ဘုရားသခင်အဖို့ ဝိညာဉ်ဆိုင်ရာအိမ်တော်တည်ဆောက်ခြင်းအတွက် သင့်လျော်သောသူ၊ စိတ်အတွက်မဟုတ်ဘဲ ဝိညာဉ်ဆိုင်ရာအတွက် ဖြစ်စေသည်။ ဘုရားသခင်၏ အိမ်တော်တည်းဟူသော အသင်းတော်ကို အမှန်တကယ် တည်ဆောက်ခြင်းသည် ယုံကြည်သူများ၏ အသက်၌ ကြီးထွားခြင်းအားဖြင့် ဖြစ်သည်။ (*The Conclusiong of the New Testament,* pp. 2230-2231)

## *ယနေ့ဖတ်စရာ*

ခရစ်တော်၏ပြည့်ဝခြင်းအတိုင်းအတာသို့ရောက်ရှိရန်မှာ ခရစ်တော်ကိုယ်ခန္ဓာတော်၏ ပြည့်ဝသော တည်ဆောက်ခြင်းသို့ရောက်ရှိရန် ဖြစ်သည်။ ၎င်းမှာ ပြည့်ဝပြည့်စုံသော ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းသို့ ရောက်ရှိရန်ဖြစ်သည်။

ဧ၊၄း၁၄ နှင့် ၁၅ ၌ ပေါလုသည် "အကြောင်းမူကား၊ မှားယွင်းစေသောမှုဖြင့် ပရိယာယ်၌၊ လူတို့၏ လှည့်ဖြားခြင်း၌ ငါတို့သည် နောက်တစ်ဖန် ခပ်သိမ်းသောသွန်သင်

ခြင်းသြဝါဒလေတိုက်၍၊ လှိုင်းထသဖြင့် ဖရိုဖရဲလွင့်သွားသောသူငယ်မဖြစ်ဘဲလျက်၊ မေတ္တာ၌ သမ္မာတရားကိုကိုင်စွဲသဖြင့်၊ ဦးခေါင်းတော်တည်းဟူသော ခရစ်တော်အထဲသို့ အရာအားလုံး၌ ကြီးထွားမည့်အကြောင်းတည်း”ဟု ပြောဆိုထားသည်။ “သူငယ်”သည် အသက်၌ ကြီးရင့်ခြင်းမရှိသော၊ ခရစ်တော်၌ နုငယ်သောယုံကြည်သူများကို ရည်ညွှန်းခြင်းဖြစ်သည် (၁ကော၊၃း၁)။ သူငယ်များဆက်လက်မဖြစ်တော့ရန် ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ ကြီးထွားခြင်းရှိရန် လိုအပ်သည်။ ဤသည်မှာ ကျွန်ုပ်တို့သည် ကြီးရင့်သောလူအဖြစ်သို့ ရောက်ရှိသည့်တိုင် အရာရာတိုင်း၌ ကျွန်ုပ်တို့၌ ခရစ်တော်တိုးပွားလာခြင်းဖြစ်သည်။

ဧ၊၄း၁၅၌ရှိသော “ဦးခေါင်းတော်”ဟူသည့် စကားလုံးမှာ ခရစ်တော်နှင့်အတူ အသက်၌ ကျွန်ုပ်တို့၏ကြီးထွားခြင်းသည် ဦးခေါင်းတော်အောက်တွင် ကိုယ်ခန္ဓာတော်၌ အင်္ဂါဝင်များ၏ကြီးထွားခြင်းဖြစ်ရမည်ဖြစ်ကြောင်း ညွှန်ပြထားသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ကြီးထွားခြင်းသည် ကိုယ်ခန္ဓာတော်၌ဖြစ်ရမည် ဖြစ်သည်။ ဦးခေါင်းတော် အထဲသို့ ကြီးထွားရန်အလို့ငှါ ကျွန်ုပ်တို့သည် အမှန်ပင် ကိုယ်ခန္ဓာတော်၌ ရှိရမည်ဖြစ်သည်။ (*The Conclusiong of the New Testament*, pp. 2492)

ခရစ်တော်ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်တည်ဆောက်ခြင်းသည် အသက်၌ကြီးထွားခြင်းအားဖြင့် ရှင်သန်ခြင်းဖြစ်သည်။ ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် ကျွန်ုပ်တို့၏ရုပ်ပိုင်းဆိုင်ရာ ကိုယ်ခန္ဓာနှင့်တူညီသည်။ ၎င်းသည် ကိုယ်တိုင် ကြီးထွားခြင်းအားဖြင့် တည်ဆောက်ထားသည်။ ဧ၊၄း၁၅၌ “မေတ္တာ၌ သမ္မာတရားကို ကိုင်စွဲသဖြင့်၊ ဦးခေါင်းတော်တည်းဟူသော ခရစ်တော်အထဲသို့ အရာအားလုံး၌ ကြီးထွားမည့်အကြောင်းတည်း”ဟူ၍ ပြောဆိုထားသည်။ ထို့နောက် အငယ်၊၁၆ ၌ “ထိုဦးခေါင်းတော်မှ၊ အဆစ်အပိုင်းတိုင်း၏ ကြွယ်ဝသောအားဖြည့်ခြင်းနှင့် အင်္ဂါအသီးသီး ကိုယ်င်နးကိုယ်တာ အတိုင်း လုပ်ဆောင်ခြင်းအားဖြင့် ကိုယ်ခန္ဓာတော်တစ်ခုလုံးသည် အတူတကွ ဆက်စပ်ထုံးဖွဲ့လျက်၊ မိမိကိုယ်ကို မေတ္တာ၌ တည်ဆောက်ခြင်းငှါ၊ ကိုယ်ခန္ဓာတော်ကို ကြီးထွားစေတတ်၏” ဟု ပြောဆိုထားသည်။ ရှေးဦးစွာ ကျွန်ုပ်တို့သည် အရာအားလုံး၌ ဦးခေါင်းတော်အထဲသို့ ကြီးထွားခြင်းရှိရမည်။ ထို့နောက် ဦးခေါင်းတော်မှ ကိုယ်ခန္ဓာတော်အား ကြီးထွားစေရန် တစ်စုံတစ်ရာသည် ထွက်ပေါ်လာလိမ့်မည်ဖြစ်သည်။ ဤကိုယ်ခန္ဓာတော်၏ကြီးထွားခြင်းအားဖြင့် ကိုယ်ခန္ဓာတော်သည် မိမိကိုယ်ကို မေတ္တာ၌ တည်ဆောက်နေသည်။ ကြီးထွားခြင်းသည် တည်ဆောက်ခြင်းဖြစ်သည်။ ကိုယ်ခန္ဓာတော်သည် ကြီးထွားခြင်းအားဖြင့် မိမိကိုယ်ကို တည်ဆောက်နေသည်။ ဤကိုယ်ခန္ဓာတော်၏ကြီးထွားခြင်းသည် သီးခြားဖြစ်သော

အင်္ဂါဝင်အတွက် မဟုတ်ပါ။ ကိုယ်ခန္ဓာတော်သည် ကိုယ်ခန္ဓာတော်တစ်ခုလုံးအတွက် ကြီးထွားနေသည်။ (*The Organic Union in God's Relationship with Man*, p. 65)

စစ်မှန်သောအသင်းတော်အသက်တာမှာ ခရစ်တော်သည် ကျွန်ုပ်တို့၏ အတွင်းပိုင်းဖြစ်ခြင်း၏ နေရာတိုင်းကို ရယူသိမ်းပိုက်ရန် ကျွန်ုပ်တို့၏ စိတ်နှလုံး၌ ကိုယ်တော်တိုင်သူ၏ အိမ်တည်ဆောက်ခြင်းမှ ထွက်ပေါ် လာသောရလဒ်ဖြစ်သည်။ အသင်းတော်၌ပါရှိသည့် အရာမှာ ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်တော်အဖြစ် ယူဆောင်သော ခရစ်တော်၊ ကျွန်ုပ်တို့၏ ဖြစ်ခြင်းအထဲသို့ ဖြစ်ပွားလာသော ခရစ်တော်ဖြစ်သည်။ မ၊၁၆း၁၈၌ အသင်းတော်တည်ဆောက်ခြင်းနှင့်စပ်လျဉ်းပြီး သခင်ဘုရား၏ စကားတော်ပြည့်စုံစေရန်အတွက် အသင်းတော်သည် များစွာသောသန့်ရှင်းသူများ သူတို့၏ စိတ်နှလုံးများ၌ အိမ်တည်ဆောက်ရန်၊ ပိုင်ဆိုင်၊ သိမ်းပိုက်ရန်နှင့် သူတို့၏ အတွင်းဖြစ်ခြင်းတစ်ခုလုံး၌ ပျော်ဝင်ပြည့်ဝခြင်းရှိရန် ခရစ်တော်ကို အခွင့်ပေးခြင်းအဆင့်သို့ ဝင်ရောက်ရမည်ဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ အတွင်းပိုင်းဖြစ်ခြင်း၌ ပို၍ နေရာယူလေလေ၊ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၌ အခြားသူများနှင့်အတူ ပို၍ တည်ဆောက်ခြင်းရှိလာနိုင်မည် ဖြစ်သည် (ဧ၊ ၂း ၂၁–၂၂။ ၄း၁၆)။ ကိုယ်ခန္ဓာတော်အသက်တာ၏ စစ်မှန်ခြင်းသည် ကိန်းဝပ်တော်မူသောခရစ်တော်ကို ထိုသို့သောအတွင်းပိုင်းတွေ့ကြုံခံစားခြင်းဖြစ်သည်။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် စစ်၍မကုန်နိုင်သော ခရစ်တော်၏ ကြွယ်ဝခြင်းများကို ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်ခြင်း၏ ပြီးမြောက်ပြည့်စုံခြင်းဖြစ်ပြီး၊ ကျွန်ုပ်တို့၏ အတွင်းပိုင်းဖြစ်ခြင်းတစ်ခုလုံး၌ အကန့်အသတ်မရှိသောခရစ်တော်၏ အိမ်တော်တည်ဆောက်ခြင်းကို တွေ့ကြုံခံစားခြင်း၏ ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည်။ ယေရုရှလင်မြို့သစ်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌ ခရစ်တော်သည် သူ၏ အိမ်တော်တည်ဆောက်ခြင်းမှ ထွက်ပေါ် လာသော နောက်ဆုံးရလဒ်ဖြစ်သည်။ (*The Conclusion of the New Testament*, p. 3391)

*ပို၍ဖတ်ရန်-* *The Conclusion of the New Testament*, msg. 234,338; *The Organic Union in God's Relationship with Man, ch.5*

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ ၁၄း၂၃** **ယေရှုကလည်း၊ ငါ့ကိုချစ်သောသူသည် ငါ့စကားကို စောင့်ရှောက်လိမ့်မည်။ ငါ့ခမည်းတော်သည် ထိုသူကို ချစ်တော်မူသည်။ ငါတို့သည်လည်း သူ့ဆီသို့ကြွ၍ နေရာချမည်။**

**၁ကော၊ ၁၄း၂၆** **ညီအစ်ကိုတို့၊ အဘယ်သို့နည်း။ သင်တို့အတူတကွလာရောက်စည်းဝေးကြသောအခါ၊ ဆာလံသီချင်းကိုရသောသူ၊ ဆုံးမဩဝါဒစကားကိုရသောသူ၊ ဗျာဒိတ်တော်ကိုရသောသူ၊ အခြားသောဘာသာစကားကိုရသောသူ၊ အနက်ဖော်ပြရာကို ရသောသူ၊ အသီးသီးရှိကြသည်ဖြစ်၍၊ ခပ်သိမ်းသောအမှုတို့ကို တည်ဆောက်ခြင်းအလို့ငှါ စီရင်ကြလော့။**

ခမည်းတော်၏ အိမ်တော်ကို ပြီးမြောက်ပြည့်စုံတော်မူသော သုံးပါးတစ်ပါးဘုရားနှင့် ကိုယ်တော်၏ ရွေးနုတ်ခံလူတို့ အပြန်အလှန်ကိန်းဝပ်ရာနေရာဖြစ်လာရန် ရွေးနုတ်ခံလူတို့၌ ကိန်းဝပ်တော်မူသော ဝိညာဉ်တော်နှင့်အတူ ခမည်းတော်နှင့်သားတော်၏ ရွေးနုတ်ခံများထံ အဆက်မပြတ်သွားရောက်ခြင်းအားဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ ယော၊၁၄း၂ ၌ ခမည်းတော်၏ အိမ်တော်၌ များစွာသောနေစရာရှိကြောင်းကို ကျွန်ုပ်တို့အား ပြောဆိုထားပြီး၊ အငယ်၊ ၂၃ ၌ ဤနေစရာများမှာ ခမည်းတော်နှင့် သားတော်သည် ကိုယ်တော့်ကိုချစ်သောသူများထံသို့ သွားရောက်ခြင်းအားဖြင့် တည်ဆောက်ထားကြောင်းကို ကျွန်ုပ်တို့မြင်တွေ့ရသည်။ ဝိညာဉ်တော်ကို အငယ်၊၂၃၌ ရှင်းလင်းတိကျစွာ ဖော်ပြထားခြင်းမရှိသော်လည်း၊ သခင်ယေရှုအား ချစ်သောသူများအားလုံးမှ အသစ်တစ်ဖန်မွေးဖွားခံရသောဝိညာဉ်၌ ကိန်းဝပ်တော်မူသောဝိညာဉ်တော်ကို ရည်ညွှန်းပြောဆိုခြင်း ဖြစ်သည်။ (*The Issue of Christ Being Glorified by the Father with the Divine Glory,* p. 33)

## ယနေ့ဖတ်စရာ

ကျမ်းစာ၏ နည်းလမ်းအတိုင်း လေ့ကျင့်လုပ်ဆောင်ရန်မှာ နည်းလမ်းတစ်ခုကို ပြောင်းလဲခြင်းအတွက်မျှသာ မဟုတ်ပါ။ ၎င်းသည် ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းနှင့် စပ်လျဉ်းပြီး ကိုယ်တော်၏ နှုတ်ကပတ်တော်အတိုင်း သခင်ဘုရား၏ စိတ်နှလုံးအလိုဆန္ဒကို ပြီးမြောက်ပြည့်စုံစေရန် ဖြစ်သည် (မ၊၁၆း၁၈။ ဧ၊၄း၁၂–၁၆)။ ဤသည်မှာ ဓမ္မသစ်ကျမ်း၌ရှိသော ပရောဖက်ပြုချက်တစ်ချို့ကို ပြီးမြောက်ပြည့်စုံစေရုံမျှသာ မဟုတ်ပါ။ ဤသည်မှာ စကြဝဠာတစ်ခုလုံး၌ အတုမဲ့သော၊ အလယ်ဗဟိုဖြစ်သောအရာ–ခရစ်တော်

၏ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်း–ကို ပြီးမြောက်ပြည့်စုံစေရန် ဖြစ်သည်။ (*The Scriptural Way toMeet and to Serve for the Building Up of the Body of Christ*, p. 282)

သခင်ဘုရားပြန်လည်ရယူခြင်းသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအားလုံး၏ လှုပ်ရှားလုပ်ဆောင်မှုကို ပြန်လည်ရယူခြင်းဖြစ်သည်။ သခင်ဘုရား၏ အလိုဆန္ဒသည် ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်တိုင်း လှုပ်ရှားလုပ်ဆောင်သော အင်္ဂါဝင်များဖြစ်လာစေရန် ဖြစ်သည်။ ခရစ်ယာန်အုပ်စုများအားလုံးနီးပါးသည် ဆရာ–တပည့်စနစ်ကို ကျင့်သုံးလျက်ရှိနေသည်။ ဆရာသည် အသင်းတော်၏ အခြားသောအင်္ဂါဝင်များနေရာ၌ ဘုရားသခင်ကို အစေခံနေကြသော ကျွမ်းကျင်စွာ ဟောပြောသူများ၊ သင်းအုပ်များနှင့် အမှုဆောင်များဖြစ်ကြသည်။ အမှန်တကယ်တွင် ဆရာ–တပည့်စနစ်သည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအား အစားထိုးခြင်းဖြစ်ပြီး၊ ဤအစားထိုးခြင်းသည် အလိုအလျောက်ပင် အင်္ဂါဝင်များ၏ လှုပ်ရှားလုပ်ဆောင်မှု၊ အစွမ်းအစနှင့် အသုံးဝင်မှုကို အဆုံးသတ်ကာ သေစေခြင်းဖြစ်သည်။ ဤသည်မှာ သခင်ဘုရားအား စိတ်အနှောင့်အယှက်ဖြစ်စေသည်။ သခင်ဘုရားပြန်လည်ရယူခြင်းသည် ဆရာတပည့်စနစ်ကို ဖျောက်ဖျက်စေခြင်းနှင့် ရှင်သန်သော ခရစ်တော်ကိုယ်ခန္ဓာတော်ဝင်များ၏ ဆုကျေးဇူး၊ လှုပ်ရှားလုပ်ဆောင်ခြင်းနှင့် အစွမ်းအစကို တိုးတက်စေခြင်းအတွက် ဖြစ်သည် (ဧ၊၄း၁၁–၁၆)။

ဘုရားစီမံထားသောလမ်းသည် ဘုရားသခင်၏ ဓမ္မသစ်ဧဝံဂေလိတရားအမှုကို ဆောင်သော ယဇ်ပုရောဟိတ်အရိုက်အရာကို လေ့ကျင့်လုပ်ဆောင်ရန် ဖြစ်သည် (ရော၊ ၁၅း၁၆။ ၁ပေ၊ ၂း၅၊၉)။ ဤနည်းလမ်း၌ အဓိကအားဖြင့် လေ့ကျင့်လုပ်ဆောင်မှု လေးမျိုးပါဝင်သည်။ ရှေးဦးစွာ ကျွန်ုပ်တို့သည် အပြစ်သားများထံသို့ အချိန်မှန် သွားရောက်လည်ပတ်ခြင်းအားဖြင့် ဧဝံဂေလိတရားကို ဟောပြောရမည်ဖြစ်သည်။ အပြစ်သားများ၊ လောကီသားများ ကိုယ်တော်၌ ယုံကြည်ပြီး၊ ထာဝရအသက်ကို လက်ခံရရှိခြင်းအတွက် ဘုရားသခင်သည် ကိုယ်တော်၏သားတော်၊ ကယ်တင်ရှင်၊ ခရစ်တော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏ (ယော၊၃း၁၆)။ လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်ရန် ဘုရားသခင်အလိုတော်ရှိ၏ (၁တိ၊ ၂း၄)။ သခင်ဘုရားသည် ရှင်ပြန်ထမြောက်ပြီးနောက်တွင် တပည့်တော်များထံသို့ ကိုယ်တော်၏ အဓိကအမိန့်တော်သည် ဖန်ဆင်းခံအပေါင်းတို့အား ဧဝံဂေလိတရားကို ဟောပြောရန်ဖြစ်သည် (မ၊၁၆း၁၅)။ ဧဝံဂေလိဟောပြောခြင်းသည် သခင်ဘုရားအတွက် အသင်းတော်လုပ်ဆောင်ရမည့် ပထမဆုံးသောအရာဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့သည် ဘုရားစီမံ

ခန့်ခွဲထားသောလမ်း၌ သခင်ဘုရားနှင့်အတူ လုပ်ဆောင်မည်ဆိုပါက၊ အပြစ်သားများအား ကယ်တင်ခြင်းရရှိစေဖို့ ဧဝံဂေလိတရားဟောပြောရန် ဝန်တာထားရမည်ဖြစ်သည်။ *(The Basic Principle for the Practice of the God-ordained Way, pp.2-3, 5-6)*

ယနေ့ သခင်ဘုရားပြန်လည်ရယူခြင်း၏ တိုးတက်မှု၌ ကိုယ်တော်သည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအား စုံလင်စေခြင်းကို ပြန်လည်ရယူရန်လည်း ကိုယ်တော်အလိုဆန္ဒရှိသည် (ဧ၊၄း၁၁–၁၆)။ ဒေသန္တရအသင်းတော်တစ်ပါး၌ရှိသော သန့်ရှင်းသူများ၏ ရာခိုင်နှုန်းအနည်းငယ်သာလျှင် သခင်ဘုရားအတွက် စကားပြောဆိုရန်နှင့် ကိုယ်တော့်ကို တက်ကြွစွာဖြင့် အစေခံခြင်းရှိမည်ဆိုပါက၊ ၎င်းမှာ ဤဒေသန္တရအသင်းတော်သည် သန့်ရှင်းသူများကိုစုံလင်စေခြင်းမရှိကြောင်း ခိုင်မာသောအမှတ်လက္ခဏာဖြစ်သည်။

ယနေ့ သခင်ဘုရားပြန်လည်ရယူခြင်း၏ တိုးတက်မှု၌ ကိုယ်တော်သည် အချင်းချင်း အသင်းတော်စည်းဝေးခြင်းကို ပြန်လည်ရယူရန်အတွက်လည်း လှုပ်ရှားလုပ်ဆောင်နေသည် (၁ကော၊၁၄း ၂၃က၊ ၂၆)။ ကျွန်ုပ်တို့သည် ဆုတောင်းရမည်ဖြစ်ပြီး၊ နှုတ်ကပတ်တော်အထဲသို့ ဝင်ရောက်ကာ ကျွန်ုပ်တို့၏ အသိဉာဏ်နှင့်ဝိညာဉ်ကို လေ့ကျင့်ခြင်းအားဖြင့် စည်းဝေးခြင်းများ၌ ဝေငှရန် ကျွန်ုပ်တို့၏ပြောဆိုခြင်းအား လေ့ကျင့်ရမည်ဖြစ်သည်။ စည်းဝေးခြင်းများအတွက် ကျွန်ုပ်တို့သည် အချိန်တိုင်း လေ့ကျင့်ခြင်းရှိရမည် ဖြစ်သည်။ ကျွန်ုပ်တို့၏ လေ့ကျင့်ခြင်းသည် ကျွန်ုပ်တို့အား ကျန်းမာသန်စွမ်းသော ခရစ်ယာန်များဖြစ်စေလိမ့်မည် ဖြစ်သည်။ ဤသည်မှာ ရှင်သန်သော ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်ကို ရှင်သန်စွာ တည်ဆောက်ခြင်းအတွက်ဖြစ်သည်။*(The Present Advance of the Lord's Recovery, pp.13, 15-16)*

*ပို၍ဖတ်ရန်- The Issue of Christ Being Glorified by the Father with the Divine Glory, ch.4; The Basic Principles for the Practice of the God-ordained Way*

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ဟဂ္ဂဲ၊ လူမျိုးအပေါင်းတို့ကိုလည်း ငါလှုပ်ဦးမည်။ လူမျိုးအပေါင်းတို့ နှစ်**
**၂း၇ သက်ဖွယ်သောအရာသည် ရောက်၍...**
**မ၊ ဤကျောက်ပေါ်မှာ ငါ့ အသင်းတော်ကို ငါတည်ဆောက်မည်။ ထိုအ**
**၁၆း၁၈ သင်းတော်ကို မရဏာနိုင်ငံ၏တံခါးတို့သည် မနိုင်ရာ။**
**၂၇ အကြောင်းမူကား လူသားသည် မိမိအဖခမည်းတော်၏ဘုန်းအာနုဘော် ကိုဆောင်လျက်၊ ကောင်းကင်တမန် အခြံအရံတို့နှင့် ကြွလာတော်မူလတံ့။ ထိုအခါ လူအသီးအသီးတို့သည် မိမိတို့ပြုသည့်အတိုင်း အကျိုးအပြစ်ကို ဆပ်ပေးတော်မူလတံ့။**

ဟဂ္ဂဲ၊ ၂း၇၌ ခရစ်တော်သည် လူမျိုးအပေါင်းတို့၏ တောင့်တရာဖြစ်ကြောင်း ကျွန်ုပ်တို့ မြင်တွေ့ရသည်။ လူမျိုးအပေါင်းတို့သည် ခရစ်တော်ကို သိကျွမ်းခြင်းမရှိကြသော်လည်း၊ သူတို့သည် ခရစ်တော်ကိုရရှိရန် တောင့်တလျက်ရှိနေသေးသည်။ လူမျိုးအပေါင်းတို့သည် ငြိမ်သက်ခြင်းနှင့် ကောင်းသောအသက်တာကိုရရှိရန် တောင့်တကြသည်။ သို့သော်လည်း ကမ္ဘာလောက၏ အခြေအနေသည် ဤအရာနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။ ခရစ်တော်သည် ငြိမ်သက်ခြင်းဖြစ်သည်။ ခရစ်တော်သည် ကောင်းသောအသက်တာလည်း ဖြစ်သည်။ ဤအရာများကို လူအပေါင်းတို့တောင့်တခြင်းမှာ သူတို့သည် ခရစ်တော်အား အမှန်ပင် တောင့်တနေကြောင်း ဆိုလိုခြင်းဖြစ်သည်။ ကိုယ်တော်သည် လူမျိုးအပေါင်းတို့၏ တောင့်တရာဖြစ်သည်။ (*Life-study of Hosea,* p. 5)

## ယနေ့ဖတ်စရာ

ဟဂ္ဂဲ၊ ၂း၁–၂၃သည် မိလေနိကာလ၌ ယေဟောဝါ၏ အိမ်တော်နှင့် လာမည့်နိုင်ငံတော်၌ မေရှိယ၏ ကတိတော်နှင့်စပ်လျဉ်းသော ပရောဖက်ပြုချက်ဖြစ်သည်။ အငယ်၊၁ မှ ၉ ၌ ပရောဖက်ဟဂ္ဂဲအား ယေဟောဝါ၏ အိမ်တော်နှင့်စပ်လျဉ်းပြီး လူအပေါင်းတို့ ထံပြောဆိုရန် စေခိုင်းထားခြင်းဖြစ်သည်။ အငယ်၊၇ မှ ၉ ၌ မိလေနိကာလ၌ ယေဟောဝါ၏ အိမ်တော်နှင့်စပ်လျဉ်းသော ပရောဖက်ပြုချက်သည် ဇေရုဗဗေလ၏ နေ့ရက်၌ ယေဟောဝါ၏ အိမ်တော်တည်ဆောက်ခြင်းအတွက် ခွန်အားပေးခြင်းဖြစ်သည်။

အငယ်၊၇၌ ခရစ်တော်သည် လူမျိုးအပေါင်းတို့ တောင့်တရာဖြစ်ကြောင်း ဖွင့်ပြထားသည်။ *Charles Wesley*၏ ဓမ္မသီချင်း၌ "လူအပေါင်းတို့၏ တောင့်တရာ၊ ကြွလာပါ" ဟူသည့်အပိုဒ်ကို ကျွန်ုပ်သဘောကျနှစ်သက်မိပါသည် (သီးချင်းနံပါတ်၊ *E#84*)။ ခရစ်

တော်သည် အမှန်ပင် လူသားအပေါင်းတို့၏ တောင့်တရာဖြစ်သည်။ လူအပေါင်းတို့သည် အသက်၊ အလင်း၊ ငြိမ်သက်ခြင်း၊ ကောင်းခြင်းနှင့် ဖြောင့်မတ်ခြင်းရှိရန် တောင့်တနေကြသော်လည်း၊ သူတို့တောင့်တသည့်အရာမှာ အကယ်စင်စစ် ခရစ်တော်ဖြစ်ကြောင်းကို သိရှိနားလည်ခြင်းမရှိကြပါ။ ခရစ်တော်သည် အသက်၊ အလင်းနှင့် ငြိမ်သက်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို မရရှိထားပါက၊ အသက်၊ အလင်း၊ ငြိမ်သက်ခြင်း သို့မဟုတ် လူသားကောင်းမြတ်ခြင်း တစ်စုံတစ်ရာ ရှိလိမ့်မည်မဟုတ်ပါ။ ခရစ်တော်သည် လူသားကောင်းမြတ်ခြင်းတိုင်း၏ စစ်မှန်ခြင်းဖြစ်သည်။ ထို့ကြောင့် ကောင်းမြတ်ခြင်းကို အမှန်တကယ် တောင့်တရန်မှာ ခရစ်တော်ကို တောင့်တရန်ဖြစ်သည်။

ဘုရားသခင်၏ စီမံခန့်ခွဲမှုအရ လူကိုဖန်ဆင်းခြင်း၌ ချစ်ခြင်း၊ ကြင်နာခြင်း၊ စိတ်ရှည်သည်းခံခြင်းနှင့် နှိမ့်ချခြင်းကဲ့သို့သော လူသားကောင်းမြတ်ခြင်းများသည် ဘုရားဆိုင်ရာဂုဏ်အင်္ဂါများထင်ရှားခြင်းအတွက် ဖြစ်သည်။ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ကိုယ်တော်၏ ဖြစ်ခြင်းဂုဏ်အင်္ဂါများကို လူ၏ ကောင်းမြတ်ခြင်းဖြင့် ထင်ရှားလာစေရန်ဖြစ်သည်။ ဤအရာအား သရုပ်ပြချက်အနေဖြစ် လူ၏ လက်ပုံသဏ္ဍာန်နှင့်အညီ ပြုလုပ်ထားသော လက်အိတ်အကြောင်းကို စဉ်းစားဆင်ခြင်ကြပါစို့။ လက်သည် လက်အိတ်၏ ထည့်ဝင်ရာဖြစ်ပြီး၊ လက်အိတ်သည် လက်၏ ထင်ရှားခြင်းဖြစ်သည်။ ထိုနည်းတူ လူ၏ ကောင်းမြတ်ခြင်းများသည် "လက်"အဖြစ် ဘုရားဂုဏ်အင်္ဂါများ၏ ထင်ရှားခြင်းအတွက် "လက်အိတ်"ဖြစ်သည်။ လက်မပါသော လက်အိတ်သည် ထည့်ဝင်ရာမရှိသကဲ့သို့ ဘုရားဆိုင်ရာဂုဏ်အင်္ဂါများမရှိသည့် လူသားကောင်းမြတ်ခြင်းသည်လည်း စစ်မှန်ခြင်းမရှိပါ။

ယနေ့ နေရာတိုင်း၌ရှိသော လူတို့သည် အသက်၊ အလင်း၊ ချစ်ခြင်း၊ စိတ်ရှည်ခြင်းနှင့်သည်းခံခြင်းကို တောင့်တကြပြီး၊ ဤကောင်းမြတ်ခြင်းများကို တောင့်တရန်မှာ ခရစ်တော်ကို တောင့်တရန်ဖြစ်ကြောင်း သိရှိနားလည်ခြင်းမရှိကြပါ။ မယုံကြည်သူများ အပါအဝင် လူအပေါင်းတို့သည် မသိစိတ်၌ ခရစ်တော်ကို တောင့်တလျက်ရှိနေသည်။ ဤသည်မှာ ခရစ်တော်သည် လူအပေါင်းတို့၏ နှစ်သက်တောင့်တရာဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ (*Life-study of Haggai*, pp. 5-7)

လူမျိုးအပေါင်းတို့၏ နှစ်သက်တောင့်တရာဖြစ်သော ခရစ်တော်၏ ကြွလာခြင်းသည် ဗာဗုလုန်၌ ဖမ်းဆီးခံရခြင်းမှ ဘုရားလူတို့၏ ပြန်လာခြင်းနှင့် ဘုရားသခင်၏ အိမ်တော်တည်ဆောက်ခြင်းကို ပြန်လည်ရယူခြင်းအပေါ် တွင် မူတည်သည်။ ခရစ်တော်သည် ဗိမာန်တော်ပြန်လည်တည်ဆောက်ခြင်းအတွက် ဗာဗုလုန်၌ ဖမ်းဆီးခံရခြင်းမှ ယေရုရှလင်မြို့သို့ ကျန်ကြွင်းသောအစ္စရေးလူမျိုးတို့၏ ပြန်လာခြင်းအားဖြင့် ကိုယ်တော်

၏ လူ့ဇာတိခံခြင်း၌ ပထမအကြိမ် ကြွလာခဲ့သည်။ ကိုယ်တော်သည် ဘုရားသခင်၏ ဝိညာဉ်ဆိုင်ရာအိမ်တော်ဖြစ်သော အသင်းတော်တည်ဆောက်ခြင်းကို ပြန်လည်ရယူခြင်း အတွက် မှန်ကန်သော အသင်းတော်၏ အခြေတည်ရာသို့ ဘာသာရေးဆိုင်ရာ ဗာဗုလုန် (ဗျာ၊၁၇)၌ ကျန်ကြွင်းသောဓမ္မသစ်ရွေးချယ်ခံများ၏ ဖမ်းဆီးခံရခြင်းမှ ပြန်လာခြင်း အားဖြင့် ဒုတိယအကြိမ် ကြွလာလိမ့်မည်ဖြစ်သည် (၁တိ၊၃း၁၅။ ၁ပေ၊၂း၅)။ (ဟဂ္ဂဲ၊၂း၇၊ မှတ်စု၊၁)

တစ်ချို့က ယနေ့ အသင်းတော်အသက်တာကို ပြန်လည်ရယူရန်မှာ မဖြစ်နိုင်ဟု ပြောဆိုကြသည်။ သို့သော်လည်း အသင်းတော်အသက်တာကို ပြန်လည်ရယူခြင်းသည် မဖြစ်နိုင်ပါက၊ သခင်ယေရှုသည် ပြန်လည်ကြွလာရန် နည်းလမ်းရှိလိမ့်မည် မဟုတ်ပါ။ ကိုယ်တော်ပြန်လည်ကြွလာခြင်းအတွက် အသင်းတော်တည်ဆောက်ခြင်းရှိရန် လိုအပ် သည်။ သခင်ဘုရား၏ အလိုဆန္ဒအတိုင်း တည်ဆောက်ထားသော အသင်းတော်သာ လျှင် နိုင်ငံတော်ခေတ်အထဲသို့ ဝင်ရောက်ရန် လှေကားထစ်ဖြစ်နိုင်သည်။ မ၊၁၆း၁၈ ၌ သခင်ဘုရားက “ငါ့အသင်းတော်ကို ငါတည်ဆောက်မည်”ဟု မိန့်တော်မူထားသည်။ ထို့ ကြောင့် ယနေ့ မှန်ကန်သော အသင်းတော်အသက်တာကို ပြန်လည်ရယူရန် လုံးလုံးပင် ဖြစ်နိုင်ကြောင်း ကျွန်ုပ်တို့ ယုံကြည်မှုရှိကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့၌ သခင်ဘုရား၏ ကတိတော်နှင့် ကိုယ်တော်၏ ယုံကြည်စိတ်ချသော နှုတ်ကပတ်တော်ရှိသည်။ (*Life-study of Exodus,* p. 176)

*ပို၍ဖတ်ရန်- Life-study of Haggai, msg.1; Truth Lessons-Level Four, vol. 1, Isn, 4; Life-study of the Psalms, msg.11*

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ဟဂ္ဂဲ၊ ဤအိမ်ကို ဘုန်းနှင့် ငါပြည့်စုံစေမည်ဟု၊ ကောင်းကင်ဗိုလ်ခြေအရှင်**
**၂း၇ ထာဝရဘုရားမိန့်တော်မူ၏။**
**၉ နောက်တည်သော ဤအိမ်တော်သည် အရင်အိမ်တော်ထက် ဘုန်း သာ၍ကြီးလိမ့်မည်ဟု၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။ ဤအရပ်၌လည်း ငြိမ်သက်ခြင်းကို ငါပေးမည်ဟု၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့်တော်မူ၏။**
**ဧ၊ အသင်းတော်နှင့် ခရစ်တော်ယေရှု၌ လူမျိုးစဉ်ဆက်အပေါင်းတို့ထံသို့**
**၃း၂၁ ကိုယ်တော်သည် ကာလအစဉ်အဆက် ဘုန်းကြီးတော်မူစေသတည်း။ အာမင်။**

ကျွန်ုပ်တို့သည် ဘုရားသခင်၏ဘုန်းတော်ကြွယ်ဝစေခြင်းများနှင့် ညီလျော်စွာ ကျွန်ုပ်တို့၏ အတွင်းလူအထဲသို့ ခွန်အားနှင့် ခိုင်ခံ့မြဲမြံစေခြင်းရှိစေရမည်ဖြစ်သည် (ဧ၊၃း၁၆)။ ဤဘုန်းတော်သည် ဘုရားသခင်နှင့်အတူ ကျွန်ုပ်တို့ထံသို့ ရောက်ရှိလာပြီး၊ ကျွန်ုပ်တို့အထဲသို့ လုပ်ရှားလုပ်ဆောင်ပြီးနောက် ကျွန်ုပ်တို့နှင့်အတူ ဘုရားသခင်ထံသို့ ပြန်သွားလိမ့်မည် ဖြစ်သည်။ ဤအသွားအပြန်လမ်းကြောင်းနည်းလမ်းနှစ်ခုအားဖြင့် စကြဝဠာ၌အဦးသီးသောအသီးများတည်းဟူသော အသင်းတော်သည် ဘုရားသခင် အား ဘုန်းထင်ရှားစေရန် ဦးဆောင်သွားမည်ဖြစ်သည် (ယာ၊၁း၁၈)။ ကောင်းကင်နှင့် မြေကြီးနှစ်ခုလုံး၌ရှိသော အခြားမိသားစုများအားလုံးသည် ကိုယ်တော့်ကို ဘုန်းထင်ရှား စေရန် အသင်းတော်နောက် လိုက်ကြလိမ့်မည် ဖြစ်သည်။

ဘုရားသခင်၏ဘုန်းတော်သည် အသင်းတော်အထဲသို့ ယူဆောင်ခြင်းခံရပြီး၊ ကိုယ်တော့်ကို အသင်းတော်၌ ထင်ရှားစေခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်အတွက် အသင်းတော်၌ ဘုန်းတော်ရှိသည်။ ဤသည်မှာ အသင်းတော်၌ ဘုရားသခင်ကို ဘုန်း ထင်ရှားစေခြင်းဖြစ်သည်။ (*Eph. 3:21, footnotes 1 and 2)*

## ယနေ့ဖတ်စရာ

အိမ်တော်တည်ဆောက်ခြင်းအား ပြည့်စုံစေပြီးနောက်၊ သခင်ဘုရား၏ဘုန်းတော် သည် ပြန်လည်ကြွလာခြင်းဖြစ်သည်။ ယေဇကျေလသည် သူ၏ အစောပိုင်းအမှုတော်၌ အဆင့်ဆင့်၌ ထွက်ခွာသွားသော သခင်ဘုရား၏ဘုန်းတော်အား မြင်တွေ့ခဲ့သည်။ ပထမဦးဆုံး သခင်ဘုရား၏ဘုန်းတော်သည် ဗိမာန်တော်မှထွက်ခွာပြီး၊ အိမ်တော်တံခါး၌

ဆိုင်းငံ့လျက်နေခဲ့သည် (ယေဇ၈း၃။ ၁၀း၄)။ အိမ်တော်တံခါးမှ ဘုန်းတော်သည် မြို့အထဲသို့ ဝင်ရောက်သွားခဲ့သည်။ မြို့တော်မှ သခင်ဘုရား၏ ဘုန်းတော်သည် မြို့၏အရှေ့ဘက် သံလွင်တောင်သို့ သာ၍ဝေးစွာ ထွက်သွားခဲ့ပြီး(၁၁း ၂၃)၊ ထိုနေရာမှ သခင်ဘုရား၏ ဘုန်းတော်သည် ကောင်းကင်များသို့ တက်ကြွတော်မူခဲ့သည်။

သခင်ဘုရားသည် သူ၏ထွက်ခွာခြင်း၌ အိမ်၏တံခါးဝ၌ ရပ်တန့်နေခြင်းမှာ ထွက်ခွာရန် ကိုယ်တော်ပျော်ရွှင်ဝမ်းမြောက်မှုမရှိကြောင်း ဖော်ပြနေခြင်းဖြစ်သည်။ ကိုယ်တော်သည် ထွက်သွားရန် အလိုမရှိသော်လည်း၊ ထိုသို့လုပ်ဆောင်ရန် ကိုယ်တော်အား တွန်းအားပေးခဲ့ခြင်းဖြစ်သည်။ ကိုယ်တော်ထွက်ခွာရန် အလိုတော်မရှိကြောင်းဖော်ပြခြင်းမှာ ကိုယ်တော်သည် တံခါးဝ၌ ဆိုင်းငံ့၍ အချိန်ဆွဲနေခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးတွင် ကိုယ်တော်သည် လူတို့၏ ဆိုးယုတ်ခြင်း၊ ရုပ်တုကိုးကွယ်ခြင်းနှင့် ကျဆင်းခြင်းကြောင့် ထွက်ခွာရန် တွန်းအားပေးခြင်းခံခဲ့ရသည်။ သို့သော်လည်း ယခု ကိုယ်တော်၏ တန်ခိုးတော်သည် ကိုယ်တော်ထွက်ခွာခဲ့သည့်နည်းလမ်းအတိုင်း လှည့်ပြန်လာနေသည်။ ကိုယ်တော်သည် အရှေ့ဘက်မှ ထွက်ခွာခဲ့ပြီး၊ ယခု ကိုယ်တော်သည် အရှေ့ဘက်မှ ပြန်လာနေသည် (၄၃း၁–၃)။ သခင်ဘုရား၏ ဘုန်းတော်သည် အဘယ့်ကြောင့် ပြန်ကြွလာခြင်းကို ကျွန်ုပ်တို့နားလည်ရန်အရေးကြီးသည်။ သခင်ဘုရား၏ ဘုန်းတော်သည် ဗိမာန်တော်တည်ဆောက်ခြင်း ပြည့်စုံပြီးဖြစ်သောကြောင့် ပြန်လာခြင်းဖြစ်သည်။ ဤသည်မှာ အရေးကြီးသောအချက်ဖြစ်သည်။ သခင်ဘုရားသည် မြေကြီးပေါ် သို့ ပြန်လည်ကြွလာရန် မည်မျှပင် အလိုဆန္ဒရှိပါတကား။ သို့သော်လည်း ကိုယ်တော်ပြန်လည်ကြွလာခြင်းအတွက် ကိုယ်တော်ခြေချနိုင်သောနေရာ၊ နားခိုရန်နေရာကို လိုအပ်သည်။ ကိုယ်တော်၏ နေထိုင်ရာနေရာ၊ ကိုယ်တော်၏ အိမ်တော်သည် ကိုယ်တော်ခြေချ၍ရသောနေရာဖြစ်သော မြေကြီးပေါ် ရှိနေရာ ဖြစ်သည်။

ဘုရားသခင်၏ ဘုန်းတော်သည် ဗိမာန်တော်တည်ဆောက်ခြင်း ပြည့်စုံခဲ့ပြီးနောက်မှသာ ပြန်လည်ရောက်ရှိလာခဲ့ခြင်း အကြောင်းကို ကျွန်ုပ်တို့ လေးလေးနက်နက် အလေးထားဖို့ လိုသည်။ ကျွန်ုပ်တို့သည် အသင်းတော်၌ နေထိုင်ရန်၊ အသင်းတော်၌ ကိုယ်တော်၏ ဘုန်းတော် ထင်ရှားစေရန်အလိုရှိပါက၊ အသင်းတော်သည် ပြည့်စုံခြင်းရှိရမည်ဖြစ်သည်။ ယနေ့ အသင်းတော်သည် ဤယေဇကျေလအနာဂတ္တိကျမ်း၏ အခန်းကြီးများ၌ ဖော်ပြထားသော ဘုရားသခင်၏ သန့်ရှင်းသောတည်ဆောက်ခြင်း၏ အသေးစိတ်အချက်များအားလုံးအတိုင်းဖြစ်ပြီး၊ အချက်တိုင်းကို တည်ဆောက်ထားမည်ဆိုလျှင် ဘုရားသခင်သည် အသင်းတော်၌ ဘုန်းထင်ရှားစွာ ကိန်းဝပ်လိမ့်မည်ဖြစ်သည်။

ထို့ကြောင့် အသင်းတော်၌ ဘုန်းထင်ရှားသောဘုရားသခင်၏ ကိန်းဝပ်ခြင်းအတွက် အသင်းတော်ကို ဘုရားသခင်၏ ကိန်းဝပ်ရာနေရာဖြစ်လာရန် တည်ဆောက်ခြင်းခံရမည် ဖြစ်သည်။

ဘုရားသခင်သည် မြေကြီးပေါ်တွင် ကိန်းဝပ်ရာနေရာရရှိရန်အလိုရှိသောကြောင့် မြေကြီးပေါ်၌ အသင်းတော်တည်ဆောက်ခြင်းရှိရန် အလိုတော်ရှိသည်။ ကိုယ်တော် အသက်ရှင်သောနေရာ၊ ကိုယ်တော်၏ ကိန်းဝပ်ရာနေရာသည် အသင်းတော်ဖြစ်သည်။ ဘုရားသခင်သည် အသင်းတော်၌ ကိန်းဝပ်နေသောကြောင့် ဘုရားသခင်ကိုရှာဖွေရန်၊ ကိုယ်တော့်ကို ဆက်သွယ်ရန် အလိုဆန္ဒရှိသောသူတို့သည် အသင်းတော်သို့ လာရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အသင်းတော်၌ ကျေးဇူးတော်ကို တည်ဆောက်ခြင်းရှိမည်ဆိုပါက၊ ဘုန်းကြီးသောဘုရားသခင်သည် ကျွန်ုပ်တို့အလယ်၌ အသက်ရှင်လိမ့်မည်ဖြစ်သည်။

အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့သည် မြောက်များစွာသော တံခါးများကိုလို အပ်သည်။ သို့သော်လည်း အလွန်အရေးကြီးသောအရာမှာ အရှေ့ဘက်တံခါး– သခင် ဘုရား၏ ဘုန်းတော်အတွက် ဖွင့်ထားသောတံခါး–ဖြစ်သည်။ ဤသည်မှာ အသင်းတော် အသက်တာ၌ ကျွန်ုပ်တို့သည် သခင်ဘုရား၏ ဘုန်းတော်အဖို့ ဖွင့်ထားသော တံခါးပေါက် တစ်ခုကို လိုအပ်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။ အသင်းတော်အသက်တာ၌ ကျွန်ုပ် တို့ပထမဦးဆုံးစဉ်းစားရမည့်အရာမှာ သခင်ဘုရား၏ ဘုန်းတော်ဖြစ်သည်။ အသင်း တော်အသက်တာ၌ ဆုံးဖြတ်ချက်များသည် သခင်ဘုရား၏ ဘုန်းတော်နှင့်အညီ အဓိက ဖြစ်စေရမည်ဖြစ်သည်။ အစည်းအဝေးများ၏ နေ့ရက်နှင့်အချိန်နှင့်စပ်လျဉ်းပြီး ဆုံးဖြတ် ချက်များပြုလုပ်ရာပင်လျှင် ကျွန်ုပ်တို့သည် လူတို့၏ သက်သောင့်သက်သာရှိမှုအတွက် သာမဟုတ်ဘဲ၊ သခင်ဘုရား၏ ဘုန်းတော်ကို ဂရုစိုက်ရမည်ဖြစ်သည်။ အသင်းတော်သည် သခင်ဘုရား၏ ဘုန်းတော်အား ဖွင့်ပေးခြင်းရှိရမည်ဖြစ်သည်။ သို့မှသာ ကိုယ်တော်၏ ဘုန်းတော်သည် အသင်းတော်အထဲသို့ ရောက်ရှိလာလိမ့်မည်ဖြစ်သည်။ (*Life-study of Ezekiel*, pp. 273, 275-277)

*ပို၍ဖတ်ရန်-* *Life-study of Ezekiel*, msg. 24; *Life-study of Ephesians*, msgs. 35

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————————

——————————————————————————————————————————

——————————————————————————————————————————

——————————————————————————————————————————

——————————————————————————————————————————

***Hymns*, # E- 1254**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ–––––––––––

# သခင်ဘုရား၏ဒုတိယအကြိမ်ကြွလာခြင်းနှင့် ခေတ်ကာလ၏ပြီးပြည့်စုံခြင်းအတွက် မာလခိကျမ်းရှိ အနာဂါတ်ပြီမ်းချမ်းစေသောခရစ်တော်ကို တွေ့ကြုံခံစားခြင်း

ဖတ်ရန်ကျမ်း။ မာလ၊ ၃း၁–၃၊ ၁၀၊ ၁၄။ ၄း၂

*Day 1*

**I. ကျွန်ုပ်တို့သည် ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းနှင့် ခေတ်ကာလ ပြီးပြည့်စုံခြင်း၏အမှတ်လက္ခဏာကို မြင်ရမည်ဖြစ်သည် (မ၊ ၂၄း၃၊ ၁၄–၁၅။ လု၊ ၂၁း ၂၈–၃၆)။**

က။ အန္တိခရစ်သည် မျက်မှောက်ခေတ်ကာလ အဆုံး၌ အစ္စရေးလူမျိုး နှင့် ခုနစ်နှစ်ပဋိညာဉ်စာချုပ်မချုပ်ဆိုခင် အစ္စရေးလူမျိုးသည် ပြန် လည်ရယူခြင်းခံရမည်ဖြစ်ကြောင်း သခင်ဘုရားပရောဖက်ပြုခဲ့ပြီး ဖြစ်သည် (မ၊ ၂၁း၁၉။ ၂၄း၃၂–၃၅။ ဒံ၊ ၉း ၂၇)။

ခ။ အန္တိခရစ်သည် အစ္စရေးနှင့်ပြုထားသော ပဋိညာဉ်ကို ချိုးဖောက် လိမ့်မည်ဖြစ်ပြီး၊ သူ၏ရုပ်တုကို ဘုရားသခင်၏ဗိမာန်တော်၌ တည် ထားလိမ့်မည်ဖြစ်သည်။ ယင်းသည် သုံးနှစ်ခွဲကြာလိမ့်မည်ဖြစ်သော ဘေးဒဏ်ကြီးကာလအစ၌ ဖြစ်လိမ့်မည်။ ဤအရာက ဗိမာန်တော် သည် သခင်ဘုရားပြန်လည် မကြွလာခင် တည်ဆောက်ပြီးစီးလိမ့် မည်ဖြစ်ကြောင်းကို ရည်ညွှန်းသည်(အငယ်၊ ၂၇။ ၂သက်၊ ၂း၃–၄)။

*Day 2*

ဂ။ ဘေးဒဏ်ကြီးကာလမတိုင်မီ နိုင်ငံတော်ဧဝံဂေလိတရားသည် မြေ ကြီးတပြင်လုံး၌ ဟောပြောခြင်းရှိလိမ့်မည်ဖြစ်ပြီး၊ အောင်မြင်သော သူများသည် ချီဆောင်ခြင်းခံရမည်ဖြစ်ကာ၊ ရင့်မှည့်ခြင်းမရှိသေး သော ကျန်ကြွင်းသည့်ယုံကြည်သူများသည် မြေကြီးပေါ်တွင် ဘေး ဒဏ်ကြီးကာလကို ဖြတ်ကျော်ရန် ကျန်ရစ်ခဲ့လိမ့်မည်ဖြစ်သည် (မ၊ ၂၄း၁၄–၁၅၊ ၄၀–၄၁။ ဗျာ၊၁ ၂း၅။ ၁၄၊ ၅)။

ဃ။ လျှို့ဝှက်သောအဓမ္မအရာသည် ယနေ့ လူမျိုးများအလယ်နှင့် လူ့ အဖွဲ့အစည်း၌ လုပ်ဆောင်လျက်ရှိနေသည်။ ဤအဓမ္မအရာသည် အန္တိခရစ်တည်းဟူသော အဓမ္မလူ၌ အဆုံးသတ်လိမ့်မည်ဖြစ်သည် (၂သက်၊ ၂း၃–၁၀)။

၁။ အန္တိခရစ်၏တန်ခိုးသည် စာတန်၏တန်ခိုးဖြစ်လိမ့်မည်။

အန္တိခရစ်သည် စာတန်၏ ကိုယ်ထင်ရှားခြင်းဖြစ်သည်။ အန္တိခရစ်သည် ဘုရားကိုကြောက်ရွံ့သောဂျူးလူမျိုးများနှင့် ခရစ်တော်ကို ယုံကြည်သော ခရစ်ယာန်များဖြစ်သည့် ဘုရားသခင်၏ လူများကို ညှင်းပန်းနှိပ်စက်ကာ ဖျက်ဆီးလိမ့်မည်ဖြစ်သည် (ဒံ၊ ၈း ၂၄။ ဗျာ၊ ၁၂း ၁၇။ ၁၃း ၇)။

၂။ အန္တိခရစ်သည် အမြင့်ဆုံးသောအရှင်၏ သန့်ရှင်းသူများကို သုတ်သင်ပယ်ရှင်းလိမ့်မည်ဖြစ်သည်။ သခင်ဘုရားကြွလာခြင်းမတိုင်မီ ရက်များ၌ ကြီးစွာသော လိမ်လည်လှည့်ဖြားခြင်းရှိလိမ့်မည်၊ ထို့ကြောင့် ကျွန်ုပ်တို့သည် ဤနောက်ဆုံးသောအချိန်၌ သခင်ဘုရား၌၊ သခင်ဘုရားနှင့်အတူ မဆုတ်မနစ်အားထုတ်ရမည်ဖြစ်သည် (ဒံ၊ ၇း ၂၅။ ၂တိ၊ ၃း ၁။ မာ၊ ၆း ၄၅–၅၂)။

၃။ စာတန်နှင့် အန္တိခရစ်တို့သည် နောက်ဆုံးသောခေတ်၌ သူတို့၏ လှုပ်ရှားမှုများအတွက် တန်ဆာပလာများအဖြစ်အသုံးပြုရန် လူတို့၏ စိတ်များကို အလိုရှိကြသည် (ဗျာ၊ ၁၈း ၁၁–၁၃။ ၂တိ၊ ၃း ၅။ cf. ဧ၊ ၁၂း ၁)။

င။ ဘုရားဝတ်၌မွေ့လျော်ခြင်း၏ နက်နဲရာ (အသွေးအသား၌ ဘုရားသခင်၏ တစ်ဦးချင်းဆိုင်ရာထင်ရှားခြင်းဖြစ်သော ခရစ်တော်)သည် အသွေးအသား၌ ဘုရားသခင်၏ စုပေါင်းထင်ရှားခြင်းဖြစ်သော သခင်ဘုရား၏ အောင်မြင်သူများအားဖြင့် ယနေ့ ရှင်ထွက်လာခြင်းဖြစ်သည် (၁တိ၊ ၃း ၁၆။ တ၊ ၉း ၅)။

*Day 3*

## II. မာလခိစာစောင်က အောင်မြင်သူများဖြစ်သော ကျွန်ုပ်တို့သည် ကိုယ်တော်၏ ဒုတိယအကြိမ်ကြွလာခြင်းအတွက် အနာငြိမ်းစေသောခရစ်တော်ကိုတွေ့ကြုံခံစားရန်လို အပ်ကြောင်းဖွင့်ပြထားသည်(၃း၁–၃။ ၄း ၂)။

က။ မာလခိသည် နေဟမိအချိန်၌ ပရောဖက်ပြုခဲ့သည်။ ထိုအချိန်၌ ယဇ်ပုရောဟိတ်များနှင့် ဘုရားသခင့်လူမျိုးတော်၏ ကျန်ကြွင်းသူများသည် မိမိကိုယ်ကိုလှည့်စားသည့် အစွဲကြီးခြင်းအမှောင်ထဲတွင် ရှိနေကြသည် (၁း၆–၇။ ၁ယော၊ ၁း၈။ တ၊ ၉း၁–၂။ ယော၊ ၁၆း ၂။ cf. ဖိလိ၊ ၃း ၃)။

၁။ အစွဲအလမ်းကြီးသူ၏ လက္ခဏာမှာ သူ၏ ထင်မြင်ချက်နှင့် လုပ်ဆောင်ချက်မှာ လုံးဝမှားနေသော်လည်း သူသည် လုံးဝမှန်ကန်သည်ဟု ယုံကြည်ထင်မှတ်ခြင်းဖြစ်သည်။

၂။ မာလခိစာစောင်က စာတန်၏ မှောင်မိုက်အခွင့်အာဏာအောက်၌ လှည့်စားခံနေရသော ဘုရားသခင့်လူမျိုးတော်၏ ကျဆင်းသောအခြေအနေကို ကျွန်ုပ်တို့အားဖော်ပြထားသည် (၁း ၂၊ ၆–၇။ ၂း၁၃–၁၄၊ ၁၇။ ၃း၇–၈၊ ၁၃–၁၅။ ကော၊၁း၁၂–၁၃။ cf. တ၊၂၆း၂၈)။

**Day 4**

၃။ အစ္စရေးလူမျိုးများသည် ဘုရားသခင်ကို ဝတ်ပြုကာ အစေခံကြသော်လည်း သူတို့သည် မိမိကိုယ်ကိုလှည့်စားခြင်း၌ရှိနေသောကြောင့် ၎င်းကို ဝမ်းနည်းညည်းငယ်စွာဖြင့် လုပ်ဆောင်ခဲ့ကြပြီး၊ ဤအရာများကို လုပ်ဆောင်ရန်ရှိသော်လည်း ဝမ်းမြောက်ခြင်းမရှိကြပေ (မာလ၊၃း၁၃–၁၄)။

၄။ အစွဲကြီးခြင်း၊ မိမိကိုယ်ကိုလှည့်စားခြင်း၏ အကြောင်းရင်းများမှာ အလင်းထက် အမှောင်ကို ပို၍ချစ်ခြင်း(ယော၊၃း၁၉–၂၀)၊ မာန်မာန(သြ၊၃)၊ သမ္မာတရားကိုနှစ်သက်မှုမရှိခြင်း (၂သက်၊၂း၁၀–၁၁။ သု၊၂၃း၂၃)၊ ဘုရားသခင် တစ်ပါးတည်းထံမှလာသော ဘုန်းအသရေကို မရှာဖွေခြင်း (ယော၊၅း၄၄) တို့ဖြစ်သည်။

၅။ အစွဲကြီးခြင်း၊ မိမိကိုယ်ကိုလှည့်ဖျားခြင်းမှ ကယ်တင်ခံရရန်နည်းလမ်းမှာ အလင်း၌အသက်ရှင်ရန်ဖြစ်သည်၊ သို့မှသာ ဘုရားသခင်မြင်သောအရာကို ကျွန်ုပ်တို့လည်းမြင်နိုင်မည်ဖြစ်သည် (ဟေရှာ၊၅၀း၁၀–၁၁။ ဆာ၊၃၆း၉။ ၁ယော၊၁း၅၊ ၇၊ ၉။ ကော၊၁း၁၂)။

**Day 5**

ခ။ အနာငြိမ်းစေသောခရစ်တော်သည် ဘုရားသခင်၏ တမန်ဖြစ်ပြီး၊ ဘုရားသခင့်လူမျိုးတော်၏ ကျဆင်းသွားသော ကျန်ကြွင်းသူများအား စစ်ဆေးရန်နှင့် သန့်စင်စေရန် ငွေစစ်သောသူ၏ မီးနှင့် ခဝါသည်သုံးသောဆပ်ပြာတည်းဟူသော ဘုရားသခင်ထံမှလာသည့် အသက်ရှင်သောသတင်းစကားလည်းဖြစ်သည် (မာလ၊၃း၁–၃။

ဗျာ၊၁း ၂၀–၂း၁။ အာ၊၃း၇။ cf. လု၊ ၂း ၂၆။ ဟေဗြဲ၊၁၁း၇)။

ဂ။ အနာငြိမ်းစေသောခရစ်တော်သည် ပဋိညာဉ်တမန်တော်ဖြစ်သည် (မာ၊၃း၁)။

၁။ ခရစ်တော်၏ ပဋိညာဉ်တမန်အဖြစ် ရုတ်တရက်ကြွလာခြင်းသည် ကိုယ်တော်၏ အသေခံခြင်းအားဖြင့်ပြုခဲ့သော ပဋိညာဉ်ကို အစ္စရေးလူမျိုးအပေါ် သက်ရောက်စေရန်ဖြစ်လိမ့်မည် ဖြစ်သည် (မ၊ ၂၆း ၂၈)။

၂။ ကိုယ်တော်၏ ပထမအကြိမ်ကြွလာခြင်း၌ ခရစ်တော်သည် အစေခံသော ကောင်းကင်တမန်အဖြစ် (cf. ဟေဗြဲ၊၁း၁၄)၊ အသစ်သောပဋိညာဉ်ကိုပုံဖော်ခြင်း၌ ဘုရားသခင်ကို အစေခံရန် ကြွလာခဲ့ခြင်းဖြစ်သည် (မာ၊၁၀း၄၅)။

၃။ ကိုယ်တော်ကို ရန်သူလက်သို့အပ်နှံခြင်းခံရသောည၌ ခရစ်တော်သည် ကိုယ်တော်၏ စားပွဲကို တည်ခင်းသောအချိန်တွင် ပဋိညာဉ်တရားသစ်ကိုလည်း တည်စေခဲ့သည် (လု၊ ၂၂း ၂၀)၊ ဤနေရာ၌ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွှတ်ရန်နှင့် ကျွန်ုပ်တို့၏ အသက်၊ အသက်၏ တရားနှင့် ကျွန်ုပ်တို့၏ အရာခပ်သိမ်းအဖြစ် ကိုယ်တော်ကို အသက်ရှင်နိုင်ရန် ကျွန်ုပ်တို့၏ ဖြစ်ခြင်းအထဲသို့ မိမိကိုယ်တော်တိုင်ကို ဖြန့်ဖြူးပေးရန်လုပ်ဆောင်ပေးခဲ့သည် (ယေ၊ ၃၁း၃၁–၃၄။ ဟေဗြဲ၊၈း၈–၁၂)။

၄။ ပဋိညာဉ်ကောင်းကင်တမန်ဖြစ်သော ခရစ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၌ ပဋိညာဉ်တရားသစ်ကို အာမခံသူအဖြစ် အတည်ပြုပြီး(၇း ၂၂)၊ ကျွန်ုပ်တို့၏ အပြစ်များသည် ခွင့်လွှတ်ခံရပြီးဖြစ်ကြောင်း အာမခံခြင်း၊ ကျွန်ုပ်တို့အထဲသို့ ပဋိညာဉ်ပြုထားသော သုံးပါးတစ်ပါးဘုရား၏ ကြွယ်ဝခြင်းများကို ဝေငှဖြန့်ဖြူးခြင်းတို့ကို ကျွန်ုပ်တို့အတွက် စီမံလုပ်ဆောင်ပေးခဲ့သည်။

ဃ။ အနာငြိမ်းစေသောခရစ်တော်သည် လူမျိုးအပေါင်း၏ လိုလားတောင့်တရာဖြစ်သည် (မာလ၊၃း၁။ ဟဂ္ဂဲ၊ ၂း၇)။

**Day 6**

C။ အနာငြိမ်းစေသောခရစ်တော်သည် ဖြောင့်မတ်ခြင်း၏ နေမင်းဖြစ်သည် (မာ၊၄း၂။ ၃း၁–၃)။

၁။ *နေမင်း*ဟူသော စကားလုံးသည် အသက်ကို ရည်ညွှန်းပြီး၊ *ဖြောင့်မတ်ခြင်း*ဟူသော စကားလုံးသည် တရားမျှတခြင်းကို ရည်ညွှန်းသည်။ ကမ္ဘာကြီးတစ်ခုလုံးသည် သေခြင်းနှင့် တရားမျှတမှုမရှိခြင်းများဖြင့် ပြည့်ဝနေသော်လည်း၊ အနာငြိမ်းစေသောခရစ်တော်အားဖြင့် ကျွန်ုပ်တို့၌ အသက်နှင့် တရားမျှတခြင်းကို ရရှိသည် (cf. ၂ကော၊၅း၄။ ဟေဗြဲ၊၆း၁၀)။

၂။ ခရစ်တော်၏ ပထမအကြိမ်ကြွလာခြင်း၌ ကိုယ်တော်သည် အမှောင်ခေတ်၌ တက်သောနေကဲ့သို့ဖြစ်သည်။ ကိုယ်တော်၏ ဒုတိယအကြိမ်ကြွလာခြင်း၌ ခရစ်တော်သည် နိုင်ငံတော်၌ ဖြောင့်မတ်ခြင်း၏ နေမင်းအဖြစ် ပြန်ကြွလာမည်ဖြစ်သည် (လု၊၁း၇၈။ မာလ၊၄း၂။ cf. မ၊၁၇း၁–၈)။

၃။ အနာပျောက်စေသောအတောင်တို့နှင့်အတူ ဖြောင့်မတ်ခြင်း၏ နေမင်းဖြစ်သော ခရစ်တော်သည် ကျွန်ုပ်တို့ကို အသက်၌ အနာငြိမ်းပေးသည် (မာလ၊၄း၂။ ယော၊၁း၄–၅။ ၈း၁၂)။

၄။ အနာငြိမ်းစေခြင်းမှာ ကယ်တင်ခံရရန်၊ လွတ်မြောက်ခြင်း ရရန်ဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့ကို အနာငြိမ်းစေမည်ဖြစ်သော်လည်း၊ ကျွန်ုပ်တို့သည် ကိုယ်တော့်အား သူ၏ အတောင်များကို အသုံးပြုကာ ကျွန်ုပ်တို့အထက်၌၊ ကျွန်ုပ်တို့ပတ်လည်၌၊ ကျွန်ုပ်တို့အားဖြင့်၊ ကျွန်ုပ်တို့အတွင်း၌ လွတ်လပ်စွာပျံသန်းစေရမည်ဖြစ်သည် (မာလ၊၄း၂။ သု၊၄း၁၈)။

က။ ကျွန်ုပ်တို့အဖို့ ဘုရားသခင်၏ ကြီးမားသောမေတ္တာတော်ကို မြင်ပြီး၊ မိမိတို့ကိုယ်ကို ဘုရားသခင်၏ မေတ္တာတော်၌ စောင့်ထိန်းရမည်ဖြစ်သည် (မာလ၊၁း၁–၂။ ၃၊ ၁း၄–၅။ ၂ကော၊၅း၁၄။ ယုဒ၊၁၉–၂၁။ ၂သက်၊၃း၅)။

ခ။ ကျွန်ုပ်တို့သည် မိမိတို့၏ ဝိညာဉ်ကို ဂရုစိုက်ရမည်၊ မိမိတို့၏ ဝိညာဉ်ကို လေ့ကျင့်ရမည်ဖြစ်ပြီး၊ ဝိညာဉ်တော်ကို ဝမ်းမနည်းစေသင့်ပေ သို့မဟုတ် အရှိန်မငြိမ်းသင့်ပေ

(မာလ၊ ၂း၁၅–၁၆။ ဧ၊၄း၃၀။ ၁သက်၊၅း၁၉။ ရော၊၈း၆)။

ဂ။ ကျွန်ုပ်တို့သည် ဆယ်ဖို့တစ်ဖို့အားလုံးကို ဘဏ္ဍာတိုက်အထဲသို့ ယူဆောင်လာခြင်းအားဖြင့် ဘုရားသခင်ကိုရှိသေကာ ကြောက်ရွံ့ရမည်ဖြစ်သည်။ ၎င်းမှာ အသင်းတော်၏ လိုအပ်ခြင်း၊ ဧဝံဂေလိပြန့်နှံ့ခြင်း၊ သခင်ဘုရား၏ အစေခံများကို ထောက်ပံ့ခြင်းနှင့် လိုအပ်ချက်ရှိနေသည့် သန့်ရှင်းသူများကို ထောက်ပံ့ခြင်းစသည်တို့အတွက်ဖြစ်သည် (မာလ၊၃း၇–၁၂။ တရား၊၁၄း၂၂–၂၃။ ဖိလိ၊၁း၅။ ၄း၁၅–၁၆။ ၃ယော၊၅–၈။ ရော၊၁၂း၁၃)။

၁။ ဆယ်ဖို့တစ်ဖို့နှင့်စပ်လျဉ်းသော စကားကို ဓမ္မဟောင်း၌ အစ္စရေးလူမျိုးအတွက် ပြောဆိုခြင်းဖြစ်သော်လည်း အလေ့အလာ၌ ၎င်းကို ဓမ္မသစ်ယုံကြည်သူများက လက်တွေ့ယူဆောင်ခဲ့ကြသည် (မာလ၊၃း၁၀။ cf.ဟေဗြဲ၊၇း၁–၃။ မ၊၂၃း၂၃)။

၂။ ကျွန်ုပ်တို့သည် ငွေကြေးနှင့် ရုပ်ဝတ္ထုဆိုင်ရာများကို ဂရုစိုက်ခြင်း၌ ဘုရားသခင်၏ စီမံခန့်ခွဲခြင်းအတွက် အသက်ရှင်ရန် သစ္စာရှိမည်ဆိုပါက ပြန်လည်ရယူခြင်း၌ ငွေကြေးဆိုင်ရာ မည်သည့်အခက်အခဲမျှရှိမည်မဟုတ်ပါ (နေ၊၁၃း၁၀–၁၄။ လု၊၆း၃၈။ တ၊၂၀း၃၅။ မ၊၆း၁–၄)။

၅။ နေမင်းဖြစ်သော ခရစ်တော်နှင့် စေ့စပ်ထုံးဖွဲ့ထားသူများဖြစ်သည့် အောင်မြင်သူများသည် သူတို့အဖ၏ နိုင်ငံတော်၌ နေကဲ့သို့ ထွန်းလင်းကြလိမ့်မည်ဖြစ်သည် (၁၃း၄၃။ သူကြီး၊၅း၃၁)။

## နံနက်ခင်းကျွေးမွေးခြင်း

**မ၊ ထို့နောက် သံလွင်တောင်ပေါ်မှာ ထိုင်တော်မူစဉ်၊ တပည့်တော်တို့**
**၂၄း၃ သည် အခြားသူမပါဘဲချဉ်းကပ်၍၊ ထိုအမှုအရာတို့သည် အဘယ်ကာလမှဖြစ်မည်ကိုလည်းကောင်း၊ ကိုယ်တော်သည် ကြွလာ၍၊ ဤခေတ်ကာလကုန်သော အမှတ်လက္ခဏာသည် အဘယ်လက္ခဏာဖြစ်မည်ကိုလည်းကောင်း အမိန့်ရှိတော်မူပါဟုလျှောက်ကြ၏။**
**၁၅ ထို့ကြောင့် ပရောဖက်ဒံယေလ ဟောသည့်အတိုင်း၊ ဖျက်ဆီးတတ်သောရွံရှာဖွယ်အရာသည် သန့်ရှင်းသောအရပ်၌ စိုက်နေသည်ကို သင်တို့မြင်ရလျှင် (ကျမ်းစာကို ဖတ်သောသူသည် နားလည်ပါစေ)။**

အန္တိခရစ်သည် အစ္စရေးလူမျိုးနှင့် ခုနစ်နှစ်တာအတွက် ပဋိညာဉ်ပြုမည်ဖြစ်ပြီး၊ ဘုရားကို လွတ်လပ်စွာဝတ်ပြုခွင့်ပေးလိမ့်မည်ဖြစ်သည်။ သုံးနှစ်ခွဲကြာပြီးနောက် အန္တိခရစ်သည် ယာယီအားဖြင့် အသတ်ခံရလိမ့်မည်ဖြစ်သည်၊ ထို့နောက် ရောမအင်ပါယာ၏ ပဥ္စမမြောက်ဆီဇာဖြစ်သည့် နေရိုး၏ ဝိညာဉ်သည် နက်နဲသောချောက်ထဲက ထွက်လာပြီး အန္တိခရစ်၏ ရုပ်အလောင်းအထဲသို့ ဝင်ရောက်ကာ အဌမမြောက်ဆီဇာဖြစ်စေရန် သူ့ကို ရှင်ပြန်ထမြောက်စေမည်ဖြစ်သည်။ အန္တိခရစ်သည် ပဋိညာဉ်ကို ချိုးဖောက်ကာ အစ္စရေးလူမျိုးများနှင့် ခရစ်ယာန်များကို စတင်ညှင်းပန်းနှိပ်စက်လိမ့်မည်ဖြစ်သည်။ ဖျက်ဆီးတတ်သောသူတည်းဟူသော အန္တိခရစ်အပေါ် သို့ စီရင်ဆုံးဖြတ်ထားသော သုတ်သင်ပယ်ရှင်းခြင်း မကျရောက်မီတိုင်အောင်(ဒံ၊၉း ၂၇) သူသည် မိမိ၏ ရုပ်တုကို ဗိမာန်တော်၌ တည်ထားလိမ့်မည်ဖြစ်သည် (မ၊ ၂၄း၁၅။ ၂သက်၊ ၂း၄)။ (*The Up-to-date Presentation of the God-ordained Way and the Signs concerning the Coming of Christ,* p.55)

## ယနေ့ဖတ်စရာ

မ၊ ၂၄ ၌ သခင်ဘုရားသည် အစ္စရေးလူမျိုးကို ပြန်လည်ရယူခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းစွာဖွင့်ပြထားသည်။ အငယ်၊၃၂ ၌ သခင်ဘုရားက "သို့ဖြစ်၍ သင်္ဘောသဖန်းပင်ကိုအစွဲပြု၍ ပုံသက်သေတစ်ခုကို မှတ်ကြလော့။ သင်္ဘောသဖန်းပင်သည် အခက်အလက်နု၍ အရွက်ပေါက်သောအခါ နွေကာလနီးသည်ကို သင်တို့သိကြ၏ "ဟု မိန့်တော်မူခဲ့သည်။ သန့်ရှင်းသူများအဖို့ သင်္ဘောသဖန်းပင်သည် ခေတ်ကာလပြီးပြည့်စုံခြင်း၏ အမှတ်လက္ခဏာဖြစ်သည်။ သင်္ဘောသဖန်းပင်သည် အစ္စရေးလူမျိုးကို ပုံဆောင်ခြင်းဖြစ်

သည် (ယေ၊ ၂၄း၂၊ ၅၊ ၇)။ အစ္စရေးလူမျိုးသည် ခေါင်းမာပြီး ပုန်ကန်တတ်သူဖြစ်၍ ဘုရားသခင်ကို ကျေနပ်စေရန် အသိးမသီးသောကြောင့် ဘုရားသခင်အားဖြင့် ငြင်းပယ်ခြင်းခံရသည် (cf. မ၊ ၂၁း၁၉)။ အေဒီ ၇၀ ၌ ရောမအိမ်ရှေ့စံ တိုက်တပ်စ်သည် သခင်ဘုရားက ပရောဖက်ပြုသည့်အတိုင်း ယေရုရှလင်မြို့နှင့်ဗိမာန်တော်ကို ဖျက်ဆီးရန် ကြီးမားသောစစ်တပ်နှင့်အတူ ရောက်လာခဲ့သည် (မ၊ ၂၄း၂)။ ထိုအချိန်မှစ၍ အစ္စရေးလူမျိုးများသည် တိုင်းနိုင်ငံအသီးသီးသို့ ပြန့်ကျဲသွားခဲ့သည်။ သူတို့၏ လူမျိုးသည် ကျရှုံးရုံသာမက သူတို့၏ အမိမြေကို ဆုံးရှုံးခဲ့ရသည်။ လူ့အနေဖြင့်ဆိုရလျှင် အစ္စရေးလူမျိုးအဖို့ ပြန်လည်ပြုပြင်ခြင်းခံရန် အမှန်ပင် နည်းလမ်းမရှိပေ။ မည်သို့ဆိုစေ သမ္မာကျမ်းစာ၌ ကျိန်စာသင့်ကာ ခြောက်သွေ့သွားသော သင်္ဘောသဖန်းပင်သည် အခက်အလက်နု၍ အရွက်ပေါက်လာလိမ့်မည်ဖြစ်ကြောင်းကို ပရောဖက်ပြုထားသည်။

ဗိမာန်တော်ပြန်လည်တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ရှေ့ဦးစွာ ကျွန်ုပ်တို့သည် နောက်ဆုံးသိတင်းပတ်၏ အပိုင်းနှစ်ပိုင်းကို မြင်ရမည်ဖြစ်သည်။ အန္တိခရစ်က အစ္စရေးလူမျိုးနှင့်ပြုခဲ့သော ခုနစ်နှစ်ပဋိညာဉ်စာချုပ်ကို ချိုးဖျက်ခြင်းအားဖြင့် နောက်ဆုံးသိတင်းပတ်သည် အပိုင်းနှစ်ပိုင်းအဖြစ် ခွဲခြားထားသည်။ ပထမသုံးနှစ်ခွဲတွင် အန္တိခရစ်သည် အစ္စရေးလူမျိုးကို ထောက်ခံအားပေးပြီး၊ ဘုရားကို လွတ်လပ်စွာကိုးကွယ်ရန် ခွင့်ပြုလိမ့်မည်ဖြစ်သည်။ နောက်ဆုံးသုံးနှစ်ခွဲတွင် အန္တိခရစ်သည် ယဇ်ပူဇော်ခြင်းနှင့် ဆက်ကပ်ခြင်းတို့ကို ရပ်စဲသွားစေလိမ့်မည်ဖြစ်ပြီး (ဒံ၊ ၁၂း၇။ ၉း၂၇)၊ ၎င်းတို့ကို မိမိကိုယ်တိုင်၏ ရုပ်တုနှင့် အစားထိုးလိမ့်မည်ဖြစ်သည်။ မ၊ ၂၄း၁၅ ၌ အန္တိခရစ်၏ရုပ်ပုံထားရှိမည့် သန့်ရှင်းရာဌာနတော်မှာ ဗိမာန်တော်ရှိ အသန့်ရှင်းဆုံးဌာနကို ရည်ညွှန်းခြင်းဖြစ်ပြီး (ဆာ၊ ၆၈း၃၅။ ယေဇ၊ ၇း၂၄။ ၂၁း၂)၊ ရွံရှာဖွယ်အရာဟူသည်မှာ အန္တိခရစ်၏ ရုပ်ပုံတည်းဟူသော ရုပ်တုကို ရည်ညွှန်းခြင်းဖြစ်သည်။ တနည်းအားဖြင့် ခရစ်တော်သည် ထင်ရှားပေါ် ထွန်းလာခြင်းအားဖြင့် အန္တိခရစ်ကို ဖျက်ဆီးခြင်းအချိန်မတိုင်ခင်အထိ ရုပ်တုသည် ဗိမာန်တော်၌ သုံးနှစ်ခွဲကြာမျှ တည်ရှိနေလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ရှေ့ဦးစွာ ဗိမာန်တော်ကို ပြန်လည်တည်ဆောက်လိမ့်မည်ဖြစ်ပြီး၊ ယင်းနောက် အစ္စရေးလူမျိုးသည် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်၍ ပူဇော်သက္ကာကို ပူဇော်နိုင်လိမ့်မည်ဖြစ်ကာ၊ အန္တိခရစ်သည် သူ၏ရုပ်တုကို တည်ထားလိမ့်မည်ဖြစ်သည်။

ဘေးဒဏ်ကြီးကာလမတိုင်မီ အောင်မြင်သောသူများသည် ချီဆောင်ခံရလိမ့်မည်ဖြစ်ပြီး၊ ရင့်မှည့်ခြင်းမရှိသေးသော ယုံကြည်သူအများစုသည် မြေကြီးပေါ်၌ ဘေးဒဏ်ကြီးကာလကို ဖြတ်ကျော်စေရန် ကျန်ရစ်ခဲ့လိမ့်မည်ဖြစ်သည်။ မ၊ ၂၄း၄၀–၄၁ ၌ လောကလူ

များသည် ရုပ်ပိုင်းဆိုင်ရာအရာများဖြင့် ယစ်မူးနေခြင်း၊ ရောက်လာမည့် တရားစီရင်ခြင်းကို စဉ်းစားဆင်ခြင်မှုမရှိခြင်း၊ တည်ကြည်ကာ သတိရှိသော ယုံကြည်သူအချို့တို့သည်ပင် လမ်းလွဲသွားလိမ့်မည်ဖြစ်သည်။ ယစ်မူးခြင်းနှင့်သတိမရှိသောလူများအဖို့ ဤအရာသည် ခရစ်တော်ကြွလာခြင်း၏ အမှတ်လက္ခဏာဖြစ်ပေလိမ့်မည်။ ထို့ကြောင့် အချို့သောအချိန်များတွင် အပျော်အပါးလွန်ကြူးခြင်း၊ သောက်စားမူးယစ်ခြင်းနှင့် အသက်တာ၏ စိုးရိမ်ပူပန်ခြင်းများဖြင့် ကျွန်ုပ်တို့၏ စိတ်နှလုံးများသည် ဖိစီးခံရကာ (လု၊ ၂၁း၃၄)၊ ချီဆောင်ခြင်းနှင့် လွဲချော်ပြီး လောတ၏ မယားကဲ့သို့ မဖြစ်မည်အကြောင်း ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို ဂရုစိုက်ကြရမည်ဖြစ်သည်။ (*The Up-to-date Presentation of the God-ordained Way and the Signs concerning the Coming of Christ*, p.56-59)

*ပို၍ဖတ်ရန်* – *The Up-to-date Presentation of the God-ordained Way and the Signs concerning the Coming of Christ*, ch.6

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————

## နံနက်ခင်းကျွေးမွေးခြင်း

**မ၊ လူမျိုးအပေါင်းတို့အား သက်သေဖြစ်မည်အကြောင်း နိုင်ငံတော်ဧဝံ**
**၂၄း၁၄ ဂေလိတရားကို မြေကြီးတစ်ပြင်လုံးသို့ ဟောရလိမ့်မည်။ သို့ပြီးမှ**
**အဆုံးသည် ဖြစ်လတံ့။**

**ဒံ၊ အမြင့်ဆုံးသော ဘုရားကို ဆန့်ကျင်ဘက်ပြု၍၊ ကြီးစွာသောစကား**
**၇း၂၅ ကို ပြောလိမ့်မည်။ အမြင့်ဆုံးသောဘုရား၏သန့်ရှင်းသူတို့ကို ညှင်းဆဲ**
**နှိပ်စက်လိမ့်မည်။ ကာလအချိန်နှင့်ပညတ်တရားတို့ကို ပြောင်းလဲစေ**
**ခြင်းငှါ ကြံစည်လိမ့်မည်။ တစ်ကာလ၊ နှစ်ကာလ၊ ကာလတစ်ဝက်ပတ်**
**လုံး သူသည် အခွင့်ရလိမ့်မည်။**

နိုင်ငံတော်ဧဝံဂေလိတရားသည် ဤခေတ်ကာလအဆုံးမရောက်မီ လူမျိုးတကာတို့ထံ သက်သေဖြစ်စေခြင်းငှာ မြေကြီးတစ်ပြင်လုံး၌ ဟောကြားရလိမ့်မည်။ သို့ဖြစ်၍ ထိုဟောကြားခြင်းသည်(ဗျာ၆း၁–၂)ရှိ ပထမတံဆိပ်၏မြင်းဖြူအားဖြင့် ပုံဆောင်၍၊ ၎င်းသည် ဤခေတ်ကာလ၏ပြီးမြောက်ပြည့်စုံခြင်း အမှတ်လက္ခဏာတစ်ခု ဖြစ်လာပေလိမ့်မည်။ ဤသက်သေသည် ဤခေတ်၏အဆုံး ဘေးဒဏ်ကြီးကာလမရောက်မီ မြေကြီးတစ်ပြင်လုံးသို့ ပျံ့နှံ့ရမည်ဖြစ်သည်။ (မ၊၂၄း၁၄ မှတ်စု ၁ နှင့် ၂)

## ယနေ့ဖတ်စရာ

အန္တိခရစ်၏ လက္ခဏာဖြစ်သော အဓမ္မအမှုသည်(၂သက်၊၂း၃)ဤခေတ်၌ နက်နဲစွာပြုလျက်ရှိသည်။ ၎င်းသည် လူမျိုးများအကြားရှိ လူ့အဖွဲ့အစည်း၌ ယနေ့ပြုနေသောအဓမ္မအမှု၏နက်နဲခြင်းဖြစ်သည်။

အန္တိခရစ်သည် ခရစ်တော်အတုအယောင်များတွင် နောက်ဆုံးသောသူ ဖြစ်လာမည်ဖြစ်၍၊ ပျက်စီးခြင်းသို့ ရောက်သောသူတို့အား လှည့်ဖြားရန် စာတန်၏တန်ခိုးအားဖြင့် အမှတ်လက္ခဏာများနှင့် အံ့ဖွယ်ရာတို့ကို ပြုလိမ့်မည်ဖြစ်သည် (၂သက်၊၂း၃၊၉–၁၀)။

Mrs. ပဲန်လူးဝစ်က ပြောဖူးခဲ့သည်မှာ "ယုံကြည်သူများစွာက သူတို့သည် ဖိအားပေးချက်များစွာ တွေ့ကြုံရသည်ဟုပြောကြသည်။ စစ်ပွဲသည် တစ်နေ့ပြီးတစ်နေ့ ပို၍ကြီးထွားလာသည်ဟု ထင်ရသည်။ ကျွန်ုပ်တို့သည် စာတန်၏တစ်ခုတည်းသောပစ်မှတ်ဖြစ်သကဲ့သို့ ထင်ရသည်။ သို့သော် သင်သည် နောက်ဆုံးနာရီဝက်ကို သည်းခံကာ ဖြတ်ကျော်နိုင်ခြင်းရှိမရှိဟူသည်မှာ မေးစရာမေးခွန်းဖြစ်သည်။ ဒံ၊၇း၂၅ ရှိ ညှင်းဆဲနှိပ်စက်

ခြင်းသည် ဝါးမျိုဖျက်ဆီးခြင်းဖြစ်သည်။ ယခုတွင် သန့်ရှင်းသူများကို ဝါးမျိုဖျက်ဆီးခြင်း အလုပ်သည် စတင်လျှက်ရှိပြီဖြစ်သည်။ စာတန်ကို ဟောက်သောခြင်္သေ့ကဲ့သို့ သိမှတ်ခြင်းထက် သန့်ရှင်းသူများကို ဝါးမျိုဖျက်ဆီးသောသူအဖြစ် သိမှတ်ရန် ပို၍ ခက်ခဲသည်”ဟူ၍ဖြစ်သည်။

သခင်ဘုရားမကြွလာမီနေ့ရက်များတွင် ကြီးစွာသော လိမ်လည် လှည့်စားခြင်းရှိလိမ့်မည်ဖြစ်သည်။ ၎င်းသည် ရောက်လာသောအခါ ရွေးချယ်ခံရသောသူသည်ပင်လျှင် လှည့်စားခံရလိမ့်မည်ဖြစ်သည်။ ထို့ထက်မက “ဘုရားဝတ်မွေ့လျော်ခြင်းပုံစံ”သည်လည်း အလွန်အမင်းတိုးပွားလာမည်ဖြစ်သည်။ ယုံကြည်ခြင်းလျော့နည်းသွားခြင်းသည် လောကကိုချစ်ခြင်းနှင့် ဘုရား၏နှုတ်ကပတ်တော်ကို ငြင်းပယ်ခြင်းကြောင့်သာမက၊ စာတန်က ပုံဖော်ထားသော မှားယွင်းသည့်ယုံကြည်ခြင်းကြောင့်လည်းဖြစ်သည်။ ညီအစ်ကိုတစ်ဦးက “စာတန်၏ အလုပ်များသည် ကျွန်ုပ်တို့ပတ်လည်ရှိ လေထဲ၌ မျက်မြင်မရသော လွှမ်းမိုးမှုဖြစ်လာလိမ့်မည်။ ယင်းတို့သည် ဝိညာဉ်ဆိုးများ အားဖြင့် တားမြစ်ခံရသည့် ဘုရားဝတ်မွေ့လျော်ခြင်းပုံစံဖြစ်လာပြီး၊ ၎င်းတွင် မရဏာနိုင်ငံ၏ ဖိနှိပ်ချုပ်ချယ်မှုများဖြင့် ပြည့်နေမည်ဖြစ်သည်။ ဤဝိညာဉ်ဆိုးများသည် ဘုရားသားသမီးများကို နာကျင်စေရန်၊ လှည့်စားဦးဆောင်ရန်၊ ရှုပ်ထွေးစေရန်နှင့် ဖိနှိပ်ချုပ်ချယ်ရန် အဆုံးစွန် ပြုကြလိမ့်မည်ဖြစ်သည်။ ၎င်းတို့သည် ကျွန်ုပ်တို့၏ ခန္ဓာများကို ထိပါးခြင်း၊ ကျွန်ုပ်တို့၏ သဘောထားကို ဖိနှိပ်ခြင်း၊ ကျွန်ုပ်တို့၏ အသိဉာဏ်ကို မှောင်မိုက်စေခြင်းဖြစ်စေလိမ့်မည်။ အတိတ်က မကြားစဖူးသော ထူးဆန်းသည့် ခံစားမှုများနှင့် ဆင်းရဲဒုက္ခအမျိုးမျိုးတို့သည် ကျွန်ုပ်တို့အပေါ် ကျရောက်လာပြီး၊ ဘုရားသခင်ကို ကိုးကွယ်လိုသော အလိုဆန္ဒနှင့် တတ်စွမ်းနိုင်မှုကို ကျွန်ုပ်တို့ထံမှ အံ့သြဖွယ်နည်းလမ်းဖြင့် ချွတ်ခွာပေးလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဝိညာဉ်သည် မောပန်းကာ အားနည်းပြီး၊ ကျွန်ုပ်တို့၏ အသိဉာဏ်သည် ထိုင်းမှိုင်းလာ၍၊ ကျွန်ုပ်တို့၏ အလိုဆန္ဒသည် အိပ်စက်နေလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်တားမြစ်ထားသည့်အရာများကို ထူးဆန်းစွာတပ်မက်လာပြီး၊ ဤလောက၏ ပျော်ပါးခြင်းနှင့် အလေ့အထတို့ကို အံ့သြဖွယ်ရာ ချစ်နှစ်သက်လာမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လွတ်မြောက်မှုအပြည့်နှင့်တန်ခိုးဖြင့် ဟောပြောရန်ခက်ခဲကြောင်း၊ ဝေငှချက်တစ်ခုကို အာရုံစိုက်ကာ နားထောင်ရန် သို့မဟုတ် ဒူးထောက်ကာ စဉ်ဆက်မပြတ်ဆုတောင်းခြင်း၌ မိမိကိုယ်ကို ပေးအပ်ရန် ခက်ခဲကြောင်းကို တွေ့ရှိလာလိမ့်မည်ဖြစ်သည်။ နေဝင်ချိန်ရောက်ရှိလာသော ယနေ့ကဲ့သို့ ထိုသို့သောအချိန်၌ ကျွန်ုပ်တို့သည် ဤသို့သောအခြေအနေမျိုးကို ချေမှုန်းပစ်ရမည်ဖြစ်သည်”ဟု ပြောဆိုခဲ့သည်။ အို၊ သခင်ဘုရား၌ သန်စွမ်းခြင်းရှိကြပါစို့။ စာတန်

သည် ကျွန်ုပ်တို့၏ အသိဉာဏ်နှင့် အလိုဆန္ဒကို လှည့်စားရန် တွေးဆမရနိုင်သောတန်ခိုးဖြင့် အမှန်ပင် ကြိုးပမ်းအားထုတ်လိမ့်မည်ဖြစ်သည်။ သူသည် ကျွန်ုပ်တို့အားသခင်ဘုရားနှင့်အတူ ရင်းနှီးကျွမ်းဝင်စွာ လျှောက်လှမ်းလုပ်ဆောင်ရန် ကျွန်ုပ်တို့အဖို့ အခက်အခဲဖြစ်စေမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် အသွေးအသားအတိုင်းလျှောက်လှမ်းရန် လွယ်ကူပြီး ဘုရားသခင်အား သစ္စာရှိစွာအစေခံရန်နှင့် ဆုတောင်းခြင်း၌ မိမိတို့ကိုယ်ကို ပေးအပ်ရန် ခက်ခဲကြောင်းကို တွေ့ရှိလာလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံးသည် သခင်ယေရှုနောက်သို့ အဆုံးတိုင်လိုက်လျှောက်ခြင်းအား ဆန့်ကျင်ရန် ထကြွလာသကဲ့သို့ ထင်ရပြီး၊ လောကနှင့်ပဋိညာဉ်ပြုရန် ကျွန်ုပ်တို့ကို ဖြားယောင်းသွေးဆောင်လိမ့်မည်ဖြစ်သည်။ (*The Collected Works of Watchman Nee,* vol.10, pp.428-429, 431)

ဝိညာဉ်တော်၏ သွန်းလောင်းခြင်းအားဖြင့် တစ်ဦးချင်းဆိုင်ရာခရစ်တော်သည် အသွေးအသား၌ ဘုရားသခင်ထင်ရှားခြင်းဖြစ်သော (၁တိ၊၃း၁၅–၁၆)၊ ဘုရားဝတ်မွေ့လျော်ခြင်း၏ကြီးစွာသောနက်နဲမှုဖြစ်သည့် အသင်းတော်တည်းဟူသော စုပေါင်းထားသောခရစ်တော်(၁ကော၊၁၂း၁၂–၁၃) ဖြစ်လာခဲ့သည်။ ခရစ်တော်၏ ထင်ရှားခြင်းဖြစ်သောအသင်းတော်သည် ပြန်လည်ရယူခြင်း၏ ဘုန်းထင်ရှားသောနေ့၊ မိလေနီနိုင်ငံတော်ခေတ်ကို ယူဆောင်လာလိမ့်မည်ဖြစ်ပြီး (ယောလ၊၃း၁၆–၂၁)၊ ယင်း၌ ခရစ်တော်သည် ပို၍ပြည့်စုံသောနည်းလမ်း၌ ထင်ရှားလာလိမ့်မည်ဖြစ်သည်။ ပြန်လည်ရယူခြင်းသည် ကောင်းကင်သစ်နှင့်မြေကြီးသစ်ရှိ ယေရုရှလင်မြို့သစ်၌ ခရစ်တော်၏ အပြည့်ဝဆုံးထင်ရှားခြင်းတွင် ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည်။ (ယောလ၊ ၂း ၂၈ မှတ်စု ၁)

*ပို၍ဖတ်ရန် –  The Collected Works of Watchman Nee*, vol.10, pp.423-433

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————
——————————————————————————————————
——————————————————————————————————
——————————————————————————————————
——————————————————————————————————
——————————————————————————————————
——————————————————————————————————
——————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**မာလ၊ သားသည် အဘကို ရိုသေတတ်၏။ ကျွန်သည် သခင်ကို ကြောက်ရွံ့တတ်**
**၁း၆–၇ ၏။ ငါသည် အဘမှန်လျှင်၊ ငါ့ကို အဘယ်သူရိုသေသနည်း။ သခင်မှန်**
**လျှင်၊ အဘယ်သူကြောက်ရွံ့သနည်းဟု ကောင်းကင်ဗိုလ်ခြေအရှင်**
**ယေဟောဝါသည် နာမတော်ကို မထီမဲ့မြင်ပြုသော ယဇ်ပုရောဟိတ်တို့**
**အား မေးတော်မူ၏။ အကျွန်ုပ်တို့သည် နာမတော်ကို အဘယ်သို့ မထီ**
**မဲ့မြင်ပြုပါသနည်းဟု သင်တို့မေးရာတွင်၊ ညစ်ညူးသောအစာကို ငါ့**
**ယဇ်ပလ္လင်သို့ ဆောင်ခဲ့ကြသည်တကား။ အကျွန်ုပ်တို့သည် ကိုယ်တော်**
**ကို အဘယ်သို့ရှုတ်ချပါသနည်းဟုမေးရာတွင်၊ ယေဟောဝါ၏စားပွဲ**
**သည် ယုတ်မာ၏ဟုဆိုသောကြောင့် ငါ့ကို ရှုတ်ချကြပြီ။**
**၁ယော၊ ကိုယ်အပြစ်မရှိဟု ငါတို့သည်ဆိုလျှင်၊ ငါတို့သည် ကိုယ်ကိုကိုယ်လှည့်**
**၁း၈ ဖြားကြ၏။ ငါတို့၌ သမ္မာတရားမရှိ။**

ဝိညာဉ်ရေးရာ စစ်မှန်ခြင်းသည် မှန်ကန်သောအရာပင်ဖြစ်သည်။ သမ္မာတရားသည် ကျွန်ုပ်တို့ကို လွတ်မြောက်စေသည်။ မည်သို့ဆိုစေ မကြာခဏပင် ခရစ်ယာန်တစ်ဦးသည် စစ်မှန်သောအရာကို တိတွေ့ခြင်းမရှိပေ၊ ထိုအစား မှားယွင်းခြင်းအထဲသို့ကျဆင်းသွားကာ၊ သူသည် လှည့်စားခြင်းခံရ၍ လှည့်စားခြင်းအားဖြင့် ချည်နှောင်ခံရသည်။ သူသည် အကြောင်းကိစ္စများ၏ မှန်ကန်သောသဘာဝကို မမြင်ဘဲ၊ သူ၏ အမြင်သည် ရှင်းလင်းမှုရှိသည်ဟု ထင်ရန် လှည့်စားခံရသည်။ သူ၏ စဉ်းစားခြင်းနှင့်လုပ်ဆောင်ခြင်းသည် လုံးလုံးမှားယွင်းနေသော်လည်း သူသည် အလွန်မှန်ကန်သည်ဟု ထင်မှတ်နေသည်။ ဤသို့သောအခြေအနေမျိုးကို “အစွဲကြီးခြင်း”ဟုခေါ် ဆိုသည်။ အစွဲကြီးသောသူများသည် သူတို့၏အစွဲကြီးခြင်းအထဲမှ မလွတ်မြောက်နိုင်ခင် ဘုရားသခင်၏ အလင်းကို လိုအပ်သည်။ (*The Collected Works of Watchman Nee*, vol.36, p.257)

## ယနေ့ဖတ်စရာ

အစွဲကြီးခြင်းသည် မိမိကိုယ်ကို လှည့်စားခြင်းဖြစ်သည်။ အစွဲကြီးသောသူသည် ၁ယော၊၁း၈ ၌ ဖော်ပြထားသောပုဂ္ဂိုလ်နှင့်တူသည်။ လူတစ်ဦးသည် အပြစ်ပြုမိသော်လည်း အခြားသူများအား သူသည် အပြစ်မပြုကြောင်းပြောခဲ့မည်ဆိုလျှင်၊ ယင်းသည် လိမ်ညာခြင်းဖြစ်သည်။ သို့သော် လူတစ်ဦးသည် အပြစ်ပြုမိသော်လည်း သူသည် အပြစ်

မပြုမိပါဟု ယုံကြည်နေလျှင် ယင်းသည် မိမိကိုယ်ကို လှည့်စားခြင်းဖြစ်သည်။ လိမ်ညာခြင်းမှာ တစ်စုံတစ်ဦးသည် အပြစ်ပြုမိသော်လည်း အခြားသူများအား သူသည် မပြစ်မပြုမိပါဟုပြောဆိုခြင်းကို ခေါ်သည်။ အစွဲကြီးခြင်းဆိုသည်မှာ အပြစ်ကို သိသိသာသာပြုမိသော်လည်း တစ်ချိန်တည်းတွင် သူသည် မိမိကိုယ်ကို အံ့သြဖွယ်ကောင်းသောသူ၊ သခင်ယေရှုကဲ့သို့ အပြစ်ကင်းမဲ့သူ၊ သူသည် အပြစ်လုံးဝမပြုမိပါဟု ယုံကြည်ကာ ပြောဆိုသည်အထိ ထင်မှတ်ခြင်းကို ခေါ်သည်။ လိမ်ညာခြင်းသည် မိမိကိုယ်ကို အပြစ်ပြုမှန်းသိသော်လည်း အခြားသူများကို လှည့်စားရန်ကြိုးစားခြင်းဖြစ်သည်။ အစွဲကြီးခြင်းမှာ မိမိသည် အမှန်ပင်အပြစ်ပြုမိသော်လည်း အပြစ်မရှိပါဟု မိမိကိုယ်ကို ထင်မှတ်ခြင်းနှင့် အခြားသူများအား မိမိသည် အပြစ်မရှိကြောင်းပြောဆိုခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် လိမ်ညာခြင်းသည် အခြားသူများကို လှည့်စားခြင်းဖြစ်ပြီး၊ အစွဲကြီးခြင်းသည် မိမိကိုယ်ကို လှည့်စားခြင်းဖြစ်သည်။ လိမ်ညာခြင်းနှင့် အစွဲကြီးခြင်း၌ ပါရှိသည့်အရာများမှာ အတူတူပင်ဖြစ်သည်၊ အကြောင်းအရာနှစ်ခုစလုံး၌ အပြစ်ပါရှိသည်။ သို့သော် အကြောင်းအရာတစ်ခုတွင် လူ၏သြတ္တပ္ပစိတ်က သူသည် အပြစ်ပြုကြောင်းသိသော်လည်း၊ အပြစ်မပြုမိပါဟု ပြောဆိုကာ အခြားသူများကို လှည့်စားခဲ့သည်။ အခြားအကြောင်းအရာတစ်ခုတွင် လူ၏ အသိဉာဏ်က သူသည် အပြစ်မပြုကြောင်းပြောနေပြီး၊ သူ၏စိတ်နှလုံးကလည်း သူသည် အပြစ်မရှိကြောင်းယုံကြည်နေသည်။ အခြားသူများကို လှည့်စားသောသူများမှာ လိမ်ညာသူများဖြစ်ပြီး၊ မိမိကိုယ်ကို လှည့်စားသူများသည် အစွဲကြီးသူများဖြစ်သည်။ အစွဲကြီးသူများအားလုံးသည် မိမိကိုယ်ကိုလှည့်စားသူများဖြစ်ကြသည်။ အစွဲကြီးသူများအားလုံးက မိမိတို့သည် အစွဲကြီးခြင်းအထဲသို့ ကျဆင်းသွားကြောင်းကို ဆင်ခြင်တွေးတောရန် အချိန်များစွာ အသုံးပြုကြသည်။ မာနကြီးသောသူများသည် အစွဲကြီးသူများဖြစ်လာသည်၊ အကြောင်းမှာ သူတို့ကို အခြားသူများက ထူးခြားသောပုဂ္ဂိုလ်အဖြစ်ယုံကြည်စေရန် ကြိုးစားကြရုံသာမက၊ သူတို့ကိုယ်တိုင်ကလည်း မိမိတို့သည် ထိုသို့သောပုဂ္ဂိုလ်မျိုးဖြစ်သည်ဟု ယုံကြည်နေသောကြောင့်ဖြစ်သည်။

အစွဲကြီးခြင်းသည် စိတ်နှလုံး၏ အကြောင်းအရာဖြစ်သည်။ ၎င်းသည် အမှားပြုမိသော်လည်း စိတ်နှလုံးက ၎င်းကို မှန်သည်ဟု ပြောနေသည်။ လူတစ်ဦးသည် အမှားပြုမိသော်လည်း သူသည် ခေါင်းမာစွာဖြင့် ၎င်းသည် မှန်ကန်ကြောင်းပြောဆိုလျှင် ယင်းသည် လိမ်ညာမှုဖြစ်သည်။ သို့သော် လူတစ်ဦးသည် အမှားပြုမိသော်လည်း ၎င်းကို မှန်သည်ဟု နှုတ်ကပြောရုံသာမက စိတ်နှလုံးမှလည်း ယုံကြည်နေမည်ဆိုလျှင် ယင်းမှာ အစွဲကြီးခြင်းဖြစ်သည်။

အစွဲကြီးခြင်း၏ လက္ခဏာမှာ မှားနေသည့်အရာကို မည်သူမျှ မှားသည်ဟုပြော၍ မရနိုင်အောင် ၎င်းကို မှန်သည်ဟု ထင်မှတ်ခြင်းနှင့် ယုံကြည်ခြင်းဖြစ်သည်။ ဤအရာသည် အစွဲကြီးနေခြင်းဖြစ်သည်။ အမှန်တွင် မည်သည့်အရာမျှ ဖြစ်ပျက်ခြင်းမရှိသော်လည်း အခြားသူများ၌ တစ်စုံတစ်ခုဖြစ်ပျက်နေသည်ဟု စဉ်းစားနေသောသူများရှိသည်။ ထိုစဉ်းစားခြင်းသည် အကြောင်းအရာတစ်ခုအပေါ် ယုံကြည်ရလောက်သည့်အထိ ဖြစ်လာပြီး၊ သူတို့၏စဉ်းစားခြင်းကို အထောက်အကူဖြစ်စေရန် သက်သေပြချက်များ၊ အထောက်အထားများကိုပါ ယူဆောင်လာကြသည်။ ဤသည်မှာလည်း အစွဲကြီးခြင်းဖြစ်သည်။ ခရစ်ယာန်များသည် တစ်စုံတစ်ခုကို လုပ်ဆောင်လိုသည် သို့မဟုတ် ပန်းတိုင်တစ်ခုခုသို့ ရောက်ရှိလိုကြသည်။ အစပိုင်းတွင် သူတို့လိုချင်သောအရာသည် မှန်ကန်မှုမရှိကြောင်း ခံစားမိကောင်းခံစားမိမည်ဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် သူတို့၏စဉ်းစားခြင်းများသည် ထိုလမ်းကြောင်းအပေါ် ထားရှိလိုက်သောအခါ၊ ယင်းအကြောင်းကို ပို၍စဉ်းစားလေလေ၊ ၎င်းမှာ မှန်ကန်သည်ဟု ခံစားလေလေဖြစ်ပြီး၊ ထိုအရာများသည် ပို၍စစ်မှန်ခြင်းရှိလေလေဖြစ်လာသည်။ နောက်ဆုံးတွင် ၎င်းသည် လုံးလုံးမှန်ကန်သည်ဟု သူတို့ယုံကြည်လိုက်သည်။ သူတို့က ၎င်းသည် အမှန်တရားဖြစ်သည်ဟု မှတ်ယူပြီး၊ အခြားသူများကိုလည်း ၎င်းသည် အမှန်တရားဖြစ်ကြောင်းကို ပြောဆိုကြသည်။ ဤသည်မှာလည်း အစွဲကြီးခြင်းဖြစ်သည်။ တစ်စုံတစ်ဦးသည် အခြားသူများက ဘုရား၏နှုတ်ကပတ်တော်ကို အသုံးပြုပြီး သူ့အားမှားယွင်းကြောင်း ထောက်ပြသောအခါ ပို၍အစွဲကြီးလာနိုင်ပြီး၊ ၎င်းကို အလေးထားဂရုစိုက်ခြင်းရှိလိမ့်မည်မဟုတ်ပေ။ အစွဲကြီးနေသော ခရစ်ယာန်ကို ကူညီရန် သို့မဟုတ် တည့်မတ်ပေးရန် မလွယ်ကူပေ၊ အကြောင်းမှာ သူ၏သြတ္တပ္ပစိတ်က သူသည် မှန်သည်ဟု ပြောကြောင်းကို ယုံကြည်နေသောကြောင့်ဖြစ်သည်။ (*The Collected Works of Watchman Nee*, vol.36, p.257-259)

*ပို၍ဖတ်ရန်* – *The Collected Works of Watchman Nee*, vol.36, p.257-271

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————
——— ——————————————————————————————
————————————————————————————————
————————————————————————————————
————————————————————————————————
————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**မာလ၊ ယေဟောဝါမိန့်တော်မူသော စကားဟူမူကား၊ သင်တို့ကို ငါချစ်လေ**
**၁း၂ ပြီ။ အကျွန်ုပ်တို့ကို အဘယ်သို့ချစ်တော်မူသနည်းဟု သင်တို့မေးကြ**
**လျှင်၊ ဧသောသည် ယာကုပ်၏အစ်ကိုဖြစ်သည်မဟုတ်လော။ သို့**
**သော်လည်း ယာကုပ်ကို ငါချစ်၏။**
**၃း၁၃–၁၄ သင်တို့သည် ငါ့တဘက်၌ ရဲရင့်စွာ ပြောကြပြီဟု ယေဟောဝါ မိန့်**
**တော်မူ၏။ သို့ရာတွင်၊ အကျွန်ုပ်တို့သည် ကိုယ်တော်တဘက်၌ အဘယ်**
**သို့ ပြောမိပါသနည်းဟု သင်တို့ မေးကြသည်တကား။ ယေဟောဝါ**
**၏အမှုကို ဆောင်ရွက်သော်လည်း အကျိုးမရှိ။ စီရင်ထုံးဖွဲ့တော်မူ**
**ချက်ကို စောင့်၍၊ ကောင်းကင်ဗိုလ်ခြေအရှင် ယေဟောဝါရှေ့မှာ**
**ညှိုးငယ်စွာ ကျင့်ကြံပြုမူခြင်းအားဖြင့် အဘယ်ကျေးဇူးရှိသနည်း။**

မာလ၊၃း၁၃ မှ ၁၈ အထိ ကိုယ်တော်ကို ကြောက်ရွံ့သောသူနှင့် အစေခံသောသူတို့အား ယေဟောဝါ၏ ခွန်အားပေးခြင်းကို ကျွန်ုပ်တို့မြင်ရသည်။ ယာကုပ်သားများ၏ အချို့သောစကားများသည် ယေဟောဝါကိုပြင်းထန်စွာ ဆန့်ကျင်နေသည် (အငယ်၊၁၃က)။ သူတို့က "ဘုရားသခင်ကို အစေခံခြင်းသည် အချည်းနှီးဖြစ်သည်" ဟု ပြောကြသည် (အငယ်၊၁၄)။ သူတို့သည် ဘုရားသခင်ကို ကိုးကွယ်၊ အစေခံနေကြသော်လည်း သူတို့သည် ၎င်းကို ညှိုးငယ်စွာလုပ်ဆောင်နေကြပြီး၊ ဤအရာများကို လုပ်ဆောင်ရန်ရှိသော်လည်း ဝမ်းမြောက်ခြင်းမရှိကြပေ။

ယေဟောဝါကို ပြင်းထန်စွာ ဆန့်ကျင်ပြောဆိုသောသူများကလည်း "မာနထောင်လွှားသောသူတို့ကို မင်္ဂလာရှိသောသူဟူ၍ ငါတို့သည် ခေါ်ဝေါ်ကြ၏။ အကယ်စင်စစ် ဒုစရိုက်ကိုပြုသောသူတို့သည် အောင်တတ်ကြ၏။ အကယ်စင်စစ် ဘုရားသခင်ကို စုံစမ်းသော်လည်း ချမ်းသာရတတ်ကြ၏" ဟု ပြောကြသည် (အငယ်၊၁၅)။ ဤသည်မှာ ဘုရားသခင်ကို ဆန့်ကျင်သော ဤသူတို့က "ကောင်းကြီးခံရန်နည်းလမ်းမှာ နှိမ့်ချခြင်းရှိရန်မဟုတ်ဘဲ မာနထားရန်ဖြစ်သည်။ ဆိုးညစ်စွာပြုမူသောသူတို့အား တည်ဆောက်ပေးနေရုံသာမက ဘုရားသခင်ကို မယုံကြည်ရန်၊ ဆယ်ဖို့တစ်ဖို့အား ကိုယ်တော်ကို မပေးရန်နှင့် ဘေးဒုက္ခအမျိုးမျိုးမှ သူတို့လွတ်မြောက်ရန် ကြိုးစားနေကြသည်။ ဒုက္ခဆင်းရဲခံခြင်းအစား ဘေးဒဏ်ကြီးမှ လွတ်မြောက်ကြသည်" ဟု ပြောဆိုနေသကဲ့သို့ ထင်ရသည်။ (*Life-study of Malachi,* pp.15-16)

# ယနေ့ဖတ်စရာ

ကျွန်ုပ်တို့သည် အခြားသူများကို လှည့်စားလိုသည့် မည်သည့်ရည်ရွယ်ချက်မျှ မရှိရန် အလွန်သတိထားရမည်ဖြစ်သည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် မတော်တဆ မမှန်မကန်ပြောဆိုမိလျှင်လည်း ၎င်းကို ပြန်၍ တည့်မတ်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မမှန်ကန်သောစကားကို သိသိကြီးနှင့် ပြောဆိုရန် ကြိုးစားမည်ဆိုပါက၊ ကျွန်ုပ်တို့သည် ပထမတွင် အခြားသူများကို လှည့်စားမည်ဖြစ်သော်လည်း၊ နောက်ဆုံးတွင် မိမိကိုယ်ကိုလှည့်စားခြင်းအထဲသို့ ကျဆင်းသွားလိမ့်မည်ဖြစ်သည်။

ဓမ္မဟောင်းကျမ်း၌ အစွဲကြီးသောသူများသည် မည်သည့်အရာနှင့်တူကြောင်းကို ပြသသည့် စာစောင်တစ်စောင်ရှိသည် (မာလခိကျမ်း)။ ၁း၂၌ "ယေဟောဝါမိန့်တော်မူသော စကားဟူမူကား၊ သင်တို့ကို ငါချစ်လေပြီ"ဟု ပြောထားသည်။ ဤသည်မှာ အကြောင်းရင်းမှန်ဖြစ်သည်။ သို့သော်လည်း အစ္စရေးလူမျိုးများက "အကျွန်ုပ်တို့ကို အဘယ်သို့ချစ်တော်မူသနည်း"ဟု ပြောကြသည်။ ဤသည်မှာ အစွဲကြီးခြင်းဖြစ်သည်။ အစ္စရေးလူမျိုးများ၏ နှုတ်မှ ထွက်လာသောစကားသည် သာမန်လိမ်ညာခြင်းနှင့်မတူပါ။ ဘုရားသခင်အား "အကျွန်ုပ်တို့ကို အဘယ်သို့ချစ်တော်မူသနည်း"ဟု ပြောရန် ကြောက်ရွံ့ခြင်းမရှိကြပေ။ ဤသည်မှာ ဘုရားသခင်က သူတို့ကို ချစ်တော်မမူကြောင်းကို သူတို့၏ စိတ်နှလုံး၌ အမှန်ပင် ယုံကြည်နေကြောင်းကို ပြသခြင်းဖြစ်သည်။ သူတို့သည် အကြောင်းရင်းမှန်ကို မယုံကြည်ကြပေ။ မှားယွင်းသောအရာကို အမှန်တရားဟု မှတ်ယူထားကြသည်။ ဤအရာသည် အစွဲကြီးခြင်းပင်ဖြစ်သည်။

မာလ၊၁း၆ က "သားသည် အဘကို ရိုသေတတ်၏။ ကျွန်သည် သခင်ကို ကြောက်ရွံ့တတ်၏။ ငါသည် အဘမှန်လျှင်၊ ငါ့ကို အဘယ်သူ ရိုသေသနည်း။ သခင်မှန်လျှင်၊ အဘယ်သူကြောက်ရွံ့သနည်းဟု ကောင်းကင်ဗိုလ်ခြေအရှင် ယေဟောဝါသည် နာမတော်ကို မထီမဲ့မြင်ပြုသော ယဇ်ပုရောဟိတ်တို့အား မေး တော်မူ၏"ဟု ပြောထားသည်။ ဤသည်မှာ ဘုရားသခင်၏ စကားတော်ဖြစ်သည်။ သို့သော် သူတို့က "အကျွန်ုပ်တို့သည် နာမတော်ကို အဘယ်သို့ မထီမဲ့မြင်ပြုပါသနည်း"ဟု ပြောကြသည်။ သူတို့သည် ယေဟောဝါကို မကြောက်ရွံ့သော်လည်း၊ သူတို့က နာမတော်ကို မထီမဲ့မြင်ပြုခြင်းမရှိပါဟု ယုံကြည်နေကြသည်။ ဤသည်မှာ အစွဲကြီးခြင်းဖြစ်သည်။

မာလ၊၂း၁၃ က "တဖန် သင်တို့ပြုသော အမှုဟူမူကား၊ ယေဟောဝါ၏ ယဇ်ပလ္လင်ကို မျက်ရည်ကျခြင်း၊ ငိုကြွေးမြည်တမ်းခြင်းနှင့် ဖုံးအုပ်ကြပြီ။ ထိုကြောင့်၊ ပူဇော်သက္ကာကို မှတ်တော်မမူ။ သင်တို့လက်မှ နှစ်သက်သော စိတ်နှင့် ခံတော်မမူ"ဟု ပြောထားသည်။

ဤအရာများသည် အကြောင်းရင်းမှန်ဖြစ်သည်။ သို့သော်လည်း သူတို့က "အဘယ်ကြောင့်နည်း"ဟု ပြောဆိုကြသည်။ သူတို့သည် အမှားတစ်စုံတစ်ခုကို ပြုသော်လည်း ထိုသို့သောအရာမရှိပါဟု သူတို့ယုံကြည်နေကြသည်။ ဤသည်မှာ အစွဲကြီးခြင်းဖြစ်သည်။

မာ၊၃း၇ က "ဘိုးဘေးတို့ လက်ထက်မှစ၍ သင်တို့သည် ငါ စီရင်ထုံးဖွဲ့ချက်တို့ကို မစောင့်၊ တိမ်းရှောင်ကြပြီ။ ငါထံသို့ပြန်လာကြလော့။ ငါသည်လည်း သင်တို့ဆီသို့ပြန်လာမည်ဟု ကောင်းကင်ဗိုလ်ခြေအရှင် ယေဟောဝါမိန့်တော်မူ၏"ဟု ပြောထားသည်။ သို့သော်လည်း သူတို့က ဘုရားသခင်အား "အကျွန်ုပ်တို့သည် အဘယ်သို့ ပြန်လာရပါမည်နည်း"ဟု မေးကြသည်။ ၎င်းမှာ သူတို့သည် ဘုရားသခင်၏ပညတ်တရားများမှ သွေဖည်သွားခြင်းမရှိသကဲ့သို့ ထင်ရသည်။ သူတို့သည် နောက်ထပ် လှည့်ပြန်လာရန် မလိုအပ်ဟု ယုံကြည်နေကြသည်။ ဤသည်မှာ အစွဲကြီးခြင်းဖြစ်သည်။

အငယ်၊၈ ၌ "လူသည် ဘုရားသခင်၏ဥစ္စာတော်ကို လုယူရမည်လော။ သို့သော်လည်း၊ သင်တို့သည် ငါ့ဥစ္စာကို လုယူ ကြပြီ"ဟု ပြောထားသည်။ ဤသည်မှာ ဘုရားသခင်၏စကားတော်ဖြစ်သည်။ သို့သော်လည်း သူတို့က "အကျွန်ုပ်တို့သည် အဘယ်သို့ လုယူပါသနည်း"ဟု မေးကြသည်။ သူတို့သည် ဘုရားသခင်၏ဥစ္စာကို လုယူခဲ့ကြသော်လည်း သူတို့သည် ဘာမျှ မပြုခဲ့ပါဟု ယုံကြည်နေကြသည်။ ဤသည်မှာ အစွဲကြီးခြင်းဖြစ်သည်။

အငယ်၊၁၃ ၌ "သင်တို့သည် ငါ့တဘက်၌ ရဲရင့်စွာ ပြောကြပြီဟု ယေဟောဝါ မိန့်တော်မူ၏"ဟု ပြောထားသည်။ ဤသည်မှာ အကြောင်းရင်းမှန်ဖြစ်သည်။ သို့သော်လည်း သူတို့က "အကျွန်ုပ်တို့သည် ကိုယ်တော်တဘက်၌ အဘယ်သို့ ပြောမိပါသနည်း"ဟု ပြန်မေးကြသည်။ သူတို့၏စကားများသည် ဘုရားသခင်ကို ပြင်းထန်စွာဆန့်ကျင်သော်လည်း သူတို့က အမှားတစ်စုံတစ်ရာမပြုမိပါဟု ယုံကြည်နေကြသည်။ ဤသည်မှာ အစွဲကြီးခြင်းဖြစ်သည်။ (*The Collected Works of Watchman Nee*, vol.36, p.259-261)

*ပို၍ဖတ်ရန်* – *Life-study of Malachi*, msg. 3

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

———————————————————————————————————

———————————————————————————————————

———————————————————————————————————

———————————————————————————————————

———————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**မာလ၊ ကြည့်ရှုလော့။ ငါသွားရာလမ်းကို ပြင်ရသော ငါ၏တမန်ကို ငါစေ**
**၃း၁–၃ လွှတ်မည်။ သင်တို့ ရှာသောသခင်၊ သင်တို့တောင့်တသော ပဋိညာဉ် တမန်တော်သည် မိမိဗိမာန်တော်သို့ ချက်ချင်းလာလိမ့်မည်။ ကြည့်ရှု လော့။ ထိုသခင်လာလိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင် ယေ ဟောဝါမိန့်တော်မူ၏။ လာတော်မူသော နေ့ရက်ကို အဘယ်သူသည် မတိမ်းမရှောင်ဘဲ နေလိမ့်မည်နည်း။ ပေါ်ထွန်းတော်မူသောအခါ အဘယ်သူသည် ခံရလိမ့်မည်နည်း။ ထိုသခင်သည် ငွေစစ်သောသူ၏ မီး၊ ခဝါသည် သုံးသောဆပ်ပြာကဲ့သို့ ဖြစ်တော်မူမည်။ ငွေကို ချွတ်၍ သန့်ရှင်းစေသောသူကဲ့သို့ထိုင်လျက် ရွှေငွေကို ချွတ်သကဲ့သို့၊ လေဝိ သားတို့ကို ချွတ်၍ သန့်ရှင်းစေတော်မူသဖြင့်၊ သူတို့သည် ယေဟော ဝါအဘို့ဖြစ်၍ ဖြောင့်မတ်ခြင်းပူဇော်သက္ကာကို ပူဇော်ကြလိမ့်မည်။**

မာလခိစာစောင်သည် ခရစ်တော်၏ပထမအကြိမ်ကြွလာခြင်းနှင့် ဒုတိယအကြိမ် ကြွလာခြင်းကို ဖွင့်ပြထားသည်။ ပထမအကြိမ်ကြွလာခြင်း၌ ကိုယ်တော်သည် ဘုရား သခင်၏တမန်တော်ဖြစ်သည်။ ဘုရားသခင်၏တမန်တော်အဖြစ် ခရစ်တော်သည် ဘုရား ၏လူများထံသို့ ဘုရားသခင်ထံမှ သတင်း သို့မဟုတ် စကားများကို ယူဆောင်လာရုံသာ မက သူကိုယ်တော်တိုင်သည် အသက်ရှင်သောသတင်းစကားဖြစ်သည်။ ဤအရာကို ခရစ် ဝင်လေးကျမ်းက အပြည့်အဝသက်သေပြထားသည်၊ ၎င်းတို့သည် ဘုရားသခင်က သူ၏ ရွေးချယ်ခံလူတို့ထံ ပို့ဆောင်ပေးသည့် အသက်ရှင်သောသတင်းစကားဖြစ်သည့် ခရစ် တော်၏ပြည့်ဝ၊ စုံလင်သောမှတ်တမ်းပင်ဖြစ်သည်။ သခင်ယေရှုသည် မြေကြီးပေါ်တွင် အသက်ရှင်နေစဉ်၊ မြို့များတစ်လျှောက် ခရီးသွားလာခြင်းနှင့် လူတို့ထံစကားပြောခြင်း တို့၌ သူတို့ဖြစ်ခြင်း၏ မူလအစိတ်အပိုင်းအထဲသို့ မိမိကိုယ်တော်တိုင်ကို အမှုဆောင်ဖြန့် ဖြူးခဲ့ပြီး၊ သူကိုယ်တော်တိုင်သည် သတင်းစကားဖြစ်သည်။ (*Life-study of Malachi*, p. 9)

## ယနေ့ဖတ်စရာ

လေဝိ၏ သားတို့ကို ယေဟောဝါ၏ဆက်ဆံဖြေရှင်းခြင်းသည် ယေဟောဝါ၏တမန် အဖြစ် ကိုယ်တော်ကြွလာခြင်းအားဖြင့် ယဇ်ပုရောဟိတ်များကို စစ်ဆေးရန်နှင့် သန့်စင် စေရန်ဖြစ်သည် (မာလ၊ ၃း၁–၄)။ ဤပရောဖက်ပြုချက်သည် အဆသုံးဆပြီးမြောက်ပြည့်

စုံခြင်းရှိသည်။

ရှေ့ဦးစွာ ဤပရောဖက်ပြုချက်သည် ခရစ်တော်ကို ကြွလာမည့်သူအဖြစ်ပုံဆောင်သော ပရောဖက်မာလခိ၏ ရောက်ရှိလာခြင်း၌ ပြည့်စုံခဲ့သည်။ ဒုတိယ၊ ဤပရောဖက်ပြုချက်သည် ကိုယ်တော်၏ ရှေ့ပြေးဖြစ်သော ဗတ္တိဇံယောဟန်နှင့်အတူ ခရစ်တော်၏ ပထမအကြိမ်ကြွလာခြင်း၌ ပြည့်စုံခဲ့သည် (မ၊၁၁း၇–၁၃)။ ပထမအကြိမ်ကြွလာခြင်း၌ ခရစ်တော်သည် တမန်တော်အဖြစ်ကြွလာရုံမက၊ ယဇ်ပုရောဟိတ်များအား ကိုက်ညှိပေးရန်၊ တည့်မတ်ပေးရန်နှင့် သန့်စင်ပေးရန် ဘုရားသခင်အားဖြင့် စေလွှတ်ခံရသော သတင်းစကားအဖြစ်လည်း ကြွလာခြင်းဖြစ်သည်။ ခရစ်ဝင်ကျမ်းများတွင် သခင်ယေရှုသည် ယဇ်ပုရောဟိတ်များကို မကြာခဏ အပြစ်တင်ခဲ့သည်။ တတိယ၊ ဤပရောဖက်ပြုချက်သည် ကိုယ်တော်၏ ရှေ့ပြေးဖြစ်သော ဧလိယနှင့်အတူ ခရစ်တော်၏ ဒုတိယအကြိမ်ကြွလာခြင်း၌ ပြည့်စုံမည်ဖြစ်သည် (ဟေရှာ၊၄၀း၃–၅၊ ၉–၁၁။ မ၊၁၇း၁၁။ ဗျာ၊၁၁း၃–၄)။

ခရစ်တော်သည် အစ္စရေးလူမျိုးများကရှာဖွေသော၊ အစ္စရေးလူမျိုးများ လိုလားတောင့်တသော ပဋိညာဉ်တမန်တော်အဖြစ် ရုတ်တရက်ကြွလာလိမ့်မည်ဖြစ်သည် (မာလ၊၃း၁။ ဟဂ္ဂဲ၊၂း၇က)။ ပဋိညာဉ်တမန်တော်အဖြစ် ခရစ်တော်ရုတ်တရက်ကြွလာခြင်းသည် ကိုယ်တော်၏ အသေခံခြင်းအားဖြင့်ပြုခဲ့သော ပဋိညာဉ်ကို အစ္စရေးလူမျိုးအပေါ် သက်ရောက်စေရန်ဖြစ်လိမ့်မည်ဖြစ်သည် (မ၊၂၆း၂၈)။ ကိုယ်တော်သည် အသစ်သောပဋိညာဉ်ကို ပုံဖော်ခြင်း၌ ဘုရားသခင်ကို အစေခံရန် ကောင်းကင်တမန်အဖြစ်ကြွလာခြင်းဖြစ်သည်။ ကိုယ်တော်ကို ရန်သူလက်သို့အပ်နှံခြင်းခံရသောနေ့ည၌ ကိုယ်တော်၏စားပွဲကို တည်ခင်းသောအချိန်၌ သခင်ယေရှုက သူသည် ပဋိညာဉ်တရားသစ်ကိုတည်စေခဲ့ကြောင်း ကျွန်ုပ်တို့အားပြောထားသည်၊ "ဤခွက်ကား သင်တို့အဖို့အလို့ငှါသွန်းသော ငါ၏ အသွေး၌တည်သော ပဋိညာဉ်တရားသစ်ဖြစ်၏"(လု၊၂၂း၂၀)။ ထို့ကြောင့် ကိုယ်တော်သည် ကျွန်ုပ်တို့၏ အသက်၊ အသက်၏တရားနှင့် ကျွန်ုပ်တို့၏ အရာခပ်သိမ်းဖြစ်လာရန် ကျွန်ုပ်တို့၏ ဖြစ်ခြင်းအထဲသို့ ဘုရားသခင်ကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးပေးဖို့ဖြစ်စေသော ပဋိညာဉ်တရားသစ်ကို တည်စေခဲ့သည်။ သခင်ယေရှုသည် ပဋိညာဉ်တရားသစ်ကို လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ခန့်က တည်စေခဲ့ပြီးဖြစ်သော်လည်း ယေဘုယျအနေဖြင့်ဆိုရလျှင် ဂျူးလူမျိုးများသည် ၎င်းအားဖြင့် အကျိုးကျေးဇူးမခံစားရသေးပေ။ ထိုအစား အကျိုးကျေးဇူးသည် တပါးအမျိုးသားများထံသို့ ရောက်ရှိသွားသည်။ မည်သို့ဆိုစေ ခရစ်တော်ပြန်ကြွလာသောအခါ ကိုယ်တော်သည် နောင်တရကာ ယုံကြည်သော ဂျူးလူမျိုးများအပေါ် ကိုယ်တော်၏ ပဋိညာဉ်ကို သက်ရောက်စေရန် ပဋိညာဉ်တမန်တော်အဖြစ်ကြွလာ

လိမ့်မည်ဖြစ်သည်။ ထိုအချိန်၌ သူတို့သည် ပဋိညာဉ်တရားသစ်၏ အကျိုးခံစားသူများ ဖြစ်လာလိမ့်မည်ဖြစ်သည်။

ခရစ်တော်သည် လေဝိ၏ သားများ၊ အထူးသဖြင့် ယဇ်ပုရောဟိတ်များကို စစ်ဆေးရန်နှင့် သန့်စင်စေရန် ငွေစစ်သူ၏ မီးနှင့် ခဝါသည်သုံးသောဆပ်ပြာအဖြစ်လည်း ကြွလာလိမ့်မည်ဖြစ်သည်၊ သို့မှသာ သူတို့သည် ဘုရားသခင်ထံ မှန်ကန်သော ပူဇော်သက္ကာကို ပူဇော်နိုင်မည်ဖြစ်သည် (မာလ၊၃း ၂–၄)။ မိလေနီကာလ၌ ပဋိညာဉ်တရားသစ်အားဖြင့် အသစ်မွေးဖွားခံရသော နောင်တရသည့်ဂျူးလူမျိုးများသည် လူမျိုးများကို ထိန်းကျောင်းဂရုစိုက်ရန် ယဇ်ပုရောဟိတ်များဖြစ်လာလိမ့်မည်ဖြစ်သည်။ ဤအတွက်ကြောင့် သူတို့သည် များစွာ စစ်ဆေးခြင်းနှင့် သန့်စင်ပေးခြင်းကို လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် ခရစ်တော်သည် ဒုတိယအကြိမ်ကြွလာသောအခါ အစ္စရေးလူမျိုးကို သန့်စင်ပြီး သန့်ရှင်းသော ကိုယ်တော်၏ ယဇ်ပုရောဟိတ်များဖြစ်စေရန် အသစ်ပြုပြင်ခြင်း၊ သန့်ရှင်းစင်ကြယ်စေခြင်းနှင့် ပုံသဏ္ဍာန်ပြောင်းလဲခြင်းပြုပေးလိမ့်မည်ဖြစ်သည်။

ခရစ်တော်၏ ဒုတိယအကြိမ်ကြွလာခြင်း၌ ကိုယ်တော်သည် ပဋိညာဉ်တမန်တော်၊ လူမျိုးအပေါင်းတို့၏ တောင့်တရာ (၃း၁)နှင့် ဖြောင့်မတ်ခြင်း၏ နေမင်း (၄း ၂) ဖြစ်လိမ့်မည်ဖြစ်သည်။ အမှန်တွင် ခရစ်တော်သည် ပထမအကြိမ်ကြွလာခြင်း၌ပင်လျှင် ပဋိညာဉ်တမန်တော်ဖြစ်ခဲ့သည်။ ပဋိညာဉ်တမန်တော်အဖြစ် ခရစ်တော်သည် ပဋိညာဉ်တရားသစ်ကို တည်စေခဲ့သည်။ ကားတိုင်ပေါ်မတက်ခင် ကိုယ်တော်နောက်ဆုံးပြုခဲ့သောအမှုမှာ ကိုယ်တော်၏ စားပွဲတော်၌ ပဋိညာဉ်တရားသစ်ကို တည်စေခြင်းဖြစ်သည် (မ၊ ၂၆း ၂၆–၃၀)။ (*Life-study of Malachi*, pp. 5-7, 9)

*ပို၍ဖတ်ရန်* - *Life-study of Malachi*, msg. 1

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**မာလ၊ ငါ၏နာမတော်ကို ကြောက်ရွံ့သောသင်တို့၌ကား၊ ဖြောင့်မတ်ခြင်း၏**
**၄း၂ နေမင်းသည် အနာပျောက်စေသောအတောင်တို့နှင့် ပေါ်ထွန်းတော်**
**မူမည်။ သင်တို့သည် ထွက်သွား၍ တင်းကုပ်၌ နွားသငယ်ကဲ့သို့ ခုန်ကြ**
**လိမ့်မည်။**

**မ၊ ထိုအခါ ဖြောင့်မတ်သောသူတို့သည် နေထွန်းလင်းသကဲ့သို့ မိမိတို့**
**၁၃း၄၃ အဖ၏နိုင်ငံတော်၌ ထွန်းလင်းကြလတံ့။**

ကိုယ်တော်၏ပဋိညာဉ်တရားသစ်(ဟေဗြဲ၊၈း၁၀–၁၂) အပေါ် အခြေခံ၍ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကျဆင်းခြင်းများကိုပင် မေ့ပစ်တော်မူသော ဘုရားသခင်အားဖြင့် ခွင့်လွှတ်တော်မူခြင်းကို ခံရသည်။ ထို့နောက် ဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏ အတွင်းပိုင်းပါဝင်မှုဖြစ်သော ကျွန်ုပ်တို့၏ အသက်၊ အသက်၏တရားနှင့် ကျွန်ုပ်တို့၏ အရာခပ်သိမ်းဖြစ်လာရန် ကျွန်ုပ်တို့၏ ဖြစ်ခြင်းအထဲသို့ ဝေငှဖြန့်ဖြူးနိုင်မည်ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်ကို အသက်ရှင်နိုင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ ပဋိညာဉ်တရားသစ်သည် ကျွန်ုပ်တို့ကို ဘုရားသခင်နှင့် လုံးလုံးတစ်လုံးတစ်ဝဖြစ်စေရန်ပင်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ဖြစ်လာပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် စွေ့စပ်ထုံးဖွဲ့ထားကာ အသက်နှင့်သဘောသဘာဝ၌ ကိုယ်တော်နှင့်တစ်လုံးတစ်ဝဖြစ်လာသည်။ (*Life-study of Malachi*, p.10)

## *ယနေ့ဖတ်စရာ*

ဘုရားသခင်သည် ကျွန်ုပ်တို့ဖြစ်လာရန် ကျွန်ုပ်တို့အထဲသို့ စွေ့စပ်ထုံးဖွဲ့ခဲ့ပြီး ကျွန်ုပ်တို့သည် ကိုယ်တော်၏ အသက်နှင့်သဘောသဘာဝ၌ ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်လာသည်။ ဓမ္မသစ်ကျမ်း၌ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အဖနှင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ သားများဖြစ်ကြောင်း ဖွင့်ပြထားသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်က မွေးစားထားသောသားများမဟုတ်ဘဲ၊ ဘုရားသခင်၏ မွေးဖွားခြင်းခံရသောသားများဖြစ်သည်။ ကလေးတစ်ဦးသည် သူ့ဖခင်၏ အသက်နှင့်သဘောသဘာဝကို မျှဝေခံစားရသော်လည်း ဖခင်အရိုက်အရာကို မျှဝေခြင်းမဟုတ်ပါ။ ထိုနည်းတူ ဘုရားသခင်၏ မွေးဖွားခြင်းခံရသောသားများဖြစ်သည့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ အသက်နှင့်သဘောသဘာဝကို မျှဝေခံစားရပြီး၊ ကိုယ်တော်၏ အဖအရာ သို့မဟုတ် ဦးခေါင်းအရာကို မျှဝေခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အဖ ဘုရားသခင်နှင့် အသက်နှင့်သဘောသဘာဝ၌တူညီ

ခြင်းရှိသော်လည်း ကိုယ်တော်၏ဦးခေါင်းအရာ၌ ဘုရားဖြစ်ခြင်း သို့မဟုတ် ကိုယ်တော်၏ အဖအရာ၌ အဖဖြစ်ခြင်းမဟုတ်ပါ။ ဤသည်မှာ သမ္မာကျမ်းစာ၏ မူလဖွင့်ပြခြင်း အထူးသဖြင့် ဓမ္မသစ်ကျမ်း၏ မူလဖွင့်ပြခြင်းဖြစ်သည်။

ကျွန်ုပ်တို့၏ နေ့စဉ်အသက်ရှင်ခြင်း၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အသက်နှင့် သဘောသဘာဝ၌ ဘုရားသခင်၏ သားများဖြစ်ခြင်းတည်းဟူသော ကျွန်ုပ်တို့၏ အခြေအနေကို သတိရနေရန်လိုအပ်သည်။ ဥပမာ၊ ညီအစ်ကိုတစ်ဦးနှင့် သူ၏ဇနီးသည်တို့က ဤအရာကို သိနားလည်ခြင်း၊ သူတို့သည် လူသားဖြစ်ရုံသာမက ဘုရားဆိုင်ရာလည်းဖြစ်ကြောင်း သိရှိခြင်းရှိမည်ဆိုလျှင် သူတို့သည် အဆုံးစွန်အထိ တစ်ဦးကိုတစ်ဦး လေးစားခြင်းရှိမည်ဖြစ်သည်။ ငြင်းခုံနေခြင်းအစား သူတို့သည် တစ်ဦးကိုတစ်ဦးလေးစားခြင်း၊ တစ်ဦးကိုတစ်ဦးကြင်နာခြင်းရှိမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားများဖြစ်ခြင်းတည်းဟူသော ကျွန်ုပ်တို့၏ အဆင့်အခြေအနေကို မမေ့လျော့သင့်ပေ။

ကိုယ်တော်၏ ဒုတိယအကြိမ်ကြွလာခြင်း၌ ခရစ်တော်သည် လူမျိုးအပေါင်းတို့၏ တောင့်တရာလည်းဖြစ်လိမ့်မည်ဖြစ်သည် (မာလ၊၃း၁။ ဟဂ္ဂဲ၊၂း၇)။ ခရစ်တော်သည် ကျွန်ုပ်တို့တောင့်တနေသောအရှင်ဖြစ်သည်။ တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာ၊ ကျွန်ုပ်တို့၏ နှိမ့်ချခြင်း၊ ကျွန်ုပ်တို့၏ နူးညံ့ခြင်းနှင့် ကျွန်ုပ်တို့၏ ဝမ်းမြောက်ခြင်းဖြစ်စေရန် တောင့်တကြသည်။ ဝမ်းမြောက်ခြင်းထက်ပို၍ ကောင်းသောအရာမရှိတော့ပါ။ ဤဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့၏ ခွန်အား၊ ကျွန်ုပ်တို့၏ ကျန်းမာခြင်း၊ ကျွန်ုပ်တို့၏ ကျွေးမွေးခြင်း၊ ကျွန်ုပ်တို့၏ အာဟာရဖြစ်စေခြင်းဖြစ်လာသည်။ စစ်မှန်သောဝမ်းမြောက်ခြင်းမှာ ခရစ်တော်သည် ကျွန်ုပ်တို့၏ အသက်၊ ကျွန်ုပ်တို့၏ ကောင်းမြတ်ခြင်းနှင့် ကျွန်ုပ်တို့၏ အရာခပ်သိမ်းဖြစ်လာခြင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ကျွန်ုပ်သည် ဤအရှင်ကို နှစ်ခုနစ်ဆယ်ကျော်မျှ ချစ်လာခဲ့ပြီး ယခင်ကထက်ပို၍ ယနေ့တွင် ကိုယ်တော့်ကို ပို၍ချစ်လာကြောင်းကို ကျွန်ုပ်သက်သေခံနိုင်ပါသည်။ နေ့စဉ် ကိုယ်တော်ကို ကျွန်ုပ်တောင့်တသည်၊ ကိုယ်တော်ကို ချစ်သည်၊ ကိုယ်တော်ကို ဆင်ခြင်အောက်မေ့သည်။ ကိုယ်တော်သည် အမှန်ပင် ကျွန်ုပ်တို့၏ တောင့်တရာဖြစ်သည်။

ဖြောင့်မတ်ခြင်း၏ နေမင်းအဖြစ် ခရစ်တော်သည် အနာပျောက်စေသောအတောင်တို့ဖြင့် ပေါ်ထွန်းလာလိမ့်မည်ဖြစ်သည် (မာလ၊၄း၂)။ ယနေ့ ပင်တေကုတ္တေလှုပ်ရှားမှုအဖွဲ့ရှိလူများက ဘုရားဆိုင်ရာအနာပျောက်စေခြင်းဟုခေါ်သောအရာကို လက်တွေ့လေ့ကျင့်နေကြသည်။ အမှန်စင်စစ် ခရစ်တော်ကိုယ်တော်တိုင်သည် ကျွန်ုပ်တို့၏ ကျန်းမာခြင်းဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အပေါ် ထွန်းလင်းနေသော နေမင်းအဖြစ် ကျွန်ုပ်တို့ကို အနာငြိမ်းပေးနေသည်။

ကိုယ်တော်၏ ပထမကြွလာခြင်း၌ မြေကြီးသည် ကိုယ်တော်ကို ငြင်းပယ်ခဲ့သည်။ ထို့ကြောင့် မြေကြီးသည် ကိုယ်တော်၏ အနာငြိမ်းပေးခြင်းကို မခံရပေ။ သို့သော် ကျွန်ုပ်တို့သည် လျို့ဝှက်၊ ဖုံးကွယ်ထားသောနည်းလမ်း၌ ကိုယ်တော်ကို လက်ခံသောကြောင့် ကိုယ်တော်၏ အနာငြိမ်းပေးခြင်းကို နေ့စဉ် ကျွန်ုပ်တို့ရရှိကြသည်။ ကိုယ်တော်၏ အနာငြိမ်းပေးခြင်းသည် ကျွန်ုပ်တို့အား ဝမ်းမြောက်ခြင်းကို ဖြစ်စေပြီး၊ ကျွန်ုပ်တို့၏ အမျက်ဒေါသနှင့် စိုးရိမ်ခြင်းများကို မေ့လျော့စေသည်။ ကျွန်ုပ်တို့သည် အပြစ်၊ သေခြင်း၊ များစွာသောချို့တဲ့ခြင်းများ၊ မပြည့်စုံခြင်းများတို့ဖြင့် ဖျားနာနေကြသည်။ ဤအနာပျောက်စေသော ခရစ်တော်တစ်ပါးတည်းသာလျှင် ကျွန်ုပ်တို့ကို စုံလင်စေနိုင်သည်။ ကျန်းမာစေခြင်းသည် ကယ်တင်ခံရခြင်းဖြစ်သည်။ အနာငြိမ်းခြင်းခံရန်၊ ကယ်တင်ခံရန်သည် စုံလင်ခြင်းရရှိရန်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို အနာငြိမ်းစေမည်ဖြစ်သည်၊ သို့သော် ကျွန်ုပ်တို့သည် ကိုယ်တော်အား ကျွန်ုပ်တို့အပေါ်၊ ကျွန်ုပ်တို့ပတ်လည်နှင့် ကျွန်ုပ်တို့အတွင်း၌ သူ၏အတောင်တို့ကို အသုံးပြုကာ လွတ်လပ်စွာပျံသန်းခွင့်ပြုရမည်ဖြစ်သည်။

ကိုယ်တော်၏ ပထမကြွလာခြင်း၌ ခရစ်တော်သည် ကျဆင်းသွားသော ယဇ်ပုရောဟိတ်အရာကို အနာငြိမ်းစေသော်လည်း၊ ကိုယ်တော်၏ ဒုတိယကြွလာခြင်းတွင် အစ္စရေးလူမျိုး၏ ကျန်ကြွင်းသောသူများကို အနာငြိမ်းစေမည်ဖြစ်သည်။ ထို့နောက် ကိုယ်တော်သည် မြေကြီးနှင့် ကျွန်ုပ်တို့အဖို့ အရာခပ်သိမ်းဖြစ်လာမည်ဖြစ်သည်။ ဤအနာငြိမ်းစေသောခရစ်တော်သည် ရုတ်တရက်ကြွလာမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် နိုးကြားနေရန်၊ ကိုယ်တော်ကို လက်ခံဖို့ အဆင်သင့်ဖြစ်နေရန်လိုအပ်သည်။

မာလခိစာစောင်၏ အလယ်ဗဟိုမှာ အနာငြိမ်းစေသောခရစ်တော်ဖြစ်သည်။ ဤအနာငြိမ်းစေသောခရစ်တော်သည် ဘုရားသခင်၏ တမန်တော်၊ ပဋိညာဉ်ကောင်းကင်တမန်နှင့် လူမျိုးအပေါင်းတို့၏ တောင့်တရာဖြစ်သည်။ ကျွန်ုပ်တို့၏ အနာငြိမ်းခြင်းဖြစ်သောခရစ်တော်သည် ကိုယ်တော်၏ ဖြောင့်မတ်ခြင်းနေမင်းဖြစ်ခြင်းအပေါ် အခြေတည်ခြင်းဖြစ်သည်။ "နေမင်း"ဟူသောစကားလုံးသည် အသက်ကို ရည်ညွှန်းပြီး၊ "ဖြောင့်မတ်ခြင်း"သည် တရားမျှတခြင်းကို ရည်ညွှန်းသည်။ မြေကြီးတစ်ခုလုံးသည် သေခြင်းနှင့် မတရားမှုများဖြင့် ပြည့်နေသည်။ သို့သော် အနာငြိမ်းစေသောခရစ်တော်အားဖြင့် ကျွန်ုပ်တို့သည် အသက်နှင့် တရားမျှတခြင်းကို ရရှိကြသည်။ ကိုယ်တော်သည် ဖြောင့်မတ်ခြင်းနေမင်းအဖြစ် အနာပျောက်စေသောအတောင်တို့နှင့်အတူ ပေါ်ထွန်းလာခြင်းကို ကျွန်ုပ်တို့ စောင့်မျှော်နေကြသည်။ (*Life-study of Malachi*, pp.10-12)

*ပို၍ဖတ်ရန်- **Life-study of Ephesians**,* msgs. 63, 74, 97

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ————————————————

*Hymns,* **E#200**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ

## ပရောဖက်ကျမ်းငယ်များ၌ ဖော်ပြထားသော နိုးကြားခြင်း

ဖတ်ရန်ကျမ်း။ ။ ဟဗ၊၃း ၂က။ ဟော၊၆း ၂။ ယောလ၊ ၂း ၂၈– ၂၉။ဟဂ္ဂဲ၊၁း၁၄က၊ ၂း၇က။ မာလ၊၃း၁ခ၊ ၄း ၂။

*Day 1*

**I. “အို ယေဟောဝါဘုရား၊ ယခုနှစ်များအတွင်းတွင် ကိုယ်တော်၏ အမှုတော်ကို နိုးထစေတော်မူပါ (ဟဗ၊၃း ၂က)”။**

က။ ဤနိုးကြားခြင်းအကြောင်းအရာသည် ပရောဖက်ကျမ်းငယ်များ၏ အခွံအတွင်းပိုင်းရှိ အဆန်ဖြစ်ကြောင်း ကျွန်ုပ်တို့ ပြောဆိုနိုင်သည်။

ခ။ ဘုရားသခင်ရွေးချယ်ခံရသော လူများအလယ်တွင် နိုးကြားရန် ပြင်းပြသောအလိုဆန္ဒ အမြဲတမ်းရှိသည်။ ထိုအရာကို ကျွန်ုပ်တို့ မသိသော်ငြားလည်း၊ ထိုပြင်းပြသောဆန္ဒသည် ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာ၏ နှစ်များတစ်လျှောက်လုံး ကျွန်ုပ်တို့အတွင်းထဲ၌ ရှိနေပြီးဖြစ်သည် (cf. ဆာ၊၈၀း၁၇–၁၉)။

ဂ။ ဘုရားသခင်၏ အမြင်၌ သူ၏ရွေးချယ်ခံများအလယ်တွင် ပုဂ္ဂိုလ်တစ်ဦးသည် အားလုံးကို ကိုယ်စားပြုခြင်းဖြစ်သည်။ ဘုရားသခင်သည် သူ၏ရွေးချယ်ခံများကို စုပေါင်းထားသောကိုယ်ခန္ဓာတော် အဖြစ် အမြဲစဉ်းစားသည်။

ဃ။ ဤသည်မှာ ဟဗက္ကုတ်နှင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ရွေးချယ်ခံ အုပ်စု၌ တစ်ဦးတည်းဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် နိုးကြားခြင်းအတွက် ဟဗက္ကုတ်၏ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းလည်းဖြစ်သည်။ ထိုဆုတောင်းခြင်းသည် ထာဝရဆုတောင်းခြင်းဖြစ်သည်။

င။ စည်းဝေးရန်နှင့် အစေခံရန် ဘုရားသခင်၏ စီမံထားသောလမ်းနှင့် သမ္မာကျမ်း၏ နည်းလမ်းကို တွေ့လုပ်ဆောင်ရန်အလို့ငှါ၊ ကျွန်ုပ်တို့သည် နိုးကြားဖို့ လိုအပ်သည်။ ဤအတွက် သခင်ဘုရားသည် နံနက်ခင်းနိုးကြားရေးကို လက်တွေ့လုပ်ဆောင်ရန် ကျွန်ုပ်တို့ကို ဦးဆောင်နေခြင်း ဖြစ်သည်။

၁။ ကျွန်ုပ်တို့ ယုံကြည်သူများသည် နိုးကြားလာရန်နှင့် နံနက်တိုင်း

အသစ်သောအစပြုခြင်းရှိရန် နေထွက်ချိန်နောက်သို့ လိုက်ရမည်ဖြစ်သည်။ နေ့စဉ်နေ့တိုင်း ကျွန်ုပ်တို့သည် "နေထွက်ချိန်" လိုအပ်ပြီး၊ ဤနေထွက်ချိန်သည် နိုးကြားခြင်းဖြစ်သည် (မာလ၊၄း ၂။ သု၊၄း၁၈။ သူကြီး၊၅း၃၁။ မ၊၁၃း၄၃)။

၂။ ကျွန်ုပ်တို့သည် နေ့စဉ်နေ့တိုင်း နိုးကြားခြင်းကို တွေ့ကြုံခံစားမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏စီမံထားသောနည်းလမ်းကို လက်တွေ့လုပ်ဆောင်ရန်နှင့် ဤနည်းလမ်းအတိုင်း အသင်းတော်ကိုကူညီရန် အရည်အချင်းပြည့်စုံစွာဖြင့် အသက်ရှင်နေထိုင်နိုင်မည်ဖြစ်သည်။

*Day 2*

**II. တစ်ဘက်တွင် ဟဗက္ကုတ်သည် နိုးကြားခြင်းအတွက် ဆုတောင်းသည်၊ အခြားတစ်ဘက်တွင် ဟောရှေသည် "နှစ်ရက်"၏ဒုက္ခခံစားခြောက်သွေ့ခြင်းနှင့် သုံးရက်မြောက်သောနေ့၌ ရှင်ပြန်ထမြောက်တော်မူကြောင်းကို ပြောဆိုခဲ့သည်။ "နှစ်ရက်လွန်ပြီးမှ ငါတို့ကိုအသက်ရှင်စေ၍ သုံးရက်မြောက်သောနေ့၌ ရှင်ပြန်ထမြောက်စေတော်မူသဖြင့်၊ အထံတော်၌ ငါတို့သည် အသက်ရှင်ကြလိမ့်မည်"(ဟော၊၆း ၂)။**

က။ သခင်ဘုရား၏တစ်ရက်သည် နှစ်တစ်ထောင်နှင့်တူသည် (၂ပေ၊၃း ၈)၊ ဤအလေ့အလာအရ၊ ဟော၊၆း ၂၌ နှစ်ရက်သည် ယေရုရှလင်မြို့နှင့် ဗိမာန်တော်ကိုဖျက်ဆီးသော ရောမဘုရင်တိတုက ထောင်ပေါင်းများစွာသောဂျူးလူမျိုးတို့ကို ရက်စက်စွာ သတ်ဖြတ်ပြီး၊ တစ်ပါးအမျိုးသားတို့အလယ်သို့ ဂျူးလူမျိုးများကို ကွဲလွင့်စေသော အေဒီ ၇၀မှ ရေတွက်သော နှစ်တစ်ထောင်၏ပထမကာလနှစ်ခုကို ပုံဆောင်သည်။

ခ။ ဤအချိန်ကာလမှစ၍၊ ကျွန်ုပ်တို့ကို ကိုယ်စားပြုသော အစ္စရေးတို့သည် ဆင်းရဲဒုက္ခခံကြရသည်၊ ထိုအချိန်ကာလမှစ၍၊ ဂျူးတို့သည် ဘုရင်မရှိ၊ အိမ်ရှေ့စံမရှိ၊ ပူဇော်ဆက်ကပ်ခြင်းမရှိ၊ ဗိမာန်တော်မရှိဖြစ်ခဲ့ရသည့် ဟော၊၃း၄၌ ပရောဖက်ပြုချက်ပြည့်စုံလာရသည်။

ဂ။ နှစ်နှစ်ထောင်အတွက် ဘုရားသခင်သည် အစ္စရေးတို့ကို သေခြင်းအခြေအနေ၌ ပြစ်ထားခဲ့ပြီး၊ သို့သော် နှစ်နှစ်ထောင်အချိန်ကာလပြီး

နောက်၊ တတိယ နှစ်တစ်ထောင်ကာလသည် ရောက်ရှိလာလိမ့်မည် ဖြစ်သည်။

ဃ။ တတိယနေ့သည် တတိယနှစ်တစ်ထောင်အချိန်ကာလကို ပုံဆောင်သည်။ ဤသည်မှာ ခရစ်တော်ရှင်ပြန်ထမြောက်ခြင်း၏ စစ်မှန်ခြင်း (ဗျာ၊ ၂၀း၆)၌ ဖြစ်လာမည့်၊ ပြန်လည်ရယူသောခေတ်ကာလ၊ မိလေနီကာလဖြစ်သည်။ ဤအချိန်မှစ၍ အစ္စရေးတို့သည် နိုးထလာလိမ့်မည်ဖြစ်သည်။ ဤသည်မှာ ပြန်လည်ရယူခြင်းဖြစ်သည်။

င။ ဤအလေ့အလာသည် ကျွန်ုပ်တို့ ခရစ်ယာန်အသက်တာနှင့် အတူတူပင် ဖြစ်သည်။

၁။ သေ့ခြောက်ခြင်း၏ ဆင်းရဲဒုက္ခခံစားခြင်း နှစ်ရက်ပြီးနောက် သုံးရက်မြောက်နေ့ဖြစ်သည်။ ခရစ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၌ နျူမာခရစ်တော်၊ အသက်ပေးသောဝိညာဉ်တော်အဖြစ် သုံးရက်မြောက်သောနေ့၌ ရှင်ပြန်ထမြောက်ခဲ့သည်။ ကိုယ်တော်သည် သုံးရက်မြောက်နေ့၏ စစ်မှန်ခြင်း ဖြစ်သည် (၁ကော၊၁၅း၄၊ ၄၅။ ယော၊၁၁း ၂၅)။

၂။ ယနေ့ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ နျူမာခရစ်တော်ကို လက်ခံရရှိနိုင်မည်ဖြစ်၍၊ ကိုယ်တော်ရှင်ပြန်ထမြောက်ခြင်း၏ စစ်မှန်ခြင်းကို မွေ့လျော်ဝမ်းမြောက်နိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့၌ ရှင်ပြန်ထမြောက်သောခရစ်တော် ရှိမည်ဆိုပါက၊ နံနက်ခင်းနေထွက်ချိန် အရုဏ်တက်၌ ရှိမည်ဖြစ်၍၊ ဤသည်မှာ ကျွန်ုပ်တို့အဖို့ စစ်မှန်သောနိုးကြားခြင်းဖြစ်ပေသည်။

၃။ ထိုခရစ်တော်ကို ကျွန်ုပ်တို့ ဆက်သွယ်သည့်အချိန်တိုင်း၊ ကျွန်ုပ်တို့ကို နှစ်ရက်နေ့၏ ဆင်းရဲဒုက္ခခံခြင်းမှ သုံးရက်မြောက်သောနေ့၏ ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ခေါ်ဆောင်သွားမည်ဖြစ်သည်။

**Day 3**

စ။ ပရောဖက်ကျမ်းငယ်များ၌ ဖော်ပြထားသော နိုးကြားမှုကို မိသားစု၊ အသင်းတော်၊ လူမျိုးများ၊ လူသားမျိုးနွယ်တစ်ခုလုံးနှင့် စကြဝဠာတစ်ခုလုံး လျှောက်လှမ်းနိုင်သည်။ အလေ့အလာ၌ မြေကြီးပေါ်ရှိ အရာခပ်သိမ်းနှင့် လူအားလုံးသည် ဟော၊၆း ၂၌ ပြောဆိုထားသော

နှစ်ရက်၏ ဆင်းရဲဒုက္ခခံစားခြင်း၌ ရှိနေကြသည်။

၁။ လူကျဆင်းသွားသောကြောင့် နိုးကြားခြင်းအတွက် ပြင်းပြသောအလိုဆန္ဒသည် ဖန်ဆင်းခြင်းအားလုံး၌ ရှိသွားခဲ့သည်။ ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ ရော၊ ၈း၂၀–၂၂တွင် "ဖန်ဆင်းခြင်းတစ်ခုလုံးသည် အနတ္တသို့ လိုက်ရ၏။ သို့သော် မိမိအလိုအရ လိုက်သည်မဟုတ်၊ ဘုရားသခင်၏ အလိုကြောင့်သာ လိုက်ရ၏။ ဖန်ဆင်းခြင်းတစ်ခုလုံးသည် ဖောက်ပြန်ပျက်စီးခြင်း၏ ကျွန်အဖြစ်မှ ဘုရားသခင်သားများ၏ လွတ်ခြင်းဘုန်းတော်အထဲသို့ လွတ်မြောက်မည်အကြောင်း မျှော်လင့်လျက်ရှိ၏။ ဖန်ဆင်းခြင်းတစ်ခုလုံးသည် ယခုတိုင်အောင် တညီတညွတ်တည်း ညည်းတွား၍ ဆင်းရဲခြင်းဝေဒနာကို ခံရသည်ဟု ငါတို့သိကြ၏"ဟု ပြောဆိုထားသည်။

၂။ အာဒံ၏ ကျဆင်းခြင်းရလဒ်ဖြစ်သော ပျက်စီးခြင်း၊ ကျွန်ဖြစ်ခြင်း၊ သေခြင်းသည် ဖန်ဆင်းခြင်းတစ်ခုလုံးအထဲသို့ ဝင်ရောက်လာခဲ့သည်။ ယနေ့ အရာခပ်သိမ်းသည် ယိုယွင်းပျက်စီးခြင်းနှင့် ကျဆင်းခြင်း၏ ကျွန်ဖြစ်ခြင်းအောက်၌ ရှိနေသည်။ ဤကျွန်ဖြစ်ခြင်းအောက်၌ရှိသော ထိုအရာခပ်သိမ်းသည် နိုးကြားရန် ဆန္ဒရှိကြသည် (cf. ၂ကော၊ ၄း၁၆)။

ဆ။ နိုးကြားခြင်းအတွက်၊ ပြန်လည်ထူထောင်ခြင်းအတွက် စကြဝဠာ၏ လိုအပ်ချက်မှာ ခရစ်တော်အားဖြင့် ခရစ်တော်၌သာလျှင် ပြည့်စုံစေနိုင်သည်။ သုံးရက်နေ့တွင် ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်သာလျှင် အသစ်ပြုပြင်နိုင်သော တန်ခိုးတော်ဖြစ်သည်။

၁။ စကြဝဠာတစ်ခုလုံးအတွက်၊ လူသားမျိုးနွယ်အားလုံးအတွက် ခရစ်တော်သည် သုံးရက်မြောက်နေ့၏ စစ်မှန်ခြင်း၊ ရှင်ပြန်ထမြောက်ခြင်း ဖြစ်သည်။ သုံးရက်မြောက်နေ့၏ စစ်မှန်ခြင်းသည် နိုးကြားသောစစ်မှန်ခြင်းနှင့် အတူရှိသည့် ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်၏ ပုဂ္ဂိုလ်တော်ဖြစ်သည်။

၂။ ထို့ကြောင့် ခရစ်တော်သည် ဖန်ဆင်းခြင်းအားလုံး ပြင်းပြသော ဆန္ဒအတွက် နိုးကြားခြင်း၏ ဒြပ်သဘောသဘာဝဖြစ်သည်။ ကျ

ဆင်းခြင်းနှင့် ဆင်းရဲဒုက္ခခံစားခြင်းသည် ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်သာလျှင် ဝါးမျိုချနိုင်မည်ဖြစ်သည်။

ဇ။ နိုးကြားမှုကို တွေ့ကြုံခံစားရန်နည်းလမ်းမှာ ကျွန်ုပ်တို့၏ အပြစ်များ၊ ကျဆင်းခြင်းနှင့် မှောင်မိုက်ခြင်းကို နောင်တရ၍ ဝန်ချတောင်းပန်ခြင်း အားဖြင့် ခရစ်တော်ကို ဆက်သွယ်ရန် ဖြစ်သည်။ ဤသို့ဖြင့် ရှင်ပြန်ထမြောက်တော်မူသော ကိုယ်တော်အထဲသို့ ဝင်ရောက်နိုင်မည်ဖြစ်သည်။ ဤလုပ်ဆောင်ခြင်း အားဖြင့် နှစ်ရက်နေ့၏ ဆင်းရဲဒုက္ခခံစားခြင်းမှ သုံးရက်နေ့၏ စစ်မှန်ခြင်းအဖြစ် ခရစ်တော်ထံသို့ ကျွန်ုပ်တို့အား ခေါ်ဆောင်နိုင်မည်ဖြစ်သည်။ သုံးရက်နေ့သည် နိုးကြားခြင်း၏ စစ်မှန်ခြင်းနှင့်အတူ ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်၏ ပုဂ္ဂိုလ်တော်သာ ဖြစ်သည်။

*Day 4*

**III. ယောလ၊ ၂း ၂ဂနှင့် ၂၉တွင် ဝိညာဉ်တော်၏ သွန်းလောင်းခြင်းကို ပြောဆိုထားသည်။**

က။ နေ့တိုင်း ကျွန်ုပ်တို့သည် အဆင့်ဆင့်ဖြစ်ကျော်၍ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးတည်းဟူသော အရာအားလုံးပါဝင်သော၊ ပြီးမြောက်ပြည့်စုံသော၊ ပေါင်းစည်းထားသော၊ အသက်ပေးသော ဝိညာဉ်တော်၏ သွန်းလောင်းခြင်းကို လိုအပ်သည်။

ခ။ ထိုဝိညာဉ်တော်၌ ခရစ်တော်၏ ဘုရားဇာတိနှင့်လူ့ဇာတိ၊ ကိုယ်တော်၏ အသေခံခြင်း၏ အကျိုးကျေးဇူးနှင့် ကိုယ်တော်၏ ရှင်ပြန်ထမြောက်တော်မူသောတန်ခိုးတော် ပါဝင်သည်။ ထိုဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ ဝေစုနှင့် ကျွန်ုပ်တို့၏ အမွေဖြစ်သည်။

**IV. ဘုရားသခင်ရွေးချယ်ခံတို့၏ တုံ့ပြန်မှုသည် သခင်ဘုရား အားဖြင့် သူ၏ ဝိညာဉ်၌ လှုံ့ဆော်ခံရခြင်းမှ ဖြစ်ပေါ်လာသည်။ "ယေဟောဝါဘုရားသည်လည်း၊ ယုဒမြို့ဝန်၊ ရှာလသေလသားဇေရုဗဗေလနှင့် ယဇ်ပုရောဟိတ်မင်းယောဇဒက်သား ယောရှုမှစ၍ ကျန်ကြွင်းသောသူအပေါင်းတို့ကို နှိုးဆော်တော်မူသောအားဖြင့်" (ဟဂ္ဂဲ၊ ၁း ၁၄က)။**

က။ ဘုရားသခင်၏ အိမ်တော်တည်ဆောက်ခြင်းကို ပြန်လည်ရယူခြင်းအတွက် ဘုရားသခင်၏ ရွေးချယ်ခံများသည် အုပ်ချုပ်သူဇေရုဗဗေလ

နှင့်အတူ အစပြုခြင်းဖြင့် ဘုရားသခင်၏အခွင့်အာဏာ၌ သူတို့၏ဝိညာဉ်တွင် သခင်ဘုရားအားဖြင့် နှိုးဆော်ခံရခြင်း ဖြစ်သည် (cf. ဇော၁း၅)။

ခ။ ပရောဖက်ကျမ်းငယ်များ၌ ဘုရားဆိုင်ရာ ဝိညာဉ်တော်နှင့် လှုံ့ဆော်ခံရသော ဘုရားရွေးချယ်ခံလူသားဝိညာဉ် နှစ်ခုလုံးကို ဖော်ပြထားသည်။

ဂ။ ဓမ္မသစ်ကျမ်း၌ ဘုရားဆိုင်ရာဝိညာဉ်တော်သည် ပြီးမြောက်ပြည့်စုံ၍၊ သန့်စင်ပြီး လောင်းခဲ့ပြီးဖြစ်သည် (တ၊၂း၁၇–၂၁။ ယောလ၊၂း၂၈–၃၂)။ ကျွန်ုပ်တို့၏လူသားဝိညာဉ်သည် လှုံ့ဆော်ခံရခြင်းအားဖြင့် ထိုဝိညာဉ်တော်ကို တုံ့ပြန်မှုပြုသည် (၂တိ၊၁း၆–၇။ cf. တ၊၁၇း၁၆။ ရော၊၈း၁၆။ ၂ကော၊၂း၁၃)။

*Day 5*

**V. ပရောဖက်ကျမ်းငယ်များ၌ ခရစ်တော်သည် ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်ကြောင်းကိုလည်း ဖော်ပြထားသည်။ ဘုရားသခင်၏ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် ဘုရားသခင်ကိုယ်တော်တိုင်ကို အမှန်တကယ် မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်သည်(ဆာ၊၄၃း၄)။**

က။ "လူမျိုးအပေါင်းတို့ကိုလည်း ငါလှုပ်ဦးမည်။ လူမျိုးအပေါင်းတို့ နှစ်သက်ဘွယ်သောအရာသည် ရောက်၍"(ဟဂ္ဂဲ၊၂း၇က။ cf. မာလ၊၃း၁ခ)။

၁။ ကျွန်ုပ်တို့သည် ခရစ်တော်ကို ဘုရားသခင်ရွေးချယ်ခံတို့၏တောင့်တရာနှင့် လူသားမျိုးနွယ်တို့တောင့်တရာအရှင်အဖြစ်မွေ့လျော်ဝမ်းမြောက်နိုင်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်စပ်လျဉ်း၍ ပူသည်ဖြစ်စေ၊ အေးသည်ဖြစ်စေ၊ ခရစ်တော်ကို အလိုဆန္ဒရှိရမည်။ နေ့တိုင်း ကျွန်ုပ်တို့သည် ခရစ်တော်ကို တောင့်တနေရမည်။

၂။ လူမျိုးအပေါင်းတို့သည် ခရစ်တော်ကို မသိသော်ငြားလည်း၊ သူတို့သည် ခရစ်တော်ကို တောင့်တနေကြသည်။ လူမျိုးအပေါင်းတို့သည် ငြိမ်သက်ခြင်းနှင့် အလင်း၊ ချစ်ခြင်းမေတ္တာ၊ နူးညံ့သိမ့်မွေ့ခြင်း၊ နှိမ့်ချခြင်း၊ သည်းခံခြင်း၊ ဝမ်းမြောက်ကျေနပ်

ခြင်းနှင့် ဖြောင့်မတ်ခြင်းကဲ့သို့သော ကောင်းမြတ်ခြင်း၏ ကောင်းမွန်သောအသက်တာရှိရန် အလိုဆန္ဒရှိကြသည်။ ခရစ်တော်သည် ဤအရာများ၏ စစ်မှန်ခြင်းဖြစ်သောကြောင့်၊ ဤအရာများကို တောင့်တသော လူမျိုးအပေါင်းသည် မသိဘဲနှင့် ခရစ်တော်ကို တောင့်တနေခြင်းဖြစ်သည်။

၃။ ခရစ်တော်သည် လူသားမျိုးနွယ်၏ တစ်ခုတည်းသောလိုအပ်ချက်ဖြစ်သည်။ ယုံကြည်သူများနှင့် မယုံကြည်သူများနည်းတူ လူတိုင်းသည် ခရစ်တော်ကို အလိုဆန္ဒရှိကြသည်။

ခ။ ကျွန်ုပ်တို့သည် ပဋိညာဉ်တရား၏ တမန်တော်အဖြစ် ခရစ်တော်ကိုမွေ့လျော်ဝမ်းမြောက်နိုင်သည် (အငယ်၊၁ခ)။

၁။ ကိုယ်တော်သည် တမန်တော်ဖြစ်ခြင်းမှာ အစေခံသူဖြစ်ကြောင်းကို ဆိုလိုသည်(cf. ဟေဗြဲ၊၁း ၁၄)။

၂။ ပဋိညာဉ်တရား၏ တမန်တော်အဖြစ် ကိုယ်တော်သည် သူ၏စားသောက်ပွဲ၌ ပဋိညာဉ်တရားသစ်ကို ပြဋ္ဌာန်းခဲ့ပြီး (လု၊၂၂း၂၀)။ ၎င်း၏ အာမခံအဖြစ်(ဟေဗြဲ၊၇း၂၂)၊ ကိုယ်တော်သည် ထိုအရာ၌ အရာခပ်သိမ်းကို ကျွန်ုပ်တို့အတွက် စစ်မှန်ခြင်းဖြစ်စေသည် (ယေ၊၃၁း၃၁–၃၄။ ဟေဗြဲ၊၈း၈–၁၂)။

*Day 6*

ဂ။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အတောင်တော်၌ အနာပျောက်စေခြင်းနှင့်အတူ ဖြောင့်မတ်ခြင်း၏ နေမင်းအဖြစ် ခရစ်တော်ကို မွေ့လျော်ဝမ်း မြောက်နိုင်ကြောင်း မာလ၊၄း၂၌ ပြောဆိုထားသည်။

၁။ ဖြောင့်မတ်ခြင်းနေမင်းဖြစ်သော ခရစ်တော်သည် မှောင်မိုက်ကို ဖြိုခွင်းခြင်း၌ အသက်၌ ကျွန်ုပ်တို့ကြီးထွားခြင်းအတွက် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်သည်။

၂။ ဖြောင့်မတ်ခြင်း၏ နေမင်းဖြစ်သော ခရစ်တော်သည် မဖြောင့်မတ်ခြင်းကို ကွယ်ပျောက်စေခြင်း၌ အသက်၌ ကျွန်ုပ်တို့၏ အနာငြိမ်းခြင်းအတွက် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်း ဖြစ်သည်။

**VI. ကျွန်ုပ်တို့၌ ခရစ်တော်ရှိလျှင်၊ ကျွန်ုပ်တို့၌ နိုးကြားခြင်းရှိရုံသာမက၊ ပြန်လည်ပြုပြင်ခြင်းလည်းရှိသည်။**

က။ မိလေနီနိုင်ငံတော်သည် ပြန်လည်ပြုပြင်ခြင်း၏ အချိန်ကာလ၌ ဖြစ်ပေလိမ့်မည် (မ၊၁၉း ၂၈။ တ၊၃း ၂၁)။ ဤပြန်လည်ပြုပြင်ခြင်းသည် အလယ်ဗဟိုဖြစ်သော ယေရုရှလင်မြို့နှင့်အတူ ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည်။

ခ။ ဤသည်မှာ ရှင်ပြန်ထမြောက်တော်မူသောခရစ်တော်သည် အဆုံးစွန်ပြီးမြောက်ပြည့်စုံသော ပြန်လည်ပြုပြင်ခြင်းကို ပြီးမြောက်အောင်မြင်စေမည်ဖြစ်သည်။

**VII.သခင်ဘုရားသည် ဤခေတ်ကာလကို အဆုံးသတ်ရန် အသစ်သော နိုးကြားခြင်းအထဲသို့ အသင်းတော်များကို ယူဆောင်ရန် အလိုဆန္ဒရှိသည်။**

က။ ကျွန်ုပ်တို့သည် ခေတ်ကာလ၏ အမှုတော်အားဖြင့် (ဘုရားသခင်၏ ထာဝရစီမံကိန်းဖွင့်ပြခြင်း) ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အမြင့်ဆုံးသောအထွတ်အထိပ်သို့ ရောက်ရှိခြင်းအားဖြင့် အသစ်သောနိုးကြားခြင်းအထဲသို့ ဝင်ရောက်နိုင်မည်ဖြစ်သည်။ "မြေကြီးတစ်ပြင်လုံးရှိ အသင်းတော်များအားလုံး၌ရှိသော သန့်ရှင်းသူများ၊ အထူးသဖြင့် လုပ်ဖော်ဆောင်ဖက်များနှင့် ဦးဆောင်သူများသည် ဤဖွင့်ပြခြင်းကို မြင်တွေ့ပြီးနောက် ဘုရားသခင်သည် ကျွန်ုပ်တို့အား အသစ်သောနိုးကြားမှု– သမိုင်း၌မှတ်တမ်းတင်ထားခြင်းမရှိသော နိုးကြားမှုကို– ပေးပါရန် နိုးထပြီး ဆုတောင်းလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။" (*Life-study of 1 & 2 Chronicles,* p.15)

ခ။ ကျွန်ုပ်တို့သည် ဘုရား–လူအသက်တာကို အသက်ရှင်ခြင်းအားဖြင့် အသစ်သော နိုးကြားမှုအထဲသို့ ဝင်ရောက်နိုင်သည်။ "ကျွန်ုပ်တို့သည် ဘုရား–လူ၏ အသက်တာကို အသက်ရှင်ရန် အလိုရှိကြောင်း လုံးလုံးကြွေးကြော်နိုင်ရမည်။ နောက်ဆုံးတွင် ဘုရား–လူသည် အောင်နိုင်သူများ၊ အောင်မြင်သူများ၊ ယေရုရှလင်မြို့အတွင်း၌ ဇီအုန်တောင် ဖြစ်လာလိမ့်မည်ဖြစ်သည်။ ဤသည်မှာ သမိုင်း၌ မမြင်ဘူးသည့် အသစ်သောနိုးကြားမှုကို အစပြုလိမ့်မည်ဖြစ်ပြီး၊ ဤခေတ်၏ အဆုံးလည်း ဖြစ်ပေလိမ့်မည်" (*Life-study of 1 & 2 Chron- icles,* p.28) ။

ဂ။ ကျွန်ုပ်တို့သည် ဘုရားသခင်အလိုတော်အတိုင်း လူများကိုထိန်းကျောင်းခြင်းအားဖြင့် အသစ်သောနိုးကြားခြင်းအထဲသို့ဝင်ရောက်နိုင်သည်။ "ကျွန်ုပ်တို့သည် ဤထိန်းကျောင်းခြင်းဝန်တာကိုယူခြင်းဖြင့် ကျွန်ုပ်တို့တွင် စစ်မှန်သောနိုးကြားမှု ရှိလာလိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်ပါသည်။ အသင်းတော်များအားလုံးသည် ခရစ်တော်၏ အုံ့သြဖွယ်ထိန်းကျောင်းခြင်း၌ ပါဝင်ဆက်ဆံရန် ဤသွန်သင်ခြင်းကို ခံယူမည်ဆိုလျှင်၊ ပြန်လည်ရယူခြင်း၌ ကြီးမားသောနိုးကြားမှုဖြစ်လာလိမ့်မည်ဖြစ်သည်။" (*The Vital Groups, p.40*) ။

## နံနက်ခင်းကျွေးမွေးခြင်း

**ဟဗ၊ ...အို ယေဟောဝါဘုရား၊ ယခုနှစ်များအတွင်းတွင် ကိုယ်တော်၏**
**၃း၂ အမှုတော်ကို နိုးထစေတော်မူပါ။ ယခုနှစ်များအတွင်းတွင်**
**ထင်ရှားစေတော်မူပါ...။**

**ဆာ၊ လက်ယာတော်နှင့်ဆိုင်သောလူ၊ ကိုယ်တော်အဘို့ ခိုင်မာစေတော်မူ**
**၈၀း၁၇–၁၉ သော လူသား၏အပေါ်မှာ လက်တော်ကို တင်ပါစေသော။ အ**
**ကျွန်ုပ်တို့ကို အသက်ရှင်စေတော်မူပါ။ နာမတော်ကို ခေါ်ကြပါ**
**မည်။ ကောင်းကင်ဗိုလ်ခြေအရှင်ယေဟောဝါဘုရား၊ အကျွန်ုပ်တို့**
**ကို ပြောင်းလဲစေ၍၊ မျက်နှာတော်အလင်းကို ပြတော်မူပါ။ သို့**
**ပြုလျှင် အကျွန်ုပ်တို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်။**

နိုးကြားခြင်းအတွက် ဟဗက္ကုတ်၏ဆုတောင်းခြင်း၌ သူသည် လူသားမျိုးဆက်တစ်လျှောက်လုံးရှိ ဘုရားသခင်၏ ရွေးချယ်ခံများအားလုံးကို ကိုယ်စားပြုသည်(ဟဗ၊၃း၂)။ ဘုရားသခင်၏ ရွေးချယ်ခံများအလယ်တွင် နိုးကြားမှုအတွက် ပြင်းပြသောအလိုဆန္ဒအမြဲတမ်းရှိခဲ့ကြသည်။ ထို့ပြင် လူ၏ကျဆင်းခြင်းကြောင့် ဖန်ဆင်းခြင်းအားလုံး၌ နိုးကြားမှုအတွက် ဆန္ဒပြင်းပြမှု ရှိနေပြီးဖြစ်သည်(ရော၊၈း၁၉–၂၃)။ အာဒံ၏ကျဆင်းခြင်းသည် ဖန်ဆင်းခြင်းတစ်ခုလုံးအထဲသို့ ကျဆင်းခြင်း၊ ကျွန်ဖြစ်ခြင်းနှင့် သေခြင်းကို ယူဆောင်လာခဲ့သည်(ရော၊၅း၁၂)။ အရာခပ်သိမ်းသည် ယိုယွင်းပျက်စီးပြီး၊ ကျဆင်းခြင်း၏ ကျေးကျွန်ဖြစ်ခြင်းအောက်၌ ရှိနေသည်။ ဤကျေးကျွန်ဖြစ်ခြင်းအောက်ရှိ အရာအားလုံးသည် နိုးကြားစေရန် ဆန္ဒပြင်းပြလျက်ရှိကြသည်။

နိုးကြားမှုအတွက်၊ ပြန်လည်ထူထောင်ခြင်းအတွက် စကြာဝဠာ၏လိုအပ်ချက်ကို ခရစ်တော်အားဖြင့်၊ ခရစ်တော်၌သာလျှင် ပြည့်စုံနိုင်မည်ဖြစ်သည်။ သုံးရက်မြောက်သောနေ့၏ ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်သာလျှင် အသစ်သောတန်ခိုးတော်ဖြစ်သည်(၁ကော၊၁၅း၄)။ စကြာဝဠာတစ်ခုလုံးနှင့် လူသားမျိုးနွယ်အားလုံးအတွက် ခရစ်တော်သည် သုံးရက်မြောက်သောနေ့၏ စစ်မှန်ခြင်းဖြစ်သည်(ယော၊၁၁း၂၅)။ သုံးရက်မြောက်သောနေ့၏ စစ်မှန်ခြင်းသည် နိုးကြားမှု၏ စစ်မှန်ခြင်းနှင့်အတူရှိသည့် ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်၏ ပုဂ္ဂိုလ်တော်ဖြစ်သည်။ ထို့ကြောင့် ခရစ်တော်သည် ဖန်ဆင်းခြင်းအားလုံး၏ ပြင်းပြသောဆန္ဒအတွက် နိုးကြားခြင်း၏ ဒြပ်သဘောသဘာဝဖြစ်သည်။ ကျဆင်းခြင်းနှင့် ချောက်သွေ့ခြင်းကို ခရစ်တော်၏ ရှင်ပြန်ထမြောက်တော်မူခြင်းအားဖြင့်သာလျှင် ဝါးမျိုးချနိုင်သည်။ နိုးကြားခြင်းကို တွေ့ကြုံခံစားရန် နည်းလမ်းသည်

ကျွန်ုပ်တို့၏ အပြစ်များ၊ ကျဆင်းခြင်းနှင့် မှောင်မိုက်များကို နောင်တရခြင်းနှင့် ဝန်ချတောင်းပန်ခြင်း အားဖြင့် ခရစ်တော်ကိုဆက်သွယ်ရန် ဖြစ်သည်၊ ဤနည်းဖြင့် ရှင်ပြန်ထမြောက်ခြင်းဖြစ်သော ကိုယ်တော်အထဲသို့ ဝင်ရောက်သွားခြင်းဖြစ်သည်။ (ဟဗ၊၃း ၂၊ မှတ်စု ၁)။

## *ယနေ့ဖတ်စရာ*

ပရောဖက်ကျမ်းငယ်များ၏ အသက်စာစောင်၏ နိဂုံးချုပ်အနေဖြင့် ပရောဖက်ကျမ်းငယ်များ၌ ဖော်ပြထားသော နိုးကြားခြင်းနှင့်စပ်လျဉ်း၍ နှုတ်ကပတ်တော်ကိုပြောဆိုရန် ကျွန်ုပ်၌ ဝန်တာရှိမိပါသည်။ ဤနိုးကြားခြင်းအကြောင်းအရာသည် ပရောဖက်ကျမ်းငယ်များ၏ စာစောင်တွင် အခံ့အတွင်း၌ရှိသည့် အဆန်ဖြစ်ကြောင်း ကျွန်ုပ်တို့ ပြောဆိုနိုင်သည်။

ဟဗ၊၃း ၂က၌ နိုးကြားခြင်းအကြောင်းကို ပြောဆိုထားသည်။ ဘုရားသခင်ရွေးချယ်ခံသူများတွင် နိုးကြားဖို့ ပြင်းပြသောအလိုဆန္ဒအမြဲတမ်းရှိပြီးဖြစ်သည်။ သင်သည် ကယ်တင်ခံရပြီးသောသူဖြစ်သည့်အတွက် နေ့တိုင်း သတိစိတ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ "အို ယေဟောဝါဘုရား၊ ကျွန်ုပ်တို့ကို နိုးထစေတော်မူပါ"ဟု သင်၏ အတွင်း၌ အလိုအလျောက်ဆုတောင်းခြင်းနှင့်အတူ ပြင်းပြသောအလိုဆန္ဒရှိပြီးဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုအရာကို မသိသော်ငြားလည်း၊ ထိုပြင်းပြသောဆန္ဒသည် ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာ နှစ်များတစ်လျှောက်လုံး ကျွန်ုပ်တို့အတွင်း၌ ရှိနေပြီးဖြစ်သည်။

နိုးကြားမှုအတွက် ဟဗက္ကုတ်၏ ဆုတောင်းခြင်းသည် သူအတွက်ကောင်းပြီး ကျွန်ုပ်တို့နှင့်အတူ လုပ်ဆောင်ခြင်းမဟုတ်ဟု ကျွန်ုပ်တို့စဉ်းစားကောင်းစဉ်းစားမည်ဖြစ်သည်။ သို့သော်ငြားလည်း သူ၏ ဆုတောင်းခြင်းနှင့်စပ်လျဉ်း၍ ဘုရားသခင်တွင် အချိန်ဒြပ်သဘောသဘာဝ မရှိကြောင်း ကျွန်ုပ်တို့ သိနားလည်းရန်လိုအပ်သည်။ ဘုရားသခင်၏ အမြင်၌ သူ၏ ရွေးချယ်ခံသူများတွင် ပုဂ္ဂိုလ်တစ်ဦးသည် အားလုံးကို ကိုယ်စားပြုသည်။ ဘုရားသခင်သည် သူ၏ ရွေးချယ်ခံများကို စုပေါင်းထားသော ကိုယ်ခန္ဓာတော်အဖြစ် အမြဲစဉ်းစားသည်။ ဤသည်မှာ ဟဗက္ကုတ်နှင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ရွေးချယ်ခံအုပ်စု၌ တစ်စုတည်းဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် နိုးကြားခြင်းအတွက် ဟဗက္ကုတ်၏ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့၏ ဆုတောင်း ခြင်းလည်းဖြစ်သည်။ ကျွန်ုပ်တို့သည် နှစ်ပေါင်းနှစ်ထောင့်ခြောက်ရာကြာ နိုးကြားမှုအတွက် ဆုတောင်းခဲ့သည်။ ထိုဆုတောင်းခြင်းသည် ထာဝရဆုတောင်းခြင်းဖြစ်သည်။

ကျွန်ုပ်သည် သန့်ရှင်းသူများအား ဘုရားသခင်စီမံထားသောနည်းလမ်းကို ရှင်သန်သောလက်တွေ့လုပ်ဆောင်ခြင်းအထဲသို့ ယူဆောင်ရန် အဖိုးအခပေးလုပ်ဆောင်ခဲ့သည်၊ သို့သော် နိုးကြားမှုမရှိဘဲ၊ ကျွန်ုပ်တို့သည် မည်သည့်အရာကို အသက်ရှင်နိုင်မည်နည်း။ ဘုရားသခင်စီမံထားသောနည်းလမ်း၏ ပထမအဆင့်မျှသာဖြစ်သည့်– ဧဝံဂေလိတရားအတွက် လူများထံသို့လည်ပတ်ခြင်းကို နိုးကြားမှုမရှိဘဲ လက်တွေ့လုပ်ဆောင်ရန် ကြိုးစားအားထုတ်မည်ဆိုလျှင်၊ မည်သူမျှ ဤကြီးလေးသောဝန်တာကို သယ်ဆောင်နိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းခံရပြီး တစ်စုံတစ်ရာကို လုပ်ဆောင်ရန် မြေကြီးပေါ်တွင် စောင့်ထိန်းခံရခြင်းမှာ– လူမျိုးတကာထံသို့သွား၍ တပည့်ဖြစ်စေရန်၊ ယေရုရှလင်မြို့မှစ၍ ယုဒပြည်၊ ရှာမာရိပြည်နှင့် မြေကြီးစွန်းတိုင်အောင်သွားရောက်ရန်– ဖြစ်ကြောင်း ကျွန်ုပ်တို့အားလုံး သိနားလည်ဖို့ လိုအပ်သည် (တ၊၁း၈)။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ပညာရေး၊ အလုပ်၊ ကောင်းသောလက်ထပ်ခြင်း သို့မဟုတ် ကောင်းသောအိမ်အတွက် အသက်ရှင်မည်ဆိုလျှင်၊ ထိုအရာသည် အနတ္တသက်သက်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အိမ်နီးနားချင်းမှစ၍ ကမ္ဘာလောကတစ်ခုလုံးသို့ သခင်ယေရှု၏ ပျံ့နှံ့ခြင်းအတွက် အသက်ရှင်နေခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအရာကိုလုပ်ဆောင်မည်ဆိုလျှင် နိုးကြားမှုရှိဖို့ လိုအပ်သည်။ ဤသည်မှာ သခင်ဘုရားသည် နံနက်ခင်းနိုးကြားခြင်းကို လက်တွေ့လုပ်ဆောင်ရန် ကျွန်ုပ်တို့ကို ဦးဆောင်မှုပြုရခြင်းဖြစ်သည်။

ဤနံနက်ခင်းနိုးကြားခြင်းအကြောင်းအရာသည် ဘုရားသခင်၏ ဖန်ဆင်းခြင်း၌ ပညတ်တရားအတိုင်း ဖြစ်သည်။ ဘုရားသခင်သည် စကြာဝဠာကို ဖန်ဆင်းခြင်း၌ နှစ်ဆယ့်လေးနာရီတိုင်းတွင် နေထွက်ချိန်ရှိသည်။ ကျွန်ုပ်တို့ ယုံကြည်သူများသည် နံနက်တိုင်း နိုးကြားခြင်းအတွက် နေထွက်ချိန်နောက်သို့ လိုက်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် နေ့တိုင်းနိုးကြားခြင်းကိုတွေ့ကြုံခံစားမည်ဆိုလျှင်၊ ဘုရားသခင်စီမံထားသောလမ်းကို ကျင့်သုံးကာ ဤနည်းလမ်းဖြင့် အသင်းတော်ကို ကူညီရန် အရည်အချင်းပြည့်မီစွာ အသက်ရှင်နိုင်မည်ဖြစ်သည်။ (*Life-study of Malachi*, pp. 19-20)

*ပို၍ဖတ်ရန်* – ***Life-study of Malachi***, msg. 4

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဟော၊ ၃း၄ အကြောင်းမူကား၊ အစ္စရေးအမျိုးသားတို့သည် နေ့ရက်များစွာ ရှင်ဘုရင်မရှိ၊ မင်းသားမရှိ၊ ယဇ်ပူဇော်ခြင်းမရှိ၊ ဆင်းတုမရှိ၊ သင်တိုင်းမရှိ၊ တေရပ်ရုပ်တုမရှိဘဲ နေရကြလိမ့်မည်။**

**၆း၁–၂ လာကြ။ ယေဟောဝါဘုရားအထံတော်သို့ ပြန်ကြကုန်အံ့။ ကိုယ်တော်သည် ကိုက်ဖြတ်သော်လည်း ပကတိဖြစ်စေတော်မူမည်။ ဒဏ်ခတ်သော်လည်း အနာကို စည်းတော်မူမည်။ နှစ်ရက်လွန်ပြီးမှ ငါတို့ကိုအသက်ရှင်စေ၍၊ သုံးရက်မြောက်သောနေ့၌ ထမြောက်စေတော်မူသဖြင့်၊ အထံတော်၌ ငါတို့သည် အသက်ရှင်ကြလိမ့်မည်။**

ဟော၊၆း၁၌ ကျွန်ုပ်တို့သည် အစ္စရေးထံသို့ လာရောက်ခြင်းနှင့် ယေဟောဝါဘုရားထံသို့ လှည့်ပြန်ခြင်းနှင့်စပ်လျဉ်း၍ နှုတ်ကပတ်တော်ကို မြင်တွေ့ရသည်။ အငယ်၊ ၂တွင် “နှစ်ရက်လွန်ပြီးမှ ငါတို့ကိုအသက်ရှင်စေ၍၊ သုံးရက်မြောက်သောနေ့၌ ထမြောက်စေတော်မူသဖြင့်. . .”ဟူ၍ဆိုထားသည်။ ဤကျမ်းပိုဒ်၌ နှစ်ရက်သည် မည်သို့နည်း။ သုံးရက်မြောက်သောနေ့သည် မည်သို့နည်း။ ကျမ်းစာ၌ “သခင်ဘုရား၏ တစ်ရက်သည် နှစ်တစ်ထောင်နှင့်တူသည်”ဟူ၍ အလေ့အလာရှိသည် (၂ပေ၊ ၂း၈)။ ဤအလေ့အလာအရ၊ ဤနေရာရှိနှစ်ရက်သည် ယေရုရှလင်မြို့နှင့် ဗိမာန်တော်ကိုဖျက်ဆီးပြီး၊ ဂျူးလူမျိုးထောင်များစွာကို ရက်စက်စွာသတ်ဖြတ်ကာ၊ တစ်ပါးအမျိုးသားအလယ်သို့ ဂျူးလူမျိုးများကို ကွဲလွင့်စေသော ရောမဘုရင်တိတု၏ အချိန်ကာလဖြစ်သည့် အေဒီ၊၇ဝမှစ၍ရေတွက်သော် ပထမနှစ်တစ်ထောင်စီ၏ ကာလနှစ်ခုကို  ပုံဆောင်သည်။ ထိုအချိန်မှစ၍၊ ဂျူးတို့သည် ဟော၊၃း၄၌ ဟောရှေ၏ ပရောဖက်ပြုချက်၏ ပြည့်စုံခြင်းဖြစ်သည့် ဘုရင်မရှိ၊ မင်းသားမရှိ၊ ယဇ်ပူဇော်ခြင်းမရှိ၊ ဗိမာန်တော်မရှိ နေရကြသည်။ ဘုရားသခင်သည် အစ္စရေးတို့ကို နှစ်ပေါင်းနှစ်ထောင် သေခြင်းအခြေအနေ၌ ပစ်ထားခဲ့သည်။ နှစ်နှစ်ထောင်အချိန်ကာလပြီးနောက်၊ တတိယနှစ်တစ်ထောင် ရောက်လာသည်။ ၆း ၂၌ တတိယမြောက်သောနေ့သည် တတိယနှစ်တစ်ထောင်အချိန်ကာလကို ပုံဆောင်သည်။ ဤသည်မှာ ခရစ်တော်ရှင်ပြန်ထမြောက်ခြင်း၏ စစ်မှန်ခြင်း (ဗျာ၊ ၂ဝး၆)၌၊ ပြန်လည်ရယူသောခေတ်ကာလ၊ မိလေနီကာလဖြစ်သည်။ *(Life-study of Hosea*, pp. 33-34)

## *ယနေ့ဖတ်စရာ*

ဟော၊၆း၃၌ ယေဟောဝါကို သိကျွမ်းခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ နံနက်

အရဏ်တက်အဖြစ် ခရစ်တော်၏ပေါ် ထွန်းခြင်းနှင့် ရွှာသောမိုးအဖြစ်ကိုယ်တော်၏ ကြွလာခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ နှုတ်ကပတ်တော်ရှိသည်။ ကျမ်းပိုဒ်၏ပထမ အပိုင်းသည် "ကျွန်ုပ်တို့ သိကျွမ်းကြကုန်အံ့။ ယေဟောဝါကို ကျွန်ုပ်တို့ လိုက်ရှာကြကုန်အံ့"ဟုဆိုထားသည်။ ကျမ်းပိုဒ်၏ကျန်အပိုင်းက ပေါ် ထွန်းတော်မူသော ခရစ်တော်သည် နံနက်အရဏ်တက်ဖြစ်ကြောင်း ပြောဆိုထားသည်။ ကိုယ်တော်သည် (မိလေနိကာလ၏ ပြန်လည်ထူထောင်ခြင်း၌– မ၊၁၇း ၂၈။ ဗျာ၊ ၂၀း၄၊ ၆)၊ မြေပေါ် သို့ ရွာချမည့် နောက်မိုးဖြစ်သော မိုးကဲ့သို့ ကျွန်ုပ်တို့ထံသို့ ကြွလာလိမ့်မည်ဖြစ်သည်။

ဟော၊၆း၁၁၌ မှားယွင်းသောလူတို့၏ပြန်လာခြင်း၌ ယုဒလူတို့အတွက် ယေဟောဝါ၏ကတိတော်ကို ကျွန်ုပ်တို့ မြင်တွေ့ရသည်။ ဤကတိတော်မှာ ယေဟောဝါသည် ဖမ်းဆီးခံရသော သူ၏လူတို့ကိုယူဆောင်၍၊ ယုဒအမျိုးအတွက် စပါးရိတ်ရာကာလကို သတ်မှတ်ပေးခြင်းဖြစ်သည်။ ဤသည်မှာ ပြန်လည်ပြုပြင်ခြင်း၌ မြောက်ပိုင်းအစ္စရေးနိုင်ငံနှင့် တောင်ပိုင်းယုဒနိုင်ငံအပါအဝင်၊ အစ္စရေးလူမျိုးအားလုံးသည် မြေကြီးမှ ထုတ်ကုန်များအားလုံးကို ပိုင်ဆိုင်၍ချမ်းသာလာမည်ဖြစ်ကြောင်း ဆိုလိုသည်။ မြေကြီးအား ကြွယ်ဝသောရိတ်သိမ်းခြင်းကို ထုတ်လုပ်ရန် ဘုရားသခင်ဖန်ဆင်းထားခြင်းဖြစ်သည်၊ သို့သော် လူ၏ကျဆင်းသွားခြင်းကြောင့် မြေကြီးသည် ဆူးပင်များကြီးထွားရန် ကျိန်ခြင်းခံရပြီး၊ လူသည် အစားအစာအတွက် ချွေးထွက်အောင် လုပ်ဆောင်ရခြင်းဖြစ်သည်(က၊၃း၁၇–၁၉)။ ပြန်လည်ပြုပြင်ခြင်း အချိန်ကာလ၌ မြေကြီးသည် ၎င်းနဂိုမူလအခြေအနေသို့ ပြန်လည်ပြုပြင်ခြင်းခံရလိမ့်မည်ဖြစ်ပြီး၊ မြေသြဇာကောင်း၍ ကြွယ်ဝစွာထုတ် လုပ်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ရိတ်သိမ်းခြင်းအား သူတို့မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ယုဒအမျိုးထံသို့ ခွဲဝေပေးမည်ဖြစ်သည်။ (*Life-study of Hosea*, p. 34)

တစ်ဘက်တွင် ဟဗက္ကုတ်သည် နိုးကြားခြင်းအတွက် ဆုတောင်းခဲ့သည်။ အခြားတစ်ဘက်မှာ ဟောရှေသည် "နှစ်ရက်"၏တိတ်ဆိတ်ခြောက်သွေ့ခြင်းနှင့် သုံးရက်မြောက်သောနေ့၌ ပြန်ရှင်ထမြောက်တော်မူခြင်းအကြောင်း ပြောဆိုထားသည်။ "နှစ်ရက်လွန်ပြီးမှ ငါတို့ကိုအသက်ရှင်စေ၍ သုံးရက်မြောက်သောနေ့၌ ပြန်ရှင်စေတော်မူသဖြင့်၊ အထံတော်၌ ငါတို့သည် အသက်ရှင်ကြလိမ့်မည်"(ဟော၊၆း ၂)။ ဘုရားသခင်အဖို့ အနှစ်တစ်ထောင်သည် တစ်ရက်ဖြစ်သည့်အတွက်(၂ပေ၊၃း၈)၊ ဤ"နှစ်ရက်"သည် အနှစ်နှစ်ထောင်အချိန်ကာလကို ရည်ညွှန်းသည်။ အေဒီ၊၇၀၌ တိတုသည် ယေရုရှလင်နှင့် ဗိမာန်တော်ကို ဖျက်ဆီးသည့်အချိန်မှစ၍ အနှစ်နှစ်ထောင်လုံးလုံး၊ ကျွန်ုပ်တို့ကို ကိုယ်စားပြုသော အစ္စရေးတို့သည် ခြောက်သွေ့စွာစိတ်ဆင်းရဲဒုက္ခခံစားကြရသည်။ ထိုနှစ်မှ

စ၍ အစ္စရေးတို့သည် ယဇ်ပုရောဟိတ်အရာ၊ ယဇ်ပူဇော်ဆက်ကပ်ခြင်း၊ ပရောဖက်များ၊ ဘုရင်နှင့် ဗိမာန်တော် ပျောက်ဆုံးခဲ့ရသည်။ နောက်ဆုံးတွင် အစ္စရေးတို့သည် နိုးထခံရခြင်း၊ တစ်နည်းဆိုသော် ပြန်လည်ပြုပြင်ခံရချိန်၊– မိလေနီနိုင်ငံတော် နှစ်တစ်ထောင်ခေတ်၊– "တတိယမြောက်နေ့ရက်"သို့ ရောက်လာလိမ့်မည်ဖြစ်သည်။

အလေ့အလာသည် ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာနှင့် အတူတူပင် ဖြစ်သည်။ တစ်ချိန်ချိန်၌ ကျွန်ုပ်တို့သည် ခြောက်သွေ့ခြင်းဆင်းရဲဒုက္ခကို ခံစားကြရမည်ဖြစ်သည်။ ဆင်းရဲဒုက္ခခံစားခြင်း၏ နှစ်ရက်ပြီးနောက်၊ ရှင်ပြန်ထမြောက်ခြင်း၌ နျူမာခရစ်တော်ကို ပုံဆောင်သည့် သုံးရက်မြောက်သောနေ့ ဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ နျူမာခရစ်တော်ကို လက်ခံရရှိနိုင်၍၊ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၏ စစ်မှန်ခြင်းကို မွေ့လျော်ဝမ်းမြောက်နိုင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၌ ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော် ရှိမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် နံနက်ချိန်၊ နေထွက်ချိန်၌ ရှိနေ၍၊ ဤသည်မှာ ကျွန်ုပ်တို့အတွက် စစ်မှန်သောနိုးကြားခြင်းဖြစ်သည်။ ၁၉၇၄ခုနှစ်၌ ပြန်လည်ရယူခြင်းသည် ဟောရှေ ၂၃ နှစ်ရက်၏ ဆင်းရဲဒုက္ခခံရခြင်းကဲ့သို့ လှုပ်ရှားတက်ကြွမှုမရှိသော အခြေအနေ၌ရှိကြောင်း ကျွန်ုပ်သိနားလည်မိသည်။ သို့သော် ကျွန်ုပ်တို့သည် စစ်မှန်သောနိုးကြားခြင်းကို တွေ့ကြုံခံစားမည်ဆိုလျှင်၊ သုံးရက်မြောက်သောနေ့၌ ရှိလိမ့်မည်ဖြစ်သည်။ (*Life-study of Malachi*, pp. 20-21)

*ပို၍ဖတ်ရန်* – *Life-study of Hosea*, mg. 4

***အလင်းဖွင့်ပြခံရခြင်းနှင့်နိူးဆော်ခံရခြင်း*** ————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ရော၊ ဖန်ဆင်းခြင်းတစ်ခုလုံးသည် ယခုတိုင်အောင် တညီတညွတ်တည်း**
**ဂး၂၂–၂၃ ညည်းတွား၍ ဆင်းရဲခြင်းဝေဒနာကို ခံရသည်ဟု ငါတို့သိကြ၏။**
**ထိုမျှမက ဝိညာဉ်တော်၏အဦးသီးသောအသီးကိုခံပြီးသော ငါတို့သည်လည်း၊ သားအရာ၌ ချီးမြှောက်ခြင်းအကြောင်းတည်း ဟူသော ငါတို့၏ကိုယ်ခန္ဓာရွေးနုတ်ခြင်းကို စိတ်အားထက်သန်စွာ ငံ့လင့်၍၊ ငါတို့ကိုယ်၌ ညည်းတွားလျက်နေကြ၏။**
**ယော၊ ...ငါသည် ရှင်ပြန်ထမြောက်ခြင်းနှင့် အသက်ဖြစ်၏။ ငါ့အထဲသို့**
**၁၁း၂၅ ယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။**

ပရောဖက်ကျမ်းငယ်များ၌ ဖော်ပြထားသော နိုးကြားခြင်းအား မိသားစု၊ အသင်းတော်၊ လူမျိုးများ၊ လူသားမျိုးနွယ်တစ်ခုလုံးနှင့် စကြဝဠာတစ်ခုလုံးပင်လျှင် လုပ်ဆောင်လျှောက်လှမ်းနိုင်သည်။ အလေ့အလာ၌၊ မြေကြီးပေါ်ရှိ အရာခပ်သိမ်းနှင့် လူအားလုံးသည် ဟောၤ၆း ၂၌ ပြောဆိုထားသော နှစ်ရက်၏ ခြောက်သွေ့ခြင်းဆင်းရဲဒုက္ခ၌ ရှိနေကြသည်။

လူကျဆင်းခြင်းကတည်းကပင် နိုးကြားခြင်းအတွက် ဖန်ဆင်းခြင်းအားလုံး၌ ပြင်းပြသောအလိုဆန္ဒ ရှိနေပြီးဖြစ်သည်။ ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ ရော၊ဂး ၂၀–၂၂တွင် "ဖန်ဆင်းခြင်းတစ်ခုလုံးသည် အနတ္တသို့ လိုက်ရ၏။ သို့သော် မိမိအလိုအရ လိုက်သည်မဟုတ်၊ ဘုရားသခင်၏ အလိုကြောင့်သာ လိုက်ရ၏။ ဖန်ဆင်းခြင်းတစ်ခုလုံးသည် ဖောက်ပြန်ပျက်စီးခြင်း၏ကျွန်အဖြစ်မှ ဘုရားသခင်သားများ၏ လွတ်ခြင်းဘုန်းတော်အထဲသို့ လွတ်မြောက်မည်အကြောင်း မျှော်လင့်လျက်ရှိ၏။ ဖန်ဆင်းခြင်းတစ်ခုလုံးသည် ယခုတိုင်အောင် တညီတညွတ်တည်းညည်းတွား၍ ဆင်းရဲခြင်းဝေဒနာကို ခံရသည်ဟု ငါတို့သိကြ၏"ဟု ပြောဆိုထားသည်။ အာဒံ၏ကျဆင်းခြင်း၊ ပျက်စီးခြင်း၊ ကျွန်ဖြစ်ခြင်း၊ သေခြင်းရလဒ်သည် ဖန်ဆင်းခြင်းတစ်ခုလုံးအထဲသို့ ဝင်ရောက်လာခဲ့သည်။ ယနေ့ အရာခပ်သိမ်းသည် ယိုယွင်းပျက်စီးကာ၊ ကျဆင်းခြင်း၏ကျွန်ဖြစ်ခြင်းအောက်၌ ရှိနေကြသည်။ ဤကျွန်ဖြစ်ခြင်းအောက်၌ရှိသည့် အရာခပ်သိမ်းသည် နိုးကြားစေရန် ပြင်းပြသောဆန္ဒရှိကြသည်။ (*Life-study of Malachi*, pp. 23-24)

# ယနေ့ဖတ်စရာ

လူ၏ကျဆင်းခြင်းသည် ပျက်စီးခြင်း၌ အစပြုပြီး၊ ပျက်စီးခြင်းနှင့် အတူ ကျေးကျွန်ဖြစ်ရသည်။ ဤပျက်စီးခြင်းနှင့် ကျွန်ဖြစ်ခြင်းကြောင့် နေရာတိုင်းတွင် နိုးကြားမှုအတွက်၊ ပြန်လည်ပြုပြင်ခြင်းအတွက် လိုအပ်လာရသည်။ ဤလိုအပ်ချက်မှာ ခရစ်တော်အားဖြင့်၊ ခရစ်တော်၌သာလျှင် ပြည့်စုံစေနိုင်သည်။ ခရစ်တော်သည် သုံးရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်ခြင်းခံရပြီး၊ ရှင်ပြန်ထမြောက်ခြင်း၌ ချွဲမာခရစ်တော် ဖြစ်လာခဲ့သည်။ ကိုယ်တော်သည် သုံးရက်မြောက်နေ့၏ စစ်မှန်ခြင်းဖြစ်သည်။ ထို့ကြောင့် ခရစ်တော်သည် ဖန်ဆင်းခြင်းအားလုံး၏ဆန္ဒပြင်းပြခြင်းအတွက် နိုးကြားခြင်း၏ဒြပ်သဘောသဘာဝဖြစ်သည်။ ပျက်စီးခြင်းနှင့် ဆင်းရဲခြောက်သွေ့ခြင်းသည် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းအားဖြင့်သာလျှင် ဝါးမျိုးချနိုင်သည်။

ယုံကြည်သူကဲ့သို့ မယုံကြည်သူသည်လည်း နိုးကြားမှုရှိရန်၊ အသစ်သောအစပြုခြင်းရှိရန် ဆန္ဒရှိသည်။ လူတိုင်းသည် တစ်စုံတစ်ခုအသစ် လိုအပ်နေကြသည်။ ခရစ်တော်သာလျှင် အသစ်ပြုပြင်ခြင်း၏ အကြောင်းရင်းဖြစ်သည်။ သုံးရက်မြောက်သောနေ့၏ရှင်ပြန်ထမြောက်တော်မူသောခရစ်တော်သာလျှင် အသစ်ပြုပြင်ခြင်း၏တန်ခိုးဖြစ်သည်။ စကြဝဠာတစ်ခုလုံးနှင့် လူသားမျိုးနွယ်အားလုံးအတွက် ခရစ်တော်သည် သုံးရက်မြောက်သောနေ့၏စစ်မှန်ခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် ခရစ်တော်ကို လက်ခံရယူခဲ့သောကြောင့်၊ ရှင်ပြန်ထမြောက်ခြင်း၏ အရှင်ဖြစ်သော ကိုယ်တော်ကို လက်ခံရရှိခြင်းဖြစ်သည်(ယော၊၁၁း ၂၅)။ ကိုယ်တော်ကို လက်ခံရရှိပြီးနောက်ချက်ချင်းပင်၊ ကျွန်ုပ်တို့၏လူ့အသက်တာ၌ အသစ်သောအစပြုခြင်းကို ရရှိပြီးဖြစ်သည်။ ထိုအသစ်သောအစပြုခြင်းသည် နိုးကြားခြင်းဖြစ်သည်။ သို့သော်ငြားလည်း၊ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ဆင်းရဲဒုက္ခအဆင့်အထဲသို့ တစ်ဖန်ဝင်ရောက်သည့်အတွက် နောက်တစ်ဖန် နိုးကြားဖို့ လိုအပ်လာသည်။ ဆင်းရဲဒုက္ခခံခြင်းနှင့် နိုးကြားခြင်း၊ နိုးကြားခြင်းနှင့် ဆင်းရဲဒုက္ခခံခြင်း သံသရာသည် တစ်ကြိမ်ပြီး တစ်ကြိမ် ထပ်ခါထပ်ခါဖြစ်ပေါ်နေသည်။

ကျွန်ုပ်တို့လိုအပ်သော နိုးကြားခြင်းရှိရန်နည်းလမ်းသည် နောင်တရပြီး၊ ကျွန်ုပ်တို့၏ အပြစ်များ၊ ကျဆင်းခြင်းနှင့် မှောင်မိုက်သေခြင်းကို ဝန်ချတောင်းပန်ကာ၊ ခရစ်တော်ကို ဆက်သွယ်ရန် ဖြစ်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် နှစ်ရက်နေ့၏ဆင်းရဲဒုက္ခမှာ သုံးရက်မြောက်သောနေ့၏ ရှင်ပြန်ထမြောက်ခြင်းထံသို့ ဝင်ရောက်သွားမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဆင်းရဲဒုက္ခ၌ ရှိနေသည့်အခါတိုင်း၊ ထိုနိုးကြားခြင်းကို ကျွန်ုပ်တို့ လို

အပ်သည်။ ကျွန်ုပ်တို့သည် သုံးရက်မြောက်သောနေ့သို့ လာရောက်ရန်လိုအပ်ပြီး၊ သုံးရက်မြောက်သောနေ့သည် နိုးကြားခြင်း၏ စစ်မှန်ခြင်းနှင့် အတူရှိသည့် ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်၏ ပုဂ္ဂိုလ်တော်သာ ဖြစ်သည်။ ထို့ပြင် ကျွန်ုပ်တို့၌ ပြီးမြောက်ပြည့်စုံသော၊ အရာအားလုံးပါဝင်သော၊ အသက်ပေးသောဝိညာဉ်ဖြစ်သော သုံးပါးတစ်ပါးဘုရား၏ သွန်းလောင်းခြင်းရှိလာ၍၊ ဤလှုံ့ဆော်ခံရခြင်းကို ကျွန်ုပ်တို့၏ ဝိညာဉ်သည် တုံ့ပြန်လာခြင်းဖြစ်သည်။

ကျွန်ုပ်တို့၏ ဝိညာဉ်သည် ဝိညာဉ်တော်၏ သွန်းလောင်းခြင်းကို တုံ့ပြန်ခြင်း၌ လှုံ့ဆော်ခံရသောကြောင့်၊ ကျွန်ုပ်တို့သည် ခရစ်တော်အား ရှင်ပြန်ထမြောက်တော်မူသော အရှင်အဖြစ်သာမက၊ လူသားအားလုံး နှစ်သက်အလိုဆန္ဒရှိသောအရှင်အဖြစ် မွေ့လျော်ဝမ်းမြောက်ရခြင်းဖြစ်သည်။ ယုံကြည်သူများနှင့် မယုံကြည်သူများ အပါအဝင် လူတိုင်းသည် ခရစ်တော်ကို အလိုဆန္ဒရှိကြသည်။

ကျွန်ုပ်တို့အလိုဆန္ဒရှိသော ခရစ်တော်သည် ပဋိညာဉ်တရားသစ်ကို ပြဋ္ဌာန်းခဲ့ပြီး၊ ဤအရာ၏ အာမခံအဖြစ် ခရစ်တော်သည် ယခု ထိုအရာကို လုပ်ဆောင်နေခြင်းဖြစ်သည်။ ဤပဋိညာဉ်အားဖြင့် ဘုရားသခင်သည် အနာပျောက်စေသော ကိုယ်တော်၏ အတောင်တော်နှင့် ဖြောင့်မတ်ခြင်း၏ နေမင်းဖြစ်သော ခရစ်တော်၌ ကျွန်ုပ်တို့၏ တရားဝင်ဝေစုအဖြစ် ကျွန်ုပ်တို့ကို ခွဲခန့်မှတ်သားပေးပြီးဖြစ်သည်။ ကိုယ်တော်နှင့်ကွာလျှင် ကျွန်ုပ်တို့၌ မှောင်မိုက်သေခြင်းနှင့် မဖြောင့်မတ်ခြင်းသာရှိနေပြီး၊ ကိုယ်တော်နှင့်ရှိနေပါက အရာခပ်သိမ်းသည် အလင်းနှင့် ဖြောင့်မတ်ခြင်းဖြစ်သည်။ (*Life-study of Malachi*, pp. 24-25)

*ပို၍ဖတ်ရန် – Life-study of 1 & 2 Chronicles*, msg. 2

***အလင်းဖွင့်ပြခံရခြင်းနှင့် နိုးဆော်ခံရခြင်း*** ————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယောလ၊ ၂း၂၈–၂၉** **...လူမျိုးတကာတို့အပေါ် သို့ ငါ၏ဝိညာဉ်တော်ကို ငါသွန်းလောင်းမည်။ သင်တို့၏သားသမီးတို့သည် ပရောဖက်ဉာဏ်နှင့် ဟောပြောရလိမ့်မည်။ အသက်ကြီးသောသူတို့သည် နိမိတ်အိပ်မက်တို့ကို မြင်မက်ရကြလိမ့်မည်။ အသက်ငယ်သောသူတို့သည်လည်း ဗျာဒိတ်ရူပါရုံတို့ကို မြင်ရကြလိမ့်မည်။ ငါ၏အမှုကိုဆောင်ရွက်သော ယောကျ်ားမိန်းမတို့အပေါ် သို့ ငါ၏ဝိညာဉ်တော်ကို ငါသွန်းလောင်း၍၊**

**ဟဂ္ဂဲ၊ ၁း၁၄** **...ယေဟောဝါဘုရားသည်လည်း၊...ဇေရုဗဗေလနှင့် ...ယဇ်ပရောဟိတ်မင်းယောဇဒက်သား ယောရှုမှစ၍ ကျန်ကြွင်းသောသူအပေါင်းတို့ကို နှိုးဆော်တော်မူသောအားဖြင့်၊ သူတို့သည် လာ၍ မိမိတို့ဘုရားသခင်၊ ယေဟောဝါ၏အိမ်တော်၌ အလုပ်လုပ်ကြ၏။**

ယောလ၊ ၂း၂၈နှင့် ၂၉တွင် ဝိညာဉ်တော်၏သွန်းလောင်းခြင်းကို ပြောဆိုထားသည်။ နေ့တိုင်း ကျွန်ုပ်တို့သည် အဆင့်ဆင့်ဖြစ်ကျော်၍ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးတည်းဟူသော အရာအားလုံးပါဝင်သော၊ ပြီးမြောက်ပြည့်စုံသော၊ ပေါင်းစည်းထားသော၊ အသက်ပေးသောဝိညာဉ်တော်၏ သွန်းလောင်းခြင်းကို လိုအပ်သည်။ ထိုအရာအားလုံးပါဝင်သော ဝိညာဉ်တော်၌ ခရစ်တော်၏ဘုရားဇာတိနှင့်လူ့ဇာတိ၊ ကိုယ်တော်၏ အသေခံခြင်း၏ အကျိုးကျေးဇူးနှင့် ကိုယ်တော်၏ ရှင်ပြန်ထမြောက်တော်မူသောတန်ခိုးတော် ပါဝင်သည်။ ထိုဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ဝေစုနှင့် ကျွန်ုပ်တို့၏ အမွေဖြစ်သည်။ (*Life-study of Malachi*, p. 21)

## ယနေ့ဖတ်စရာ

ဟဂ္ဂဲ၊၁း၁၄၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏အခွင့်အာဏာအောက်၌ သခင်ဘုရားအားဖြင့် လှုံ့ဆော်ခံရသော ဘုရားသခင်၏ရွေးချယ်ခံလူတို့၏ တုံ့ပြန်ခြင်းကို မြင်တွေ့ရသည်။ သခင်ဘုရားအားဖြင့် သူတို့၏ဝိညာဉ်၌ လှုံ့ဆော်ခံရခြင်းဖြင့် သူတို့ တုံ့ပြန်မှုပြုသောအခါ၊ ကျွန်ုပ်တို့အားလုံး အပါအဝင်ဖြစ်သည်။

ပရောဖက်ကျမ်းငယ်များ၌ ပြီးမြောက်ပြည့်စုံသော ဘုရားသခင်၏ဝိညာဉ်တော်ဖြစ်သည့် ဘုရားဆိုင်ရာဝိညာဉ်တော်နှင့် လှုံ့ဆော်ခြင်းခံရသော ဘုရားသခင်၏ရွေးချယ်ခံသူများ၏ဝိညာဉ်ဖြစ်သည့် ကျွန်ုပ်တို့၏လူသားဝိညာဉ်ဟူ၍ နှစ်မျိုးရှိသည်။ ဘုရားဆိုင်ရာ

ဝိညာဉ်တော်ကို သွန်းလောင်းပေး၍၊ ကျွန်ုပ်တို့၏ လူသားဝိညာဉ်(ခရစ်တော်ကို တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း၏ သော့ချက်)သည် လှုံ့ဆော်ခံရခြင်းဖြင့် ထိုဝိညာဉ်တော်ကို တုံ့ပြန်မှုပြုပေသည်။

ကျွန်ုပ်တို့၏ ဝိညာဉ်သည် ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာအစောပိုင်း၌ လှုံ့ဆော်ခံရပြီးနောက်တွင် လှုံ့ဆော်မခံရကြောင်း ခံစားကောင်းခံစားမိမည်ဖြစ်သည်။ သို့သော် ဤအရာသည် မမှန်ကန်ပါ။ အသစ်မွေးဖွားခံရသော ယုံကြည်သူတိုင်းသည် လှုံ့ဆော်ခံရခြင်းကို မသိဘဲရှိကြသည်။ ကျွန်ုပ်တို့သည် လောကဆိုင်ရာဖြေဖျော်မှုတစ်နေရာသို့ သွားသည်ဆိုပါက၊ ကျွန်ုပ်တို့၏ ဝိညာဉ်သည် ထိုနေရာမှ ထွက်သွားရန် ကျွန်ုပ်တို့ကိုပြောဆိုရန် လှုံ့ဆော်ခံရလိမ့်မည်ဖြစ်သည်။ ဝိညာဉ်တော်ကို ကျွန်ုပ်တို့ဝမ်းနည်းစေသောအခါတိုင်း၊ ကျွန်ုပ်တို့သည် ငြိမ်သက်ခြင်းကို မရရှိနိုင်ပါ(ဧ၊၄း၃၀)။ ဤအရာသည် ကျွန်ုပ်တို့၏ ဝိညာဉ်ကို လှုံ့ဆော်နေသည်။ ကျွန်ုပ်တို့သည် ကျမ်းစာကို ဖတ်ရှုသောအခါ၊ ငြိမ်သက်ခြင်းကို ခံစားရသည်။ ဤငြိမ်သက်ခြင်း၌ပင်လျှင် ကျွန်ုပ်တို့၏ ဝိညာဉ်သည် ဝိညာဉ်တော်အားဖြင့် လှုံ့ဆော်ခြင်းအောက်၌ ရှိနေသည်။ နေ့တိုင်း ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ဝိညာဉ်၏ လှုံ့ဆော်ခြင်းကို မရှောင်ရှားနိုင်ပါ။ ကျမ်းစာ၌ ပြီးမြောက်ပြည့်စုံသော၊ ပေါင်းစည်းသော၊ အသက်ပေးသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲသို့ ရောက်လာသည်နှင့်တစ်ပြိုင်နက်၊ ကိုယ်တော်သည် ဘယ်တော့မှ ထွက်သွားလိမ့်မည်မဟုတ်ကြောင်း ဖော်ပြထားသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၌ ကိန်းဝပ်သောအခါ၊ အကောင်းတစ်လှည့်၊ အဆိုးတစ်လှည့် ကျွန်ုပ်တို့ကိုမကြာခဏလှုံ့ဆော်ပေးနေသည့် "ပြဿနာဖန်တီးလေ့ရှိသူ"အဖြစ် ရှိနေသည်။ ကျွန်ုပ်တို့သည် ဤအကောင်းတစ်လှည့်၊ အဆိုးတစ်လှည့် လှုံ့ဆော်ခြင်းကို ဂရုစိုက်မည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် နိုးထလာပြီး၊ ဘုရားသခင်စီမံထားသောနည်းလမ်းကို သယ်ဆောင်ရန် ခွန်းအားရှိရဲရင့်လာမည်ဖြစ်သည်။ ပရောဖက်ကျမ်းငယ်များ၌ ဘုရားသခင်၏ ခရစ်တော်သည် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ ဘုရားသခင်၏ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် ဘုရားသခင်ကိုယ်တော်တိုင်ကို အမှန်တကယ်မွေ့လျော်ဝမ်းမြောက် ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို ဘုရားသခင်ရွေးချယ်ခံလူတို့၏ နှစ်သက်တောင့်တရာအဖြစ် မွေ့လျော်ဝမ်းမြောက်နိုင်မည်ဖြစ်သည်(မာလ၊၃း၁၊ cf. ဟဂ္ဂဲ၊၂း ၇က)။ ကျွန်ုပ်တို့သည် သခင်ဘုရားအပေါ် ပူသည်ဖြစ်စေ၊ အေးသည်ဖြစ်စေ၊ ခရစ်တော်ကို အလိုဆန္ဒ ရှိရမည်ဖြစ်သည်။ သင်၌ ခရစ်တော်အတွက် အလိုဆန္ဒမရှိကြောင်း ဆိုနိုင်ပါသလား။ နေ့တိုင်း ကျွန်ုပ်တို့သည် ခရစ်တော်ကို တောင့်တရမည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို

ပဋိညာဉ်တမန်တော်အဖြစ်လည်း မွေ့လျော်ဝမ်းမြောက်နိုင်သည် (မာလ၊၃း ၁ခ)။ ကိုယ်တော်သည် တမန်တော်ဖြစ်ခြင်းမှာ အစေခံတစ်ဦးဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ ကိုယ်တော်ပြန်ကြွလာခြင်း၌ ခရစ်တော်သည် ပဋိညာဉ်တမန်တော် ဖြစ်ပေလိမ့်မည်။ ကိုယ်တော်သည် သူ၏စားပွဲ၌ သူ၏အသွေးတော်ဖြင့် ပဋိညာဉ်တရားသစ်ကို ပြဋ္ဌာန်းခဲ့သည် (မ၊ ၂၆း ၂၆– ၂၈။ လု၊ ၂၂း ၂၀)။ ပဋိညာဉ်တရားသစ်၌ ဘုရားသခင်အား ကျွန်ုပ်တို့၏အသက်နှင့် အသက်မစရာအဖြစ် ကျွန်ုပ်တို့အထဲသို့ ဖြန့်ဖြူးပေးသောကြောင့်၊ ကျွန်ုပ်တို့သည် အပြစ်ခွင့်လွှတ်ခြင်းကို ရရှိကြသည်(ယေ၊၃၁း၃၁–၃၄)။ ခရစ်တော်သည် အသေခံခြင်းဖြင့် ပဋိညာဉ်တရားသစ်ကို ပြဋ္ဌာန်းခဲ့ရုံသာမက၊ ရှင်ပြန်ထမြောက်ခြင်း၌ ဤအရာသည် ကျွန်ုပ်တို့အတွက် စစ်မှန်ခြင်းဖြစ်စေသည့် အာမခံအဖြစ် ပဋိညာဉ်တရားသစ်ကို အမှုဆောင်ပေးနေခြင်းဖြစ်သည်(ဟေ၊၇း ၂၂)။ အထူးသဖြင့်၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွှတ်ကြောင်း၊ သခင်ဘုရား၏စားပွဲ၌ မုန့်အားဖြင့် ပုံဆောင်သော ကျွန်ုပ်တို့၏ အသက်နှင့် အသက်မစရာဖြစ်သော ကိုယ်တော်ကို ရရှိကြောင်း ကျွန်ုပ်တို့ကို အာမခံပေးသည်။ တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ပဋိညာဉ်တရားသစ်၏ အာမခံအဖြစ် မွေ့လျော်ဝမ်းမြောက်နိုင်သည်။ ပဋိညာဉ်တရား၏ တမန်တော်ဖြစ်သော ခရစ်တော်သည် သူ၏ ရွေးချယ်ခံသူတို့အထဲသို့ ပဋိညာဉ်ပြုသော သုံးပါးတစ်ပါးဘုရား၏ကြွယ်ဝခြင်းများကို ဝေငှဖြန့်ဖြူးနေသည်။ တ၊ ၂၆း၁၈ခအရ၊ ကျွန်ုပ်တို့သည် အပြစ်များခွင့်လွှတ်ခံရရုံသာမက၊ “သန့်ရှင်းခြင်းသို့ရောက်သော သူတို့နှင့် အမွေခံရမည်အကြောင်း”လည်း ဖြစ်သည်။ ဤအမွေသည် ကိုယ်တော်၏ရွေးနုတ်ခံလူတို့အတွက် ကိုယ်တော်၌ရှိသည့်အရာအားလုံး၊ ကိုယ်တော်ပြုတော်မူသောအရာအားလုံးနှင့် ကိုယ်တော်ပြုလိမ့်မည့်အရာအားလုံးနှင့်အတူ သုံးပါးတစ်ပါးဘုရားကိုယ်တော်တိုင် ဖြစ်သည်။ သုံးပါးတစ်ပါးဘုရားသည် သူတို့၏ အမွေဖြစ်သော “သန့်ရှင်းသူတို့အဖို့ ခွဲခန့်ထားသောအမွေ”ကို၊ အရာအားလုံးပါဝင်သောခရစ်တော်၌ ကိုယ်ထင်ရှားစေခြင်းဖြစ်သည် (ကော၊၁း၁၂)။ (*Life-study of Malachi*, pp. 21-23)

*ပို၍ဖတ်ရန်* – *Life-study of Malachi*, msg. 4

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ______________________

__________________________________________________

__________________________________________________

__________________________________________________

__________________________________________________

## *နံနက်ခင်းကျွေးမွေးခြင်း*

**မာလ၊ ၄း၂ ငါ၏နာမတော်ကို ကြောက်ရွံ့သောသင်တို့၌ကား၊ တရားတော်နေမင်း**
**သည် အနာပျောက်စေသောအတောင်တို့နှင့် ပေါ်ထွန်းတော်မူမည်။**
**သင်တို့သည် ထွက်သွား၍ တင်းကုပ်၌ နွားသငယ်ကဲ့သို့ ခုန်ကြလိမ့်မည်။**
**ဗျာ၊ ထိုနောက်မှ ငါကြည့်လျှင်၊ သိုးသူငယ်သည် ဇိအုန်တောင်ပေါ်မှာရပ်**
**၁၄း၁ နေ၏။ သူ၏နာမနှင့် ခမည်းတော်၏နာမကို နဖူး၌ အက္ခရာတင်**
**သောသူ တစ်သိန်းလေးသောင်းလေးထောင်လည်း သူနှင့်အတူရှိကြ**
**၏။**

မာလ၊၄း၂၌ ကျွန်ုပ်တို့သည် အနာပျောက်စေသောအတောင်နှင့်အတူ ဖြောင့်မတ်ခြင်းနေမင်းအဖြစ် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်နိုင်ကြောင်း ပြောဆိုထားသည်။ ဖြောင့်မတ်ခြင်းနေမင်းဖြစ်သော ခရစ်တော်သည် မှောင်မိုက်ကိုဖြိုခွဲခြင်း၌၊ အသက်၌ ကြီးထွားခြင်းအတွက် ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက် ခြင်းဖြစ်သည်။ နေရောင်ခြည်သည် အပင်များ ကြီးထွားရန် ဖြစ်သကဲ့သို့၊ ဖြောင့်မတ်ခြင်းနေမင်းဖြစ်သော ခရစ်တော်၏ထွန်းလင်းခြင်းသည် အသက်၌ ကျွန်ုပ်တို့ကြီးထွားခြင်းအတွက် ဖြစ်သည်။ ဖြောင့်မတ်ခြင်း၏နေမင်းဖြစ်သော ခရစ်တော်သည် မတရားသောအမှုကို ကွယ်ပျောက်စေခြင်း၌၊ အသက်၌ အနာငြိမ်းခြင်းအတွက် ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် အသက်၌ ဤအနာပျောက်စေခြင်းကို မွေ့လျော်ဝမ်းမြောက်ခြင်းမရှိခင်က၊ မဖြောင့်မတ်ခြင်းသည် လွှမ်းမိုးနေသည်၊ သို့သော် ဤအနာပျောက်စေခြင်းဖြင့် မဖြောင့်မတ်ခြင်းကို ကွယ်ပျောက်စေ၍၊ ဖြောင့်မတ်ခြင်းသည် နေရာယူမည်ဖြစ်သည်။

ကျွန်ုပ်တို့၌ ထိုခရစ်တော်ရှိလျှင်၊ ကျွန်ုပ်တို့တွင် နိုးကြားခြင်းရှိရုံသာမက၊ ပြန်လည်ပြုပြင်ခြင်းလည်းရှိသည်။ မိလေနီနိုင်ငံတော်သည် ပြန်လည်ပြုပြင်ခြင်း၏ အချိန်ကာလ ဖြစ်ပေလိမ့်မည်။ ဤပြန်လည်ပြုပြင်ခြင်းသည် အလယ်ဗဟိုဖြစ်သော ယေရုရှလင်မြို့နှင့်အတူ ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည်။ ဤပြန်လည်ပြုပြင်ခြင်းသည် ရှင်ပြန်ထမြောက်တော်မူသောခရစ်တော်အားဖြင့် ပြီးမြောက်အောင်မြင်သော၊ အဆုံးစွန်၊ ပြီးမြောက်ပြည့်စုံခြင်း ဖြစ်ပေလိမ့်မည်။ (*Life-study of Malachi, pp. 23, 25*)

## *ယနေ့ဖတ်စရာ*

ဘုရားသခင်သည် လူထံသို့ ပေါင်းစည်းဆက်နွှယ်၍ လူနှင့်ရောနှောပေါင်းစည်း

ရန် နည်းလမ်းရှိခြင်းမှာ လွန်စွာအံ့ဩဖွယ်နှင့် လွန်စွာနဲနက်ခြင်းဖြစ်သည်။ ဘုရားသည် လူဖြစ်လာသည့်အတွက်၊ လူသည် ဘုရားဖြစ်လာနိုင်ခြင်း ဖြစ်သည်။ ထိုစီမံကိန်းသည် ကောင်းကင်တမန်များနှင့် လူ နှစ်ဦးလုံးအတွက် နားလည်နိုင်မည်မဟုတ်ပါ။ ဤစီမံကိန်းသည် ဘုရားသခင်၏ အလိုဆန္ဒဖြစ်ပြီး၊ ၎င်းသည် ဘုရားသခင်၏ ပန်းတိုင်ကို ရောက်ရှိရယူရန် အမြင့်ဆုံးသောအထွတ်အထိပ်ဖြစ်သည်။ နောက်ဆုံးတွင် သန့်ရှင်းသောမြို့တော် ယေရုရှလင်မြို့သည် ကျမ်းတစ်ခုလုံး၏ ရုပ်ပုံနှင့် ဖွင့်ပြခြင်းအားလုံး၏ အလုံးစုံဖြစ်သည်။ သုံးပါးတစ်ပါးဘုရားနှင့် သုံးပိုင်းရှိလူသည် ဘုရားဖြစ်သော်လည်း လူအဖြစ်၊ ထာဝရကာလ၌ ချစ်ခင်ဖွယ်ကောင်းသောစုံတွဲ ဖြစ်လာလိမ့်မည်ဖြစ်သည်။ ဘုရားဇာတိနှင့် လူသားဇာတိသည် အပြန်အလှန်ကိန်းဝပ်ရာနေရာဖြစ်လာလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်၏ ဘုန်းတော်သည် အဆုံးစွန်ထည်ဝါပြီး၊ လူသားဇာတိ၏ ထွန်းလင်းတောက်ပခြင်း၌ ထင်ရှားလိမ့်မည်ဖြစ်သည်။

မြေကြီးတစ်ပြင်လုံး၌ အသင်းတော်များအားလုံးရှိ သန့်ရှင်းသူများ၊ အထူးသဖြင့် လုပ်ဖော်ဆောင်ဖက်များနှင့် ဦးဆောင်သူများသည် ဤဖွင့်ပြခြင်းကို မြင်ပြီး၊ သမိုင်း၌ မှတ်တမ်းမတင်နိုင်သေးသော နိုးထမှု– အသစ်သောနိုးထမှုကို ဘုရားသခင်သည် ကျွန်ုပ်တို့အားပေးပါရန် ဆုတောင်းဖို့ နိုးထလာလိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်ပါသည်။

ဘုရားသခင်၏ အမြင်၌ လူသားမျိုးနွယ်သည် ကျဆင်းသောလူသားကိုရည်းညွှန်းသည့် အနုတ်လက္ခဏာဝေါဟာရဖြစ်သည်။ ဘုရားသခင်၏ သားများနှင့် ခရစ်တော်၌ ယုံကြည်သူများဖြစ်သော ကျွန်ုပ်တို့သည် လူသားမျိုးနွယ်မဟုတ်ဘဲ၊ ဘုရား–လူမျိုးနွယ် ဖြစ်သည်။ ဤအရာသည် ပြောင်းလဲခံရခြင်း၊ လုံးလုံးပြောင်းလဲသွားခြင်းဖြစ်ကြောင်း သိနားလည်ရမည်။ ကျွန်ုပ်တို့သည် ဘုရား–လူများဖြစ်ကြောင်း သိနားလည်းလာသော အခါ၊ ကျွန်ုပ်တို့သည် "သခင်ဘုရား၊ ကိုယ်တော်သည် ပထမဆုံးသော ဘုရား–လူ ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်နောက်တော်သို့ လိုက်သော များစွာသော ဘုရား–လူများ ဖြစ်ကြသည်။ ကိုယ်တော်သည် ကိုယ်တော်၏ လူ့ဇာတိအသက်အားဖြင့် မဟုတ်ဘဲ၊ ကိုယ်တော်ကိုထင်ရှားရန် ဘုရားအသက်အားဖြင့် လူသားအသက်ကို အသက်ရှင်ခဲ့သည်။ သခင်ဘုရား၊ ကိုယ်တော်သည် ယနေ့ ကျွန်ုပ်၏ အသက်ဖြစ်ပြီး၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်လည်းဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်သာ ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် အသေခံရမည်ဖြစ်သည်။ ကျွန်ုပ်သည် ကိုယ်တော်၏ အသေခံတော်မူခြင်းအထဲသို့ သဏ္ဌာန်တူဖို့ လိုအပ်သည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ လူသားကောင်မြတ်ခြင်းများဖြစ်လာသည့် ကိုယ်တော်၏ ဘုရားဂုဏ်အင်္ဂါများ၌ ကိုယ်တော်ကိုထင်ရှားရန် ကျွန်ုပ်၏ စေ့စပ်ထုံးဖွဲ့

ခြင်းဖြစ်သော ကိုယ်တော်၏ အသက်နှင့် သဘောသဘာဝနှင့်အတူ လူသားအသက်ကို ကျွန်ုပ်၏ လူသားအသက်အားဖြင့်မဟုတ်ဘဲ၊ ဘုရားအသက်အားဖြင့် ဘုရား–လူအသက်ကို အသက်ရှင်ရန် နေ့တိုင်း အသေခံဖို့ လိုအပ်သည်"ဟူ၍ ပြောဆိုလာမည်ဖြစ်သည်။ ဤအရာသည် ကျွန်ုပ်တို့အား ခရစ်တော်၌ ခရစ်ယာန်တစ်ဦး သို့မဟုတ် ယုံကြည်သူတစ်ဦးမျှသာမဟုတ်ဘဲ၊ ဘုရားသခင်နှင့်တစ်မျိုးတစ်စားတည်း ဘုရား–လူ ဖြစ်စေသည်။ ဤသည်မှာ ဘုရားသခင်၏ ဧဝံဂေလိတရား၌ အမြင့်ဆုံးသောအချက် ဖြစ်သည်။

ဤဧဝံဂေလိတရားအရ၊ ကျွန်ုပ်တို့သည် ကျဆင်းသူများဖြစ်သော်လည်း၊ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် အသေခံခဲ့သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၌ ယုံကြည်၍၊ ကိုယ်တော်ကို လက်ခံမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားများဖြစ်လာရန် ထာဝရအသက်ကို ရရှိလိမ့်မည်ဖြစ်သည်။ ဘုရားသခင်သည် လူကို ကိုးကွယ်ခံအရာ၌ မဟုတ်ဘဲ၊ အသက်နှင့်သဘောသဘာဝ၌ ကိုယ်တော်ဖြစ်သည့်နည်းတူ၊ လူကို ဘုရားဖြစ်လာစေရန်အလို့ငှါ၊ လူဖြစ်လာကြောင်း သမ္မာတရားကို ကျွန်ုပ်တို့သည် ဤခေတ်ကာလ၏ နောက်ဆုံး၌ သွန်းသင်ရမည်၊ ဟောပြောရမည်ဖြစ်သည်။ ဤသမ္မာတရားကို ကြားနာရခြင်းသည် ကြီးမားဆုံးသောကောင်းကြီးမင်္ဂလာဖြစ်သည်။

ဘုရားသခင်သည် ဘုရား–လူများ၏ အုပ်စုတစ်စုကို အလိုတော်ရှိကြောင်း ကြားနာပြီးနောက်၊ နောက်ထပ် ကျေနပ်မှု တစ်စုံတစ်ရာ သင်လိုမည်လား။ သင်သည် တရုတ်လူမျိုး စစ်စစ်ဖြစ်ရန် အလိုရှိပါသလား။ အမေရိကန်စစ်စစ်ဖြစ်ရန် အလိုရှိပါသလား။ သင်သည် ခရစ်တော်၌ ခရစ်ယာန်တစ်ဦး သို့မဟုတ် ယုံကြည်သူတစ်ဦး ဖြစ်ရုံသာ အလိုရှိပါသလား။ ကျွန်ုပ်တို့သည် ဘုရား–လူအသက်တာကို အသက်ရှင်ရန် အလိုရှိကြောင်း လုံးလုံးကြွေကြော်ရမည်ဖြစ်သည်။ နောက်ဆုံးတွင် ဘုရား–လူများသည် ယေရုရှလင်မြို့အတွင်း၌ ဇီအုန်တောင်၊ အောင်နိုင်သူများ၊ အောင်မြင်သူများ ဖြစ်လာ လိမ့်မည်ဖြစ်သည်။ ဤသည်မှာ သမိုင်း၌ မမြင်တွေ့ဘူးသော အသစ်သောနိုးကြားခြင်းကို အစပြုလိမ့်မည်ဖြစ်ပြီး၊ ဤခေတ်ကာလ၏ နောက်ဆုံးတွင် ဖြစ်လာလိမ့်မည်ဖြစ်သည်။ (*Life-study of 1 & 2 Chronicles,* pp. 15, 27-28)

*ပို၍ဖတ်ရန်* – ***Life-study of 1 & 2 Chronicles,*** msg. 4

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————

————————————————————————————

————————————————————————————

————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ ၂၁း၁၅–၁၇** **...ယေရှုက...ရှိမုန်...သင်သည် ငါ့ကိုချစ်သလောဟု မေးတော်မူလျှင်...ဟုတ်ပါ၏သခင်။ ကိုယ်တော်ကို အကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော်မူပါ၏ဟုလျှောက်သော်၊ ငါ၏သိုးသူငယ်တို့ကို ကျွေးမွေးလော့ဟု မိန့်တော်မူ၏။ ရှိမုန်...သင်သည် ငါ့ကိုချစ်သလောဟု...ဒုတိယအကြိမ်မေးတော်မူလျှင်၊...ငါ၏သိုးတို့ကို ထိန်းလော့ဟု မိန့်တော်မူ၏။ ရှိမုန်...သင်သည် ငါ့ကိုချစ်သလောဟု တတိယအကြိမ်မေးတော်မူလျှင်...ငါ၏သိုးတို့ကို ကျွေးမွေးလော့။**

ပထမဆုံး သခင်ဘုရား၏ ထိန်းကျောင်းခြင်းသည် ကိုယ်တော်၏ မြေကြီးဆိုင်ရာ အမှုတော်၌ ဖြစ်သည်(မ၊၉း၃၆)။ သခင်ဘုရားသည် အစ္စရေးလူမျိုးတို့အား သူတို့၏ ခေါင်းဆောင်များက အမြဲတမ်းဒုက္ခပေးခြင်းခံရသော သိုးအဖြစ် မြင်ခဲ့သည်။ သူတို့သည် ထိန်းသူမရှိဘဲ၊ ပစ်ထားသော သိုးကဲ့သို့ ဖြစ်ကြသည်။ ဘုရားသခင်၏ ရွေးချယ်ခံတို့၏ သိုးထိန်းကြီးဖြစ်သော သခင်ဘုရားသည် ဆုတောင်း၍၊ ဘုရားသခင်သည် ထိုစေလွှတ်သောသူအား တမန်တော်တစ်ဆယ့်နှစ်ပါးကို ခန့်အပ်ရန် မိန့်မှာတော်မူခြင်းကြောင့်၊ သူတို့သည် ဘုရားသခင်၏ သိုးများကို ဂရုစိုက်ထိမ်းကျောင်းကြသည်(မ၊၁၀း၁–၆)။

ဒုတိယအကြိမ် သခင်ဘုရား၏ ထိန်းကျောင်းခြင်းသည် သူ၏ ကိုယ်ခန္ဓာတော်၌ ပေါ်ထွက်လာသည့် ဘုရားသခင်၏ အသင်းတော်ကို ဂရုစိုက်ရန် သူ၏ ကောင်းကင်ဆိုင်ရာ အမှုတော်၌ ဖြစ်သည်(၁ပေ၊၅၄)။ ကိုယ်တော်သည် မြေကြီးပေါ် ရှိနေစဉ်တွင် သူသည် ထိန်းကျောင်းခြင်းအမှုကို ပြုနေခြင်းဖြစ်သည်။ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်များသို့ တက်ကြွသွားပြီးနောက်၊ ကိုယ်တော်သည် ထိန်းကျောင်းလျက်ပင်ရှိနေသည်။

သခင်ဘုရားသည် ကိုယ်တော်ရှင်ပြန်ထမြောက်ပြီးနောက် မတက်ကြွမီ သူ၏ တပည့်တော်များနှင့်အတူ ရှိနေစဉ်တွင်၊ ကိုယ်တော်၏ ထင်ရှားပေါ်လွင်ခြင်းတစ်ခု၌ ကိုယ်တော်သည် ပေတရုအား သူ၏ သိုးများကိုကျွေးမွေးရန်နှင့် ကောင်းကင်များ၌ ကိုယ်တော်ရှိနေချိန်၊ သူ၏ မျက်မှောက်တော်၌ သူ၏ သိုးများကို ထိန်းကျောင်းရန် စေခိုင်းခဲ့သည် (ယော၊၂၁း၁၅–၁၇)။ ထိန်းကျောင်းခြင်းသည် ကျွေးမွေးခြင်းကို ဆိုလိုသည်၊ သို့သော် ၎င်း၌ ကျွေးမွေးခြင်းထက်သာသောအရာများစွာပါဝင်သည်။

ထိန်းကျောင်းခြင်းသည် သိုးစုအား ညင်သာစွာဖြင့် အရာအားလုံး၌ ဂရုစိုက်ခြင်းဖြစ်သည်။ (*Crystallization-study of the Gospel of John, pp. 130-131*)

## ယနေ့ဖတ်စရာ

ကျွန်ုပ်တို့သည် ကျဆင်းသောလူတို့ကို ကိုယ်တော်၏ရှာဖွေခြင်းနှင့် ရယူခြင်း၌ အဆင့်ဆင့်ဖြတ်ကျော်ခဲ့သော သုံးပါးတစ်ပါးဘုရား၏ ခြေရာတော်နောက်လိုက်ဖို့ လိုအပ်သည်။ လု၊၁၅၌ ဖာရိရှဲနှင့် ကျမ်းပြုဆရာတို့သည် သခင်ဘုရားအား ကဲ့ရဲ့အပြစ်တင်ခြင်းမှတ်တမ်းရှိသည်(အငယ်၊ ၂)။ ထိုနောက် သခင်ဘုရားသည် အပြစ်သားများအား သုံးပါးတစ်ပါးဘုရား၏ ကယ်တင်သောမေတ္တာကို ဖွင့်ပြသည့် အံ့ဖွယ်သော ပုံဥပမာသုံးခုကို မိန့်တော်မူသည်။ သိုးထိန်းဖြစ်သော သားတော်သည် ပျောက်သောသိုးတစ်ကောင်ကို ရှာရန် ကိုးဆယ်ကိုးကောင်သော သိုးတို့ကို ထားခဲ့လိမ့်မည်ဖြစ်သည်(လု၊၁၅း၃–၇)။ ဒုတိယပုံဥပမာမှာ ပျောက်သောဒင်္ဂါးပြားကိုရှာတွေ့သောမိန်းမ၏ ပုံပမာ(အငယ်၊၈–၁၀)ဖြစ်ပြီး၊ ၎င်းမှာ ပျောက်ဆုံးသောအပြစ်သားကို ဝိညာဉ်တော်၏ရှာဖွေခြင်းကို ပုံဆောင်သည်။ သားတော်၏ရှာဖွေခြင်းသည် အပြင်ပိုင်းဖြစ်၍ အပြစ်သားအပေါ် ဖြစ်ပြီး၊ ကိုယ်တော်၏ ရွေးနုတ်သော အသေခံခြင်းအားဖြင့် ကားတိုင်၌ ပြီးဆုံးမည်ဖြစ်သည်။ ဝိညာဉ်တော်၏ရှာဖွေခြင်းသည် အတွင်းပိုင်းဖြစ်၍၊ နောင်တရသော အပြစ်သားအတွင်းထဲတွင် ကိုယ်တော်အလုပ်လုပ်ခြင်းအားဖြင့် လုပ်ဆောင်သည်။

ကားတိုင်ပေါ်တွင် အသေခံခြင်းဖြင့် အပြစ်သားကို သားတော်၏ရှာဖွေခြင်းအဆင့်နှင့် အပြစ်သားများ၏ အတွင်းအစိတ်အပိုင်းများကို သန့်ရှင်းစေခြင်းနှင့် ရှာဖွေခြင်းဖြင့် ဝိညာဉ်တော်၏ သန့်ရှင်းစင်ကြယ်ခြင်းအဆင့်ကြောင့်၊ အပြစ်သားသည် ခံစားလာရသည်။ ၎င်းအား အဖထံသို့ ပြန်လာရန်အလိုဆန္ဒရှိကာ၊ ပျောက်သောသား၏ ပြန်လာခြင်းပုံဥပမာဖြင့် ဖော်ပြသည် (အငယ်၊၁၇–၁၈)။ အပြစ်သားသည် အဖထံသို့ပြန်လာရန် ဝိညာဉ်တော်၏ရှာဖွေခြင်းက သူ့ကို နိုးထစေသည်။

ကျွန်ုပ်တို့သည် ဤထိန်းကျောင်းခြင်းဝန်တာကို ယူခြင်းဖြင့် ကျွန်ုပ်တို့အလယ်တွင် စစ်မှန်သောနိုးကြားမှု ရှိလာလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ အသင်းတော်များအားလုံးသည် ခရစ်တော်၏ အံ့သြဖွယ်ထိန်းကျောင်းခြင်း၌ ပါဝင်ရန် ဤသွန်သင်ခြင်းကိုခံယူမည်ဆိုလျှင်၊ ပြန်လည်ရယူခြင်း၌ ကြီးမားသောနိုးကြားမှု ဖြစ်လာလိမ့်မည်ဖြစ်သည်။ အတိတ်ကာလ၌ ကျွန်ုပ်တို့သည် အနည်းငယ်သာထိန်းကျောင်းပြီး၊ များများပြောဆိုခြင်းနှင့် သွန်သင်ခြင်းကို လုပ်ဆောင်ခဲ့ကြသည်။ ထိန်းကျောင်းခြင်းနှင့် သွန်သင်ခြင်းသည် သခင်

ဘုရားနှင့်အတူ ကျွန်ုပ်တို့၏ လုပ်ရှားအတွက် ခြေနှစ်ချောင်းကဲ့သို့ ဖြစ်သည်။ ကျွန်ုပ်တို့၏ ထိန်းကျောင်းခြင်းသည် သွန်သင်ခြင်းနှင့် အမြဲရှိရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ သွန်သင်ခြင်းသည် ထိန်းကျောင်းခြင်းနှင့် အမြဲရှိရမည်ဖြစ်သည်။

ယော၊ ၂၁၌ ခရစ်တော်၏ ကောင်းကင်ဆိုင်ရာအမှုတော်နှင့်အတူ ပေါင်းစည်းခြင်း၌ တမန်တော်နှင့်ဆိုင်သောအမှုတော်ကို ဖော်ပြထားသည်။ ကိုယ်တော်၏ ကောင်းကင်ဆိုင်ရာအမှုတော်၌ ခရစ်တော်သည် လူတို့ကိုထိန်းကျောင်းနေ၍၊ ကျွန်ုပ်တို့သည် လူတို့ကို ထိန်းကျောင်းခြင်းဖြင့် ကိုယ်တော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်သည်။ ထိန်းကျောင်းခြင်းမရှိဘဲ၊ သခင်ဘုရားအတွက် ကျွန်ုပ်တို့၏ လုပ်ဆောင်ခြင်းသည် အကျိုးကျေးဇူးမရှိနိုင်ပေ။ ကျွန်ုပ်တို့သည် သမ္မာတရားအားလုံးကို သင်ယူရမည်ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် သူတို့ကိုထိန်းကျောင်းရန် တစ်စုံတစ်ခုပြောပြခြင်းဖြင့် ဆက်သွယ်နိုင်မည်ဖြစ်သည်။

ထိန်းကျောင်းခြင်းသည် ဘုရားဆိုင်အကြောင်း တစ်စုံတစ်ရာဖြစ်သည်။ ထိန်းကျောင်းခြင်းအလို့ငှါ၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ သားအရာကိုဝေမျှပေးမည့်၊ ခရစ်တော်၏ သက်သေခံ၊ ခရစ်တော်၏ အင်္ဂါဝင်နှင့် ခရစ်တော်၏ ညီအစ်ကိုတစ်ဦးဖြစ်ရမည်။ ထိုနောက် ကျွန်ုပ်တို့သည် ပရောဖက်တစ်ဦးဖြစ်လာရန် သားအရာ၏ ပြောဆိုနိုင်ခြင်း၌ ပါဝင်လာလိမ့်မည်ဖြစ်သည်။ ဘုရားသခင်၏ဗျာဒိတ်တော်အတွက် ပရောဖက်တစ်ဦးဖြစ်သော ကျွန်ုပ်တို့သည် သခင်ဘုရားအတွက် ပြောဆိုရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် ကျွန်ုပ်တို့သည် လူများကိုထိန်းကျောင်းရန် လိုအပ်သည်။ ဤသည်မှာ အသီးသီးရန်၊ တိုးပွားရန်နှင့် တိုးတက်ရန် နည်းလမ်းဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုသို့သော မိတ်သဟာယမျိုးကို ရယူမည်ဆိုလျှင်၊ ဝိညာဉ်ရေးဆရာကြီးများအားဖြင့် မဟုတ်ဘဲ၊ ကျဆင်းသောလူများကို ရှာဖွေရယူခြင်း၌ အဆင့်ဆင့်ဖြတ်ကျော်ခဲ့သော သုံးပါးတစ်ပါးဘုရား၏ ခြေရာနောက်သို့လိုက်သော ထိန်းကျောင်းသူများဖြစ်သည့် များစွာသော ခရစ်တော်၏ ကိုယ်ခန္ဓာတော်အင်္ဂါဝင်များအားဖြင့် မြေကြီးပေါ်တွင် ကြီးစွာသော နိုးကြားမှု ဖြစ်လာလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ (*The Vital Group*, pp. 39-40)

*ပို၍ဖတ်ရန် – The Vital Group, msg.4; Crystallization-study of the Gospel of John*, msg. 13

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————————

——————————————————————————————————

## *What Miracle! What Mystery!*

*supp# 43*

၁။ မည်မျှနက်နဲ၊ မည်မျှအံ့ဘွယ်
ဘုရားနှင့်လူ ပေါင်းစပ်ဖို့ရန်
ဘုရားမှလူ လူမှဘုရား
ဖြစ်ရန် ကိုယ်တော်စီမံချက်တည်း
(ကိုယ်တော်နှစ်သက်စေသောအရာ
အမြင့်ဆုံးပန်းတိုင် ရောက်ရန်ပင်။)၂

၂။ လူ့ဇာတိယူသော ဘုရားလူ
ကျွန်ုပ်ဘုရားဖြစ်စေဖို့ရန်
သက်တာ ကိုယ်တော်နှင့်တူစေရန်
ကိုယ်တော်ပင်ပြုပြင်စီမံပြီ
(ကိုယ်တော်ဂုဏ်များ ကျွန်ုပ်ထင်ရှား
ကျွန်ုပ်အားဖြင့် ဘုန်းတော်ထွန်းလင်း။)၂

၃။ ကျွန်ုပ်တစ်ယောက်တည်း သက်မရှင်
ကိုယ်တော်နှင့်အတူသက်ရှင်ပြီ
သုံးပါးတစ်ပါး ဘုရားအတူ
သန့်ရှင်းသူများ အိမ်တော်ဆောက်တည်
(ကိုယ်တော်သက်ရှင် ခန္ဓာဖြစ်ပြီ
ဘုန်းတော်ထင်ရှားရန် ပေါင်းသက်ရှင်။)၂

၄။ အဆုံးဖြစ်အင် ယေရုရှလင်
အလုံးစုံပြီးမြောက် ရူပါရုံ
သုံးပါးတစ်ပါး ဘုရားနှင့်လူ
အစဉ်မေတ္တာ၌ တည်နေကုန်
ဘုရားနှင့်လူ ပေါင်းစပ်တူရှိ
ထိုနေရာတွင် တူရှိမည်ပင်
ဘုရားဘုန်း လူ၌ထင်ရှားယူ
ဘုန်းတော်ထွန်းတောက်၍ ထည်ဝါနေ။

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ–